ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## ဗဟိုတရားစီရင်ရေးအဖွဲ့

## စီရင်ချက်များ

## ၁၉၈၇ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## ဗဟိုတရားစီရင်ရေးအဖွဲ့

## စီရင်ချက်များ

## ၁၉၈၇ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၁၉၈၈၊ ဇန်နဝါရီလ

အုပ်ရေ - ၆၀၀၀

(မျက်နှာဖုံး ကင်းလွတ်ခွင့် အမှတ်–၆/၈၈)

ဗဟိုတရားရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ထွန်း (ယာယီ မှတ်ပုံတင် အမှတ်–၂၅၂)က ဗဟိုတရားရုံးပုံနှိပ်တိုက်၊ အမှတ် ၁၁၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍ ဗဟိုတရားရုံး၊ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းကင်းလွှတ်ခွင့်အမှတ်(၄၅၀/၈၈)က ထုတ်ဝေသည်။

တရား … စာကြည့်တိုက်



၄၈၆၇၆(၁)
၂၆.၇.၀၄

# ပြည်သူ့တရားသူကြီးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးတင်အောင်ဟိန်း | B.A.,B.L.<br>နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) | .... ဥက္ကဋ္ဌ |
| ၂။ | ဦးကိုကြီး | | .... အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်ကျော် | | .... အဖွဲ့ဝင် |
| ၄။ | ဝဏ္ဏကျော်ထင်သီရိပျံချီဦးတွမ်မှုန်း | B.A. (Hons.) | .... အဖွဲ့ဝင် |
| ၅။ | ဦးထွန်းတင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) | .... အဖွဲ့ဝင် |
| ၆။ | ဦးဘမော် | B.A, (Hons.), B.L. | .... အဖွဲ့ဝင် |
| ၇။ | ဒေါက်တာမောင်မောင်အေး | M.B., B.S | .... အဖွဲ့ဝင် |
| ၈။ | ဦးဝင်းမောင် (၁) | B.Sc.Engg. (Elec.) | .... အဖွဲ့ဝင် |
| ၉။ | ဦးအေးစန် | | .... အဖွဲ့ဝင် |
| ၁၀။ | ဒေါက်တာမန်းသက်စံ | B.Sc.(Hons.) M.Sc., Ph.D. (Ill.) | .... အဖွဲ့ဝင် |
| ၁၁။ | ဦးမျိုးမြင့် | | .... အဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းမောင် (၂) | | .... အဖွဲ့ဝင် |

၄၈၆၇၆
၂၆·၁·၀၄

၁၉၈၇ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

တရားရုံးများလက်စွဲ အပိုဒ်၉၇၂အရ တစ်ကြိမ်ငှားရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ

# စီရင်ထုံးပြုသောအမှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးဇုဂ္ဂဝဘာသပါ (၂) | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | ၁ |
| ဒေါ်ခင်မြ | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ (၂) | ၉ |
| ဦးထွန်းမြို့ | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | ၁၃ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | မောင်ကျလား (ခ) စန်းမောင် | ၁၈ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | ဦးကံသိန်း | ၂၂ |
| ဦးမြင့်ဆွေပါ (၂) | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ (၂) | ၂၅ |

# မြစ်မှုဆိုင်ရာအမှုများ

**ဥပဒေများ—**

—မြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

—ဝိနည်းခံမွတ္တာ အမိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

—၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ

**မြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈—ကလေးစရိတ်ပေးရန် တာဝန်ရှိသူ ခင်ပွန်းဖြစ်သူ မကွယ်လွန်မီက ပေးဆပ်ရန်ရှိသော ကလေးစရိတ် ကြွေးကျန်ကို ၎င်း၏ဇနီးတွင် ပေးဆပ်ရန်တာဝန်ရှိမရှိ—ယင်းပုဒ်မခွဲ (၃) အရ ကလေးစရိတ်ပေးရန် ပျက်ကွက်သူအပေါ် အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းချက် ချမှတ်ထားသော ကလေးစရိတ်ပေးရန် အမိန့်ကိုပေးရန် တာဝန်ရှိသူ ကွယ်လွန်ပြီးနောက် အတည် ပြုလုပ်မပေးနိုင်ခြင်း။**

ပန်းဘဲတန်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အသေးအဖွဲ့မှု အမှတ် ၂၄၁/၈၆ တွင် ဒေါ်ခင်မြက ကွယ်လွန်သူ ဦးမောင်မြ၏ဇနီး ဒေါ်ခင်ခင်သိန်းအပေါ် ဦးမောင်မြ ပေးရန် ရှိသော ကလေးစရိတ် ကြွေးကျန်ငွေ ၈၄၀၀/—ကျပ်ကို ပေးစေရန်အတွက် အမိန့် ချမှတ်ပေးရန်လျှောက်ထားချက်ကို တရားရုံးကပလပ်လိုက်ရာ ယင်းအမိန့်ကို ဒေါ်ခင်မြက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ ကလေးစရိတ်ပေးရန် တာဝန်ရှိသူသည် ကလေး၏ ဖခင်သာဖြစ်သည်။ အခြားသူ တစ်ဦးတစ်ယောက်တွင် ယင်းသို့ ကလေးစရိတ် ပေးရန် တာဝန်ရှိကြောင်း သတ်မှတ်ထားခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ကလေးစရိတ်ပေးရန် ပျက်ကွက်သူအပေါ် အရေးယူဆောင်ရွက်ရန် နည်းလမ်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ (၃) ၌ ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်း ချက်၌ အကြောင်း လုံလောက်မှု မရှိဘဲ ကလေးစရိတ်မပေး ပျက်ကွက်သူ အပေါ် မည်သို့မည်ပုံ အရေးယူ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက် ရှိသော်လည်း ထိုသူ ကွယ်လွန်သွားသည့် ကိစ္စတွင် မည်သို့မည်ပုံ အရေးယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် ဝိနည်း

စာမျက်နှာ

ကွယ်လွန်သွားပါက ၎င်းအပေါ် ချမှတ်ထားသော အမိန့်ကို ဆက်လက်အတည်ပြုရန် အကြောင်းမရှိတော့ဟုကောက်ယူရပေမည်။ ဦးမောင်မြကွယ်လွန်သွားပြီဖြစ်၍ ၎င်းသည် ကလေးစရိတ် ပေးရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်သည်ဟု မဆိုနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈(၃) အရ ဆောင်ရွက်ခြင်း မပြုနိုင်ချေ။

ဒေါ်ခင်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပါ(၂) ၆

**ဗဟိုတရားရုံးက တရားခံတစ်ဦး တင်သွင်းသော ပြင်ဆင်မှုကို အဆုံး အဖြတ်ပေးပြီးနောက် ပြည်နယ်/တိုင်းတရားရုံးက ထိုတရားခံ အပေါ် ပြင်ဆင်မှုဖွင့်လှစ်၍ ပြစ်ဒဏ်ကိုတိုးမြှင့်နိုင်မနိုင်။**

လျှောက်ထားသူ ဦးထွန်းရှိအား သံဖြူဇရပ်မြို့နယ် တရားရုံးတွင် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)အရ တရားစွဲဆိုရာ သံဖြူဇရပ်မြို့နယ် တရားရုံးက အဆိုပါဥပဒေပုဒ်မ ၁၄(၁) အရ ထောင်ဒဏ် (၂)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဦးထွန်းရှိက မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင်ခဲ့ပေ။

မွန်ပြည်နယ် တာဝန်ခံ ဥပဒေဝန်ထမ်းက လျှောက်ထားသူ ဦးထွန်းရှိ အပေါ် ချမှတ်သော မြို့နယ်တရားရုံး၏ ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် မွန်ပြည်နယ် တရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားရာ ၎င်းအား ၁၉၆၅-ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁) အရ ပြောင်းလဲ၍ ပြစ်ဒဏ် အနှစ် (၂၀) ကျခံစေရန် အမိန့် ချမှတ်သောကြောင့် ဦးထွန်းရှိက ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။

**ဆုံးဖြတ်ချက်။** ။ဗဟိုတရားရုံးက ဦးထွန်းရှိ တင်သွင်းသော ပြင်ဆင်မှုကို ၁၀-၁၂-၈၆ နေ့က အဆုံးအဖြတ်ပေးပြီးနောက် ၁-လကျော်ကြာ ၂၃-၁-၈၇ ရက်နေ့ကျမှ ပြည်နယ်တာဝန်ခံ ဥပဒေဝန်ထမ်းက ပြင်ဆင်မှုတစ်သွင်း၍ ပြည်နယ်တရားရုံးက ပြင်ဆင်မှု ဖွင့်လှစ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ မွန်ပြည်နယ်တရားရုံးက ပြင်ဆင်မှုတွင် ၁၉-၃-၈၇ ရက်နေ့၌ ချမှတ်သော အမိန့်သည် ဗဟိုတရားရုံးက

စာမျက်နှာ

၁ဂ–၁၂–ဂ၆ နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ရာ ရောက်သောကြောင့် မွန်ပြည်နယ်တရားရုံး၏ အမိန့်သည် မှားယွင်း ချွတ်ချော်သည်။

ဦးထွန်းရှိ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၃

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁) (ဂ)–အမှုတွင် သက်သေခံအဖြစ် တင်သွင်းသော စာချုပ်စာတမ်းသည် လိမ်လည်အတုပြုလုပ်ထားကြောင်း တွေ့ရှိ၍ တရားစွဲဆိုရာ၌ ယင်းအမှုကို စစ်ဆေးသော တရားရုံးကဖြစ်စေ၊ ယင်းတရားရုံးထက် အဆင့်မြင့် တရားရုံးကဖြစ်စေ စာဖြင့်ရေးသား တိုင်လျှောက်ရန် လိုအပ်ခြင်း–ယင်းသို့ သက်ဆိုင်ရာတရားရုံးက တိုက်ရိုက်လျှောက်ထားသည့်ကိစ္စမှတစ်ပါး အခြားနည်း လျှောက်ထားခြင်းကို မည်သည့် တရားရုံးကမျှ အရေးမယူနိုင်ခြင်း။**

မြောက်ဥက္ကလာပမြို့နယ် တရားရုံးက တရားမကြီးမှု အမှတ် ၂၉/ဂ၅ မှ တရားပြိုင်ဖြစ်သူ ဦးမြင့်ဆွေက စာချုပ်အတုကို သက်သေခံအဖြစ် တင်ပြရာ ဦးထွန်းရှိန်က တရားလိုပြုလုပ်ပြီး ဦးမြင့်ဆွေနှင့် ပင်မလာ အပေါ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆ဂ အရ တိုင်လျှောက်ခြင်းကို မြောက်ဥက္ကလာပမြို့နယ် တရားရုံးကအရေးယူဆောင်ရွက်သည်။ ထိုသို့ အရေးယူသော အမှုကို ချေဖျက်ပေးရန် ဦးမြင့်ဆွေပါ ၂ က ဗဟို တရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ဦးမြင့်ဆွေသည်စာချုပ်အတုကိုတရားမကြီးမှုအမှတ် ၂၉/ဂ၅ တွင် တင်ပြခဲ့ခြင်းဖြစ်သောကြောင့် စာချုပ်အတု ဖြစ်သည်ဟု ယုံကြည်ပြီး ဦးမြင့်ဆွေအပေါ် တရားစွဲဆိုခြင်းဖြစ်ရာ တရားမမှုကို စစ်ဆေး ကြားနာသော တရားစီရင်ရေးအဖွဲ့က စာဖြင့် ရေးသားတိုင် လျှောက်ရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ တရားရုံးအနေဖြင့် ရေးသားတိုင် လျှောက်လွှာဖြင့်တိုက်ရိုက်လျှောက်ထားသည့် ကိစ္စမှတစ်ပါး အခြားနည်းဖြင့် လျှောက်ထားခြင်းကို မည်သည့်တရားရုံးကမျှ လက်ခံ အရေးယူခြင်းမပြုရပေ။ မြောက်ဥက္ကလာပမြို့နယ် တရားရုံးသည် မိမိ တရားရုံး၌ ဖြစ်ပွားခဲ့သည့် လိမ်လည် အတုပြုလုပ်မှုကို ဦးထွန်းရှိန်၏ တိုက်ရိုက် လျှောက်လွှာအရ မိမိကပင် လက်ခံ အရေးယူခဲ့ကြောင်း ပေါ်ပေါက်လျက် ရှိပေသည်။ မြို့နယ်တရားရုံး၏ အရေးယူ ဆောင်

စာမျက်နှာ

ရှက်ချက်များမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဦးမြင့်ဆွေ ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပါ (၂) ၂၅

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၉၀၊ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ နှင့် ၄၄(က)— တရားစီရင်ရာတွင် အဖွဲ့ဖြင့်သာ စီရင်ရမည်ဖြစ်၍၊ မြို့နယ်တရားစီရင်ရေးအဖွဲ့တွင် အဖွဲ့ဝင်အနည်းဆုံး (၃)ဦး ပါဝင်ရမည် ဖြစ်ခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၆၇ (၁)၏ တတိယစာပိုဒ်- စီရင်ချက်ချမှတ်သည့် နေ့စွဲဖြင့် တရားစီရင်ရေး အဖွဲ့ဝင်များ လက်မှတ်ရေးထိုးရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ကျိုက်လတ်မြို့နယ် တရားရုံး၏ ၁၁—၁၀—၇၅ နေ့စွဲပါ စီရင်ချက်ကို ကြည့်ရှုရာ၌ စီရင်ချက်တွင် တရားစီရင်ရေး အဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ် ရေးထိုးထားခြင်း မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၀ နှင့် ပြည်သူ့တရားသူကြီး အဖွဲ့ ဥပဒေပုဒ်မ ၇ အရ အဖွဲ့ဖြင့်သာ စီရင်ရမည်ဖြစ်ပြီး မြို့နယ်တရား စီရင်ရေးအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး (၃) ဦး ပါဝင်သော အဖွဲ့ ဖွဲ့စည်း၍ စီရင်ရမည်ဖြစ်ကြောင်း ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေ ပုဒ်မ ၄၄ (က) တွင် ပြဋ္ဌာန်းထားသည်။ ၎င်းအပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၆၇ (၁)၏ တတိယ စာပိုဒ်အရ စီရင်ချက် ချမှတ်သောနေ့၌ အဆိုပါ စီရင်ချက်ကို စီရင်ဆုံးဖြတ်သည့် တရား စီရင်ရေး အဖွဲ့ဝင်များက စီရင်ချက်ချမှတ်သည့် နေ့စွဲဖြင့် လက်မှတ် ထိုးရမည် ဖြစ်သည်။ ယခု အမှုတွင် စစ်ဆေးစီရင်သော အဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် အဆိုပါ စီရင်ချက်မှာ မည်သည့်နည်းနှင့်မျှ အတည်မဖြစ်နိုင်တော့ချေ။ တစ်ဆက် တည်းမှာပင် စီရင်ချက်တွင် ဦးကံသိန်းအား အမှုမှ အပြီးအပြတ် လွှတ်ကြောင်း ချမှတ်ခဲ့သည့် အမိန့်မှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၈ (၁)အရ ဥပဒေနှင့်အညီ လွှတ်သောအမိန့်တစ်ရပ် မဖြစ်နိုင်တော့ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကံသိန်း ၂၂

စာမျက်နှာ

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ နှင့် ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၅၈ (ခ)—အချင်း ဖြစ်ကျောင်း၌ သီတင်းသုံးနေထိုင်ခြင်း မရှိသူအား ထိုကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားရန် မလိုအပ်ခြင်း- ယင်းသို့ဖယ်ရှားရန် မလိုအပ်သူက ဖယ်ရှားခြင်းမပြုသည့်အတွက်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ကို ဖောက်ဖျက်သည်ဟု မဆိုနိုင်၍ ပုဒ်မ ၁၁ အရ အပြစ်မပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း များ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၈ (ခ) အရ ဆိုပါလျှင် လက်ဝယ်ရထိုက်သော ပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်များအားလုံးကို အချင်းဖြစ် ကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားပေးရန် ဖြစ်သည်။ ယခုကိစ္စတွင် ဆရာတော် ဦးဇူနွှေသာဘသသည် ကန်လည် ရန်ကုန်ကျောင်း၌ မရှိဘဲ ဓမ္မဒီပကျောင်းတိုက်တွင်သာ သီတင်းသုံးနေကြောင်း ပေါ်ပေါက်နေသည်။ ဦးဇူနွှေသာဘသသည် အချင်းဖြစ် ကန်လည် ရန်ကုန်ကျောင်း၌ သီတင်းသုံးနေထိုင်ခြင်းမရှိလျှင် ဦးဇူနွှေသာဘသအား အထက်ဖော်ပြပါလုပ်ထုံးလုပ်နည်း အပိုဒ် ၅၈ (ခ) အရ ထိုကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားရန် လိုအပ်မည်မဟုတ်ပေ၊ ယင်းသို့ နှင်ထုတ်ဖယ်ရှားရန် မလိုသည့် အတွက် ဦးဇူနွှေသာဘသသည် မြို့နယ် ပြည်သူ့ကောင်စီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ကို ဖောက်ဖျက် ကျူးလွန်ခြင်း ပြုသည်ဟုမဆိုနိုင်သဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၇ ကို ဖောက်ဖျက်ပြီး ပုဒ်မ ၁၁ အရ ပြစ်မှုကျူးလွန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဦးဇူနွှေသာဘသ ပါ (၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁

၁၉၅၅ ခုနှစ် ကလေးသူငယ်များ အက်ဥပဒေ—ယင်းအက်ဥပဒေအရ စစ်ဆေးခွင့်ရှိနိုင်ရန်၊ တရားခံ၏အသက်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ရှိနေလျှင် စုံစမ်းမှုပြုလုပ်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကျောင်းဝင် မှတ်ပုံတင်စာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာန၏ အိမ်ထောင်စု စာရင်းတို့သည် အများနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ ဖြစ်သဖြင့် သက်သေခံ ဥပဒေ ပုဒ်မ ၃၅ အရ သက်သေခံဝင်သည်။ သို့ရာတွင်

စာမျက်နှာ

ယခုအမှု၌ ယင်းစာရွက်စာတမ်းအထောက်အထားများမှာ တူညီခြင်း မရှိသည့်အလျောက် တရားလိုဘက်နှင့် တရားခံဘက်အနက် မည်သည့်ဘက်မှ တင်ပြသည့် စာရွက်စာတမ်း အထောက်အထား များမှာ မှန်ကန်ကြောင်း မပေါ်လွင်သေးသဖြင့် တရားခံ၏ အသက်နှင့် စပ်လျဉ်း၍ ရှေးဦးစွာ စုံစမ်းမှုပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။ တရားလိုနှင့်တရားခံနှစ်ဘက် စလုံးမှအငြင်းပွားနေသောအသက်နှင့်စပ်လျဉ်းသည့်အချက်ကို စုံစမ်းမှုပြုလုပ်ပြီးမှအဆုံးအဖြတ် ပေးပါက မျှတမှန်ကန်မည် ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်ကုလား (ခ) စန်းမောင် ၁၈

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင်နှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးဇာနေ္တာဘာသ ပါ(၂)

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် *

† ၁၉၈၇ ဇူလိုင်လ ၂၄-ရက်

**ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ နှင့် ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၈(ခ) -အချင်းဖြစ်ကျောင်း၌ သီတင်းသုံး နေထိုင်ခြင်းမရှိသူအား ထိုကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားရန် မလိုအပ်ခြင်း- ယင်းသို့ ဖယ်ရှားရန် မလိုအပ်သူက ဖယ်ရှားခြင်း မပြုသည့်အတွက် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ၊ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ကို ဖောက်ဖျက်သည်ဟု မဆိုနိုင်၍ ပုဒ်မ ၁၁ အရ အပြစ်မပေးနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၈ (ခ) အရ ဆိုပါလျှင် လက်ဝယ်ရထိုက်သော ပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်များ အားလုံးကို အချင်းဖြစ် ကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားပေးရန် ဖြစ်သည်။ ယခုကိစ္စတွင် ဆရာတော် ဦးဇာနေ္တာဘာသသည် ကန်လည်ရန်ကုန်ကျောင်း၌ မရှိဘဲ ဓမ္မဒီပ ကျောင်းတိုက်တွင်သာ သီတင်းသုံး နေကြောင်း ပေါ်ပေါက်နေသည်။ ဦးဇာနေ္တာဘာသသည် အချင်းဖြစ် ကန်လည် ရန်ကုန်ကျောင်း၌ သီတင်းသုံး နေထိုင်ခြင်း မရှိလျှင်

---

* ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၈(ခ)

† ၁၉၈၆ ၊ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၆၇ တွင် ချမှတ်သော ၂၆-၁-၈၇ရက် နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၈၇
ဦး ဇနေ္တာဘာသ ပါ(၂)
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဦးဇနေ္တာဘာသအား အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၀ (ခ) အရ ထိုကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားရန် လိုအပ်မည် မဟုတ်ပေ။ ယင်းသို့ နှင်ထုတ်ဖယ်ရှားရန် မလိုသည့်အတွက် ဦးဇနေ္တာဘာသသည် မြို့နယ် ပြည်သူ့ကောင်စီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ကို ဖောက်ဖျက် ကျူးလွန်ခြင်း ပြုသည်ဟု မဆိုနိုင်သဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ကို ဖောက်ဖျက်ပြီး ပုဒ်မ ၁၁ အရ ပြစ်မှုကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူများအတွက် — ဦးခင်မောင်အေး၊ ဗဟိုတရားရုံး ရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးအွန်စာနန်၊ ဥပဒေဝန်ထမ်း အဆင့် (၁)

တရားရေးအကြံပေး — ဦးဝင်းလှိုင်

ပြည်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၁၀/၈၅ တွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁ အရ အရေးယူ တရားစွဲခြင်းခံရသော ဦးဇနေ္တာဘာသနှင့် ဦးဝိကပ္ပတို့အား ထောင်ဒဏ် (၆) လစီ အသီးသီး ကျခံကြစေရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို ဦးဇနေ္တာဘာသတို့က ပဲခူးတိုင်း တရားရုံးတွင် အယူခံဝင်ရောက်ရာ အောင်မြင်ခြင်း မရှိသည့်အတွက် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် ဓမ္မဒီပ ကျောင်းဆရာတော် ဦးဇနေ္တာဘာသနှင့် တပည့်ဖြစ်သူ ကန်လည် ရန်ကုန်ကျောင်း ဆရာတော် ဦးဝိကပ္ပတို့အား ပြည်မြို့ ကန်လည် ရန်ကုန်ကျောင်းတိုက်မှ ဖယ်ရှားပေးရန် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ လျှောက်ထားခဲ့သော်လည်း ဖယ်ရှားခြင်း မပြုသဖြင့် ယင်းဆရာတော်များသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ကို ဖောက်ဖျက်ပြီး ယင်း နည်းဥပဒေပုဒ်မ ၁၁ ကို ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသည်ဆိုကာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ မြို့နယ် သာသနာရေး ဦးစီး

၁၉၇၇
ဦးဇာနေ္တာဘာသ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ဌာနမှူး ဦးသိမ်းအောင်က တရားလိုပြုလုပ်၍ ဆရာတော် ဦးဇာနေ္တာဘာသနှင့် ဦးဝိဇာပွတို့အပေါ် ဥပဒေအရ အရေးယူပေးရန် ပြည်မြို့နယ် တရားသူကြီးအဖွဲ့သို့ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှု ဖြစ်သည်။

လျှောက်ထားသူများက ပြင်ဆင်မှု အကြောင်းပြချက်များအဖြစ် တင်ပြရာတွင် လျှောက်ထားသူအမှတ် (၁) ဖြစ်သော ဓမ္မဒီပ ကျောင်းဆရာတော်— ဦးဇာနေ္တာဘာသသည် အချင်းဖြစ် ကန်လည် ရန်ကုန်ကျောင်းတွင် သီတင်းသုံးသူ မဟုတ်ဘဲ ဓမ္မဒီပ ကျောင်းတိုက်တွင် သီတင်းသုံးနေသူဖြစ်ကြောင်း၊ ပေါ်လွင်ထင်ရှားပါလျက် ၎င်းနေထိုင် သီတင်းသုံးခြင်းမရှိသော ကန်လည် ရန်ကုန်ကျောင်းမှ ဖယ်ရှားခြင်းမရှိဟုဆိုကာ လျှောက်ထားသူ ဦးဇာနေ္တာဘာသအပေါ် ပြစ်မှုထင်ရှား စီရင်ထားသည်မှာ မှားယွင်းပါကြောင်း၊ အချင်းဖြစ်အမှုတွင် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကန်လည် ရန်ကုန်ကျောင်းရှိ သဟာဘဏ်ပစ္စည်းကိုသာ ဦးသုမနမှ ပိုင်ဆိုင်ကြောင်းနှင့် ကျောင်းအာရာမ်၊ ဂရုဘဏ်ပစ္စည်းအားလုံးနှင့်သံဃာသည်က ကန်လည် ရန်ကုန်ကျောင်းကိုမူ ခေတ္တရာမြို့သစ်ရပ်ကွက် သံဃနာယကအဖွဲ့ ဩဝါဒအတိုင်း ရက္ခတဂေါပကအဖြစ်သာ ဆက်လက်ဆောင်ရွက်ပိုင်ခွင့် ရှိကြောင်း ဆုံးဖြတ်ထားသည့်အတွက် ယင်းဆုံးဖြတ်ချက်ကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ် ၅၈ (ဂ) အရသာ အကောင်အထည် ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး အပိုဒ် ၅၈ (ခ) အရ ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ သို့ပါလျက် လုပ်ထုံးလုပ်နည်းနှင့်အညီ မဟုတ်ဘဲ ထုတ်ပြန်သည့် အမိန့်အား လိုက်နာခြင်းမရှိသည်ကို အခြေပြု၍ မိမိတို့အပေါ် တရားစွဲပြီး ပြစ်မှုထင်ရှား စီရင်ခဲ့သည်မှာ မှားယွင်းနေကြောင်း တင်ပြကြသည်။

ဆရာတော် ဦးဇာနေ္တာဘာသနှင့် ဦးဝိဇာပွတို့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ပါ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သည့်အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ကာ မြို့နယ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ထားသည်ကို တိုင်းတရားရုံးက အတည်ပြုထားကြောင်း တွေ့ရသည်။

၁၉၈၇
ဦးဇာနေ္တာဘာသ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဝိနည်းဓမ္မကံ "အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ(၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉) ပုဒ်မ ၇ တွင် ''သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ''ဟု ဖော်ပြထားပြီး ယင်းဥပဒေပုဒ်မ ၁၁အရ ''မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရမည်''ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အချင်းဖြစ် ဘန်လည် ရန်ကုန်ကျောင်း ဝိဝါဒဓိကရုဏ်း မှုခင်းကိစ္စနှင့် စပ်လျဉ်း၍ သံဃဝိနိစ္ဆယ အဖွဲ့အသီးသီးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြသည်ကို တွေ့ရသည်။

## မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက် (၂၉-၅-၈၃)

''အမှတ်(၂) စုဒိတက ဦးသုမနသည် ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ခေတ္တရာမြို့သစ်ရပ်ကွက် ကန်လည် ရန်ကုန်ကျောင်းရှိ လယ ဘဏ်ပစ္စည်းအားလုံးကို ပိုင်ဆိုင်၍ ကျောင်းအာရာမ်၊ ဂရုဘဏ် ပစ္စည်းအားလုံးနှင့် သံဃသန္တက ကန်လည်ရန်ကုန်ကျောင်းကို ခေတ္တရာ မြို့သစ်ရပ်ကွက် သံဃနာယကအဖွဲ့၏ ဩဝါဒအတိုင်း ရက္ခတ ဂေါပကအဖြစ်ဖြင့်ဆက်လက်စောင့်ရှောက်ပိုင်ခွင့်ရှိသည်''

## တိုင်းသံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက် (၂၁-၂-၈၄)

''ပဲခူးတိုင်း ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် ကန်လည်ရန်ကုန် ကျောင်းကို ပြည်မြို့ သံဃဝိနိစ္ဆယအဖွဲ့ အမှတ်(၂)မှ ချမှတ်သော ဆုံးဖြတ်ချက်သည် ဘုရားဟော ဝိနည်းတရားတော်များနှင့် ညီညွတ်ကြောင်း တွေ့ရှိသဖြင့် တိုင်းဝိနည်းဓိုရ်များက အတည်ပြုပြီး ခေတ္တရာမြို့သစ် ဓမ္မဒီပကျောင်း ဦးဇာနေ္တာဘာသ၏ အယူခံ စောဒနာဝင်လွှာကို ပလပ်ပယ်ချလိုက်သည်။

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆုံးဖြတ်ချက် (၂၆-၉-၈၅)

''ကန်လည် ရန်ကုန်ကျောင်း မှုခင်းအတွက် မြို့နယ် သံဃ ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း၍ ဆုံးဖြတ်ချက်ချခဲ့ခြင်းသည် ဝိနည်းဓမ္မကံ

လုပ်ထုံး လုပ်နည်းများပြင်ဆင်ဖြည့်စွက်ချက်အခန်း-၄-အပိုဒ်-၂၄ (ခ) ကို အတည်ပြုခဲ့သည့် နေ့ထက် (၃) လနှင့် (၁၅) ရက် အလျင် စောနေသဖြင့် ယင်းဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း များ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၄) အပိုဒ် ၂၄(ခ)၌ အကျုံးမဝင်သောကြောင့် စုဒိတက ဦးဇ္ဇနဗ္ဘောဘာသ၏ လျှောက် ထားချက်ကို ပလပ်ပယ်ချရန်''

၁၉၀၇
ဦးဇ္ဇနဗ္ဘောဘာ
သ ပါ (၂)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

အထက်ပါ ဆုံးဖြတ်ချက်များအရ အချင်းဖြစ် ကန်လည်ရန်ကုန်ကျောင်း ကို ခေတ္တရာမြို့သစ်ရပ်ကွက် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒအတိုင်း ဆရာတော် ဦးသုမနက စောင့်ရှောက်ထိန်းသိမ်းသွားရန် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့အနေဖြင့် ဤပြင်ဆင်မှုတွင် သံဃအဖွဲ့အစည်း အဆင့်ဆင့်၏ ဆုံးဖြတ်ချက် အမိန့်များအပေါ် ဝေဖန် သုံးသပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း တစ်စုံတစ်ရာ ပြုလုပ်ရန်အကြောင်းမရှိ ပေ။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်း များနှင့် ညီညွတ်မှု ရှိမရှိစိစစ်ရန်သာ ဖြစ်သည်။

အချင်းဖြစ် ခေတ္တရာမြို့သစ် ကန်လည် ရန်ကုန်ကျောင်းတွင် မူလက ဆရာတော် ဦးရာဇိန္ဒ သီတင်းသုံးခဲ့ရာမှ ယင်းဆရာတော်သည် ရန်ကုန်မြို့ သီရိခေတ္တရာကျောင်းသို့ ကြွရောက်စဉ် ပျံလွန်တော်မူခဲ့ရာ အဆိုပါ ကန် လည် ရန်ကုန်ကျောင်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြသည့် အတွက် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က အထက်ပါအတိုင်း ဆုံးဖြတ်ပေး ခဲ့ခြင်း ဖြစ်သည်။ပြည်မြို့နယ် ပြည်သူ့ကောင်စီသည် မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်ဝင်း ခေါင်း ဆောင်၍ ခေတ္တရာရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ် သာသနာရေးအရာရှိ ဦးသိမ်းအောင်တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ ယင်းအဖွဲ့က ၀–၇–၀၅ ရက် နေ့စွဲပါ စာ (ဆက်သေခံ–ဆ) နှင့် ၂၉–၇–၀၅ ရက် နေ့စွဲပါ စာ (သက်သေခံ-ဇ) တို့ဖြင့် ဦးဇ္ဇနဗ္ဘောဘာသနှင့် ဦးဝိကပ္ပတို့အား ကန်လည် ရန်ကုန်ကျောင်း မှ ဖယ်ရှားထွက်ခွာပေးရန် ခလျှောက်ထားအကြောင်းကြားခဲ့သည်။မြို့နယ် သံဃနာယကအဖွဲ့ကလည်း မြို့နယ် ပြည်သူ့ကောင်စီသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၀၊ အပိုဒ် ၅၀(က) (ခ) တို့အရ

၁၉၈၇
ဦးဇာနေ္တာဘာသ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဆောင်ရွက်ခြင်းဖြစ်၍ စုဒိတက ဦးဇာနေ္တာဘာသ မဓမ္မဒီပကျောင်းသည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေအခန်း ၂၊ ပုဒ်မ ၇ အရ လိုက်နာရမည် ဖြစ်ကြောင်းဖြင့် ဦးဇာနေ္တာဘာသထံ ၁၂-၇-၈၅ ရက် နေ့စွဲပါ စာ(သက်သေခံ–ဃ) ဖြင့် အကြောင်းကြားခဲ့သည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၈၊ အပိုဒ် ၅၀(က) နှင့် (ခ) တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

(က) ဝိနိစ္ဆယ ဆုံးဖြတ်ချက်အရ သိမ်၊ ကျောင်း၊ ဇရပ်စသော အဆောက်အအုံကိုသော် လည်းကောင်း၊ ယင်းအဆောက်အအုံများ အပါအဝင် ကျောင်းတိုက်ကိုသော် လည်းကောင်း လက်ဝယ်ရထိုက်သော ပုဂ္ဂိုလ်/ဂိုဏ်း/သံဃာအသင်းအဖွဲ့အား စာရင်းနှင့်တကွ အပြည့်အစုံ လွှဲအပ်ပေးခြင်း၊

(ခ) လက်ဝယ်ရထိုက်သော ပုဂ္ဂိုလ်/ဂိုဏ်း/သံဃာ/အသင်းအဖွဲ့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်အားလုံးကို သက်ဆိုင်ရာ အဆောက်အအုံ– ကျောင်းတိုက်မှ နှင်ထုတ် ဖယ်ရှားပေးခြင်း၊

ဖော်ပြပါ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၀(ခ) အရ ဆိုပါလျှင် လက်ဝယ်ရထိုက်သော ပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်များ အားလုံးကို အချင်းဖြစ် ကျောင်းတိုက်မှ နှင်ထုတ် ဖယ်ရှားပေးရန် ဖြစ်သည်။ ယခုကိစ္စတွင် ဆရာတော် ဦးဇာနေ္တာဘာသသည် ကန်လည် ရန်ကုန်ကျောင်း၌ မရှိဘဲ မဓမ္မဒီပ ကျောင်းတိုက်တွင်သာ သီတင်းသုံးနေကြောင်း ပေါ်ပေါက်နေသည်။ ဦးဇာနေ္တာဘာသထံ မြို့နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းသော အမှုနှင့် မြို့နယ်သံဃနာယက အဖွဲ့တို့က ပေးပို့ခဲ့သော စာများ (သက်သေခံ ဃ၊ ဆ နှင့် ဇ) တို့တွင်လည်း ဦးဇာနေ္တာဘာသ သီတင်းသုံး နေသည့် မဓမ္မဒီပကျောင်းသို့သာလိပ်မူ၍ အကြောင်းကြား လျှောက်ထားခဲ့သည့်အပြင် ဦးသန်းစိန် (ခံပြ–၃) ကလည်း မြို့နယ် သာသနာရေး ဦးစီးဌာနမှူး၊– ဦးသိမ်းအောင်၊ မြို့နယ်ကောင်စီမှ ဦးခင်ဝင်း၊ ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးစိုးငြိမ်းတို့နှင့်အတူ မဓမ္မဒီပကျောင်း

သို့ သွားရောက်၍ ဆရာတော် ဦးဇာနေ္တာဘာသထံ အကြောင်းကြားစာများ ဆက်ကပ်ခဲ့ကြောင်း ထွက်ဆိုထားသည်၊ ဦးဇာနေ္တာဘာသသည် အချင်းဖြစ် ကန်လည်ရန်ကုန်ကျောင်း၌ သီတင်းသုံးနေထိုင်ခြင်း မရှိလျှင် ဦးဇာနေ္တာဘာသအား အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၅ဂ (ခ) အရ ထိုကျောင်းတိုက်မှ နှင်ထုတ်ဖယ်ရှားရန် လိုအပ်မည် မဟုတ်ပေ၊ ယင်းသို့ နှင်ထုတ်ဖယ်ရှားရန် မလိုသည့်အတွက် ဦးဇာနေ္တာဘာသသည် မြို့နယ်ပြည်သူ့ကောင်စီက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည်ဟု မဆိုနိုင်သဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ ကို ဖောက်ဖျက်ပြီး ပုဒ်မ ၁၁ အရ ပြစ်မှုကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အချင်းဖြစ်အမှုနှင့် စပ်လျဉ်း၍ ပြည်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ဂ၊ အပိုဒ် ၅ဂ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အပိုဒ် ၅ဂ (ဂ) အရ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ၊ မြို့နယ် သံဃနာယကအဖွဲ့မှ ဦးဇာနေ္တာဘာသထံ ပေးပို့ခဲ့သော ၁၂-၇-၇၅ ရက် နေ့စွဲပါ စာ (သက်သေခံ-ဃ) အရလည်း ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတိပေး ဖော်ပြထားသည်ကို တွေ့ရသည်။ ပြည်မြို့နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပေးသော အဖွဲ့သည် လျှောက်ထားသူ ဦးဝိကပ္ပကို အချင်းဖြစ် ကန်လည်ရန်ကုန်ကျောင်းမှ ဖယ်ရှားပေးရန် သက်သေခံ (ဆ) နှင့် (ဇ) အဖြစ် တင်ပြထားသော စာများဖြင့် လျှောက်ထား အကြောင်းကြားခဲ့သော်လည်း ဦးဝိကပ္ပက ဖယ်ရှားပေးခဲ့ခြင်း မရှိကြောင်း အမှုတွင် ပေါ်ပေါက်သည်၊ ဦးဝိကပ္ပကိုယ်တိုင်ကလည်း မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် (သက်သေခံ–က) တွင် မိမိအား ကန်လည် ရန်ကုန်ကျောင်းမှ ထွက်ခွာသွားရန် ထည့်သွင်းဆုံးဖြတ်ထားခြင်း မရှိသည့်အတွက် ထိုကျောင်း၌ သီတင်းသုံး နေထိုင်ခြင်းဖြစ်ကြောင်း အမှုတွင် ဝန်ခံထွက်ဆိုထားသည်၊ သို့ဖြစ်၍ ဦးဝိကပ္ပသည် မြို့နယ် ပြည်သူ့ကောင်စီက ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ဂ၊ အပိုဒ် ၅ဂ (ခ) အရ ဆောင်ရွက်ရာ၌ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ထင်ရှားသည့်အတွက် ယင်းအပေါ် မြို့နယ်တရားရုံးက ဝိနည်းဓမ္မကံ မှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှား တွေ့ရှိထားသည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၀၇
ဦးဇမ္ဗောဘာသ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ထို့ကြောင့် ဤပြင်ဆင်မှုကိုတစ်စိတ်တစ်ဒေသ ခွင့်ပြု၍ လျှောက်ထားသူ ဦးဇမ္ဗောဘာသအပေါ် ပြစ်မှုထင်ရှား စီရင်ထားသော မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုထားသော တိုင်းတရားရုံး၏အမိန့်များ တို့ကို ပယ်ဖျက်ပြီး ဦးဇမ္ဗောဘာသအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။ လျှောက်ထားသူ ဦးဝိကပ္ပနှင့် စပ်လျဉ်းသော မြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို အတည်ပြုပြီး ဦးဝိကပ္ပ တင်သွင်းသော ပြင်ဆင်မှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်(၁)နှင့် ဦးအေးစန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ခင်မြ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ

မြန်မာနိုင်ငံတော် ပါ (၂)*

† ၁၉၇၇ စက်တင်ဘာလ ၂၉ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈- ကလေးစရိတ်ပေးရန် တာဝန်ရှိသူ ခင်ပွန်းဖြစ်သူ မကွယ်လွန်မီက ပေးဆပ်ရန်ရှိသော ကလေးစရိတ် ကြွေးကျန်ကို ၎င်း၏ ဇနီးတွင် ပေးဆပ်ရန် တာဝန် ရှိမရှိ— ယင်းပုဒ်မ၏ ပုဒ်မခွဲ (၃) အရ ကလေးစရိတ် ပေးရန် ပျက်ကွက်သူအပေါ် အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်း ချက် ချမှတ်ထားသောကလေးစရိတ်ပေးရန် အမိန့်ကို ပေးရန် တာဝန်ရှိသူ ကွယ်လွန်ပြီးနောက် အတည်ပြု လုပ်မပေးနိုင်ခြင်း။**

ပန်းဘဲတန်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အသေးအဖွဲ့မှု အမှတ် ၂၄၁/၇၆ တွင် ဒေါ်ခင်မြက ကွယ်လွန်သူ ဦးမောင်မြ၏ ဇနီး ဒေါ်စင်ခင်သိန်းအပေါ် ဦးမောင်မြပေးရန်ရှိသော ကလေးစရိတ် ကြွေး ကျန်ငွေ ၇၄၀၀/—ကျပ်ကို ပေးစေရန် အတွက် အမိန့်ချမှတ်ပေးရန် လျှောက်ထားချက်ကို တရားရုံးက ပလပ် လိုက်ရာ ယင်းအမိန့်ကို ဒေါ်ခင်မြက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရောက်ခဲ့ သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်း ခြင်း ဖြစ်သည်။

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၀(ခ)

† ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၅၃ တွင် ချမှတ်သော (၁၁-၁၂-၇၆) ရက် နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင် ဆင်မှု။

၁၉၇၇
ဒေါ်ခင်မြ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
ပါ (၂)

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ အရ ကလေး စရိတ်ပေးရန် တာဝန်ရှိသူသည် ကလေး၏ ဖခင်သာဖြစ်သည်။ အခြားသူ တစ်ဦး တစ်ယောက်တွင် ယင်းသို့ ကလေးစရိတ်ပေးရန် တာဝန်ရှိကြောင်း သတ်မှတ်ထားခြင်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ကလေးစရိတ်ပေးရန် ပျက်ကွက်သူအပေါ် အရေးယူ ဆောင်ရွက်ရန် နည်းလမ်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ (၃)၌ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်၌ အကြောင်း လုံလောက်မှု မရှိဘဲ ကလေးစရိတ်မပေး ပျက်ကွက်သူအပေါ် မည်သို့ မည်ပုံ အရေးယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်ရှိသော်လည်း ထိုသူ ကွယ်လွန်သွားသည့် ကိစ္စတွင် မည်သို့မည်ပုံ အရေးယူ ဆောင်ရွက်ရ မည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ ကာယကံရှင် ကွယ်လွန်သွားပါက ၎င်းအပေါ် ချမှတ်ထားသော အမိန့်ကို ဆက်လက် အတည်ပြုရန် အကြောင်းမရှိတော့ဟု ကောက်ယူရပေမည်။ ဦးမောင်မြ ကွယ်လွန် သွားပြီဖြစ်၍ ၎င်းသည် ကလေးစရိတ်ပေးရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်သည်ဟု မဆိုနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ (၃) အရ ဆောင်ရွက်ခြင်း မပြုနိုင်ချေ။

လျှောက်ထားသူအတွက် — ဦးချစ်မောင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်— ၁။ ဦးသာညွန့်၊ ဥပဒေပညာရှင်

၂။ ဦးဝင်းအောင်ကျော်၊
ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးဘဟန်

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အသေးအဖွဲ့မှု အမှတ် ၂၄၁/၇၆ တွင် ဒေါ်ခင်မြက ကွယ်လွန်သူ ဦးမောင်မြ ပေးရန်ရှိသော ကလေးစရိတ် ကြွေးကျန်ငွေ ၇၄၀၀/—ကျပ်ကို ပေးအပ်စေရန် အမိန့် ချမှတ်ပေးရန်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၃) အရ လျှောက်ထားရာ ပလပ်ခြင်းခံရသည်။ ယင်းအမိန့်ကို ဒေါ်ခင်မြက မကျေ နပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း မအောင် မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသည်။

အမှုမှာ ရန်ကုန်မြို့၊ အမှတ် ဂ၊ ၁၂၅ ယမ်းနေ ဒေါ်ခင်မြက ဦးမောင်မြပေးရန် ပျက်ကွက်ခဲ့သော ကလေးစရိတ်ငွေ ၇၄၀၀/—ကျပ်

၁၉၈၇
ဒေါ်ခင်မြ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
၈၂ (၂)

ကို ရလိုမှုနှင့် ပန်းဘဲတန်းမြို့နယ် တရားရုံးမှ ဗဟိုတရားရုံးအထိ အဆင့်ဆင့် လျှောက်ထားလာခဲ့ရာ ဗဟိုတရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၅၀ (ခ) / ၈၂ တွင် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး အမိန့်များကို ပယ်ဖျက်ပြီး ၁-၄-၇၇ နေ့ မတိုင်မီကာလအတွက် ဦးမောင်မြက ပေးရန်ရှိသော ကလေးစရိတ်ငွေများကို ရန်ကုန်မြို့၊ ယခင် ပဋ္ဌမ ရာဘက်ရာဇဝတ် တရားသူကြီးက သတ်မှတ်ခဲ့သည့် နှုန်းအတိုင်း ပေးစေဟု ၁၅-၁၀-၈၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည် ။ သို့ရာတွင် ဦးမောင်မြသည် ၂၇-၁၀-၈၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သောကြောင့် ဦးမောင်မြ၏ ဇနီး ဒေါ်ခင်ခင်သိန်းအပေါ် ဦးမောင်မြ ပေးရန်ရှိသော ကလေးစရိတ်ငွေများ ပေးစေရန် အမိန့်ချမှတ်ပေးရန်ဟု ဒေါ်ခင်မြက ပန်းဘဲတန်းမြို့နယ် တရားရုံးသို့ လျှောက်ထားရာမှ အမှု စတင်ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

လျှောက်ထားသူက ဒေါ်ခင်ခင်သိန်းသည် ဦးမောင်မြ၏ ဇနီးဖြစ်ပြီး ဦးမောင်မြ ကွယ်လွန်သော အခါ ဦးမောင်မြပိုင် ပစ္စည်းအရပ်ရပ်ကို တစ်ဦးတည်း ဆက်ခံပိုင်ဆိုင်သူဖြစ်သောကြောင့် ဦးမောင်မြ မကွယ်လွန်မီက ပေးဆပ်ရန်ရှိသော ကလေးစရိတ် ကြွေးကျန်များကို ပေးဆပ်ရန် တာဝန်ရှိကြောင်းဖြင့် တင်ပြထားသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ ကလေးစရိတ်ပေးရန် တာဝန်ရှိသူသည် ကလေး၏ ဖခင်သာ ဖြစ်သည်။ အခြားသူ တစ်ဦး တစ်ယောက်တွင် ယင်းသို့ ကလေးစရိတ် ပေးရန် တာဝန်ရှိကြောင်း သတ်မှတ်ထားခြင်းမရှိချေ။ တိုင်းတရားရုံးက ဒေါ်ခင်ခင်သိန်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ် ပေးရန် အမိန့်ချမှတ်ခြင်းခံရသူ မဟုတ်ကြောင်း ညွှန်ပြ၍ ပုဒ်မ ၄၈၈ (၃) အရ တရားဝင် ကိုယ်စားလှယ်အပေါ် ကလေးစရိတ် အမိန့်ကို အတည်ပြုနိုင်သည်ဟု ပြဋ္ဌာန်းချက် မတွေ့ရကြောင်း သုံးသပ်ထားရာ လျှောက်ထားသူက ယင်းသို့သုံးသပ်ရာတွင် တိုင်းတရားရုံးသည် ပုဒ်မ ၄၈၈ (၇) ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်သဖြင့် မှားယွင်းကြောင်း ပြင်ဆင်မှုတွင် တင်ပြလာသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ (၇) တွင် ကလေးစရိတ် လျှောက်ထားမှု၌ တရားစရိတ်ပေးရန် အမိန့်ချမှတ်ခြင်းနှင့် သက်ဆိုင်သည်။

ကလေးစရိတ်ပေးရန် ပျက်ကွက်သူအပေါ် အရေးယူဆောင်ရွက်ရန် နည်းလမ်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၃) ၌ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်၌ အကြောင်းလုံလောက်မှု မရှိဘဲ ကလေးစရိတ်မပေး ပျက်ကွက်သူအပေါ် မည်သို့မည်ပုံ အရေးယူဆောင်

၁၉၇၇
ဒေါ်ခင်မြ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပါ (၂)

ရှက်ရမည်ဟု ပြဋ္ဌာန်းချက်ရှိသော်လည်း ထိုသူ ကွယ်လွန်သွားသည့်ကိစ္စတွင် မည့်သို့မည်ပုံ အရေးယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ ကာယကံရှင် ကွယ်လွန်သွားပါက ၎င်းအပေါ် ချမှတ်ထားသော အမိန့်ကို ဆက်လက်အတည်ပြုရန် အကြောင်းမရှိတော့ဟု ကောက်ယူရပေမည်။ ဦးမောင်မြ ကွယ်လွန်သွားပြီဖြစ်၍ ၎င်းသည် ကလေးစရိတ်ပေးရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်သည်ဟု မဆိုနိုင်သောကြောင့် ဖြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၃) အရ ဆောင်ရွက်ခြင်း မပြုနိုင်ချေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက် ပြုလိုသော အချက်မှာ ကလေးစရိတ် လျှောက်ထားသော အမှုမှာ နိုင်ငံတော်နှင့်သက်ဆိုင်ခြင်း မရှိသဖြင့် ဤပြင်ဆင်မှုတွင် နိုင်ငံတော်အား အမှုသည်အဖြစ် ထည့်သွင်းခြင်းသည် အထင်အရှား မှားယွင်းသည်။

ထို့ကြောင့် ပန်းဘဲတန်းမြို့နယ် တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရန်ကုန်တိုင်း တရားရုံး၏ အမိန့်တို့ကို အတည်ပြု၍ ဤပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဦးကြည်ငြိမ်း အဖြစ် ဒေါက်တာမောင်မောင်အေး၊ အဖွဲ့ဝင်များ အဖြစ် ဦးကိုကြီးနှင့် ဦးခင်မောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးထွန်းရှိ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် *

† ၁၉၈၇
နိုဝင်ဘာလ
၃၀ ရက်

**ဗဟိုတရားရုံးက တရားခံတစ်ဦး တင်သွင်းသော ပြင်ဆင်မှုကို အဆုံးအဖြတ် ပေးပြီးနောက် ပြည်နယ်/တိုင်း တရားရုံးက ထိုတရားခံ အပေါ် ပြင်ဆင်မှု ဖွင့်လှစ်၍ ပြစ်ဒဏ်ကို တိုးမြှင့်နိုင် မနိုင်**

လျှောက်ထားသူ ဦးထွန်းရှိအား သံဖြူဇရပ် မြို့နယ် တရားရုံးတွင် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၅ (၁) အရ တရားစွဲဆိုရာ သံဖြူဇရပ် မြို့နယ် တရားရုံးက အဆိုပါ ဥပဒေ ပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့် ချမှတ်သည်။ ယင်း အမိန့်ကို ဦးထွန်းရှိက မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားသော်လည်း မအောင်မြင်ခဲ့ပေ။

မွန်ပြည်နယ် တာဝန်ခံဥပဒေ ဝန်ထမ်းက လျှောက်ထားသူ ဦးထွန်းရှိ အပေါ် ချမှတ်သော မြို့နယ် တရားရုံး၏ ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် မွန်ပြည်နယ် တရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားရာ ၎င်းအား ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့် များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ ပြောင်းလဲ၍ ပြစ်ဒဏ် အနှစ် (၂၀) ကျခံစေရန် အမိန့် ချမှတ်သောကြောင့် ဦးထွန်းရှိက ဗဟို[illegible]ရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။

---

* ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၃၆ (ခ)

† ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁၈ (သ) တွင် ချမှတ်သော (၇-၁၁-၈၆) ရက် နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

၁၉၈၇
ဦးထွန်းရီ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

**ဆုံးဖြတ်ချက်။** ။ဗဟိုတရားရုံးက ဦးထွန်းရီ တင်သွင်းသော ပြင်ဆင်မှုကို ၁၈-၁၂-၈၆ နေ့က အဆုံးအဖြတ်ပေးပြီးနောက် ၁ လကျော်ကြာ ၂၃-၁-၈၇ ရက်နေ့ကျမှ ပြည်နယ်တာဝန်ခံ ဥပဒေဝန်ထမ်းက ပြင်ဆင်မှုတင်သွင်း၍ ပြည်နယ်တရားရုံးက ပြင်ဆင်မှု ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ မွန်ပြည်နယ် တရားရုံးက ပြင်ဆင်မှုတွင် ၁၉-၃-၈၇ ရက်နေ့၌ ချမှတ်သော အမိန့်သည် ဗဟိုတရားရုံးက ၁၈-၁၂-၈၆ နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ရာရောက်သောကြောင့် မွန်ပြည်နယ် တရားရုံး၏ အမိန့်သည် မှားယွင်းချွတ်ချော်သည်။

လျှောက်ထားသူအတွက် — ဦးသိန်းဟန်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးတင်မြင့်၊ ဥပဒေဝန်ထမ်းအဆင့် (၁)

တရားရေးအကြံပေး — ဦးဘသန်း

လွန်ခဲ့သည့် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လျှောက်ထားသူ ဦးထွန်းရီ ပါသည်ဆိုသော မှောင်ခိုပစ္စည်းများ တင်ဆောင်လာသည့်စက်လှေကို သံဖြူဇရပ်မြို့နယ် ကရုပ္ပိ ကျေးရွာရှိ အမှတ် (၃၁) မြောင်းတပ်ရင်းမှ ဖမ်းဆီးရမိသောကြောင့် ဦးထွန်းရီအား သံဖြူဇရပ်မြို့နယ်တရားရုံး ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၃ တွင် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ တရားစွဲဆိုရာ သံဖြူဇရပ်မြို့နယ်တရားရုံးက အဆိုပါဥပဒေပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် (၂) နှစ်ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဦးထွန်းရီက မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံး ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၈ (သ) တွင် အယူခံဝင်ရာ မအောင်မြင်ချေ။ ဗဟိုတရားရုံး ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၁၀ (ခ) တွင် ပြင်ဆင်မှု လျှောက်ထားသော်လည်း အရေးနိမ့်ခဲ့သည်။

ထို့နောက် မွန်ပြည်နယ် တာဝန်ခံ ဥပဒေဝန်ထမ်းက လျှောက်ထားသူ ဦးထွန်းရီအပေါ် ချမှတ်သော မြို့နယ်တရားရုံး၏ ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် မွန်ပြည်နယ်တရားရုံး ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈ (သ) တွင် လျှောက်ထားရာ မွန်ပြည်နယ်တရားရုံးက လျှောက်ထားသူအား ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက်

လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ ပြောင်းလဲ၍ ထောင်ဒဏ် အနှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်သောကြောင့် ဦးထွန်းရီက ဗဟိုတရားရုံးသို့ ပြင်ဆင်မှုကို လျှောက်ထားလာသည်။

လျှောက်ထားသူ၏ ရှေ့နေက မွန်ပြည်နယ်တရားရုံးသည် လျှောက်ထားသူအပေါ် ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခြင်းမှာ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း လျှောက်ထားသည်။ ယင်းပုဒ်မ ၁၅ (၁) အရ ပြစ်မှုထင်ရှား စီရင်ရာတွင် အနည်းဆုံး ထောင်ဒဏ် (၁၀) နှစ်၊ အများဆုံး သေဒဏ်အထိ ချမှတ်နိုင်သည်။ လျှောက်ထားသူ၏ ရှေ့နေက ယင်းပြစ်ဒဏ် တစ်မျိုးမျိုးသာ ချမှတ်နိုင်ကြောင်း တင်ပြလျှောက်ထားသည်။ သက်ဆိုင်ရာ ပုဒ်မတွင် အနည်းဆုံးပြစ်ဒဏ်နှင့် အများဆုံးပြစ်ဒဏ်တို့ကို သတ်မှတ်ထားရာ ယင်းပြစ်ဒဏ် နှစ်ရပ်ကြားရှိ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်နိုင်သည်ဟု ကောက်ယူနိုင်ပေသည်။

လျှောက်ထားသူ၏ ရှေ့နေက မြို့နယ်တရားရုံးသည် လျှောက်ထားသူအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) အရ စွဲချက်တင်၍ အဆိုပါဥပဒေပုဒ်မ ၁၄ (၁) အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်ဖြစ်၍ ပုဒ်မ ၁၅ (၁) နှင့် စပ်လျဉ်း၍ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ယင်းသို့ အပြီးအပြတ် လွှတ်ခဲ့ခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ခဲ့ခြင်း မရှိပါဘဲလျက် မွန်ပြည်နယ်တရားရုံးက ပုဒ်မ ၁၅ (၁) အရ ပြောင်းလဲ၍ ပြစ်ဒဏ်တိုးမြှင့်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၄) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ကြောင်းဖြင့် **ထွန်းတင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** [၁] အမှုကို ကိုးကား၍ လျှောက်ထားသည်။

မြို့နယ်တရားရုံးသည် ဦးထွန်းရီအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်း မဟုတ်ချေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ သို့မဟုတ် ၄၃၉ (၄) ပါ ပြဋ္ဌာန်းချက်များမှာ တရားခံတစ်ဦးအား ဝင်းလုံးကျွတ် လွှတ်သည့် အမှုမျိုးနှင့်သာ သက်ဆိုင်သည်။ တရားခံအား ပုဒ်မ တစ်မျိုးနှင့် စွဲချက်တင်ပြီး အခြားပုဒ်မဖြင့် ပြောင်းလဲ၍ အပြစ်ပေးသည့်အမှုမျိုးနှင့် အကျုံးမဝင်ချေ။ **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **မောင်တင်**

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၄၈၊

၁၉၀၇
ဦးထွန်းရီ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

အောင် [၂] အမှုကို ကြည့်ပါ။ သို့ဖြစ်၍ လျှောက်ထားသူ၏ ရှေ့နေ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိချေ။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားသူအပေါ် မြို့နယ်တရားရုံးက ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် (၂) နှစ် ချမှတ်ခြင်းကို မွန်ပြည်နယ်တရားရုံးက အယူခံမှုတွင် လည်းကောင်း၊ ဗဟိုတရားရုံးက ပြင်ဆင်မှုတွင် လည်းကောင်း အတည်ပြုထားပြီး ဖြစ်၍ ယင်းအမိန့်များမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၀ အရ အပြီးသတ်အမိန့်များ ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၃၅ (၁) ပါ ပြဋ္ဌာန်းချက်များအရ ဗဟိုတရားရုံးသည် ပြင်ဆင်မှုတွင် လျှောက်ထားသူအပေါ် ချမှတ်သော ပြစ်ဒဏ် အနည်းအများကိုပါ စိစစ်ခဲ့ပြီးဖြစ်၍ မွန်ပြည်နယ် တရားရုံးသည် ဗဟိုတရားရုံးက အတည်ပြုပြီးဖြစ်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်ကို ပြောင်းလဲပြင်ဆင်ခြင်း မပြုနိုင်ကြောင်း တင်ပြလျှောက်ထားသည်။

မြို့နယ် တရားရုံးသည် လျှောက်ထားသူအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ လျှောက်ထားသူက ယင်းအမိန့်ကို မကျေနပ်သဖြင့် မွန်ပြည်နယ် တရားရုံးသို့ ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၀၀ (သ) တွင် အယူခံဝင်ရောက်သောအခါ မွန်ပြည်နယ် တရားရုံးက အယူခံကို ၇-၁၁-၇၆ ရက်နေ့တွင် အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။ ဗဟိုတရားရုံးက ဦးထွန်းရီ လျှောက်ထားသော ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၁၀ (ခ) ကို ၁၀-၁၂-၇၆ ရက်နေ့တွင် အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။ ထို့နောက် မွန်ပြည်နယ် တာဝန်ခံ ဥပဒေ ဝန်ထမ်း၏ လျှောက်ထားချက်အရ မွန်ပြည်နယ် တရားရုံးသည် လျှောက်ထားသူအပေါ် ပြင်ဆင်မှု ဖွင့်လှစ်၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၅ (၁) အရ ထောင်ဒဏ် အနှစ် (၂၀) ကျခံစေရန် ၁၉၊၃၊၇၇ ရက်နေ့တွင် ပြင်ဆင် အမိန့် ချမှတ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၃၀ ပါ ပြဋ္ဌာန်းချက်များ အရ မွန်ပြည်နယ် တရားရုံးက ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၀ (သ) တွင် ချမှတ်သော စီရင်ချက်သည် အပြီးသတ်မဟုတ်၍ အယူခံရုံး အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ အခန်း ၃၂ ပါ ပြဋ္ဌာန်းချက် များနှင့် အညီ လိုအပ်သလို ပြင်ဆင်နိုင်သည်။ လျှောက်ထားသူသည် မွန်ပြည်နယ်

---

(၂) ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၂၉။

**၁၉၈၇**
**ဦးထွန်းရီ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်**

တရားရုံးက အယူခံမှုတွင်ချမှတ်သော အမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံး ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၁၀ (ခ) တွင် လျှောက်ထားခဲ့သည်။ ဦးထွန်းရီ၏ လျှောက်ထားချက်အရ ဗဟိုတရားရုံးက ပြင်ဆင်မှုဖွင့်လှစ်၍ အရေးယူ ဆောင်ရွက်ရာ၌ အောက်ရုံးများ၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် မညီညွတ်ကြောင်း တွေ့ရှိရလျှင် ဖြစ်စေ၊ ပြစ်ဒဏ်တိုးမြှင့်သင့်ကြောင်း သဘောရလျှင်ဖြစ်စေ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၃၅ (၁) အရ လျှောက်ထားသူ အပေါ် ပြင်ဆင်မှု (က) ဖွင့်လှစ်၍ အရေးယူဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဗဟိုတရားရုံး သည် ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမရှိချေ။

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဗဟိုတရားရုံးက ဦးထွန်းရီ တင်သွင်းသော ပြင်ဆင်မှုကို ၁၈-၁၂-၈၆ နေ့က အဆုံးအဖြတ်ပေးပြီး နောက် ၁-လ ကျော်ကြာ ၂၃-၁-၈၇ ရက်နေ့ကျမှ ပြည်နယ်တာဝန်ခံ ဥပဒေဝန်ထမ်းက ပြင်ဆင်မှုတင်သွင်း၍ ပြည်နယ်တရားရုံးက ပြင်ဆင်မှု ဖွင့်လှစ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ မွန်ပြည်နယ် တရားရုံးက ပြင်ဆင်မှုတွင် ၁၉-၃-၈၇ ရက်နေ့၌ ချမှတ်သော အမိန့်သည် ဗဟို တရားရုံးက ၁၈-၁၂-၈၆ နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပြင်ဆင် ရာရောက်သည်။ ဗဟိုတရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့မှ စောဒက တင်သွင်းလာမှသာလျှင် ပြည်သူ့ တရားသူကြီးအဖွဲ့က စောဒကမှုအနေဖြင့် ဖြစ်စေ၊ နိုင်ငံတော်ကောင်စီ က အခြေခံဥပဒေ ပုဒ်မ ၇၃ (၃) အရ ဖြစ်စေ ပယ်ဖျက်နိုင်သည်။ အခြားနည်း ပယ်ဖျက်နိုင်ကြောင်း ဥပဒေ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိ ချေ။ သို့ဖြစ်၍ ဗဟိုတရားရုံး၏ ၁၈-၁၂-၈၆ ရက်စွဲပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြင်ဆင်ရာရောက်သော မွန်ပြည်နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၈ (သ) /၈၇ တွင် ချမှတ်သော ၁၉-၃-၈၇ ရက် နေ့စွဲပါ အမိန့်သည် မှားယွင်းချွတ်ချော်သည်။

ထို့ကြောင့် မွန်ပြည်နယ် တရားရုံးက ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈ (သ) တွင် ချမှတ်သော ၁၉-၃-၈၇ ရက် နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။

# မြစ်မှုဆိုင်ရာပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးအေးစန်နှင့် ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၇ မေလ ၇ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်ကုလား (ခ) စန်းမောင်*

**၁၉၅၅ ခုနှစ် ကလေးသူငယ်များ အက်ဥပဒေ– ယင်း အက်ဥပဒေ အရ စစ်ဆေးခွင့်ရှိနိုင်ရန်၊ တရားခံ၏အသက်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုရှိနေလျှင် စုံစမ်းမှုပြုလုပ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ကျောင်းဝင် မှတ်ပုံတင်စာရင်းနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ အိမ်ထောင်စု စာရင်းတို့သည် အများနှင့် သက်ဆိုင်သော စာရွက် စာတမ်းများ ဖြစ်သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၃၅ အရ သက်သေခံဝင်သည်။ သို့ရာတွင် ယခုအမှု၌ ယင်း စာရွက်စာတမ်း အထောက်အထားများမှာ တူညီခြင်း မရှိသည့် အလျောက် တရားလိုဘက်နှင့် တရားခံဘက် အနက် မည်သည့်ဘက်မှ တင်ပြသည့် စာရွက်စာတမ်း အထောက်အထားများမှာ မှန်ကန်ကြောင်း မပေါ်လွင်သေးသဖြင့် တရားခံ၏ အသက်နှင့် စပ်လျဉ်း၍ ရှေးဦးစွာ စုံစမ်းမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ တရားလိုနှင့် တရားခံ နှစ်ဘက်စလုံးမှ အငြင်းပွားနေသော အသက်နှင့် စပ်လျဉ်းသည့် အချက်ကို စုံစမ်းမှုပြုလုပ်ပြီးမှ အဆုံးအဖြတ်ပေးပါက မျှတမှန်ကန်မည်ဖြစ်သည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဦးတင်ရှိန်၊ ဥပဒေဝန်ထမ်း အဆင့် (၁) |
| လျှောက်ထားခံရသူအတွက် | — ဦးမောင်မောင် (မကွေး) ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — ဦးကျော်ညွှန့် |

* ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂(ခ)

† ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၃၀ တွင် ချမှတ်သော (၅-၅-၈၆)ရက် နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**၁၉၈၇**
**ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် မောင်ကုလား (ခ) စန်းမောင်**

မကွေးမြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၅၂/၈၆ တွင် လျှောက်ထားခံရသူ မောင်ကုလား (ခ) စန်းမောင်အားအသက် ၁၆-နှစ် ခန့်သာ ရှိသည်ဟု ယုံကြည်၍ ကလေးသူငယ် မှုခင်းစစ်ဆေးနည်းဖြင့် စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံးတရားလို ဦးတင်အောင်က မကျေနပ်၍ မကွေးတိုင်းတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက အကျဉ်းနည်းဖြင့် ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တိုင်းတရားရုံး အမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ၂၄-၁-၈၆ နေ့၊ နေ့လယ် ၁-နာရီခန့်အချိန် ဦးတင်အောင်သည် နေအိမ်တွင် အိပ်ပျော်နေခိုက် သားဖြစ်သူ အောင်စိုးမင်းက လာနှိုးပြီး အမေ့ကို ကိုကုလားက ဓားဖြင့်ခုတ်သည်ဟု ပြောသဖြင့် ဇနီးဖြစ်သူ ရေချိုးသွားရာလမ်းသို့ သွားရောက်ကြည့်ရှုရာ သမန်တလင်းရွာနှင့် စည်ပင်သာရွာအကြား လှည်းလမ်း၌ ဒေါ်သိန်းညွန့်မှာ မြောက်ဘက်သို့ ခေါင်းပြုလျက် ဓားထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရပြီး တရွာတည်းနေ မောင်စိုးသိန်း၏ ပြောပြချက်အရ ကုလား (ခ) စန်းမောင်က ဓားဖြင့် ခုတ်ပြေးကြောင်း သိရသဖြင့် သက်ဆိုင်ရာ မကွေး အမှတ် (၂) ယင်းရဲစခန်းသို့ ဦးတင်အောင်က သတင်းပေး တိုင်တန်းခဲ့သော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာတွင် အထောက်အထားများအရ အချင်းဖြစ်ပွားသည့်နေ့တွင်တရားခံ၏အသက်မှာ (၁၆) နှစ် ပြည့်ပြီးဖြစ်ပါလျက် (၁၆) နှစ်ခန့်ဟု မှတ်ယူပြီး ကလေးသူငယ် မှုခင်းစစ်ဆေးနည်းဖြင့် စစ်ဆေးရန် ဆုံးဖြတ်ခြင်းမှာ တရားဥပဒေအရ မှားယွင်းကြောင်း တင်ပြထားသည်။

မူလရုံးအမှုတွဲကို လေ့လာသည့်အခါ ၁-၄-၈၆ နေ့စွဲပါ အမှုတွဲနေ့စဉ်မှတ်တမ်းတွင် "တရားခံအား ဆေးစာနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၏ အိမ်ထောင်စု လူဦးရေစာရင်းအရ အသက် (၁၆) နှစ်ခန့် ရှိသည်ဟု ယုံကြည်၍ ကလေးသူငယ် မှုခင်းစစ်ဆေးနည်းဖြင့် စစ်ဆေးသွားရန် အမိန့်ချမှတ်သည်" ဟု ဖော်ပြကာ အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။ လျှောက်ထားခံရသူ မောင်ကုလား (ခ) စန်းမောင် (မူလရုံး တရားခံ) မှာ အမှုဖြစ်ပွားစဉ်က အသက် (၁၆) နှစ် ပြည့်ပြီးသူ ဖြစ်သဖြင့် ၎င်းအပေါ် ကလေးသူငယ် မှုခင်းစစ်ဆေးနည်းဖြင့် စစ်ဆေးခြင်း မပြုသင့်ကြောင်း သေသူ၏ခင်ပွန်း ဦးတင်အောင် (မူလရုံးတရားလို) က တရားခံ မောင်ကုလား၏ အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားများနှင့်တကွ ၁၆-၆-၈၆ နေ့စွဲပါစာဖြင့် တင်ပြထားသည်ကို မူလရုံးအမှုတွဲတွင် တွေ့ရသည်။

ထို့အတူ မကွေးတိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ မကွေးမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးကလည်း တရားခံ မောင်ကုလား၏ အသက်နှင့် စပ်လျဉ်းသော ကျောင်းဝင်မှတ်တမ်းမိတ္တူ၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်း မိတ္တူ၊ အချင်းဖြစ် ဖုတ်ကုန်းကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင်ရှိသည့် အိမ်ထောင်စုစာရင်းမိတ္တူစသည့် အထောက်အထားများနှင့်တကွ ၂၀-၇-၈၆ နေ့စွဲပါစာဖြင့် မြို့နယ်တရားသူကြီးအဖွဲ့သို့ တင်ပြထားသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ရာ မှုလရုံးအမှုတွဲရှိ အချက်အလက် အထောက်အထားများအရ တရားခံ မောင်ကုလား၏ အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်နှင့် တရားလိုဘက်တို့ အငြင်းပွားနေကြောင်း ပေါ်ပေါက်သည်။ တရားခံဘက်မှ တင်ပြသည့် ကျောင်းထောက်ခံစာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်း မိတ္တူနှင့် တရားလိုဘက်မှ တင်ပြသည့် ကျောင်းဝင်မှတ်တမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စု စာရင်း မိတ္တူတို့မှာ တစ်ခုနှင့်တစ်ခု တူညီခြင်းမရှိဘဲ ကွဲပြားနေသည်ကို တွေ့ရသည်။

ကျောင်းဝင်မှတ်ပုံတင် စာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ အိမ်ထောင်စုစာရင်းတို့သည် အများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ဖြစ်သဖြင့် သက်သေခံဥပဒေပုဒ်မ ၃၅ အရ သက်သေခံဝင်သည်။ သို့ရာတွင် ယခုအမှု၌ ယင်းစာရွက်စာတမ်း အထောက်အထားများမှာ တူညီခြင်းမရှိသည့်အလျောက် တရားလိုဘက်နှင့် တရားခံဘက်အနက် မည်သည့်ဘက်မှ တင်ပြသည့် စာရွက်စာတမ်း အထောက်အထားများမှာ မှန်ကန်ကြောင်း မပေါ်လွင်သေးသဖြင့် တရားခံ၏ အသက်နှင့် စပ်လျဉ်း၍ ရှေးဦးစွာ စုံစမ်းမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ တရားလိုနှင့် တရားခံ နှစ်ဘက်စလုံးမှ အငြင်းပွားနေသော အသက်နှင့် စပ်လျဉ်းသည့်အချက်ကို စုံစမ်းမှုပြုလုပ်ပြီးမှ အဆုံးအဖြတ်ပေးပါက မျှတမှန်ကန်မည် ဖြစ်သည်။

တရားခံသည် အသက် ၁၆ နှစ် မပြည့်သေးပါက ၁၉၅၅ ခုနှစ် ကလေးသူငယ်များ အက်ဥပဒေအရ ကလေးသူငယ် စစ်ဆေးနည်း အတိုင်း စစ်ဆေးခွင့်ရှိသည်။ ၎င်းသည် အသက် ၁၆ နှစ်ပြည့်ပြီး ဖြစ်ပါမူ ယင်းဥပဒေအရ လိုက်နာဆောင်ရွက်ရန် မလိုဘဲ လူကြီးများ စစ်ဆေးနည်း အတိုင်း စစ်ဆေးရမည့် ဖြစ်သည်။ သို့ဖြစ်၍ မူလမြို့နယ် တရားရုံးက တရားခံ၏ အသက်နှင့် စပ်လျဉ်းပြီး လိုအပ်သော စုံစမ်းမှုပြုလုပ်ခြင်း မရှိဘဲ ''ကလေးသူငယ် မှုခင်းစစ်ဆေးနည်းဖြင့် စစ်ဆေးမည် ဖြစ်ကြောင်း'' အမိန့်ချမှတ်ထားခြင်းသည် ဆန္ဒစောရာရောက်သည်။

၁၉၇၇
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် မောင်ကုလား (ခ) စန်းမောင်

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မူလမြို့နယ် တရားရုံး၏ ၁-၄-၇၆ နေ့စွဲပါ အမှုနေ့စဉ်မှတ်တမ်း အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ တရားခံ မောင်ကုလား (ခ) စန်းမောင်၏ အသက်နှင့်စပ်လျဉ်း၍ စုံစမ်းမှုပြုလုပ်ပြီး သင့်မြတ်သည့် အမိန့်တစ်ရပ် ချမှတ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် မူလမြို့နယ် တရားရုံးအား ညွှန်ကြားလိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမျိုးမြင့်၊ အဖွဲ့ဝင်များအဖြစ်
ဒေါက်တာမောင်မောင်အေးနှင့် ဦးဝင်းမောင် - ၂ တို့ ပါဝင်သော
ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၇
နိုဝင်ဘာလ
၁၂ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ

မြန်မာနိုင်ငံတော်

နှင့်

ဦးကံသိန်း*

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉၈၊ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ နှင့် ၄၄ (က)– တရားစီရင်ရာတွင် အဖွဲ့ဖြင့်သာ စီရင်ရမည်ဖြစ်၍ မြို့နယ်တရားစီရင်ရေး အဖွဲ့တွင် အဖွဲ့ဝင်အနည်းဆုံး (၃) ဦး ပါဝင်ရမည်ဖြစ်ခြင်း– ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၇ (၁) ၏ တတိယစာပိုဒ် – စီရင်ချက်ချမှတ်သည့် နေ့စွဲဖြင့် တရားစီရင်ရေး အဖွဲ့ဝင်များ လက်မှတ်ရေးထိုးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကျိုက်လတ်မြို့နယ် တရားရုံး၏ ၃၁–၁၀–၈၅ နေ့စွဲပါ စီရင်ချက်ကို ကြည့်ရှုရာ၌ စီရင်ချက်တွင် တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၈ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ အရ အဖွဲ့ဖြင့်သာ စီရင်ရမည်ဖြစ်ပြီး မြို့နယ်တရားစီရင်ရေးအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး (၃) ဦး ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ စီရင်ရမည်ဖြစ်ကြောင်း ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၄၄ (က) တွင် ပြဋ္ဌာန်း

---

* ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၀

† ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁ တွင် ချမှတ်သော (၃၁-၁၀-၈၅)ရက် နေ့စွဲပါ ကျိုက်လတ်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၇
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးကံသိန်း

ထားသည်။ ၎င်းအပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၇ (၁)၏ တတိယစာပိုဒ်အရ စီရင်ချက်ချမှတ်သောနေ့၌ အဆိုပါ စီရင်ချက်ကို စီရင်ဆုံးဖြတ်သည့် တရားစီရင်ရေး အဖွဲ့ဝင်များက စီရင်ချက်ချမှတ်သည့် နေ့စွဲဖြင့် လက်မှတ်ထိုးရမည်ဖြစ်သည်။ ယခုအမှုတွင် စစ်ဆေးစီရင်သော အဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် အဆိုပါစီရင်ချက်မှာ မည်သည့်နည်းနှင့်မျှ အတည် မဖြစ်နိုင်တော့ချေ။ တစ်ဆက်တည်းမှာပင် စီရင်ချက်တွင် ဦးကံသိန်းအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း ချမှတ်ခဲ့သည့် အမိန့်မှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ ဥပဒေနှင့်အညီ လွှတ်သော အမိန့်တစ်ရပ် မဖြစ်နိုင်တော့ပေ။

အယူခံတရားလိုအတွက် — ဦးတင်ရှိန်၊ ဥပဒေဝန်ထမ်း အဆင့် (၁)

အယူခံတရားခံအတွက် — ကိုယ်တိုင် (မလာ)

**တရားရေးအကြံပေး** — ဦးတင်အေး

ကျိုက်လတ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၇၄ တွင် ဦးကံသိန်းနှင့် သားဖိုးသာရွှေတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)နှင့် ၃၀၂ (၂)/၁၁၄ တို့အရ အပြစ်မရှိဟုဆိုကာ အပြီးအပြတ်လွှတ်ခဲ့သည်။ ဦးကံသိန်းအားလွှတ်သည့်အမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၂၀-၁၂-၇၃ နေ့ညနေ (၅) နာရီခွဲခန့် အချိန်တွင် လင်းတွန် ကျေးရွာနေ ဦးသန်းရွှေအား လယ်ကြားကန်သင်း၌ ကျွဲကျောင်းသည့် ကိစ္စနှင့် စပ်လျဉ်းပြီး တဲနီးချင်း ဦးကံသိန်းမှ လှံဖြင့်ထိုးသဖြင့် လည်း ကောင်း၊ သားဖြစ်သူ ဖိုးသာရွှေက မမသားတုတ်ဖြင့် ရိုက်သောကြောင့် လည်းကောင်း ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ တင်ပို့ရာ လမ်း၌ သေဆုံးသွားကြောင်း ဦးသန်းရွှေ၏ သမီး မငွေးငွေးက ကျိုက်လတ်ရဲစခန်း၌ တိုင်ကြားခဲ့သည့်အမှု ဖြစ်သည်။

အယူခံ အကြောင်းပြချက်အဖြစ် ဗဟိုဥပဒေရုံးမှ အဓိကထား၍ တင်ပြ ရာ၌ ကျွဲကျောင်းသည့် ကိစ္စအတွက် အချင်းများကြပြီး သေသူ ဦးသန်းရွှေ အား ဦးကံသိန်းက လှံနှင့် နှစ်ချက်ထိုးရာ ပေါင်ကိုထိုးမိ၍ ပေါင်ရင်း သွေးကြောပြတ်ကာ သွေးထွက်လွန် သေဆုံးခဲ့ကြောင်း ထင်ရှားသည့် အပြင် နှစ်ဦးနှစ်ဘက် ခိုက်ရန်ဖြစ်ပွားမှု၌ ခုခံပိုင်ခွင့်မရှိသည်ကို မြို့နယ်

၁၉၈၇
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးကံသိန်း

တရားရုံးမှ ဦးကံသိန်းအား ကာကွယ်ခုခံပိုင်ခွင့်ပေးပြီး အမှုမှအပြီးအပြတ် လွှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။

ကျိုက်လတ်မြို့နယ် တရားရုံး၏ ၃၁-၁၀-၈၅ နေ့စွဲပါ စီရင်ချက်ကို ကြည့်ရှုရာ၌ စီရင်ချက်တွင် တရားစီရင်ရေး အဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ပြစ်မှုဆိုင်ရာအမှုများကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ အရ အဖွဲ့ဖြင့်သာ စီရင်ရမည် ဖြစ်ပြီး မြို့နယ်တရားစီရင်ရေးအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး (၃) ဦး ပါ ဝင်သောအဖွဲ့ ဖွဲ့စည်း၍ စီရင်ရမည်ဖြစ်ကြောင်း ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၄၄ (က) တွင် ပြဋ္ဌာန်းထားသည်။

၎င်းအပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၇ (၁) ၏ တတိယ စာပိုဒ်အရ စီရင်ချက်ချမှတ်သောနေ့၌ အဆိုပါ စီရင်ချက်ကို စီရင်ခုံးဖြတ် သည့် တရားစီရင်ရေး အဖွဲ့ဝင်များက စီရင်ချက်ချမှတ်သည့် နေ့စွဲဖြင့် လက်မှတ်ရေးထိုးရမည် ဖြစ်သည်။ ယခုအမှုတွင် စစ်ဆေးစီရင်သော အဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် အဆို ပါ စီရင်ချက်မှာ မည်သည့်နည်းနှင့်မျှ အတည်မဖြစ်နိုင်တော့ချေ။ တစ်ဆက် တည်းမှာပင် စီရင်ချက်တွင် ဦးကံသိန်းအား အမှုမှအပြီးအပြတ် လွှတ် ကြောင်း ချမှတ်ခဲ့သည့် အမိန့်မှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ ဥပဒေနှင့်အညီ လွှတ်သော အမိန့်တစ်ရပ် မဖြစ်နိုင် တော့ပေ။

ဦးကံသိန်း၏သားဖြစ်သူ မိုးသာရွှေနှင့် စပ်လျဉ်း၍လည်း အမှုမှ အပြီးအပြတ်လွှတ်ကြောင်း ကျိုက်လတ်မြို့နယ် တရားရုံးက ဤအမှုတွင် ထည့်သွင်းဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ အမှန်မှာ ဦးကံသိန်းအား ရဲစွဲချက်အမှတ် ၁၇/၈၄ ဖြင့် လည်းကောင်း၊ သားဖြစ်သူ မိုးသာရွှေ အား ရဲစွဲချက်အမှတ် ၁၇ (က) ၈၄ ဖြင့် လည်းကောင်း ကျိုက်လတ် ရဲစခန်းမှ သီးခြားစီ စွဲဆိုတင်ပို့ခဲ့သဖြင့် ကျိုက်လတ်မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၈၄ နှင့် ၃၂/၈၄ အဖြစ် တသီးတခြားစီ လက်ခံစစ်ဆေးခဲ့ပြီးမှ ဦးကံသိန်း၏ အမှုစီရင်ချက်၌ မိုးသာရွှေနှင့် စပ် လျဉ်းပြီး ထည့်သွင်း၍ ရောထွေးဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့် မညီညွတ် သဖြင့် နောင်တွင် ယင်းသို့မပြုလုပ်ရန် မှတ်ချက်ပြုလိုက်သည်။

သို့အတွက် ဤအယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ ဦးကံသိန်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော ကျိုက်လတ်မြို့နယ် တရားရုံး၏ အမိန့် ကို ပယ်ဖျက်ပြီး ဦးကံသိန်းနှင့်စပ်လျဉ်း၍ စွဲချက်တင် စစ်မေးပြီးသည့် အဆင့်မှ စတင်၍ ပြန်လည်စစ်ဆေးစီရင်စေရန် အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေမှု

ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်(၁)နှင့်
ဦးမျိုးမြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးမြင့်ဆွေပါ(၂)

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ

မြန်မာနိုင်ငံတော် ပါ(၂)*

† ၁၉၈၇
ဇန်နဝါရီလ
၁၆ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)—အမှုတွင် သက်သေခံ အဖြစ် တင်သွင်းသော စာချုပ်စာတမ်းသည် လိမ်လည်အတုပြုလုပ်ထားကြောင်း တွေ့ရှိ၍ တရားစွဲဆိုရာ၌ ယင်းအမှုကို စစ်ဆေးသော တရားရုံးကဖြစ်စေ၊ ယင်းတရားရုံးထက် အဆင့်မြင့် တရားရုံးကဖြစ်စေ စာဖြင့်ရေးသား တိုင်လျှောက်ရန် လိုအပ်ခြင်း—ယင်းသို့ သက်ဆိုင်ရာ တရားရုံးက တိုက်ရိုက် လျှောက်ထားသည့် ကိစ္စမှတစ်ပါး အခြားနည်း လျှောက်ထားခြင်းကို မည်သည့်တရားရုံးကမျှ အရေးမယူနိုင်ခြင်း။

မြောက်ဥက္ကလာပမြို့နယ် တရားရုံးကတရားမကြီးမှု အမှတ် ၂၉/၈၅မှ တရားမြိုင်ဖြစ်သူ ဦးမြင့်ဆွေက စာချုပ်အတုကို သက်သေခံအဖြစ်တင်ပြရာ ဦးထွန်းရှိန်က တရားလိုပြုလုပ်ပြီး ဦးမြင့်ဆွေနှင့် ပင်မလာ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ အရ တိုင်လျှောက်ခြင်းကို မြောက်ဥက္ကလာပမြို့နယ် တရားရုံးက အရေးယူ ဆောင်ရွက်သည်။ ထိုသို့အရေးယူသောအမှုကို ချေဖျက်ပေးရန် ဦးမြင့်ဆွေပါ = ၂ က ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

---

* ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၁၂၃

† ၁၉၈၆ ခုနှစ်၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၅၈ အမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၇၇
ဦးမြင့်ဆွေ
ပါ (၂)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
ပါ (၂)

**ဆုံးဖြတ်ချက်။** ။ဦးမြင့်ဆွေသည် စာချုပ်အတုကို တရားမကြီးမှု အမှတ် ၂၉/၇၅ တွင် တင်ပြခဲ့ခြင်းဖြစ်သောကြောင့် စာချုပ်အတုဖြစ်သည်ဟု ယုံကြည်ပြီး ဦးမြင့်ဆွေအပေါ် တရားစွဲဆိုခြင်းဖြစ်ရာ တရားမမှုကို စစ်ဆေးကြားနာသော တရားစီရင်ရေးအဖွဲ့က စာဖြင့် ရေးသား တိုင်လျှောက်ရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ တရားရုံးအနေဖြင့် ရေးသားတိုင်လျှောက်လွှာဖြင့် တိုက်ရိုက်လျှောက်ထားသည့် ကိစ္စမှတစ်ပါး အခြားနည်းဖြင့် လျှောက်ထားခြင်းကို မည်သည့်တရားရုံးကမျှ လက်ခံအရေးယူခြင်း မပြုရပေ။ မြောက်ဥက္ကလာပမြို့နယ် တရားရုံးသည် မိမိတရားရုံး၌ ဖြစ်ပွားခဲ့သည့် လိမ်လည် အတုပြုလုပ်မှုကို ဦးထွန်းရှိန်၏ တိုက်ရိုက်လျှောက်လွှာအရ မိမိကပင် လက်ခံအရေးယူခဲ့ကြောင်း ပေါ်ပေါ်လွင်လွင် ရှိပေသည်။ မြို့နယ်တရားရုံး၏ အရေးယူဆောင်ရွက်ချက်များမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁) (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဦးလှသောင်း၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — ၁။ ဦးအွန်ဇာနန်၊ ဥပဒေဝန်ထမ်းအဆင့် (၁) |
| | — ၂။ ဦးသိမ်းဝင်း၊ ဗဟိုတရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | — ဦးဘဟန် |

မြောက်ဥက္ကလာပမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၅၇/၇၆ တွင် ဦးမြင့်ဆွေနှင့် ပင်မလာတို့အပေါ် လိမ်လည်ရန် အလို့ငှာ အတုပြုလုပ်ထားသော စာတမ်း အမှတ်အသားကိုသုံးစွဲမှုဖြင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ အရေးယူစွဲဆိုထားသော အမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန်ဟု ဦးမြင့်ဆွေပါ (၂)ဦးတို့က ဗဟိုတရားရုံးသို့ အထွေထွေလျှောက်လွှာ တင်သွင်းလာခြင်း ဖြစ်သည်။

အမှုမှာ မြောက်ဥက္ကလာပမြို့ (ဇ) ရပ်ကွက်၊ ၂ လမ်း အမှတ် ၂၅၂ နေ ဦးထွန်းရှိန်သည် မိမိအား ပိုင်ရှင် ဦးတင်အေးက အပ်နှံထားသော နေအိမ်ကို ဦးမြင့်ဆွေအား တစ်လလျှင် ကျပ် ၁၈၀/-ဖြင့် ငှားရမ်းခဲ့သော်

၁၉၇၇
ဦးမြင့်ဆွေ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ပါ (၂)

လည်းဦးမြင့်ဆွေနှင့် ပင်မလာတို့က ယင်းနေအိမ်ကို သူတို့အား ဦးထွန်းရှိန်က ငွေကျပ် ၁၂၀၀၀/-ဖြင့် ရောင်းချခဲ့သည်ဟုဆိုကာ စာချုပ်အတု ပြုလုပ်သောကြောင့် ဦးတင်အေးက ဦးမြင့်ဆွေတို့အပေါ် တရားမကြီးမှု အမှတ် ၂၉/၇၅ တွင် တရားစွဲဆိုခဲ့ရာ ယင်းတရားမမှု၌ ဦးမြင့်ဆွေ တင်သွင်းသည့် စာချုပ်မှာ အတုဖြစ်ကြောင်း ဖော်ပြလျက် ဦးထွန်းရှိန်က ဦးမြင့်ဆွေပါ (၂) အပေါ် မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် တိုက်ရိုက် လျှောက်ထားရာမှ အမှုစတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

လျှောက်ထားသူက အမိက အကြောင်းပြချက် တင်ပြရာ၌ တရားရုံးတွင် အမှုသည် တစ်ဦးက သက်သေခံအဖြစ် တင်သွင်းသော စာရွက်စာတမ်းသည် မမှန်မကန် အတုပြုလုပ်ထားသည်ဟု စွပ်စွဲသော ကိစ္စမျိုးတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ စာဖြင့် ရေးသားတိုင်လျှောက်ချက်ဖြင့်သာ တရားရုံးများက လက်ခံစစ်ဆေးနိုင်မည် ဖြစ်ပါလျက် သာမန် အရပ်သားတစ်ဦးအား တရားစွဲဆိုခွင့် ပြုကြောင်း ခွင့်ပြုမိန့်ပေးပြီး တရားစွဲဆိုစေခြင်းမှာ ဥပဒေအရ လွဲမှားလျက်ရှိကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး အမှုတွဲကိုလေ့လာရာ၌ ယခုအမှုမှာ မြောက်ဥက္ကလာပ မြို့နယ် တရားရုံးက တရားမကြီးမှု အမှတ် ၂၉/၇၅ မှ တရားပြိုင်ဖြစ်သူ ဦးမြင့်ဆွေက စာချုပ်အတုကို သက်သေခံအဖြစ် တင်ပြရာမှ စတင် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဦးထွန်းရှိန်က တရားလို ပြုလုပ်ပြီး ဦးမြင့်ဆွေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ တိုင်လျှောက်ခြင်းကို အရေးယူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းအမှု၌ပင် "၎င်းအမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သက်ဆိုင်ရာ တရားရုံး၏ ခွင့်ပြုချက် လျှောက်ထားရရှိပါက ဆက်လက် စစ်ဆေးရန်" ဟု ၅-၈-၇၆ နေ့က အမိန့်ချမှတ်ခဲ့သည်။ ထိုနေ့မှာပင် အဆိုပါ တရားရုံး၏ တရားမကြီးမှု အမှတ် ၂၉/၇၅ ၏ နေ့စဉ်မှတ်တမ်းတွင် အမှုအား "ဆက်လက်စစ်ဆေးနိုင်ရန် အလို့ငှာ တရားစွဲဆိုခွင့်ပြုကြောင်း အမိန့်ချသည်" ဟု အမိန့်တစ်ရပ် ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ အဆိုပါ မြို့နယ်တရားရုံး၏ ဆောင်ရွက်ချက်များမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိမရှိ ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင် တရားရုံး တစ်ခုခုရှိ အမှုတစ်ရပ်ရပ်တွင် သက်သေခံအဖြစ် တင်သွင်းသော စာချုပ် စာတမ်း တစ်ခုံတစ်ရာသည် လိမ်လည် အတုပြုလုပ်ထားခြင်း ဖြစ်ကြောင်း တွေ့

၁၉၈၇
ဦးမြင့်ဆွေ ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ပါ (၂)

ရှိရ၍ တရားစွဲဆိုရန် အကြောင်းကိစ္စ ပေါ်ပေါက်လျှင် အဆိုပါတရားရုံးက ဖြစ်စေ၊ ယင်းတရားရုံးထက် အဆင့်မြင့် တရားရုံးကဖြစ်စေ သက်ဆိုင်သူ အပေါ် စာဖြင့် ရေးသားတိုင်လျှောက်ခြင်း ပြုလုပ်ရမည်ဟု ဖော်ပြထားသည်။ ယင်းသို့ မပြုလုပ်ပါက မည်သည့်တရားရုံးကမျှ ယင်းအမှုကို လက်ခံ အရေးယူ ဆောင်ရွက်ခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။ ယခုအမှု၌ ဦးမြင့် ဆွေသည် စာချုပ်အတုကို တရားမကြီးမှု အမှတ် ၂၄/၈၅ တွင် တင်ပြခဲ့ခြင်း ဖြစ်သောကြောင့် စာချုပ်အတု ဖြစ်သည်ဟု ယုံကြည်ပြီး ဦးမြင့်ဆွေ အပေါ် တရားစွဲဆိုခြင်း ဖြစ်ရာ တရားမမှုကို စစ်ဆေးကြားနာသော တရားစီရင်ရေးအဖွဲ့က စာဖြင့် ရေးသားတိုင်လျှောက်ရန် လိုအပ်မည် ဖြစ်သည်။ ယင်းသို့ တရားရုံးအနေဖြင့် ရေးသား တိုင်လျှောက်လွှာဖြင့် တိုက်ရိုက် လျှောက်ထားသည့် ကိစ္စမှတစ်ပါး အခြားနည်းဖြင့် လျှောက်ထားခြင်းကို မည်သည့်တရားရုံးကမျှ လက်ခံ အရေးယူခြင်း မပြုရပေ။ မြောက်ဥက္ကလာပ မြို့နယ် တရားရုံးသည် မိမိတရားရုံး၌ ဖြစ်ပွားခဲ့သည့် လိမ်လည် အတုပြုလုပ်မှုကို ဦးထွန်းရှိန်၏ တိုက်ရိုက်လျှောက်လွှာအရ မိမိကပင် လက်ခံအရေး ယူခဲ့ကြောင်း ပေါ်ပေါက်လျက် ရှိပေသည်။ မြို့နယ်တရားရုံး၏ အရေးယူ ဆောင်ရွက်ချက်များမှာပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤအထွေထွေလျှောက်လွှာကို ခွင့်ပြုပြီး မြောက်ဥက္ကလာပ မြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၅၈/၈၆ အမှုကို ချေ ဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။

၁၉၈၇ ခုနှစ်

# တရားမမှုများ

# စီရင်ထုံးပြုသောမှုခင်းများ

## တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦကျော်သန်း | နှင့် | ဦးကြည် | ၁ |
| ဒေါ်သိန်းကြည် | | ဦးကြည် | |
| ဦးကြည် | | ဒေါ်သန်းမြင့် | |
| ဦးခင်လှပါ (၂) | နှင့် | ဦးရဲလွင်ဦး | ၅ |
| ဦးစံရှိန်ပါ (၂) | နှင့် | ဦးညွန့်မောင် | ၈ |
| ဦးစိန်လှိုင် | နှင့် | ဦးချန်တာခလုံ | ၁၃ |
| မဆန်း | နှင့် | ဒေါ်စောကျင့်(ခ)<br>ဒေါ်စောကွန့် | ၁၉ |
| ဒေါ်ဋ္ဌေးဋ္ဌေးရင်ပါ (၂) | နှင့် | ဦးကျော်ဇောပါ (၃) | ၂၇ |
| ဒေါ်တင်တင်မိုး | နှင့် | ဦးကိုကြီးပါ (၂) | ၃၃ |
| မောင်တင်ထွန်းအောင်ပါ (၂) | နှင့် | ဦးဝင်းထိန်ပါ (၈) | ၃၈ |
| ဦးတင်မြင့် | နှင့် | ဒေါ်သစ်သစ် | ၄၃ |
| ပီအယ်လ်ကောဒီယား | နှင့် | မစ္စတာနာယား | ၄၇ |
| ဒေါ်မြ | နှင့် | ဦးထွန်းလှ | ၅၂ |
| ဦးဘမင်း | နှင့် | ဒေါ်ခင်အေးပါ (၂) | ၅၇ |
| ဒေါ်လှရင် | | | |
| ဒေါ်ဘိန်လျှန် | နှင့် | ဦးဝင်းမော်ပါ (၂) | ၆၃ |
| ဦးမူလ်ရာမ်ဆယ်ဂျာပါ ၁၁ | နှင့် | ဦးစီအောဘမ်း | ၆၈ |
| ဦးမြင့်လွင် | နှင့် | ဒေါ်ကျင် | ၇၁ |
| ဦးရှိန်ဇွက် | နှင့် | ဒေါ်ထားစိန် | ၇၅ |
| ဝိုင်အေမြားပါ (၂) | နှင့် | ဒီအီးဘိုင်မြား | ၈၃ |
| ဦးသိန်းဟန် | နှင့် | မငွေပါ (၂) | ၈၇ |
| ဦးသိန်းဟန် | နှင့် | မစ္စဘာ-အာရ်အင်န်<br>ချောင်ဒရီ | ၉၅ |
| မအေးတည်ငြိမ် | နှင့် | ဦးကြည်ဆွေ | ၉၉ |
| ဒေါ်အေးမြင့်ပါ (၂) | နှင့် | ဒေါ်လှကြည် | ၁၀၆ |

# ၁၉၇၇ ခုနှစ်၊ တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

- ခုံသမာဓိအက်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ
- မြန်မာနိုင်ငံဥပဒေများဆိုင်ရာ အက်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်ဥပဒေ
- ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ

**ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄—တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်း ၁၅ အရလည်းကောင်း၊ အမိန့် ၆၊ နည်း ၄ အရလည်းကောင်းလျှောက်ထားခဲ့ခြင်းသည် အမှုတွင်အခြား ဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်း ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ချေလွှာတင်ရန်အတွက် ရက်ချိန်းတောင်းခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုပြုလုပ်ရာ ရောက်သည့်အလျောက် ဤအမှုတွင်တရားပြိုင်တို့က တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ နည်း ၁၅ အရလည်းကောင်း၊ အမိန့် ၆၊ နည်း ၄ အရ လည်းကောင်း လျှောက်ထားခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှု တစ်ခုခု ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ တရားပြိုင်က တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်သည့်အလျောက် ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုဆိုင်းငံ့ထားရန် လျှောက်ထားချက်ကို လက်ခံရန်အကြောင်းမမြင်ပေ။

ဦးမူလ်ရာမ်ဆယ်ဂျာပါလ် နှင့် ဦးစိအေဘာမ်း .... ၆၈

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၀—ယင်းအမိန့်နှင့် နည်းဥပဒေအရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်ကို မကြေနပ်ပါက ကုစားရန်လမ်းရှိသဖြင့် ဗဟိုတရားရုံးသည်ပြင်ဆင်မှု အာဏာကို ကျင့်သုံး၍စွက်ဖက်ရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ အရ လျှောက်ထားသည့် လျှောက်လွှာနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့်ကို မကျေနပ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း

စာမျက်နှာ

၁၉၃ အရ တရားတထုံး စွဲဆိုနိုင်ရန် လမ်းဖွင့်ပေးထားသည် ဖြစ်ရာ ယင်းသို့ နစ်နာချက်ကို ကုစားရန် လမ်းပွင့်နေသည့် အချက်တွင် မဟုတ်တရားရုံးသည် မြင်ဆင်မှုအာဏာကို ကျင့်သုံး၍ စွက်ဖက်ရန် မသင့်ပေ။

ဦးခင်လှပေါ်(၂) နှင့် ဦးရဲလွင်ဦး .... .... ၅

**တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆(ဃ)—မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသော အရောင်းအဝယ် ပဋိညာဉ် အတိုင်း ဆောင်ရွက်ပေးစေလိုမှုကို ပစ္စည်းတည်ရာအရပ်၌ အမှုတန်ဖိုးအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည်ဖြစ်ခြင်း— ယင်း ပုဒ်မပါ ပြဋ္ဌာန်းချက်တို့သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၀ (က)ပါ ပြဋ္ဌာန်းချက်တို့ကို လွှမ်းမိုးသည်။**

**ဆုံးဖြတ်ချက်။** မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်းသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးကို အဆုံးအဖြတ်ပေးရန် အရေးဆိုသော အမှုဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် စပ်လျဉ်းသောအရောင်းအဝယ် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၆(ဃ)နှင့်အကျုံးဝင်သည်ဖြစ်၍ ယင်းစွဲဆိုမှုကိုပစ္စည်းတည်ရာအရပ်၌ အမှုတန်ဖိုးအရ စီရင်ပိုင်ခွင့်ရှိသောတရားရုံးတွင် စွဲဆိုရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပုဒ်မ ၂၀တွင်၍ပုဒ်မပါပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၆ အပါအဝင်ရှေ့ကလာသော ကန့်သတ်ချက်များကိုအထောက် အထားပြုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၁၆ (ဃ) ပါ ပြဋ္ဌာန်းချက်တို့သည် ပုဒ်မ ၂၀(က)ပါ ပြဋ္ဌာန်းချက်တို့ကို လွှမ်းမိုးသည်။

ဦးစိန်လှိုင် နှင့် ဦးချန်တာလုံ .... .... ၁၃

**တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၁၀—အမှုအတောအတွင်း ကွယ်လွန်သွားသူ အမှုသည်၏ တရားဝင်ကိုယ်စားလှယ် အဖြစ် ထည့်သွင်းပေးရန်စည်းကမ်းသတ် ကာလအတွင်း၊ လျှောက်ထား ချက်အပေါ် တရားရုံးက ခွင့်ပြုလိုက်လျှင်၊ ယင်းကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်ဟု အကြောင်းပြကာ အမှုသည် အဖြစ် ပါဝင်ခွင့်ပြုရန် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထား ချက်အပေါ် စဉ်းစားနိုင်ခြင်း -ကာလ စည်းကမ်းသတ် ဥပဒေ**

စာမျက်နှာ

**ပထမဇယား အမှတ်စဉ် ၁၇၁— တရားရုံးက ကွယ်လွန်သူအမှုသည်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်း ခွင့်ပြုရန် လျှောက်ထားချက် အပေါ် ခွင့်ပြုပြီးနောက်၊ အခြား ပုဂ္ဂိုလ် တစ်ဦးဦး၏ အလားတူ လျှောက်ထားခြင်းအတွက် စည်းကမ်း သတ်ကာလနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဥပဒေသဘောမှာအမှုအတောအတွင်း ကွယ်လွန်သွားသူ အမှုသည်တစ်ဦးဦးနေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန်စည်းကမ်းသတ်ကာလအတွင်းလျှောက်ထား၍တရားရုံးက ယင်းလျှောက်ထားချက်ကို ခွင့်ပြုလိုက်လျှင် အမှုမှာရပ်စဲသွားရန် အကြောင်းမရှိတော့ချေ။ ဤအခြေအနေတွင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ကွယ်လွန်သူ၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သည်ဟုအကြောင်းပြကာ အမှုသည် အဖြစ်ပါဝင်ခွင့်ပြုရန် လျှောက်ထားလာလျှင် ၎င်းအားအမှုသည်အဖြစ် ထည့်သွင့် မသင့်ကိစ္စကို တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်း ၁၀ အရ စဉ်းစားနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ယင်းလျှောက်ထားချက် အတွက် စည်းကမ်းသတ်ကာလကို သီးခြားပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား၊ အမှတ်စဉ် ၁၈၁ နှင့်သက်ဆိုင်သည်။

မောင်တင်ထွန်းအောင်ပါ(၂) နှင့် ဦးဝင်းထိန်ပါ(၈) .... ၄၈

**မှတ်ပုံတင်ပြီးဖြစ်သော အရောင်းစာချုပ်က၊ အပေါင်ရွေးနှုတ်ခွင့်ကို ပိတ်ပင်ပြီးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အိမ်ကိုရောင်းချကြောင်း ဖော်ပြ၍မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့သည့်ဖြစ်ရာယင်းစာချုပ်က အပေါင်ရွေးနှုတ်ခွင့်ပြုရန်တိုက်ရိုက် တောင်းဆိုနိုင်ခွင့်ကို ပိတ်ပင်ထားသည့်ဖြစ်၍ ပထမ သက်သာခွင့်မပါဘဲ ဒုတိယသက်သာခွင့်သက်သက် ခွင့်ပြုနိုင်ရန်အကြောင်းမရှိပေ။ ဤအခြေအနေတွင် လျှောက်ထားသူဘက်မှတင်ပြသည့်အတိုင်း ဒုတိယသက်သာခွင့်ကိုတောင်းဆိုခွင့်ရှိဦးတော့ ပထမ သက်သာခွင့်ကို ခွင့်ပြုရန်မဖြစ်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၍ အမှုကိုပလပ်ရန်မှတပါး အခြားနည်းမရှိတော့ချေ။

**ဒေါ်မြ နှင့် ဦးထွန်းလှ .. .... ၂**

စာမျက်နှာ

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ခ) - ရုံးခွန်နှင့်စပ်လျဉ်း၍ မူလရုံးက ချမှတ်ပေးသော အမိန့်ကို ပြင်ဆင်ပေးရန်မည်သည့်အခါ တွင်လျှောက်ထားနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးခွန်နှင့်စပ်လျဉ်း၍ မူလရုံးကချမှတ်သော **အမိန့်ကို** ပြင်ဆင်မှုလျှောက်ထားခွင့် ရှိမရှိနှင့်စပ်လျဉ်း၍စဉ်းစားရန် အချက်နှစ်ရပ်ရှိသည်။ မူလရုံးကတရားလိုအား ရုံးခွန်ထပ်မံထမ်းဆောင်ရန်ချမှတ်သောအမိန့်သည် မှားယွင်းပါမူယင်းအမိန့်ကို ပြင်ဆင်ပေးရန်လျှောက်ထားနိုင်သည်။ အကြောင်းမူ မူလရုံး၏ အမိန့်အတိုင်းရုံးခွန်ထပ်မံထမ်းဆောင်ခြင်းမပြုပါက မူလရုံးကအမှုကို ပလပ်မည်ဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ခ) အရ ပြင်ဆင်နိုင်သည်။ သို့ရာတွင် မူလရုံးက တရားလို ထမ်းဆောင်သော ရုံးခွန်သည် မှန်ကန်သည်ဟုဆုံးဖြတ်ပါမူ ယင်းအမိန့်ကြောင့် တရားပြိုင်သည် သာမန်အားဖြင့်ထိခိုက်နစ်နာခြင်းမရှိချေ။ ယင်းအမိန့်တွင် စီရင်ပိုင်ခွင့်ပြဿနာပေါ်ပေါက်မှသာလျှင် ထိခိုက်နစ်နာနိုင်သည်။

ဦးသိန်းဟန် နှင့် မစ္စတာ-အာရ်အင်န်ချောင်ဒရီ .... ၉၅

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၃—တူညီသောအကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်ရန်ရှိသော အမှုတို့တွင် တရားပြိုင်များကို ပူးပေါင်းစွဲဆိုနိုင်ခြင်း။**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၉၇/၇၄ တွင် ပြင်ဆင်မှုလျှောက်ထားခံရသူ ဒေါ်လှကြည်က ပြင်ဆင်မှုလျှောက်ထားသူ ဦးတင်လှနှင့် ဒေါ်အေးမြိုင်တို့အပေါ် လင်မယားကွာရှင်းပေးရန်နှင့် ပစ္စည်းများခွဲဝေပေးရန် တရားစွဲသည်။ ဦးတင်လှနှင့် ဒေါ်လှကြည် တို့မှာ လင်မယားဖြစ်၍ ဒေါ်အေးမြိုင်သည် ဦးတင်လှ၏မိခင်ဖြစ်သည်။

အဆိုလွှာအပိုဒ် ၉ တွင် မာဇဒါဘီ ၃၆၀ ကားကို ဒေါ်အေးမြိုင်သည် အမည်ခံပိုင်ဆိုင်သူသာဖြစ်၍၊ အချင်းဖြစ်အိမ်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍၊ ဒေါ်အေးမြိုင်နှင့် ဦးတင်လှတို့ အငြင်းပွားကြသည်ကို ဖော်ပြသည်။

ဒေါ်အေးမြိုင်က တိုင်းတရားရုံးတွင် ၎င်းအား တရားပြိုင်အဖြစ်မှ ဖယ်ထုတ်ပေးရန် လျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အဆိုလွှာအပိုဒ် (၉) တွင် ဖော်ပြသောအမည်ငွားကိစ္စနှင့် အိမ်အငြင်းပွားမှုများကို သီးခြားတစ်မှုစီစွဲဆိုလျှင် ဒေါ်အေးမြိုင်သည် အမည်ငွားဟုတ်မဟုတ် ယင်းပစ္စည်းများသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဟုတ်မဟုတ် စသောအကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်လာမည်ဖြစ်သကဲ့သို့ ယခုအမှုတွင် ထည့်သွင်းစွဲဆိုလျှင်လည်း ယင်းပြဿနာများပင် ပေါ်ပေါက်မည်ဖြစ်သောကြောင့် အမိန့် ၁၊ နည်း ၃ အရ ဒေါ်အေးမြိုင်အား ယခုအမှုတွင် တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ပေသည်။ ဒေါ်အေးမြိုင်အား အမှုသည်အဖြစ် ထည့်သွင်းမှသာလျှင် ပစ္စည်းခန်းနှင့် ပတ်သက်၍ အပြီးအပြတ်နှင့် ထိရောက်စွာစီရင်ဆုံးဖြတ်နိုင်မည်ဖြစ်၍ သူသည် လိုအပ်သောအမှုသည်ဖြစ်သည်။

ဒေါ်အေးမြိုင်ပါ(၂)    နှင့်    ဒေါ်လှကြည်    ....    ၁၁၆

**ကွယ်လွန်သူတရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ကျန်ရစ်သူအမွေစားအမွေခံအားလုံးအား ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်မှုလုံးရပ်စဲခြင်းရှိမရှိ၊ တရားလိုကွယ်လွန်သောအခါ တရားပြိုင်အပေါ် တရားစွဲဆိုခွင့်ကို အရွယ်မရောက်သောသူ အပါအဝင်တရားလို၏ အမွေစားအမွေခံတို့က ဆက်ခံရရှိခြင်း— တရားဝင်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒနှင့်စပ်လျဉ်း၍ အရေးပါမှု။**

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တရားရုံးတွင် ဒေါ်တင့်က ဒေါ်စောကွင့်(ခ)ဒေါ်စောကွန့်အပေါ်၊ အချင်းဖြစ်နေအိမ်မှ ခွင့်ပြုချက်အရနေထိုင်သူအဖြစ် ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်တင့်ကွယ်လွန်သွားသဖြင့် သမီးဖြစ်သူမဆန်းက ဒေါ်တင့်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။ မြို့နယ်တရားရုံးက ဒေါ်တင့်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သည်။ ဒေါ်စောကွင့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အမှုတွင် ဒေါ်တင့်၏အမွေစားအမွေခံအားလုံးကို တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့ခြင်းမရှိ၍ တရားပြိုင်အား နှင်ပိုင်ခွင့်အပြည့်အဝမရှိဟုအကြောင်းပြကာ မြို့နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သောကြောင့် မဆန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အမှုတစ်မှုတွင် တရားလိုကွယ်လွန်သောအခါ အမွေစား အမွေခံတစ်ဦးထက်ပို၍ ကျန်ရစ်သည့်တွင် အားလုံးကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်မှုလုံး

ရပ်စဲခြင်းရှိမရှိဆိုသောအချက်မှာ အမှု၏ဖြစ်ရပ်ပေါ်တွင်မူ တည်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်တင့် ကွယ်လွန်သွားသောအခါ ဒေါ်စောကွင့်အပေါ် တရားစွဲဆိုခွင့်ကို မောင်အောင်နိုင်အေးအပါအဝင် အမွေစားအမွေခံတို့က ဆက်ခံရရှိသည်ဖြစ်ရာ အမှုကိုဆက်လက်ဆောင်ရွက်လိုမလိုသိရှိနိုင်ရန် အမှုတွင်အမွေစားအမွေခံအားလုံးကို ထည့်သွင်းရန်လိုအပ်ပေသည်။ ထိုစဉ်က မောင်အောင်နိုင်အေးသည် အရွယ်မရောက်သေးသော်လည်း ၎င်းသည် အုပ်ထိန်းသူဖြင့် အမှုတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ မောင်အောင်နိုင်အေးသည် တရားပြိုင် ဒေါ်စောကွင့်နှင့်အတူ နေထိုင်သူဖြစ်သည်။ ၎င်းက ဒေါ်စောကွင့်တို့ အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်စေလိုသည့်ဆန္ဒရှိလျှင် ကျန်အမွေဆိုင်များ၏ဆန္ဒသက်သက်ဖြင့် ဒေါ်စောကွင့်ကို ဖယ်ရှားခွင့်ရှိမည်မဟုတ်ချေ။ ဤအခြေနေတွင် တရားဝင်ကိုယ်စားလှယ်များ မစုံလင်ခြင်းကြောင့် စစ်ကိုင်းတိုင်းတရားရုံးက ဒေါ်တင့်စွဲဆိုသောအမှုကို ပလပ်လိုက်ခြင်းမှာ မှန်ကန်သည်။

မဆန်း နှင့် ဒေါ်စောကွင့် (ခ) .... [illegible] ၁၉
ဒေါ်စောကွန့်

**တရားမမှုတွင် ကွယ်လွန်သူတရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ကျန်ရစ်သူအားလုံးကို ထည့်သွင်းခြင်းမပြုလျှင်၊ အမှုတစ်ခုလုံး ရပ်စဲခြင်းရှိမရှိ၊ တရားလိုမြွက်ဟကြေညာပေးစေလိုသော ဝေပုံစုသည် ၎င်းဆက်ခံခွင့်ရှိသည့် ဝေပုံစုအတိုင်းမှန်နေလျှင်၊ တရားဝင်ကိုယ်စားလှယ်များ ပြည့်စုံစွာမထည့်သွင်းရုံမျှဖြင့် အမှုတစ်မှုလုံး ရပ်စဲမသွားခြင်း။**

ဦးရွှေအောင်နှင့် ဦးရှိန်ဂှက်တို့သည် ကွယ်လွန်သူ ဦးစွိဝမ်၏ ညီအရင်းတော်စပ်သူများဖြစ်ကြသည်။ ဦးစွိဝမ်၏ ဇနီးဒေါ်တင်နှင့် ဦးရွှေအောင်တို့က ငွေကျပ် ၃၀၀၀၀ိ/—တန်အဆောက်အအုံတစ်ခုကို ဝယ်ယူခဲ့ရာ ဦးရွှေအောင်က ကျပ် ၁၀၀၀၀ိ/—ထည့်ဝင်သည်။ ဒေါ်တင်နှင့်ဦးစွိဝမ်တို့ကွယ်လွန်ရာ ဦးရွှေအောင်နှင့် ဦးရှိန်ဂှက်တို့သည် ဦးစွိဝမ်၏အမွေကို ဆက်ခံကြသည်။ ဦးရွှေအောင်က မွန်ပြည်နယ်တရားရုံးတွင် အချင်းဖြစ်အဆောက်အအုံ၏ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ကျန်အစိတ်ပိုင်းကို အမွေခွဲဝေပေးစေရန် တရားစွဲဆိုသည်။ အမှုစွဲဆိုစဉ်အတွင်း ဦးရွှေအောင်ကွယ်လွန်သဖြင့် ဇနီးဒေါ်ဖွားစိန်ကို တရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းကြောင်း မွန်ပြည်နယ်တရားရုံးက အမိန့်ချသည်။ ထို့နောက်

စာမျက်နှာ

တရားပြိုင်ဦးရှိန်ဝှက်ဘက်မှ ဦးရွှေအောင်နေရာတွင် တရားဝင်ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံထည့်သွင်းထားခြင်းမရှိ၍၊ အမှုရပ်စဲသွားပြီဟုဆိုကာ၊ အမှုကိုပလပ်ပေးရန်လျှောက်ထားသည်။မွန်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးရှိန်ဝှက်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။တရားမမှုတစ်မှုတွင် တရားလိုကွယ်လွန်သွားသောအခါအခွင့်အရေးခံတစ်ဦးထက်ပို၍ ကျန်ရစ်သည့်တွင် အားလုံးကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်ခုလုံး ရပ်စဲခြင်းရှိမရှိဆိုသောအချက်မှာ အမှု၏ ဖြစ်ရပ်အပေါ်တွင် မူတည်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် ဦးရွှေအောင်က အချင်းဖြစ်ဥပစာ၏သုံးပုံတစ်ပုံကို မိမိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် စွဲဆိုထားခြင်းဖြစ်သည်။လျှောက်ထားသူတင်ပြသည့်အတိုင်း ဦးရွှေအောင်ကွယ်လွန်သောအခါ ဩရသသားကျန်ရစ်ပါမူ ဒေါ်ထားစိန်သည် ဦးရွှေအောင်ကျန်ရစ်သောအမွေ၏ ၄ ပုံ ၃ ပုံ ကို ဆက်ခံခွင့်ရှိသဖြင့် ဦးရွှေအောင်စွဲဆိုသည့်အတိုင်းမှန်ပါလျှင် ဥပစာ၏ ၄ ပုံ ၁ ပုံကို ဒေါ်ထားစိန်က ပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှုတွင် ဦးရွှေအောင်၏ ဩရသသား မပါဝင်စေကာမူ ဒေါ်ထားစိန်သည် အချင်းဖြစ်ဥပစာ၏ ၄ ပုံ ၁ ပုံကို ပိုင်ဆိုင်ကြောင်း တရားရုံးက ကြေညာပေးနိုင်သည်ဖြစ်၍ ဦးရွှေအောင်၏ ဩရသသားကို တရားဝင်ကိုယ်စားလှယ်အဖြစ် မထည့်သွင်းရုံမျှဖြင့် အမှုတစ်မှုလုံးမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

ဦးရှိန်ဝှက် နှင့် ဒေါ်ထားစိန် .... .... ၇၅

**တရားမမှုစွဲဆိုရာတွင် ဆုံးဖြတ်ရမည့်မှု—စွဲဆိုသော အမှုပုံစံ မှန်ကန်ခြင်း ရှိမရှိ သက်သေခံချက်ရယူပြီးမှ ဆုံးဖြတ်ရန် လိုမလို။**

ဆုံးဖြတ်ချက်။ ။ အမှုတစ်မှုကိုတရားလိုစွဲဆိုသော ပုံစံအတိုင်း စွဲဆိုနိုင်ခြင်း ရှိ မရှိမှာ အဆိုအချေတို့အရ ဆုံးဖြတ်ရမည့် ပြဿနာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။စွဲဆိုသောအမှု ပုံစံမှန်ကန်ခြင်း ရှိမရှိမှာ သက်သေခံချက် ရယူပြီးမှ ဆုံးဖြတ်ရမည့် ပြဿနာမဟုတ်ချေ။

**ဒေါ်ငွေးငွေးရင်မါ(၂) နှင့် ဦးကျော်ဇောပါ(၃) ....** ၂၇

စာမျက်နှာ

အခမဲ့ခွင့်နှင့် နေထိုင်သူ အဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှု— ယင်းအမှုမျိုးတွင် ဥပစာ၏ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံသည့်ပြဿနာနှင့် သားသမီးအဖြစ် မွေးစားခြင်းပြဿနာတို့ကို အဆုံးအဖြတ်မပေးသင့်ခြင်း—အဆုံးအဖြတ် ပေးမည်ဆိုပါက အမွေမှု၊ လက်ရောက်ရလိုမှု စသည့် အမှုတို့ကို စွဲဆိုခြင်းပြုမည် မဟုတ်သဖြင့် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ကို ထိခိုက်နစ်နာဖွယ်ရာရှိခြင်း၊

စစ်ကိုင်းတိုင်းတရားရုံးက ၁၉၈၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် အမွေရှင်၏ မောင်ဖြစ်သူ အယူခံတရားပြိုင် ဦးညွန့်မောင်က အမွေရှင် အခမဲ့ နေထိုင်ခွင့်ပြုင့် နေထိုင်သူ ကိတ္တိမသား အမည်ခံ အယူခံတရားလို ဦးစံရှိန်နှင့် ဒေါ်သောင်းအေးတို့အပေါ် အခမဲ့ခွင့်နှင့် နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှုစွဲဆိုသည့်အတိုင်း ဒီဂရီရရှိသည်။ အဆိုပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သောကြောင့် ဦးစံရှိန်တို့က ဗဟိုတရားရုံးတွင် ပထမ အယူခံကို တင်သွင်းခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အခွင့်အမိန့်နှင့် နေထိုင်သူအား နှင်ထုတ်လိုမှု စွဲဆိုရာတွင် ဥပစာ၏ပိုင်ဆိုင်ခွင့်သည် မည်သူထံ၌ရှိသည်ဆိုခြင်းကို နက်နက်နဲနဲစီစစ်ရန်မဟုတ်ပေ။ ယင်းအမှုမျိုးတွင် အမွေဆက်ခံသည့် ပြဿနာ သားသမီးအဖြစ်မွေး စားခြင်း ဟုတ်မဟုတ် ဆိုသည့်ပြဿနာများကိုအဆုံးအဖြတ်မပေးသင့်ပေ။ ထိုကဲ့သို့နက်နဲသိမ်မွေ့သည့်ပြဿနာများကို၎င်းအမှုမျိုးတွင် အဆုံးဖြတ်ပေးမည် ဆိုပါက မည်သူကမျှ တံဆိပ်ခေါင်းဖိုး အကုန်ခံကာ ပစ္စည်းတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းကပ်ရသည့်အမွေမှု၊ လက်ရောက်ရလိုမှု စသည့်အမှုတို့ကိုစွဲဆိုခြင်းပြုမည်မဟုတ်ဘဲ တံဆိပ်ခေါင်း ၂၀ ကျပ်ကပ်ကာ ပေါ့ပေါ့နှင့် လွယ်လွယ်စွဲဆိုကြမည်ဖြစ်သည်။ ယင်းသို့စွဲဆိုလျှင်နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော် ထိခိုက်နစ်နာဖွယ်ရာ ရှိပေသည်။

ဦးစံရှိန်ပါ (၂) နှင့် ဦးညွန့်မောင်... ... ၈

မြန်မာနိုင်ငံဥပဒေများဆိုင်ရာအက်ဥပဒေပုဒ်မ ၃ (၃)—သားသမီးဖြစ်သူက ဖခင်ထံမှ ကလေးစရိတ် ရလိုကြောင်း တရားစွဲဆိုခွင့်နှင့် စပ်လျဉ်း၍ တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သောစိတ်ထားတို့နှင့်အညီ အဆုံးအဖြတ်ပြုရန်ဖြစ်ခြင်း— လောကပါလ တရားကိုရှာဖွေရာတွင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အမြင်၊ မြန်မာ့ အတွေးအခေါ်များ ထင်ဟပ်သည့်မြန်မာဓလေ့ထုံးတမ်းဥပဒေသာလျှင်အခြေ ဖြစ်မည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်၊ ။သားသမီးဖြစ်သူက ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်းတရားစွဲဆိုခွင့်နှင့်စပ်လျဉ်း၍ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသဖြင့်

မြန်မာနိုင်ငံဥပဒေများဆိုင်ရာ ဥပဒေများပုဒ်မ ၁၃ (၃) တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းတရားမျှတမှု၊သာသနာညီမျှမှု၊ကောင်းမြတ်သောစိတ် ထားတို့နှင့်အညီ အဆုံးအဖြတ်ပြုရန် ဖြစ်သည်ဟူသော **ဒေါက်တာ သာမြ** အမှု၌ချမှတ်သည့်ဆုံးဖြတ်ချက်ကို လက်ခံရပေမည်။ သို့ရာတွင် လောကပါလတရားအရ အမှုကိုဆုံးဖြတ်ရာ၌ အင်္ဂလိပ်ဥပဒေအရဆုံး ဖြတ်ရန်ဖြစ်သည်ဟု တွေးခေါ်ခြင်းမှာမူ မှားယွင်းချော်ချော်သည်။ မြန်မာလူမျိုးတို့နှင့် ယဉ်ကျေးမှုချင်း၊ လူ့ဓနမှုစံနစ်ချင်းကွာခြားသော လူမျိုးတို့နေထိုင်ရာ အင်္ဂလန်နိုင်ငံရှိ တရားဥပဒေစာအုပ်များတွင် လောကပါလတရားကိုရှာဖွေရန်မဟုတ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ အမြင်၊ မြန်မာ့အတွေးအခေါ်များထင်ဟပ်ထားသည့်မြန်မာဓလေ့ထုံး တမ်းဥပဒေသာလျှင် အဖြေဖြစ်ပေလိမ့်မည်။　　စာမျက်နှာ

မအေးတည်ငြိမ်
အရွယ်မရောက်သေးသူ　　နှင့်　　ဦးကြည်လွင်　....　၄၉
(၎င်း၏နီးစပ်ရာမိတ်ဆွေမနုနု)

သား သမီးများမွေးစားခြင်းသည် ပဋိညာဉ်ပြုလုပ်ခြင်းဖြစ်မဖြစ်— မွေးစားစာချုပ်ကိုပယ်ဖျက်လိုလျှင် မည်သည့်အကြောင်း အချက် ကို ပြသရန်လိုအပ်ခြင်း —မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့်မွေး စားသား သမီးတို့၏ အမွေဆက်ခံခြင်း၊ မွေးစားခြင်း၊ပျက်ပြယ် ခြင်း။

**ဆုံးဖြတ်ချက်**။ ။သားသမီးများမွေးစားခြင်းမှာ တစ်နည်းအားဖြင့် ပဋိညာဉ်ပြုလုပ်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။မွေးစားစာချုပ်ကိုပယ်ဖျက်လိုလျှင် ပဋိညာဉ် ကိုပျက်ပြယ်စေသည့် ပဋိညာဉ်အက်ဥပဒေပါ အကြောင်းတစ်ရပ်ရပ် ကို ထင်ရှားပြရန်လိုအပ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။မွေးစားသားသမီးက မွေးစားမိဘအပေါ် ရန်သူသဖွယ် ပြုကျင့်ခြင်းကြောင့် မွေးစားမိဘအမွေကိုဆက်ခံခွင့်မရှိ သော်လည်း ယင်းသို့ကျင့်ကြံပြုမူရုံမျှဖြင့် မွေးစားခြင်းပျက်ပြယ်ကြောင်း မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်းမရှိချေ။

ဦးတင်မြင့်　　နှင့်　　ဒေါ်သစ်သစ်　....　..　၃၄
(၎င်း၏ကိုယ်စားလှယ်
ဒေါ်တင်လှ)

စာမျက်နှာ

**အမွေရှင်နှင့် အတူမနေသော အပတိဒ္ဓ သားသမီးများအမွေဆက်ခံခွင့်—ယင်းတို့သည် အမွေခံ ခြောက်ယောက်တွင် ပါဝင်သူများဖြစ်လျှင် အမွေဆက်ခံခွင့် ရှိခြင်း— ရုံးခွန်တော် ထမ်းဆောင်ခြင်း မရှိသူ၏အမွေစုကို သတ်မှတ်ပေးခြင်း မပြုနိုင်ခြင်း။**

ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့မှာ ကွယ်လွန်သူအမွေရှင် ဒေါ်ဘိန်ဟန်၏မောင်ဖြစ်သူကမွေးသောသားသမီးဖြစ်၍ ဒေါ်ဘိန်လျှန်မှာ ဒေါ်ဘိန်ဟန်၏ညီမအရင်းဖြစ်သည်။ မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၅၈/၈၀ တွင် အယူခံတရားပြိုင်အမှတ် (၁) ဦးဝင်းမော်ကအယူခံတရားလို ဒေါ်ဘိန်လျှန်နှင့် အယူခံတရားပြိုင် အမှတ် (၂) ဒေါ်ကြည်ကြည်မော်တို့အပေါ် ကွယ်လွန်သူ ဒေါ်ဘိန်ဟန်၏ အမွေပစ္စည်းများကိုစီမံခန့်ခွဲပေးရန်တရားစွဲဆိုရာပြည်နယ်တရားရုံးကပဏာမဒီကရီချမှတ်ပေးခဲ့သောကြောင့်ဒေါ်ဘိန်လျှန်ကဗဟိုတရားရုံးတွင်ပထမအယူခံတင်သွင်းခြင်းဖြစ်သည်။ ဒေါ်ဘိန်လျှန်၏ဗဟိုတရားရုံးရှေ့နေက ဦးဝင်းမော်သည် ဒေါ်ဘိန်ဟန်၏ အပတိဒ္ဓသားဖြစ်သည့်တိုင်အောင် ဒေါ်ဘိန်ဟန်နှင့်အတူမနေသည့်အတွက်ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ဘိန်ဟန်၏ အမွေကို ဆက်ခံခွင့်မရှိကြောင်း တင်ပြလျှောက်လဲသည်။

**ဆုံးဖြတ်ချက်။** ။ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့သည်အမွေရှင် ဒေါ်ဘိန်ဟန်၏တူ၊ တူမများဖြစ်သောကြောင့် အမွေခံခြောက်ယောက်တွင်ပါဝင်သဖြင့် အမွေဆက်ခံခွင့်ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရုံးခွန်တော် ထမ်းဆောင်ခြင်း မရှိသော ဒေါ်ကြည်ကြည်မော်၏ အမွေစုကို သတ်မှတ်ပေးခြင်း မှာလည်း မှားယွင်းသည်။

ဒေါ်ဘိန်လျှန် နှင့် ဦးဝင်းမော်ပါ(၂) .... ၆၃

**အမွေ ခွဲဝေပေးစေလိုမှုတွင် အမိက ရည်ရွယ်ချက် — အမွေမှုတွင် တရားလိုသည် အမွေရထိုက်ခွင့် ရှိ မရှိ စိစစ်ရာ၌၊ ၎င်းက ချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်း၏ တရားဝင်မှုအပေါ် အဆုံးအဖြတ် ပေးနိုင်ခြင်း — အမွေရှင်၏ အမွေပစ္စည်းများကိုစိစစ်ရာ၌၊ ၎င်းက ၎င်းပိုင်ပစ္စည်းကို လွှဲပြောင်းပေးခဲ့ခြင်းမှာဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အပေါ် အဆုံးအဖြတ်ပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေခွဲဝေပေးစေလိုမှုတွင် အမိကရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေခွဲဝေပေးရန်ဖြစ်ပေရာ ကွယ်လွန်သူ၏

အမွေကို မည်သူမည်ဝါတို့က ဆက်ခံခွင့်ရှိသည်၊ တရားလိုသည် အမွေဝေစု မည်ရွေ့မည်မျှရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သော အမွေပစ္စည်းများသည် မည်သည့်ပစ္စည်းများဖြစ်သည်၊ ကွယ်လွန်သူ ပေးရန်၊ ရရန်ရှိသောကြွေးမြီများ မည်ရွေ့မည်မျှရှိသည် စသည်တို့ကို စိစစ်ဆုံးဖြတ်ပြီး တရားလိုနှင့်ဝေစုရလို၍ ရုံးခွန်ထမ်းဆောင်သော တရားမြိုင်တို့အား အမွေခွဲဝေပေးရန်ဖြစ်သည်။ တရားလိုသည်အမွေ ရထိုက်ခွင့်ရှိမရှိစိစစ်ရာ၌ ၎င်းကချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်းသည် တရားဝင်သည်မဝင်သည်ကို အမွေမှုတွင်ပင် အဆုံးအဖြတ်ပေးနိုင် သည်။ ထိုနည်းတူ ကွယ်လွန်သူ၏ အမွေပစ္စည်းများကို စိစစ်ရာ၌ ပစ္စည်းတစ်ရပ်သည် ကွယ်လွန်သူ ကျန်ရစ်သောပစ္စည်းဟုတ်မဟုတ် အဆုံးအဖြတ်ပေးခွင့်ရှိသည့်အလျောက် ကွယ်လွန်သူတစ်ချိန်ကပိုင်ဆိုင် ခဲ့သောပစ္စည်းကို ကွယ်လွန်သူက လွှဲပြောင်းပေးခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ အမွေမှုတွင် အဆုံးအဖြတ်ပေးနိုင်သည်ဟု ကောက် ယူရပေမည်။

ဦးသိန်းဟန် နှင့် မငွေပေါ(၂) .... .... ၁၇

**မြွက်ဟကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက် သက် သာခွင့်ကို တောင်းဆိုသောအမှုတွင် မည်သည့် အချက်များကို စိစစ်ရန် လိုအပ်ခြင်း—အယူခံဝင်ခြင်းနှင့် စပ်လျဉ်းသည့် အခြေခံ သဘောတရား။**

**ဆုံးဖြတ်ချက်။** ။မြွက်ဟကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက်သက်သာခွင့်ကို တောင်းဆိုထားသောအမှုသည် ရုံးခွန် အက်ဥပဒေပုဒ်မ ၇(၄) (ဂ) တွင် အမှန်တကယ်အကျုံးဝင်သလား သို့တည်းမဟုတ် မြွက်ဟကြေညာသည့်ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုး ဆက်သက်သာခွင့် တောင်းဆိုသည့်အမှုပုံစံဖြင့် အမှန်ရလိုသော သီး ခြားသက်သာခွင့်ကို ဥပါယ်တံမျဉ်ဖြင့်ခွဲဆိုသော အမှုဖြစ်သလားဆို သည့်အချက်ကို စိစစ်ရာ၌ အဆိုလွှာ၏ အနှစ်သာရကို ကြည့်ရှုရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ အခြေခံသဘော တရားမှာ တရားရုံးတစ်ရုံးရုံးကချမှတ်သောဒီကရီ သို့မဟုတ် အမိန့် ကြောင့် အကြိုးအကြောင်းထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။

ဦးမြင့်လွင် နှင့် ဒေါ်ကျင် .... .... ၇၁

စဉ်မျက်နှာ

**သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂—နောက်ထပ်သက်သာခွင့် သို့မဟုတ် အကျိုးဆက် သက်သာခွင့်သည် မည်သည့် သက်သာခွင့်မျိုး ဖြစ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော ''နောက်ထပ်သက်သာခွင့်'' သို့မဟုတ် ''အကျိုးဆက်သက်သာခွင့်''သည် မြွက်ဟဒိကရီနှင့် နီးနွယ်သော သက်သာခွင့်ဖြစ်သည့်အပြင် အရေးဆိုသည့်အခွင့်အရေးနှင့် ဆီလျော်အပ်စပ်သည့်အခွင့်အရေးမှမလွဲမသွေပေါ်ပေါက်သောအကျိုးဆက်သက်သာခွင့်ဖြစ်ရန်လိုပေသည်။

ဝိုင်အေမြားပါ—၂　　နှင့်　　ဒီအီးဘိုင်မြား　　....　　၀၃

**ရဟန်းဝတ်လျက်ရှိသူ တစ်ဦးသည် ဘုန်းကြီးကျောင်း မဟုတ်သည့် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန် သက်သက်အတွက်နှင်လိုမှု မစွဲဆိုနိုင်ခြင်း**

ရဟန်းဝတ်လျက်ရှိသူ ဦးကြည်က တရားလိုပြုလုပ်၍ သနပ်ပင်မြို့နယ်တရားရုံးတွင် အမှုအတော အတွင်း ကွယ်လွန်သွားသူဦးမောင်ကြီးအပေါ်၌လည်းကောင်း၊ ဦးကျော်သန်းအပေါ်၌လည်းကောင်း၊ ဒေါ်သိန်းကြည်အပေါ်၌လည်းကောင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ငှားရမ်းထားသည့် အိမ်ခန်း အသီးသီးမှ နှင်လိုမှုစွဲဆိုရာ ဦးကြည် စွဲဆိုမှုအားလုံးတွင်ဦးကြည်အားအနိုင်ဒီကရီချမှတ်ပေးခဲ့သဖြင့် ဦးမောင်ကြီး၏ ဇနီး ဒေါ်သန်းမြင့်က လည်းကောင်း၊ ဦးကျော်သန်းကလည်းကောင်း၊ ဒေါ်သိန်းကြည်ကလည်းကောင်း၊ ပဲခူးတိုင်း တရားရုံးတွင် ပထမအယူခံမှုအဖြစ် အသီးသီးအယူခံဝင်ခဲ့သည်။ ပဲခူးတိုင်းတရားရုံးက ဒေါ်သန်းကြည်၏ အယူခံမှုကို ခွင့်ပြုပြီး ဦးကျော်သန်းနှင့် ဒေါ်သိန်းကြည်တို့၏ အယူခံမှုများကိုပလပ်ခဲ့သဖြင့် တိုင်းတရားရုံး၏ ဒီကရီကို ဦးကြည်ကမကျေနပ်၍လည်းကောင်း ဦးကျော်သန်းကမကျေနပ်၍လည်းကောင်း၊ဒေါ်သိန်းကြည်ကမကျေနပ်၍လည်းကောင်းအသီးသီးဗဟိုတရားရုံး၌ တရားမဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ရဟန်းသံဃာများ အမြဲတန်း သီတင်းသုံးရာဌာနသည်ဘုန်းကြီးကျောင်းသာဖြစ်ရာ ရဟန်းဝတ်လျက်ရှိသူ တစ်ဦးသည်

ဘုန်းကြီးကျောင်းမ်ဟုတ်သည့် ဥပစာကို မိမိကိုယ်တိုင်နေထိုင်ရန် သက်သက်အတွက်ရယူရန် အကြောင်းမရှိနိုင်ချေ။ စာမျက်နှာ

ဦးကျော်သန်း — နှင့် — ဦးကြည် — ၁
ဒေါ်သိန်းကြည် — ဦးကြည်
ဦးကြည် — ဒေါ်သန်းမြင့်

**၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)—ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်တွင်၊ အသင်းရုံးဖွင့်လှစ်ရန်အတွက်ပြန်လည်ရယူလိုမှု စွဲဆိုခြင်းကိစ္စ အကျုံးမဝင်ခြင်း။**

မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၁၀/၈၂တွင် မင်းကွန်းမုဒ္ဒိဘာသာ လူအိုရုံအသင်းအား ကိုယ်စားပြုသူများအဖြစ် ဦးကိုကြီးနှင့်ဦးတင်စောတို့က တရားလိုပြုလုပ်၍တရားပြိုင် ဦးခင်အပေါ် ငှားရမ်းခပေးရန်ပျက်ကွက်မှုနှင့် ငှားရမ်းထားသည့် ဥပစာတွင် အသင်းရုံးဖွင့်လှစ်ရန် ပြန်လည်ရယူလိုမှုအတွက် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) နှင့် (စ) တို့အရ တရားစွဲဆိုသည်။ တရားပြိုင်ဦးခင်က အိမ်လခငွေများကို တရားလိုဦးကိုကြီးတို့အား ပေးခဲ့သဖြင့် ပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုမှုနှင့်စပ်လျဉ်း၍ ဆက်လက်စစ်ဆေးခဲ့သည်။ အမှုအတောအတွင်း တရားပြိုင် ဦးခင် ကွယ်လွန်သွား၍ ၎င်း၏သမီး ဒေါ်တင်တင်မိုးကို၎င်း၏တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီး အမှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ မြို့နယ်တရားရုံးက ဦးကိုကြီးတို့ စွဲဆိုသည့်အတိုင်း ပုဒ်မ(၁၂)(၁) (စ) အရ ဒီကရီချမှတ်ပေးခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်တင်တင်မိုးကမကျေနပ်၍ မန္တလေးတိုင်းတရားရုံးတွင် အယူခံသော်လည်း မအောင်မြင်သဖြင့် မဟာတရားရုံး၌ဒုတိယအယူခံမှုကို ဆက်လက်တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။မင်းကွန်းမုဒ္ဒိဘာသာ လူအိုရုံအသင်းက အချင်းဖြစ် အဆောက်အအုံတွင် နေထိုင်ရန်အတွက်မဟုတ်ဘဲ အသင်းရုံးဖွင့်လှစ်ရန်အတွက် စွဲဆိုခြင်းဖြစ်ရာ အချင်းဖြစ် အဆောက်အအုံကို ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့က ပိုင်ဆိုင်ခဲ့သည်မရှိသော တရားလိုဘက်မှ ထွက်ဆိုချက်များ မှန်ကန်စေဦး၊ စွဲဆိုမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ရယူလိုသည့် အကြောင်းကိစ္စတွင် အကျုံးမဝင်ချေ။

ဒေါ်တင်တင်မိုး — နှင့် — ဦးကိုကြီးပါ(၂) .... ၃၃

စာမျက်နှာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) ( င) - ယင်းဥပဒေပုဒ်မအရ ချုပ်ဆိုသော ခံဝန်ကို ဖောက်ဖျက်သည့် အတွက် အရေးယူပေးရန်တရားရုံးသို့လျှောက်ထားခွင့် ရှိသူများ။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) အရ ချုပ်ဆိုသော ခံဝန်ကို ဖောက်ဖျက်သည့်အတွက် အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားခွင့်ရှိသူသည် ဒိကရီချမှတ်ခံရသည့် အိမ်ငှား သို့မဟုတ် ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့သာ ဖြစ်သည်ဆိုခြင်းမှာ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ထင်ရှားသော အချက်ဖြစ်သည်။

ပီအယ်လ်ကေဒီယား (၎င်း၏ ကိုယ်စားလှယ် ဦးစီတာရမ်း) နှင့် မစ္စတာနာယား .... ၄၇

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)၏ ပထမခြွင်းချက်နှင့် ယင်းအက်ဥပဒေပုဒ်မ ၂(ဃ) (၁) ပါ—ဥပစာဟူသော စကားရပ်၏အဓိပ္ပာယ်—ဥပစာဆိုသော စကားရပ်၏ အဓိပ္ပာယ်သည် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်မှသာ ပုဒ်မ ၂ (ဃ) တွင် ဖွင့်ဆိုထားသည့်အနက် အဓိပ္ပာယ်အတိုင်း ဆောင်မည်ဖြစ်ခြင်း။

မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး၊ ၁၉၇၂ ခုနှစ် တရားမကြီးမှုအမှတ် ၁ နှင့် ၂ တို့တွင် အယူခံတရားလိုဖြိုင် ဒေါ်ခင်ဆွေနှင့် ဦးလွယ်လွယ်တို့က အယူခံတရားလို ဦးဘမင်းနှင့် ဒေါ်လှရင်တို့ အသီးသီးအပေါ် မန္တလေးမြို့၊ ဟေမာဇလ အနောက်ပိုင်း၊ အကွက်အမှတ် ၆၀၆၊ ဦးပိုင်အမှတ် ၁၉ (ခ)/(၁) စာရင်းပေါက်သည့် ဘိုးဘွားပိုင်မြေပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံ၏ အောက်ထပ်ရှိ အခန်းများမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးဘမင်းနှင့် ဒေါ်လှရင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး ၁၉၇၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁ နှင့် ၂၂ တို့တွင် အသီးသီး အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံဝင်ခြင်းဖြစ်သည်။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၁၂ (၁) (စ) ပထမခြွင်းချက်တွင် ပါရှိသော "ဥမစာ" ဟူသော စကားရပ်ကို တသီးတခြားဖတ်ရှု၍ ပုဒ်မ ၂ (ဃ) (၁) တွင် ဖွင့်ဆိုထားသော အဓိပ္ပာယ်ကို ညွှန်ပြကာ အဆောက်အဦးတည်ရာ မြေလည်း ပါဝင်သည်ဟု ကောက်ယူရန် မဟုတ်ချေ။ အကြောင်းမူ "ဥပစာ" ဆိုသော စကားရပ်၏ အဓိပ္ပာယ်သည် အကြောင်းအရာနှင့်ဖြစ်စေ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ပုဒ်မ ၂(ဃ)တွင်ဖွင့်ဆိုထားသည့် အနက်အဓိပ္ပာယ်အတိုင်း ဆောင်မည်ဖြစ်သည်။ ပုဒ်မ ၁၂ (၁) (စ) ၏ ပထမခြွင်းချက်တွင် "ဥပစာ" ဆိုသည့် စကားရပ်ရှေ့၌ ဆိုခဲ့သည်ဟူသော နာမဝိသေသန ရှိနေသည့်အလျောက် အဆိုပါစကားရပ် နှစ်ခုကို ပူးတွဲဖတ်ရှုပါက ယင်းစကားရပ်မတိုင်မီ ရှေ့ကဖော်ပြခဲ့သော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်းကို ဆိုလိုကြောင်း အထူးပေါ်လွင်ပေသည်။ အဆိုပါစကားရပ်တွင် အဆောက်အအုံ တည်ရာမြေလည်း ပါဝင်သည်ဟု ကောက်ယူမည်ဆိုပါက အဆိုပါစကားရပ်ကို သုံးနှုန်းထားသော ပုဒ်မတွင် ပါရှိသည့် အခြားစကားရပ်တို့သည် ရှေ့နောက်ညီညွတ်မည် မဟုတ်ချေ။

ဦးဘမင်း
ခွေလှရင်
(၎င်းတို့၏ ကိုယ်စားလှယ်စာရသူ ဦးလှမင်း)

နှင့် ဒေါ်ခင်ဆွေပါ (၂) .... ၅၇

## တရားမ ဒုတိယ အယူခံမှု

ဉက္ကဋ္ဌအဖြစ် ဦးခင်မောင်ကျော်၊ အဖွဲ့ဝင်များအဖြစ်
ဒေါက်တာ မန်းသက်စံနှင့် ဦးမျိုးမြင့်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးကျော်သန်း †၁၉၈၇ မတ်လ ၁၆ ရက်

ဒေါ်သိန်းကြည်

ဦးကြည်

နှင့်

ဦးကြည်*

ဦးကြည်

ဒေါ်သန်းမြင့်

**ရဟန်းဝတ်လျက်ရှိသူ တစ်ဦးသည် ဘုန်းကြီးကျောင်း မဟုတ်သည့် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန်သက်သက်အတွက် နှင်လိုမှု မစွဲဆိုနိုင်ခြင်း။**

ရဟန်းဝတ်လျက်ရှိသူ ဦးကြည်က တရားလိုပြုလုပ်၍ သနပ်ပင်မြို့နယ် တရားရုံးတွင် အမှုအတောအတွင်းကွယ်လွန်သွားသူဦးမောင်ကြီးအပေါ်၌ လည်းကောင်း၊ ဦးကျော်သန်းအပေါ်၌ လည်းကောင်း၊ ဒေါ်သိန်းကြည် အပေါ်၌ လည်းကောင်း ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ငှားရမ်းထားသည့်

---

* ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၁၆၊ ၂၁၇ / ၁၉၇၆ ... ၃၁

† ၁၉၇၅ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇၂၊ ၇၄၊ ၇၃ တို့တွင် ချမှတ်သော (၂၆-၁၁-၇၅)ရက် နေ့စွဲပါ ဝဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို (၈- ၁- ၇၆) အယူခံမှု။

၁၉၈၇ ဦးကျော်သန်း ဒေါ်သိန်းကြည် ဦးကြည်နှင့် ဦးကြည် ဦးကြည် ဒေါ်သန်းမြင့်

အိမ်ခန်းအသီးသီးမှ နှင်လိုမှုစွဲဆိုရာ ဦးကြည်စွဲဆိုမှုအားလုံးတွင် ဦးကြည်အား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သဖြင့် ဦးမောင်ကြီး၏ ဇနီး ဒေါ်သန်းမြင့်က လည်းကောင်း၊ ဦးကျော်သန်းက လည်းကောင်း၊ ဒေါ်သိန်းကြည်က လည်းကောင်း၊ ပဲခူးတိုင်း တရားရုံးတွင် ပထမအယူခံမှုအဖြစ် အသီးသီး အယူခံဝင်ခဲ့သည်။ ပဲခူးတိုင်း တရားရုံးက ဒေါ်သန်းကြည်၏ အယူခံမှုကို ခွင့်ပြုပြီး ဦးကျော်သန်းနှင့် ဒေါ်သိန်းကြည်တို့၏ အယူခံမှုများကို ပလပ်ခဲ့သဖြင့် တိုင်းတရားရုံး၏ ဒီကရီကို ဦးကြည်က မကျေနပ်၍ လည်းကောင်း၊ ဦးကျော်သန်းက မကျေနပ်၍ လည်းကောင်း၊ ဒေါ်သိန်းကြည်က မကျေနပ်၍ လည်းကောင်း အသီးသီး ဗဟိုတရားရုံး၌ တရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ရဟန်းသံဃာများ အမြဲတမ်း သီတင်းသုံးရာဌာနသည် ဘုန်းကြီးကျောင်းသာဖြစ်ရာ ရဟန်းဝတ်လျက်ရှိသူ တစ်ဦးသည် ဘုန်းကြီးကျောင်းမဟုတ်သည့် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန် သက်သက် အတွက် ရယူရန် အကြောင်းမရှိနိုင်ချေ။

| | |
|---|---|
| **အယူခံတရားလိုအတွက်** | — ဦးအုန်းမြင့် (ပဲခူး)၊ ဗဟိုတရားရုံး ရှေ့နေ။ |
| | ဦးအုန်းမြင့် (ပဲခူး)၊ ဗဟိုတရားရုံး ရှေ့နေ။ |
| | ဦးမောင်မောင်ခင်၊ ဗဟိုတရားရုံး ရှေ့နေ။ |
| အယူခံတရားပြိုင်အတွက် | — ဦးမောင်မောင်ခင်၊ ဗဟိုတရားရုံး ရှေ့နေ။ |
| | ဦးမောင်မောင်ခင်၊ ဗဟိုတရားရုံး ရှေ့နေ။ |
| | ဦးအုန်းမြင့် (ပဲခူး)၊ ဗဟိုတရားရုံး ရှေ့နေ။ |
| တရားရေးအကြံပေး | — ဦးကျော်ထွန်းအောင် |

သနပ်ပင်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၄/ ၈၂ တွင် အမှုအစောဒအတွင်း ကွယ်လွန်သွားသူ ဦးမောင်ကြီးအပေါ်၌ လည်းကောင်း၊

၁၉၈၇
ဦးကျော်သန်း
ဒေါ်သိန်းကြည်
ဦးကြည်
နှင့်
ဦးကြည်
ဦးကြည်
ဒေါ်သန်းမြင့်

တရားမကြီးမှုအမှတ် ၅/၈၂ တွင် ဦးကျော်သန်းအပေါ်၌လည်းကောင်း၊ တရားမကြီးမှု အမှတ် ၆/၈၂ တွင် ဒေါ်သိန်းကြည် အပေါ်၌ လည်းကောင်း ဦးကြည်က တရားလိုပြုလုပ်ပြီး ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ငှားရမ်းထားသည့် အိမ်ခန်းအသီးသီးမှ နှင်လိုမှုစွဲဆိုသည်။ သနပ်ပင်မြို့နယ်တရားရုံးက စွဲဆိုမှုအားလုံးတွင် ဦးကြည့်အား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။ မြို့နယ်တရားရုံး၏ ဒီကရီကို မကျေနပ်၍ ပဲခူးတိုင်း တရားရုံး၊ တရားမ ပထမအယူခံမှု အမှတ် ၈၃/၈၅ တွင် ဦးမောင်ကြီး၏ ဇနီး ဒေါ်သန်းမြင့်က လည်းကောင်း၊ တရားမ ပထမအယူခံမှု အမှတ် ၈၂/၈၅ တွင် ဦးကျော်သန်းက လည်းကောင်း၊ တရားမ ပထမအယူခံမှု အမှတ် ၈၄/၈၅ တွင် ဒေါ်သိန်းကြည်က လည်းကောင်း အသီးသီး အယူခံဝင်သည်။ ပဲခူးတိုင်း တရားရုံးက ဒေါ်သန်းမြင့်၏ အယူခံမှုကို ခွင့်ပြုပြီး ဦးကျော်သန်းနှင့် ဒေါ်သိန်းကြည်တို့၏ အယူခံမှုများကို ပလပ်ခဲ့သည်။ ထို့ကြောင့် တရားမ ပထမအယူခံမှု အမှတ် ၈၃/၈၅ တွင် ချမှတ်သော တိုင်းတရားရုံး၏ ဒီကရီကိုမူလရုံးတရားလို ဦးကြည်က မကျေနပ်၍ လည်းကောင်း၊ တရားမ ပထမ အယူခံမှု အမှတ် ၈၂/၈၅ တွင် ချမှတ်သော တိုင်းတရားရုံး၏ ဒီကရီကို မူလရုံး တရားပြိုင် ဦးကျော်သန်းက မကျေနပ်၍ လည်းကောင်း၊ တရားမ ပထမ အယူခံမှု အမှတ် ၈၄/၈၅ တွင် ချမှတ်သော တိုင်းတရားရုံး၏ဒီကရီကို မူလရုံး တရားပြိုင် ဒေါ်သိန်းကြည်က မကျေနပ်၍ လည်းကောင်း ဗဟိုတရားရုံး၌ ဤတရားမ ဒုတိယ အယူခံမှုများကို အသီးသီး တင်သွင်းကြသည်။

ဤအယူခံမှု (၃) မှု လုံးတွင် ဥပဒေအချက်အလက်နှင့် အကြောင်းခြင်းရာ အချက်အလက်တို့မှာ အတူတူဖြစ်၍ ဤစီရင်ချက်သည် အယူခံမှု (၃) မှုလုံးနှင့် သက်ဆိုင်စေရမည်။

ဦးကြည်က ၂၀-၆-၈၄ နေ့တွင် သက်သေခံသောအခါ ''သက်နီးဝင်သည်မှာ ၅ ဝါရှိပြီး ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ တရား အားထုတ်ရန် ဖြစ်ပါသည်။ ဒုလ္လဘအဖြစ် ပျော်သရွေ့ဝတ်ရန် ရည်ရွယ်ချက်ရှိပါသည်''ဟု ထွက်ဆိုထားရာ အချင်းဖြစ်အမှုများကို ၂-၆-၈၂ နေ့တွင် စွဲဆိုခဲ့စဉ်က ဦးကြည်မှာ သာသနာ့ဘောင်တွင် ရှိနေကြောင်း ယုံမှားဖွယ်မရှိချေ။ ရဟန်းသံဃာများ အမြဲတမ်း သီတင်းသုံးရာ ဌာနသည် ဘုန်းကြီးကျောင်းသာဖြစ်ရာ ရဟန်းဝတ်လျက်ရှိသူ တစ်ဦးသည် ဘုန်းကြီးကျောင်းမဟုတ်သည့် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန် သက်သက် အတွက် ရယူရန် အကြောင်းမရှိနိုင်ချေ။ ဦးကြည်၏ရှေ့နေက အချင်းဖြစ် အခန်းများကို ပြန်ရသောအခါ ဦးကြည်သည် လူထွက်ရန် ရည်ရွယ်ချက်ရှိကြောင်း တင်ပြလျှောက်ထားသည်။ လူထွက်သောအခါ အချင်းဖြစ်

ဥပစာများကို ကိုယ်တိုင် နေထိုင်ရန်အတွက် ရယူရန်အကြောင်း ပေါ်ပေါက်နိုင်မည် ဖြစ်သော်လည်း လူမထွက်မီ ယင်းဥပစာများကို နေထိုင်ရန်အတွက် ရယူရန် အကြောင်းမရှိသေး၍ သက်ဆိုင်ရာ အိမ်ငှားများအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ကာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ကြောင်း ထင်ရှားသည်။

ဦးကြည် (ရဟန်းဘွဲ့ ဦးဝိသုဒ) ၏ ဗဟိုတရားရုံးရှေ့နေက ဦးကြည် ရဟန်းဝတ်နေခြင်းသည် ဒုလ္လဘအဖြစ် နေခြင်းလော၊ ထာဝစဉ် ရဟန်းဝတ်ခြင်းလောဟူသော အချက်ပေါ်မူတည်၍ ဤအမှုများကို အဆုံးအဖြတ်ပေးရန် ဖြစ်ပါကြောင်း တင်ပြလျှောက်လဲသည်။ ဦးကြည်သည် ဒုလ္လဘရဟန်းအဖြစ် နေခြင်းလော၊ ထာဝစဉ် ရဟန်းဝတ်ခြင်းလောဟူသော ပြဿနာကို ဤအမှုတွင် ဆုံးဖြတ်ရန် မလိုအပ်ပေ။ အဆုံးအဖြတ်ပေးရန် ပြဿနာမှာ တရားလိုသည် အချင်းဖြစ်ဥပစာကို ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ပိုင်ရှင်ဟုတ်မဟုတ်၊ ထိုပိုင်ရှင်ထံမှ ထိုနေ့ နောက်ပိုင်းတွင် အစမှုဆက်ခံခြင်းဖြင့် ပိုင်ရှင်ဖြစ်လာသူ ဟုတ်မဟုတ်နှင့် အချင်းဖြစ် ဥပစာကို မိမိကိုယ်တိုင် နေထိုင်ရန် သက်သက်အတွက် ရယူလိုခြင်း ဟုတ်မဟုတ် စသည့်အချက်များ ဖြစ်ပေသည်။

ထို့ကြောင့် ဦးကျော်သန်းနှင့် ဒေါ်သိန်းကြည်တို့၏ အယူခံမှုများကို ခွင့်ပြုပြီး ပဲခူးတိုင်း တရားရုံး၊ တရားမ ပထမ အယူခံမှုအမှတ် ၇၂/၇၅ နှင့် ၇၄/၇၅ တို့တွင် ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီတို့ကို လည်းကောင်း၊ မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကိုလည်းကောင်း ပယ်ဖျက်ကာ သနပ်ပင်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၇၂ နှင့် ၆/၇၂ တို့ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဦးကြည်၏ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပြီး သနပ်ပင်မြို့နယ် တရားရုံး၏ ဒီကရီကို ပယ်ဖျက်ခဲ့သည့် ပဲခူးတိုင်း တရားရုံး၊ တရားမ ပထမအယူခံမှု အမှတ် ၇၃/၇၅ ၏ ဒီကရီကို အတည်ပြုသည်။

အယူခံမှု တစ်မှုစီအတွက် ရှေ့နေခ ကျပ် ၁၀၀/–စီ သတ်မှတ်သည်။

# တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာမန်းသက်စံနှင့် ဦးစင်းမောင်-၂ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခင်လှပေါ် (၂)

နှင့်

ဦးရဲလွင်ဦး *

† ၁၉၀၇ ဒီဇင်ဘာလ ၁၄ ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀—ယင်းအမိန့်နှင့် နည်းဥပဒေအရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်ကို မကျေနပ်ပါက ကုစားရန်လမ်းရှိသဖြင့်၊ ဗဟိုတရားရုံးသည် ပြင်ဆင်မှုအာဏာကို ကျင့်သုံး၍စွက်ဖက်ရန် မသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ အရ လျှောက်ထားသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့်ကို မကျေနပ်ပါက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၃ အရ တရားတထုံး စွဲဆိုနိုင်ရန် လမ်းဖွင့်ပေးထားသည်ဖြစ်ရာ ယင်းသို့ နစ်နာချက်ကို ကုစားရန် လမ်းဖွင့်နေသည့် အချက်တွင် ဗဟိုတရားရုံးသည် ပြင်ဆင်မှုအာဏာကို ကျင့်သုံး၍ စွက်ဖက်ရန် မသင့်ပေ။

လျှောက်ထားသူများအတွက် — ဦးသိန်းလွန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးမောင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးခင်စိုး

ပခုက္ကူတိုင်းတရားရုံး၊ တရားမ ဇာရီမှုအမှတ် ၄/၀၆ (ပြည်) တွင် လျှောက်ထားခံရသူဦးရဲလွင်ဦးက တရားနိုင်အဖြစ်ဖြင့် တရားရှုံးဦးချစ်ရင်

---

* ၁၉၀၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၂၀

† ၁၉၀၆ ခုနှစ်၊ တရားမ ဇာရီမှု အမှတ်ရ (ပြည်) တွင် ချမှတ်သော (၁၄-၉-၀၇)ရက်နေ့စွဲပါ ပခုက္ကူတိုင်းတရားရုံး၏ အမိန့်ကိုလျှောက်ထားမှု။

၁၉၇၇
ဦးခင်လှပါ (၂) နှင့် ဦးရဲလွင်ဦး

ဒေါ်မြွေးမြွေး၊ ဒေါ်ညွန့်ညွန့်၊ ဦးဂနီနှင့် ဒေါ်လှတို့အပေါ် အခိုပါ တရားရုံး၊ တရားမကြီးမှု အမှတ် ၃၇/၇၄ (ပြည်) တွင် ရရှိထားသော ဒီကရီကိုအတည်ပြုရာ တိုင်းတရားရုံးက ထုတ်ဆင့်သော အပ်ဝရမ်းအရ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ မြေကွက်အမှတ်-၇၊ ဦးပိုင်အမှတ် ၉၉ ပေါ်ရှိ ပြည်မြို့၊ ရုံးကြီးလမ်း၊ အမှတ်—၁၄၄ စာရင်းပေါက်သည့် အိမ်တစ်ဆောင်ကို ၇-၄-၇၇ နေ့တွင် ဖယ်ရှား၍ မြေကို တရားနိုင်အား ပေးအပ်လိုက်သည်။ ထိုအခါ ပဒေါင်းမြို့၊ ကြခတ်ရပ်၊ တောင်ကုတ်လမ်း တွင် နေထိုင်သူ ဦးခင်လှနှင့်ဇနီး ဒေါ်ခင်စိန်တို့က ယင်းအိမ်နှစ်ဆောင် အနက် တရားရှုံး ဦးဂနီနှင့် ဒေါ်လှတို့နေထိုင်သည့်အိမ်မှာ ၎င်းတို့ပိုင်ဖြစ် ကြောင်း၊ သူတို့နှင့် မသက်ဆိုင်သော ယင်းအိမ်ကို ဖယ်ရှားလိုက်သော ကြောင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၁၀၀ အရ စုံစမ်းပေး စေလိုကြောင်း အထက်ဖော်ပြပါ ဇာရီမှုတွင် လျှောက်ထားသည်။ တိုင်း တရားရုံးက အချင်းဖြစ်အိမ်မှာ တရားနိုင်၏ မြေပေါ်တွင် ဆောက်လုပ် ထားကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်၍ လျှောက်လွှာကို ပလပ်လိုက် သောကြောင့် ဦးခင်လှတို့က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို လျှောက် ထားလာသည်။

ဒီကရီကို အတည်ပြုသော တရားရုံးသည် ဇာရီမှု တစ်မှုတွင် မည်သည့် ပြဿနာများကို အဆုံးအဖြတ်ပေးနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇ တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူတို့သည် ဇာရီမှုတွင် ဖြစ်စေ၊ မူလမှုတွင်ဖြစ်စေ အမှုသည်အဖြစ် ပါဝင်သူများ မဟုတ်ချေ။ သို့ဖြစ်ရာ လျှောက်ထားသူတို့တင်ပြသောပြဿနာကို တရားနိုင် ဦးရဲလွင်ဦး ဖွင့်လှစ်သည့် ဇာရီမှုတွင် အဆုံးအဖြတ်ပေးခွင့် မရှိသည့်အလျောက် ပဲခူး တိုင်း တရားရုံးက လျှောက်ထားသူတို့၏ လျှောက်လွှာကို ပလပ်လိုက်ခြင်း မှာ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်း မရှိပေ။

လျှောက်ထားသူတို့သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ အရ လျှောက်လွှာတင်သွင်းရာ၌ တရားနိုင် ဦးရဲလွင်ဦး ဖွင့်လှစ် သော ဇာရီမှုတွင် တင်သွင်းရန် မဟုတ်ချေ။ တရားမအထွေထွေမှုအဖြစ် သီးခြားလျှောက်ထားရန် ဖြစ်သည်။ ဇာရီမှုတွင် မှားယွင်းလျှောက်ထား သည့်လျှောက်လွှာကို တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇ (၂) နှင့် ပုဒ်မ ၁၄၁ တွင် ခွင့်ပြုထားသည့်အတိုင်း တရားမအထွေ ထွေမှုအဖြစ် ပြောင်းလဲ၍ ဖွင့်လှစ်နိုင်သည်။

တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၁၀၀ အရ တင်သွင်းသည့် ၃၁—၇—၇၇ နေ့ ရက်စွဲပါ လျှောက်လွှာအပိုဒ် (၇) တွင် အချင်းဖြစ် အိမ်

၁၉၇၇
ဦးခင်လှပါ (၂) နှင့် ဦးရဲလွင်ဦး

ကို ၈—၄—၇၇ နေ့က ဖယ်ရှားခဲ့ကြောင်း ဖော်ပြထားသည်။ ၎င်းရုံးတွင် တင်သွင်းသော ပြင်ဆင်လွှာ အပိုဒ် (၆) တွင်လည်း အလားတူ ဖော်ပြထားသည်။ သို့ဖြစ်ရာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၅ တွင်ခွင့်ပြုထားသည့် စည်းကမ်းသတ် ကာလရက် (၃၀) ထက် ကျော်လွန်နေကြောင်း ထင်ရှားသည်။

လျှောက်ထားသူတို့သည် ၃၁—၈—၇၇ ရက်စွဲပါ လျှောက်လွှာကို မတင်မီ ၁၀—၃—၇၇ ရက်စွဲပါ လျှောက်လွှာဖြင့် ပဲခူးတိုင်း တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၇/၈၆ (ပြည်) ကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ဘူးသည်။ ယင်း လျှောက်လွှာကို တိုင်းတရားရုံးက ပလပ်လိုက်သဖြင့် လျှောက်ထားသူတို့က တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၂၅/၇၇ တွင် လျှောက်ထားရာ ယင်းပြင်ဆင်မှုကို ဗဟိုတရားရုံးက ၂၇—၇—၇၇ နေ့တွင် ပလပ်ခဲ့သည်။ ဦးခင်လှတို့၏ ရှေ့နေက မိမိအမှုသည်များသည် ဗဟိုတရားရုံးတွင် ယင်းပြင်ဆင်မှု တင်သွင်းထားသောကြောင့် ယင်းအမှုပြီးပြတ်သည့်အခါမှသာ တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၁၀၀ အရ တိုင်းတရားရုံးတွင် လျှောက်ထားရခြင်းဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။ ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၂၅/၇၇ တွင် ပေါ်ပေါက်သော ပြဿနာသည် ၃၁—၈—၇၇ နေ့၌တင်သွင်းသော လျှောက်လွှာပါကိစ္စနှင့် မတူချေ။ တိုင်းတရားရုံးက ထုတ်ပေးသော အပ်ငွေရမ်းကို အတည်ပြုရာ၌ လျှောက်ထားသူတို့ ပိုင်သည်ဟု အဆိုရှိသော အိမ်ကို အချင်းဖြစ်မြေမှ ဖယ်ရှားသည်နှင့်တပြိုင်နက် လျှောက်ထားသူတို့သည် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၁၀၀ အရ လျှောက်ထားခွင့်ရှိသည်။ ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၂၅/၇၇ တွင် ချမှတ်မည့် ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရန်မလိုချေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၅ တွင် ဖယ်ရှားခံရသည့် ရက်နေ့မှ ရက် (၃၀) အတွင်း လျှောက်ထားရမည်ဟု အတိအလင်း သတ်မှတ်ထားသည်ဖြစ်၍ ကာလစည်းကမ်းသတ်ရက်ကို စတင်ရေတွက်ခြင်းကို စောင့်ဆိုင်းရန် အကြောင်းမရှိချေ။

ထို့ပြင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ အရ လျှောက်ထားသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ချမှတ်သောအမိန့်ကို မကျေနပ်ပါက တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၁၀၃ အရ တရားတထုံးစွဲဆိုနိုင်ရန် လမ်းဖွင့်ပေးထားသည်ဖြစ်ရာ ယင်းသို့ နစ်နာချက်ကို ကုစားရန်လမ်းပွင့်နေသည့်အချက်တွင် ဗဟိုတရားရုံးသည်ပြင်ဆင်မှုအာဏာကို ကျင့်သုံး၍ စွက်ဖက်ရန် မသင့်ပေ။

ထို့ကြောင့် လျှောက်ထားသူ၏ ပြင်ဆင်မှုကို ပလပ်လိုက်သည်။ စရိတ် သတ်မှတ်ခြင်း မပြု။

# တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးခင်မောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၀၇ ဒီဇင်ဘာလ ၂ ရက်

ဦးစံရှိန် ပါ(၂)

နှင့်

ဦးညွန့်မောင် *

**အခမဲ့ခွင့်နှင့် နေထိုင်သူ အဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှု–ယင်းအမှုမျိုးတွင် ဥပစာ၏ ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံသည့် ပြဿနာနှင့် သားသမီးအဖြစ် မွေးစားခြင်း ပြဿနာတို့ကို အဆုံးအဖြတ် မပေးသင့်ခြင်း- အဆုံးအဖြတ် ပေးမည်ဆိုပါက အမွေမှု၊ လက်ရောက် ရလိုမှုစသည့် အမှုတို့ကို စွဲဆိုခြင်းပြုမည် မဟုတ်သဖြင့် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ကို ထိခိုက်နစ်နာဖွယ်ရာ ရှိခြင်း။**

စစ်ကိုင်းတိုင်း တရားရုံး၊ ၁၉၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၁ တွင် အမွေရှင်၏ မောင်ဖြစ်သူ အယူခံတရားပြိုင် ဦးညွန့်မောင်က အမွေရှင်၏ အခမဲ့ နေထိုင်ခွင့်ဖြင့် နေထိုင်သူ ကိုစ္စ္စမသား အမည်ခံ အယူခံတရားလို ဦးစံရှိန်နှင့် ဒေါ်သောင်းအေးတို့အပေါ် အခမဲ့ ခွင့်နှင့် နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှု စွဲဆိုသည့်အတိုင်း ဒီကရီရရှိသည်။ အဆိုပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သောကြောင့် ဦးစံရှိန်တို့က ဗဟိုတရားရုံးတွင် ပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အခွင့်အမိန့်နှင့် နေထိုင်သူအား နှင်ထုတ်လိုမှုစွဲဆိုရာတွင် ဥပစာ၏ ပိုင်ဆိုင်ခွင့်သည် မည်သူ့ထံ၌ ရှိသည်ဆိုခြင်းကို နက်နက်

---

* ၁၉၀၅ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၉၉

† ၁၉၀၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ (စစ်ကိုင်းစု)တွင် ချမှတ်သော (၂၀-၆-၀၅)ရက် နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် **ဒီကရီကိုအယူခံမှု။**

၁၉၈၇
ဦးစံရှိန် ပါ (၂) နှင့် ဦးညွန့်မောင်

နဲနဲ စိစစ်ရန် မဟုတ်ပေ။ ယင်းအမှုမျိုးတွင် အမွေ ဆက်ခံသည့် ပြဿနာ၊ သားသမီးအဖြစ် မွေးစားခြင်းဟုတ် မဟုတ်ဆိုသည့် ပြဿနာများကို အဆုံးအဖြတ် မပေးသင့်ပေ။ ထိုကဲ့သို့ နက်နဲသိမ်မွေ့သည့် ပြဿနာများကို ဤအမှုမျိုးတွင် အဆုံးအဖြတ် ပေးမည်ဆိုပါက မည်သူကမျှ တံဆိပ်ခေါင်းဖိုးအကုန်ခံကာ ပစ္စည်းတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းကပ်ရသည့် အမွေမှု၊ လက်ရောက်ရလိုမှု စသည့်အမှုတို့ကို၊ စွဲဆိုခြင်းပြုမည် မဟုတ်ဘဲ တံဆိပ်ခေါင်း ၂၀ ကျပ် ကပ်ကာ ပေါ့ပေါ့နှင့် လွယ်လွယ် စွဲဆိုကြမည် ဖြစ်သည်။ ယင်းသို့စွဲဆိုလျှင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော် ထိခိုက်နစ်နာဖွယ်ရာ ရှိပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးထွန်းအုံ၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးမင်းလွင် |

စစ်ကိုင်းတိုင်း တရားရုံး၊ ၁၉၈၄ ခုနှစ် တရားမကြီးမှု အမှတ် ၁ တွင် အယူခံတရားပြိုင် ဦးညွန့်မောင်က အယူခံတရားလို ဦးစံရှိန်နှင့် ဒေါ်သောင်းအေးတို့အပေါ် အခမဲ့ခွင့်နှင့် နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှု စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိသည်။ အဆိုပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သောကြောင့် ဦးစံရှိန်တို့က ဗဟိုတရားရုံးတွင် ဤပထမ အယူခံကို တင်သွင်းသည်။

အယူခံတရားပြိုင် (မူလတရားလို) ဦးညွန့်မောင်က မြောင်မြို့၊ မြို့သစ်ရပ် အရှေ့တွင်-လမ်း၊ အနောက်တွင် ဦးသောင်းဖေ ပိုင်မြေ၊ တောင်ဘက်တွင် ဝတ္တကမြေ၊ မြောက်ဘက်တွင် ဦးသန်းမောင်ဝိုင်းမြေ နယ်လေးရပ်အတွင်းရှိ ဝိုင်းမြေနှင့် မြေပေါ်ရှိ နေအိမ်ကို ဦးအုန်းဖေနှင့် ဇနီး ဒေါ်မမလေးတို့က ပိုင်ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဦးအုန်းဖေ ကွယ်လွန်၍ ဇနီး ဒေါ်မမလေးပိုင် ဖြစ်လာကြောင်း၊ ၁၉၈၂ ခုနှစ် ဩဂုတ်လတွင် ဒေါ်မမလေး ကွယ်လွန်သောအခါ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တစ်ဦးတည်းသော မောင်ဖြစ်သူ မိမိက ပိုင်ဆိုင်ကြောင်း၊ မိမိသည် ဒေါ်မမလေး အသက်ရှိစဉ်ကပင် အချင်းဖြစ်အိမ်တွင် အတူနေထိုင်ခဲ့သူဖြစ်ကြောင်း၊ ဦးအုန်းဖေသည် မြေတိုင်း အင်စပိတ်တော် တစ်ဦးဖြစ်၍ ဦးစံရှိန်က မြေတိုင်းစာရေး ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခင်မင်သည့်အလျောက် ဦးအုန်းဖေ ဒေါ်မမလေးတို့က ဦးစံရှိန်အား ၎င်းတို့ အိမ်ဖောင်းထဲတွင် ၁၉၆၆-၆၇ ခုနှစ် လောက်က နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ်

၁၉၀၇
ဦးစံရှိန် ပါ (၂) နှင့် ဦးညွန့်မောင်

ခန့်တွင် ဦးစံရှိန်သည် ဒေါ်သောင်းအေးနှင့်မင်္ဂလာ ဆောင်ပြီးနောက် ဇောင်းထဲတွင်ပင် နေကြကြောင်း၊ ဒေါ်မမလေး ကွယ်လွန်ပြီး တစ်နှစ်ခန့် အကြာတွင် ဦးစံရှိန်တို့အား ဆက်လက်နေခွင့်မပြုလိုတော့၍ (၈-၉-၀၇) ရက်နေ့က တစ်လအတွင်း အိမ်မှ ထွက်ခွာသွားရန် ပြောကြားခဲ့သော်လည်း ထွက်သွားခြင်း မရှိကြောင်း စသည်ဖြင့် အခိုင် ပြုသည်။

အယူခံတရားလို (မူလတရားပြိုင်) ဦးစံရှိန်နှင့် ဒေါ်သောင်းအေးတို့က အချင်းဖြစ် ဝိုင်းမြေကို ဦးအုန်းဖေ ဒေါ်မမလေးတို့ ကွယ်လွန်ပြီးနောက် မိမိတို့က ပိုင်ကြောင်း၊ ဒေါ်မမလေးတွင် အစ်ကိုနှစ်ယောက်နှင့် မောင် ဦးညွန့်မောင်တို့ ကျန်ရစ်ကြောင်း၊ ဒေါ်မမလေး ကွယ်လွန်သောအခါ အချင်းဖြစ် အိမ်နှင့်မြေကို ဦးညွန့်မောင်က မပိုင်ဘဲ မိမိတို့ကပိုင်ကြောင်း၊ ဦးညွန့်မောင်သည် အချင်းဖြစ် အိမ်ပေါ်တွင် ဒေါ်မမလေးနှင့် အတူတကွ မနေထိုင်ဖူးကြောင်း၊ ၁၉၈၂ ခုနှစ်မှစ၍ သွားချည် လာချည်သာ နေဖူးကြောင်း၊ ဦးအုန်းဖေနှင့် ဒေါ်မမလေးတို့က ဦးစံရှိန်အား ကိတ္တိမ သားအဖြစ် မွေးစားခဲ့ပြီး အတူတကွ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးညွန့် မောင် နှောင့်ယှက်မည်စိုး၍ သက်သေခံ အမှတ် (က) စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ၁၉၆၀ ပြည့်နှစ်မှစ၍ ဦးအုန်းဖေ ဒေါ်မမလေးတို့၏ မွေးစား သားအဖြစ် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ဦးစံရှိန်သည် ဒေါ်သောင်း အေးနှင့် မင်္ဂလာဆောင်စဉ်က ဖိတ်စာတွင် ဦးအုန်းဖေ ဒေါ်မမလေး တို့၏ ကိတ္တိမသား ဟု ဖော်ပြခဲ့ကြောင်း၊ ဦးညွန့်မောင်သည် ယခု အမှု စွဲဆိုခါနီးမှ မိမိထံညအိပ် ခွင့်တောင်းကာ တရားစွဲခြင်း ဖြစ်ကြောင်း၊ ဦးညွန့်မောင် မိမိတို့ကို ထွက်ခွာပေးရန် မပြောဖူးကြောင်း စသည်ဖြင့် ခုခံချေပသည်။

အချင်းဖြစ်ဥပစာသည် ဦးအုန်းဖေ ဒေါ်မမလေးတို့ပိုင် ပစ္စည်း ဖြစ်ကြောင်း အမှုတွင် အငြင်းမပွားကြချေ။ ၎င်းတို့တွင် သားသမီးမထွန်းကား ပေ။ ဦးအုန်းဖေ ၁၉၇၅ ခုနှစ်တွင် ကွယ်လွန်သောအခါ အဆိုပါဥပစာ ကို ဇနီးဖြစ်သူ ဒေါ်မမလေးက ဆက်ခံရရှိသည်။ သားသမီး မရှိသည့် အိမ်ထောင်တွင် ခင်ပွန်း သို့မဟုတ် ဇနီး ကွယ်လွန်သောအခါ ကျန်ရစ်သူ မုဆိုးမ သို့မဟုတ် မုဆိုးဖိုသည် ကွယ်လွန်သူရရန်ရှိသော အမွေ မခွဲဝေ ရသေးသည့် ပစ္စည်းအပါအဝင် ကွယ်လွန်သူ၏ ပစ္စည်းတစ်ရပ်လုံးကို ဆက်ခံရရှိသည်။ **မောင်ဝိုက်နှင့် မောင်ငြိမ်း** [၁] ကို ရည်ညွှန်းသည်။ ဒေါ်မမလေး ၁၉၈၂ ခုနှစ် ဩဂုတ်လတွင် ကွယ်လွန်သောအခါ အစ်ကို ဖြစ်သူ ဦးအုန်းမောင်နှင့် ဦးခင်မောင်တို့ ကျန်ရစ်စေကာမူ မောင်ဖြစ်သူ အယူခံတရားပြိုင် ဦးညွန့်မောင်က ဒေါ်မမလေး၏ အမွေကို ဆက်ခံရရှိ သည်။ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ကွယ်လွန်သူ၏ ညီအစ်ကို

(၁) (၁၀၉၇-၀၁) အထက်မြန်မာနိုင်ငံ စီရင်ထုံးများ၊ အတွဲ ၂၊ စာ-၁၄၆

မောင်နှမများအနက် ညီငယ် ညီမငယ်များသည် အင်ကိုအစ်မတို့ကို အမွေမှ ထုတ်ပယ်သည်။ မမြဖြင်နှင့် မအေးတင်ပေါ(၂)(ဂ) ကို ရည်ညွှန်းသည်။ ဒေါ်မမလေးထံမှ အမွေဆက်ခံရရှိသူ ဦးညွန့်မောင်သည် ကွယ်လွန်သူအမွေရှင်က ဟင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိပေသည်။ ဦးသိန်းအောင်ပေါ (၂) နှင့် ဒေါ်ဝင်းပေါ(၃)(ဂ)ကို ရည်ညွှန်းသည်။ ၁၉၈၇ ဦးစံရှိန် ဝါ (၂) နှင့် ဦးညွန့်မောင်

အမှုတွင် အယူခံတရားလို ဦးစံရှိန်က ၎င်းသည် ဦးအုန်းဖေ ဒေါ်မမလေး တို့၏ ကိတ္တိမမွေးစားသား ဖြစ်သောကြောင့် ၎င်းတို့၏ အမွေကို တစ်ဦးတည်း ဆက်ခံရရှိ၍ အချင်းဖြစ်အိမ်တွင် ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ကြောင်း တင်ပြသည်။

စစ်ကိုင်းတိုင်း တရားရုံးက ဦးစံရှိန်အား ဦးအုန်းဖေတို့က မှတ်ပုံတင် စာချုပ်ဖြင့် မွေးစားခြင်းမဟုတ်သောကြောင့် တရားဝင် ကိတ္တိမ မွေးစား သား မဟုတ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် အချင်းဖြစ်ဥပစာတွင် ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်သည်ဟု မဆိုနိုင်ကြောင်း၊ ဦးအုန်းဖေနှင့် ဒေါ် မမလေးတို့ထံမှ အမွေဆက်ခံရရှိသူ ဦးညွန့်မောင်အနေဖြင့် ဦးစံရှိန်တို့ အပေါ် အခမဲ့ခွင့်နှင့် နေသူအဖြစ်နှင့် နှင်ထုတ်ပေးစေလိုမှု စွဲဆိုခွင့်ရှိ ကြောင်း ဆုံးဖြတ်ကာ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချပေးသည်။

၎င်းအယူခံတွင် ဦးအုန်းဖေ ဒေါ်မမလေးတို့က အရပ်စာချုပ် သက် သေခံ အမှတ်(က)အရ မွေးစားခဲ့ကြောင်း၊ ဦးစံရှိန် ဒေါ်သောင်းအေး နှင့် လက်ထပ်စဉ်က မိတ်စာတွင် ဦးအုန်းဖေ ဒေါ်မမလေးတို့၏ ကိတ္တိမ သားဟု ဖော်ပြခဲ့ကြောင်း၊ ထိမ်းမြားလက်ထပ်ပြီးနောက် ဦးအုန်းဖေ ဒေါ်မမလေးတို့နှင့် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ၎င်းတို့ ကွယ်လွန်သည့် အခါ ရေချပနက်စွကို ဆောင်ရွက်ပေးကြောင်း၊ ထို့ကြောင့် ဦးစံရှိန်သည် ဦးအုန်းဖေ ဒေါ်မမလေးတို့၏ အပတိဋ္ဌသားအဖြစ် အချင်းဖြစ်အိမ်တွင် နေထိုင်ခဲ့ခြင်း ဖြစ်သောကြောင့် ဦးညွန့်မောင်၏အခမဲ့ခွင့်နှင့် နေသူမဟုတ် ကြောင်း တင်ပြသည်။ သက်သေခံအမှတ် (က)တွင် ဒေါ်မမလေးက လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ဥပစာတစ်ခုပေါ်မှ အခွင့်အမိန့်နှင့် နေထိုင်သူတစ်ဦးကို နှင်ထုတ်လိုမှုစွဲဆို၍ ထိုသူက အခွင့်အမိန့်နှင့်နေထိုင် ခြင်းကို ငြင်းဆိုလျှင် အခွင့်အမိန့်နှင့် နေထိုင်ခြင်းဖြစ်ကြောင်း၊ ထိုအခွင့်

(၂) ၁၃၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၊၉၇၃

(၃) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ – ၃၃၁

၁၉၀၇
ဦးစံရှိန် ပါ
(၂)
နှင့်
ဦးညွန့်မောင်

အမိန့်ကို ရုပ်သိမ်းပြီးဖြစ်ကြောင်း ထင်ရှားအောင် ပြသရန် တရားလိုတွင် တာဝန်ရှိသည်။ ထိုကဲ့သို့ အခွင့်အမိန့်နှင့် နေထိုင်သူအား နှင်ထုတ်လိုမှု စွဲဆိုရာတွင် ဥပစာ၏ ပိုင်ဆိုင်ခွင့်သည် မည်သူ့ထံ၌ ရှိသည်ဆိုခြင်းကို နက်နက် နဲနဲ စိစစ်ရန်မဟုတ်ပေ။ ယင်းအမှုမျိုးတွင် အမွေဆက်ခံသည့် ပြဿနာ၊ သားသမီးအဖြစ် မွေးစားခြင်း ဟုတ် မဟုတ်ဆိုသည့် ပြဿနာ များကို အဆုံးအဖြတ် မပေးသင့်ပေ။ ထိုကဲ့သို့ နက်နဲသိမ်မွေ့သည့် ပြဿနာများကို ဤအမှုမျိုးတွင် အဆုံးအဖြတ်ပေးမည် ဆိုပါက မည်သူကမျှ တံဆိပ်ခေါင်းဖိုး အကုန်ခံကာပစ္စည်းတန်ဖိုးအပေါ်တွင် တံဆိပ် ခေါင်း ကပ်ရသည့် အမွေမှု လက်ရောက်ရလိုမှု စသည့်အမှုတို့ကို စွဲဆိုခြင်း ပြုမည်မဟုတ်ဘဲ တံဆိပ်ခေါင်း ၂၀ကျပ်ကပ်ကာ ပေါ့ပေါ့နှင့်လွယ်လွယ် စွဲဆိုကြမည်ဖြစ်သည်။ ယင်းသို့စွဲဆိုလျှင်နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော် ထိခိုက်နစ်နာဖွယ်ရာ ရှိပေသည်။ ထို့ပြင် **မောင်ကျော်ဝင်းပါ(၃)** နှင့် **ဒေါ်ကြည်ကြည်**(၄) အမှုတွင်စီရင်ဆုံးဖြတ်ထားသည်။ **ဦးရှမ်ကျွမ်း (ခ) ဦးဝင်းမောင်ပါ(၂)နှင့် ဒေါ်အုန်းလှပါ(၆)**(၅)**တွင်** မဟုတ် တရားရုံးက အဆိုပါဆုံးဖြတ်ချက်ကိုလက်ခံကာ အခမဲ့ခွင့်နှင့် နေသူကို နှင် ထုတ်လိုမှုတွင် ကိတ္တိမ မွေးစားသား ဟုတ် မဟုတ် ပြဿနာကို အဆုံး အဖြတ် ပေးရန် မသင့်ကြောင်း မှတ်ချက်ပြုထားသည်။

ဤအမှုတွင် ဦးစံရှိန်အား ဦးအုန်းဖေနှင့် ဒေါ်မမလေးတို့က မှတ်ပုံ တင် စာချုပ်ဖြင့် မွေးစားခဲ့ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။သို့ဖြစ်ရာ အခမဲ့ခွင့်နှင့် နေသူအား နှင်ထုတ်လိုမှုစွဲဆိုသည့် ဤအမှုမျိုးတွင် တရား ဝင် မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားထားသည့် ကိတ္တိမတစ်ပါး သားသမီး မွေးစားခြင်း ဟုတ် မဟုတ် ပြဿနာကို နက်နက်နဲနဲ စဉ်းစားဆုံး ဖြတ်ရန် မသင့်ပေ။ အပတိဋ္ဌသား ဖြစ်သည်ဟု အဆိုရှိသူ ဦးစံရှိန်အနေ ဖြင့် အမွေဆက်ခံခွင့်ရှိသည်ဟု ယူဆပါက အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရန် အခွင့်အရေးရှိပေသည်။ သို့ဖြစ်ရာ ဤအယူခံတွင် ဦးစံရှိန်က အပတိဋ္ဌသား ဖြစ်ကြောင်း တင်ပြချက်ကို လက်ခံစဉ်းစား ဆုံးဖြတ်ရန် မသင့်ပေ။

ဖော်ပြပါ အကြောင်းများကြောင့် စစ်ကိုင်းတိုင်း တရားရုံး၏ စီရင် ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤအယူခံစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/-သတ်မှတ်သည်။

---

(၄) ၁၉၆၇ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁(မန္တလေး)

(၅) ၁၉၇၅ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၀ (မန္တလေး)

# တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးတွမ်မှုန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်လှိုင်

နှင့်

ဦးချန်တာလုံ*

၁၉၀၇ †ဒီဇင်ဘာလ ၁ ရက်

**တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆ (ဃ) — မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသော အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုကို ပစ္စည်းတည်ရာအရပ်၌ အမှုတန်ဖိုး အရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည်ဖြစ်ခြင်း— ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်တို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၀ (က) ပါ ပြဋ္ဌာန်းချက်တို့ကို လွှမ်းမိုးသည်။**

**ဆုံးဖြတ်ချက်။** ။မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်းသည့် အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးကို အဆုံးအဖြတ်ပေးရန် အရေးဆိုသော အမှုဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (ဃ) နှင့် အကျုံးဝင်သည်ဖြစ်၍ ယင်းစွဲဆိုမှုကို ပစ္စည်းတည်ရာအရပ်၌ အမှုတန်ဖိုးအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၀ တွင် ၎င်းပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၆ အပါအဝင် ရှေ့ကလာသော ကန့်သတ်ချက်များကို အထောက်အထား ပြုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၁၆ (ဃ) ပါ ပြဋ္ဌာန်းချက်တို့သည် ပုဒ်မ ၂၀ (က) ပါ ပြဋ္ဌာန်းချက်တို့ကို လွှမ်းမိုးသည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဦးမောင်မောင်၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူအတွက် | — ဦးကိုကိုလေး၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — ဦးကျော်ထွန်းအောင် |

* ၁၉၀၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၂၄

† ၁၉၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် ချမှတ်သော (၆-၁-၀၇) ရက်နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၇၇
ဦးစိန်လှိုင်
နှင့်
ဦးချန်တာလုံ

ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃/၇၆ (ကလော) တွင် လျှောက်ထားခံရသူ ဦးချန်တာလုံက လျှောက်ထားသူ ဦးစိန်လှိုင်အပေါ် ၁၉၇၂-ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၌ ဦးစိန်လှိုင်နှင့် ဦးချန်တာလုံတို့ ချုပ်ဆိုသော နှစ်ဦးသဘောတူ ကတိစာချုပ်အတိုင်း ရှမ်းပြည်နယ် ကလောမြို့၊ အမှတ် (၅) ရပ်ကွက်တွင် တည်ရှိသော တိုက်ခံအိမ်နှင့် ယင်းအိမ်တည်ရှိရာ မြေကို တန်ဖိုးငွေ ၇၇၀၀၀/-ကျပ်ဖြင့် ရောင်းချကြောင်း စာချုပ် ချုပ်ဆိုပေးရန် တရား စွဲဆိုသည်။ ယင်းအမှုတွင် ဦးစိန်လှိုင်က အခြား အကြောင်းပြချက်များအပြင် အမှုကို ရန်ကုန်တိုင်း တရားရုံးတွင်သာ စွဲဆိုခွင့်ရှိကြောင်း၊ စွဲဆိုသော အမှုမှာလည်း ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း၊ ဦးချန်တာလုံ ကိုးကားသော ပဋိညာဉ် အက်ဥပဒေသည် ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်ခြင်းမရှိ၍ အမှုစွဲဆိုပုံ စွဲဆိုနည်း မှားယွင်းနေကြောင်း၊ နှစ်ဦးသဘောတူ စာချုပ်ပါ စည်းကမ်းနှင့် မကိုက်ညီဘဲ လွဲမှားသော သက်သာခွင့်ကို တောင်းဆိုထားခြင်းကြောင့်လည်း အမှုစွဲဆိုပုံ စွဲဆိုနည်း မှားယွင်းနေကြောင်း စသည်ဖြင့် ချေပထားသည်။ ရှမ်းပြည်နယ် တရားရုံးက ယင်းဥပဒေပြဿနာနှင့် စပ်လျဉ်း၍ ပဏာမငြင်းချက် (၄) ခု ထုတ်နုတ်ကြားနာပြီးနောက် ငြင်းချက် (၃) ခုကို တရားလို ဦးချန်တာလုံအား အသာပေးဆုံးဖြတ်ခဲ့ပြီး ငြင်းချက် တစ်ခုကို စစ်ဆေးပြီးမှ ဆုံးဖြတ်မည်ဟု အမိန့်ချမှတ်ခဲ့သောကြောင့် တရားပြိုင် ဦးစိန်လှိုင်က မကျေနပ်၍ ဗဟိုတရားရုံး၌ ဤတရားမ ပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

ရှမ်းပြည်နယ် တရားရုံးက ထုတ်နုတ်ခဲ့သော ပဏာမငြင်းချက်များမှာ—

‘‘၂။ ယခုအမှုကို ရန်ကုန်တိုင်းတရားရုံးတွင်သာ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်သဖြင့် ရှမ်းပြည်နယ်တရားရုံးတွင် စွဲဆိုခွင့်မရှိ ဆိုခြင်း မှန်သလား။

၃။ ယခုအမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်၍ လက်မခံသင့်ဆိုခြင်း မှန်သလား။

၄။ ပဋိညာဉ် အက်ဥပဒေသည် ရှမ်းပြည်နယ်အတွင်း အာဏာသက်ရောက်မှု မရှိသဖြင့် ယခုအမှုကို စွဲဆိုခွင့်မရှိဆိုခြင်း မှန်သလား။

၅။ ကတိစာချုပ်အရ ဆိုပါက တရားလိုကတရားပြိုင်ထံမှ စရံငွေ၏ တစ်ဆကိုသာ တောင်းဆိုပိုင်ခွင့်ရှိပြီး အိမ်ဥပစာ အပြီးအပိုင် ရောင်းချစေလိုသော အမိန့်ဒီကရီကို တောင်းဆိုခွင့်မရှိ ဆိုခြင်း မှန်သလား။’’

စသည်တို့ ဖြစ်သည်။

၁၉၅၇
ဦးစိန်လှိုင်
နှင့်
ဦးချန်တာလုံ

ငြင်းချက်အမှတ် (၂)နှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (က) နှင့် (ဃ)တို့အရ ရှမ်းပြည်နယ်တရားရုံးတွင် စွဲဆိုခွင့်ရှိသည် ဟူ၍ လည်းကောင်း၊ ငြင်းချက်အမှတ် (၃)နှင့် စပ်လျဉ်း၍ ကာလ စည်းကမ်းသတ် အက်ဥပဒေသည် ရှမ်းပြည်နယ်တွင် အာဏာ သက်ရောက်မှု မရှိသောကြောင့် စွဲဆိုမှုကို လက်ခံနိုင်သည် ဟူ၍လည်းကောင်း၊ ငြင်းချက်အမှတ် (၄) နှင့် စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေသည် ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်ခြင်း မရှိသော်လည်း မြန်မာနိုင်ငံ တရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၃) အရ ဤအမှုကို စွဲဆိုခွင့်ရှိသည် ဟူ၍လည်းကောင်း၊ ငြင်းချက်အမှတ် (၅) နှင့် စပ်လျဉ်း၍ တရားလိုနှင့် တရားပြိုင်တို့တွင် မည်သူက ကတိပျက်ကွက်ကြောင်းကို စစ်ဆေးပြီးမှ ဆုံးဖြတ်မည်ဟူ၍ လည်းကောင်း ဖြေဆိုအမိန့် ချမှတ်ခဲ့သည်။

လျှောက်ထားသူ၏ ရှေ့နေက အရောင်းအဝယ် ကတိစာချုပ်ကို ရန်ကုန်မြို့၌ ချုပ်ဆိုခဲ့ခြင်း၊ တရားပြိုင် ဦးစိန်လှိုင်သည် ရန်ကုန်မြို့၌ နေထိုင်လျက် ရှိပြီး ရန်ကုန်မြို့၌ပင် အလုပ် လုပ်ကိုင်လျက်ရှိခြင်း၊ လျှောက်ထားခံရသူ စွဲဆိုသောအမှုမှာ ကတိပျက်ကွက်မှုကြောင့် လျော်ကြေးရလိုမှုသာဖြစ်ခြင်း စသည့်အချက်များကို ရည်ညွှန်း၍ လျှောက်ထားခံရသူ စွဲဆိုသောအမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀ (က)နှင့်(ဂ) တို့တွင်အကျုံးဝင်သဖြင့် ရန်ကုန်တိုင်း တရားရုံး၌သာ စွဲဆိုရမည်ဖြစ်ကြောင်း ထင်ရှားပါလျက် ရှမ်းပြည်နယ်တရားရုံးက ပုဒ်မ ၁၆ (က) နှင့် (ဃ) တို့အရ ရှမ်းပြည်နယ် တရားရုံး၌ စွဲဆိုခွင့်ရှိသည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်လဲသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (က) နှင့် (ဃ)တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> 16. Subject to the pecuniary or other limitations prescribed by any law, suits—
>
> (a) for the recovery of immoveable property with or without rent or profits,
>
> (d) for the determination of any other right to or interest in immoveable property,
>
> shall be instituted in the Court within the local limits of whose jurisdiction the property situate;

၁၉၇၇
ဦးစိန်လှိုင်
နှင့်
ဦးချန်တာလုံ

လျှောက်ထားခံရသူသည် အချင်းဖြစ် အဆောက်အအုံနှင့် မြေကို သက်ရောက်ရလိုကြောင်း စွဲဆိုထားခြင်းမရှိဘဲ စာချုပ် ချုပ်ပေးစေလိုမှုသာ စွဲဆိုထားသည်ဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤစွဲဆိုမှုနှင့် သက်ဆိုင်ရန် အကြောင်းမရှိချေ။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော အရောင်းအဝယ် ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးရန် ရောင်းသူက စွဲဆိုသောအမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (ဃ) တွင် အကျုံးမဝင်ကြောင်း **အေရီမဒါရီနှင့် အာရ်မန္တားပါ** (၂) (၁) အမှုတွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် ယခုအမှုမှာကဲ့သို့ ဝယ်သူက စွဲဆိုသောအမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (ဃ) နှင့် အကျုံးဝင်မဝင် မြန်မာနိုင်ငံ တရားစီရင်ထုံးများတွင် ရှာဖွေမတွေ့ရှိရချေ။ ဖော်ပြပါ စီရင်ထုံးတွင် အရောင်းအဝယ်ပဋိညာဉ်ကိုသီးခြားဆောင်ရွက်ပေးစေရန် ရောင်းသူက စွဲဆိုသောအမှုနှင့် ဝယ်သူက စွဲဆိုသောအမှုတို့သည် ကွဲပြားခြားနားကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံရှိ တရားလွှတ်တော်အချို့ကမူ အရောင်းအဝယ် ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် ဝယ်သူက စွဲဆိုသောအမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (ဃ) တွင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

မရွှေ့ မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့် အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုမှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် စပ်လျဉ်းသော အခွင့်အရေးကို အဆုံးအဖြတ်ပေးရန် အရေးဆိုသော အမှုဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၆ (ဃ) နှင့် အကျုံးဝင်သည်ဖြစ်၍ ယင်းစွဲဆိုမှုကို ပစ္စည်းတည်ရာအရပ်၌ အမှုတာန်ဖိုးအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် စွဲဆိုရမည် ဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားသူသည် ရန်ကုန်မြို့၌ နေထိုင်လျက် ရှိပြီး ရန်ကုန်မြို့၌ပင် အလုပ် လုပ်ကိုင်လျက် ရှိခြင်းကြောင့် ရန်ကုန်တိုင်း တရားရုံး၌သာစွဲဆိုရမည်ဖြစ်ကြောင်းတင်ပြသည်မှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀ (က) ကို အခြေခံ၍ တင်ပြခြင်း ဖြစ်သည်။ ပုဒ်မ ၂၀ တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၆ အပါအဝင် ရှေ့ကလာသော ကန့်သတ်ချက်များကို အထောက်အထား ပြုရမည်

(၁) အေ အိုင် အာရ် ၁၉၁၆ အောက်မြန်မာပြည် စာ ၄၄

ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၁၆ (ဃ) ပါ ပြဋ္ဌာန်းချက်တို့သည် ပုဒ်မ ၂၀ (က) ပါ ပြဋ္ဌာန်းချက်တို့ကို လွှမ်းမိုးသည်။

၁၉၀၇
ဦးစိန်လှိုင်
နှင့်
ဦးချန်တာလုံ

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားခံရသူ စွဲဆိုသော အမှုကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀ (ဂ) အရ ရန်ကုန်တိုင်း တရားရုံး၌သာ စွဲဆိုရမည်ဖြစ်ကြောင်းတင်ပြခြင်းမှာ အရောင်းအဝယ် ပဋိညာဉ်စာချုပ်ကို ရန်ကုန်မြို့၌ ချုပ်ဆိုခဲ့ခြင်း၊ စာချုပ် အပိုဒ် (၅) တွင် ကတိပျက်ကွက်သူက စရန်ငွေတစ်ဆကို ပေးလျော်ရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားခဲ့ကြခြင်း စသည်တို့ကို ရည်ညွှန်းကာ တင်ပြလျှောက်ထားခြင်း ဖြစ်သည်။

လျှောက်ထားခံရသူသည် အဆိုလွှာတွင် လျော်ကြေး ရလိုကြောင်း တောင်းဆိုထားခြင်း မရှိချေ။ နှစ်ဦးသဘောတူ ကတိစာချုပ်အတိုင်း အချင်းဖြစ် အိမ်နှင့်မြေကို ရောင်းချသည့် စာချုပ် ချုပ်ဆိုပေးရန်သာ တောင်းဆိုထားသည်။ ကတိ တစ်စုံတစ်ရာ ရထားသူ တစ်ဦးသည် ယင်း ကတိအတိုင်း ဆောင်ရွက်ပေးစေရန် အရေးဆိုခွင့် ရှိပေသည်။ ယင်း အရေးဆိုခွင့်မှာ ကတိအတိုင်း မဆောင်ရွက်ခြင်းကြောင့် လျော်ကြေး တောင်းဆိုခွင့်နှင့် ကွဲပြားခြားနားသည်။ လျှောက်ထားခံရသူ စွဲဆိုသော အမှုမှာ လျော်ကြေးရလိုကြောင်း စွဲဆိုသော အမှုမဟုတ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၀ (ဂ) တွင် အကျုံးမဝင်ချေ။

အချင်းဖြစ် အဆောက်အအုံနှင့် မြေမှာ ကလောမြို့တွင် တည်ရှိသော ကြောင့် ယင်း အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်သည့်ကိစ္စကို ရှမ်းပြည်နယ် တရားရုံး၏ စီရင်ပိုင်ခွင့် ဒေသအတွင်း ကျရောက်သော ကလောမြို့နယ် မြေစာရင်း ဦးစီးဌာနတွင် ဆောင်ရွက်ရမည်ဖြစ်သည့် အလျောက် လျှောက်ထားခံရသူ၏ စွဲဆိုမှုကို ရှမ်းပြည်နယ် တရားရုံးတွင် စစ်ဆေးစီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ထားသည်မှာ သဘာဝကျပေသည်။ ထို့ကြောင့် စီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် တရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ရှမ်းပြည်နယ်တွင် ကာလစည်းကမ်းသတ် အက်ဥပဒေ အာဏာ သက်ရောက်မှုမရှိ၍ လျှောက်ထားခံရသူ စွဲဆိုသောအမှုသည် ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိ အဆုံးအဖြတ်ပေးရန် ပြဿနာ မပေါ်ပေါက်ပေ။

ပဋိညာဉ် အက်ဥပဒေသည် ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်မှု မရှိသဖြင့် ဤအမှုကို ရှမ်းပြည်နယ် တရားရုံး၌ တရားစွဲဆိုခွင့် ရှိမရှိနှင့်

၁၉၀၇
ဦးစိန်လှိုင်
နှင့်
ဦးချန်တာလုံ

စင်လျဉ်း၍ လျှောက်ထားသူ၏ ရှေ့နေက အငြင်းမပွားလိုတော့ကြောင်း တင်ပြသောကြောင့် ၎င်းပြဿနာကို အဆုံးအဖြတ်ပေးရန် မလိုအပ်တော့ပေ။

လျှောက်ထားသူ၏ ရှေ့နေက ငြင်းချက်အမှတ် (၅)မှာ ကတိစာချုပ်ကို ဖတ်ကြည့်ရုံမျှဖြင့် အဆုံးအဖြတ် ပေးနိုင်ကြောင်း ထင်ရှားနေပါလျက်နှင့် မည်သူက ကတိပျက်ကွက်ကြောင်း စစ်ဆေးပြီးမှ အဆုံးအဖြတ်ပေးမည်ဟု အမိန့်ချမှတ်ထားခြင်းမှာ ငြင်းချက်နှင့် ဆုံးဖြတ်ချက် တလွဲစီဖြစ်နေ၍ မှားယွင်းကြောင်း၊ အရောင်းအဝယ် စာချုပ်တွင် ကတိပျက်ကွက်သူမှ စရန်ငွေ၏ တစ်ဆကို ပေးလျော်ရန် သဘောတူညီခဲ့သည်ဖြစ်၍ လျှောက်ထားခံရသူသည် စရန်ငွေ၏ တစ်ဆ ရလိုမှသာ စွဲဆိုမည် ဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်နှင့် မြေကို ရောင်းချစေရန် စွဲဆိုထားခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြ လျှောက်လဲသည်။

ငြင်းချက်အမှတ် (၅)မှာ ကတိစာချုပ်ကို ဖတ်ရှုလေ့လာခြင်းနှင့် အဆုံးအဖြတ် ပေးနိုင်ပေသည်။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်ကို အခြေပြု၍ လျှောက်ထားခံရသူသည် စရန်ငွေတစ်ဆကို ရလိုမှ စွဲဆိုခွင့်ရှိပေသည်။ သို့ရာတွင် ယင်းသို့ စရန်ငွေ၏ တစ်ဆကို ရလိုမှ စွဲဆိုခွင့် ရှိရုံမျှဖြင့် အရောင်းအဝယ် ပဋိညာဉ်အတိုင်း သီးခြား ဆောင်ရွက်ပေးစေလိုမှ စွဲဆိုခွင့် မရှိတော့ပြီဟု ဆိုနိုင်မည် မဟုတ်ချေ။ လျှောက်ထားသူသည် လျှောက်ထားခံရသူအား အချင်းဖြစ် အိမ်နှင့်မြေကို တန်ဖိုးငွေ ၇၇၀၀၀/-ကျပ်ဖြင့် ရောင်းချရန် သဘောတူညီခဲ့သည့်အတိုင်း အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးရန် တာဝန်ရှိပေသည်။ ယင်းတာဝန်မှာ အရောင်းအဝယ် ပြုလုပ်ရန် ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုသည်နှင့် တစ်ပြိုင်နက် ပေါ်ပေါက်သော တာဝန်ဖြစ်၍ ယင်းတာဝန်ကို လျော်ကြေးနှင့် ဖလှယ်၍ ရနိုင်မည် မဟုတ်ပေ။

၎င်းစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည်မှာ လျှောက်ထားခံရသူက အဆိုလွှာအပိုဒ် (၇)တွင် မိမိပေးရန် ကျန်ရှိသော ငွေကျပ် ၆၀၀၀၀/–အပေါ် ရုံးခွန် ထမ်းဆောင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရုံးခွန် အက်ဥပဒေ ပုဒ်မ ၇(၁၀) (က) အရ ပဋိညာဉ်၏ အဖိုးစားနားဖြစ်သော ငွေကျပ် ၇၇၀၀၀ အပေါ်တွင် ရုံးခွန် ထမ်းဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့် လိုအပ်နေသော ရုံးခွန်ကို ရှမ်းပြည်နယ် တရားရုံးက ထပ်မံ ကောက်ခံရန် ဖြစ်သည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ၎င်းပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၅၀/– သတ်မှတ်သည်။

## တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးစန်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဒေါက်တာ မန်းသက်ငံတို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မဆန်း

နှင့်

ဒေါ်စောကွင့်(ခ) ဒေါ်စောကွန့်*

† ၁၉၀၇ အောက်တို ဘာလ ၂၀ -ရက်

ကွယ်လွန်သူ တရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ကျန်ရစ်သူ အမွေစား အမွေခံ အားလုံးအား ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်မှုလုံး ရပ်စဲခြင်း ရှိမရှိ၊ တရားလို ကွယ်လွန်သောအခါ တရားပြိုင်အပေါ် တရားစွဲဆိုခွင့်ကို အရှုံးမရောက်သောသူ အပေါ် အဝင် တရားလို၏ အမွေစား အမွေခံတို့က ဆက်ခံရရှိခြင်း— တရားဝင် ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒနှင့်စပ်လျဉ်း၍ အရေးပါမှု။

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် တရားရုံးတွင် ဒေါ်တင့်က ဒေါ်စောကွင့် (ခ) ဒေါ်စောကွန့် အပေါ်၊ အချင်းဖြစ် နေအိမ်မှ နှင်ထုတ်ပြီး ချက်အခ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်တင့် ကွယ်လွန်သွားသဖြင့် သမီးဖြစ်သူ မဆန်းက ဒေါ်တင့်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်၊ မြို့နယ်တရားရုံးက ဒေါ်တင့် စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သည်။ ဒေါ်စောကွင့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အမှုတွင် ဒေါ်တင့်၏ အမွေစား အမွေခံအားလုံးကို တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့ခြင်းမရှိ၍ တရားပြိုင်အား နှင်ပိုင်ခွင့် အပြည့်အဝ မရှိဟု အကြောင်းပြကာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၃၂

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၂၅ တွင် ချမှတ်သော (၁၆-၁၀-၇၄) ရက် နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု၊

၁၉၇၇
မဆန်း
နှင့်
ဒေါ်စောကွင့်
(ခ)
ဒေါ်စောကွန့်

ပယ်ဖျက်လိုက်သောကြောင့် မဆန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်**။ ။အမှု တစ်မှုတွင် တရားလို ကွယ်လွန်သောအခါ အမွေစား အမွေခံ တစ်ဦးထက်ပို၍ ကျန်ရစ်သည်တွင် အားလုံးကို တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်း မပြုလျှင် အမှုတစ်မှုလုံး ရပ်စဲခြင်း ရှိ-မရှိ ဆိုသော အချက်မှာ အမှု၏ ဖြစ်ရပ်ပေါ်တွင် မူတည်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ဒေါ်တင့် ကွယ်လွန်သွားသော အခါ ဒေါ်စောကွင့်အပေါ်တရားစွဲဆိုခွင့်ကို မောင်အောင်နိုင်အေး အပါအဝင် အမွေစား အမွေခံတို့က ဆက်ခံရရှိသည်ဖြစ်ရာ အမှုကို ဆက်လက် ဆောင်ရွက်လို မလို သိရှိနိုင်ရန် အမှုတွင် အမွေစား အမွေခံ အားလုံးကို ထည့်သွင်းရန် လိုအပ်ပေသည်။ ထိုစဉ်က မောင်အောင်နိုင်အေးသည် အရွယ် မရောက်သေးသော်လည်း ၎င်းသည် အုပ်ထိန်းသူဖြင့် အမှုတွင် ပါဝင် ဆောင်ရွက်နိုင်သည်။ မောင်အောင်နိုင်အေးသည် တရားပြိုင် ဒေါ်စောကွင့် နှင့် အတူ နေထိုင်သူဖြစ်သည်။ ၎င်းက ဒေါ်စောကွင့်တို့ အချင်းဖြစ် အိမ်တွင် ဆက်သက်နေထိုင်စေလိုသည့် ဆန္ဒရှိလျှင် ကျန်အမွေဆိုင်များ၏ ဆန္ဒ သက်သက်ဖြင့် ဒေါ်စောကွင့်ကို ဖယ်ရှားခွင့် ရှိမည်မဟုတ်ချေ။ ဤအခြေ အနေတွင် တရားဝင်ကိုယ်စားလှယ်များမစုံလင်ခြင်းကြောင့်စစ်ကိုင်းတိုင်း တရားရုံးက ဒေါ်တင့်စွဲဆိုသော အမှုကို ပလပ်လိုက်ခြင်းမှာ မှန်ကန် သည်။

အယူခံတရားလိုအတွက် — ဦးမြင့်ဆွေ၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမြေးလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးခင်စိုး

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် တရားရုံး ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ဒေါ်တင့်က ဒေါ်စောကွင့် (ခ) ဒေါ်စောကွန့် အပေါ် အချင်းဖြစ် နေအိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှား ပေးစေရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်တင့် ကွယ်လွန် သွားသဖြင့် သမီးဖြစ်သူ မဆန်းက ဒေါ်တင့်၏ တရားဝင် ကိုယ်စားလှယ် အဖြစ် ဆက်လက် ဆောင်ရွက်သည်။ မြို့နယ် တရားရုံးက နှစ်ဘက်ကို စစ်ဆေး ကြားနာပြီးနောက်ဒေါ်တင့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်

သည်။ ဒေါ်စောကွင့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံး ၁၉၈၄ နှစ်၊ တရားမ အယူခံမှုအမှတ် ၂၅ တွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အမှုတွင် ဒေါ်တင့်၏ အမွေစား အမွေခံ အားလုံးကို တရားငင် ကိုယ်စားလှယ်များ အဖြစ် ထည့်သွင်းခဲ့ခြင်း မရှိ၍ တရားပြိုင်အား နှင်ပိုင်ခွင့် အပြည့်အဝ မရှိဟု အကြောင်းပြကာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သောကြောင့် မဆန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။ ၁၉၈၇ မဆန်း နှင့် ဒေါ်စောကွင့် (ခ) ဒေါ်စောကွန့်

အမှုအတောအတွင်း ကွယ်လွန်သွားသူ ဒေါ်တင့်တွင် မဆန်း အပါအဝင် သားသမီး ၅ ယောက် ရှိခဲ့ရာ သမီး မတင်အေးမှာ ဒေါ်တင့် အရင် ကွယ်လွန်ခဲ့၍ သား မောင်အောင်နိုင်အေး ကျန်ရစ်ခဲ့သည်။ ဒေါ်စောကွင့်မှာ မောင်အောင်နိုင်အေး၏ ဖခင်ဘက်မှ အဒေါ်အရင်း ဖြစ်သည်။ ဒေါ်တင့်က မိမိ ကျောန်းမာခိုက် သမီးတစ်ဦး အိမ်သို့ ခေတ္တ ပြောင်းရွှေ့၍ ဆေးကုနေစဉ်အတွင်း ဒေါ်စောကွင့်အား မိမိပိုင်အိမ်တွင် ၁၉၇၁ ခုနှစ်မှ စ၍ ခေတ္တ နေခွင့်ပြုခဲ့ကြောင်း နောက်ပိုင်းတွင် ဒေါ်စောကွင့်အား အိမ်မှဆင်းပေးရန် ပြောသော်လည်း မရ၍ ကျေးရွာလူကြီးများ ရှေ့တွင် ညှိနှိုင်းသော်လည်း ဒေါ်စောကွင့်သည် အိမ်မှ ဆင်းပေးရန် ငြင်းဆန်ခဲ့ကြောင်း စသည်ဖြင့် အဆိုပြု၍ နှင်လိုမှု စွဲဆိုသည်။

ဒေါ်စောကွင့်က အငြင်းဖြစ်အိမ်တွင် မူလက ဒေါ်တင့်၏ သမီး မတင်အေးနှင့် ခင်ပွန်းတို့ နေထိုင်ခဲ့ရာ မတင်အေး သေဆုံးသွားပြီးနောက် မိမိသည် ၎င်း၏သား မောင်အောင်နိုင်အေးအား စောင့်ရှောက်ရန် အတွက် ယင်းအိမ်တွင် နေထိုင်လာခဲ့ခြင်း ဖြစ်ကြောင်း၊ တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ကြောင်း စသည်ဖြင့် ထုချေသည်။

ဤအယူခံကို မသုံးသပ်မီ မူလအမှုတွင် မြို့နယ်တရားရေး ဦးစီးမှူး၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ဝေဖန်လိုသည်။ အမှုအတောအတွင်း ဒေါ်တင့် ကွယ်လွန်သွားရာ ဒေါ်တင့်၏ သားသမီးများ ဖြစ်ကြသော မဆန်း၊ မောင်တင်အောင်၊ မောင်တင်ထွန်းနှင့် ဒေါ်ကုလားမတို့က လျှောက်လွှာ တစ်စောင်တွင် လက်မှတ်ရေးထိုး၍ မဆန်းက အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်းကို သဘောတူကြောင်း ဖော်ပြ လျှောက်ထားသည့် လျှောက်လွှာတစ်စောင်ကို အမှုတွဲ၌ တွေ့ရှိရသည်။ မူလရုံး နေ့စဉ်မှတ်တမ်းမှာ ၄–၈–၇၆ နေ့နှင့် ၂၆–၈–၇၇ နေ့တို့အကြား ပြတ်နေသည်ကို တွေ့ရသည်။ မဆန်းတို့လျှောက်သည့် လျှောက်လွှာကိစ္စကို လည်း နေ့စဉ် မှတ်တမ်း၌ ဖော်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ ဗဟိုတရား ရုံးက ၂-၄-၈၇ ရက်စွဲပါ အမိန့်အရ မဆန်းသည် ကွယ်လွန်သူ ဒေါ်တင့်

၁၉၇၇
မဆန်း
နှင့်
ဒေါ်စောကွင့်
(ခ)
ဒေါ်စောကွန့်

ကိုယ်စားတရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် မည်သည့်နေ့က လျှောက်ထားကြောင်း စစ်ဆေး တင်ပြရန် မြို့နယ်တရားရုံးအား ညွှန်ကြားခဲ့သည်။

ယင်းသို့ ညွှန်ကြားခဲ့သည့်အလျောက် ဤအယူခံမှုတွင် နှစ်ဘက်ရှေ့နေများက မဆန်းသည် ကွယ်လွန်သူ မိခင် ဒေါ်တင့်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသည့် ရက်နေ့အတွင်း လျှောက်ထားခဲ့ခြင်းဟုတ် မဟုတ်ဆိုသော ပြဿနာအပေါ်တွင်သာ အကျယ်တဝင့် တင်ပြလျှောက်လဲကြသည်။

မြို့နယ်တရားရုံးက နှစ်ဘက်ကို ခေါ်ယူ စစ်ဆေးသောအခါ မဆန်းက ဒေါ်တင့် ကွယ်လွန်ပြီး နောက် ၂-လကျော် အကြာတွင် လျှောက်လွှာတင်ကြောင်း တင်ပြပြီး တစ်ဘက်မှ ယင်းကိစ္စနှင့် စပ်လျဉ်း၍ တိတိကျကျ တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ မဆန်းတို့ တင်သွင်းသော လျှောက်လွှာစာရေးက ၇–၃–၇၇ နေ့တွင် ရေးပေးကြောင်း ရက်စွဲတပ်ထားသည်ကို တွေ့ရသည်။သို့ရာတွင် ယင်းလျှောက်လွှာကို လက်ခံရရှိသော မြို့နယ် ဦးစီးမှူးက လက်မှတ် ရေးထိုးထားသော်လည်း ရက်စွဲတပ်ထားခြင်း မရှိ၍ မည်သည့်နေ့တွင် လက်ခံကြောင်း တရားဝင် အထောက်အထား မရှိချေ။ လျှောက်လွှာ စာရေးက လျှောက်လွှာရေးသည့်နေ့တွင် ဖြစ်စေ၊ ထိုသို့ ရေးပြီးနောက် ရက်ပိုင်းအတွင်း ဖြစ်စေ လျှောက်လွှာ တင်သည်ဟု ယူနိုင်ဖွယ်ရာ အကြောင်း ရှိသောကြောင့် ၁–၁–၇၇ နေ့တွင် ဒေါ်တင့် ကွယ်လွန်ပြီးနောက် ရက် (၉၀) အတွင်း လျှောက်လွှာ တင်ခဲ့သည်ဟု မှတ်ယူ သင့်ပေသည်။ ထို့ပြင် မူလရုံး၌ ဖြစ်စေ၊ အယူခံရုံး၌ ဖြစ်စေ၊ မဆန်းက ဒေါ်တင့်၏ တရားဝင် ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်းနှင့် • စပ်လျဉ်း၍ ကန့်ကွက် ပြောဆိုခဲ့ခြင်း မရှိသည်ကို ထောက်ချင့်၍မဆန်းအား စည်းကမ်းသတ် ကာလ အတွင်း တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်ဟု ကောက်ယူရန်သာ ရှိပေသည်။

မဆန်းတို့ တင်သွင်းသော လျှောက်လွှာနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက အမိန့် တစ်စုံတစ်ရာ ချမှတ်ထားကြောင်း မတွေ့ရချေ။ မြို့နယ် ဦးစီးမှူးသည် ယင်း ကိစ္စတွင် များစွာ တာဝန် ရှိပေသည်။ မြို့နယ်တရားရုံး၏ စီရင်ချက်တွင် တရားလို၏အမည်ကို ဒေါ်တင့်ဟု ဖော်ပြပြီး ဒီကရီတွင်မူ ဒေါ်တင့် (ဒေါ်ဆန်း) ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ပြင် စစ်ကိုင်းတိုင်း တရားရုံးတွင် တင်သွင်းသော ဒီကရီ မိတ္တူတွင်မူ တရားလိုအမည်ကို ဒေါ်တင့်ဟူ၍သာ ဖော်ပြထားသည်။ ယင်းသို့

အကွဲကွဲ အလွဲလွဲ ဖြစ်ရသည့် ကိစ္စတွင် မြို့နယ်ဦးစီးမှူးသည် လုံး၀ တာ၀န် ရှိကြောင်း ဖော်ပြလိုပေသည်။

မူလရုံးအမှုတွဲစာမျက်နှာ ၄၃-၌ရှိးကောက်ချက်ဟူသော ခေါင်းစဉ်ဖြင့် မြို့နယ်ဦးစီးမှူးက ၂၁–၆–၇၀ ရက်စွဲဖြင့် ငြင်းချက် ထုတ်ထားကြောင်း တွေ့ရသည်။ အမှန်ဆိုသော် ငြင်းချက်များကို မြို့နယ်တရားစီရင်ရေးအဖွဲ့က ထုတ်နုတ်ရန်ဖြစ်သည်။ မြို့နယ် ဦးစီးမှူးသည် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် (၂) တွင် ညွှန်ကြားထားသည့်အတိုင်း မည်သည့် ငြင်းချက်များကို ထုတ်နုတ်သင့်ကြောင်း အကြံပြုတင်ပြရန်သာ ဖြစ်သည်။

ဒေါ်တင့် ကွယ်လွန်သောအခါ ခင်ပွန်း ကျန်ရစ်ခဲ့ဟန် မတူချေ။ မောင်အောင်နိုင်အေးသည် ဒေါ်တင့်၏ အမွေမဲ့ မြေးဖြစ်သည်။မြန်မာ ဓလေ့ထုံးတမ်းဥပဒေအရ အမွေမဲ့မြေးသည် အဘိုးအဘွားတို့၏ အမွေကို ဆက်ခံခွင့်ရှိသည်။သို့ဖြစ်ရာ ဒေါ်တင့်ကွယ်လွန်သွားသောအခါ ၎င်း၏ တရားဝင်ကိုယ်စားလှယ်များမှာ မဆန်းသာမက ၎င်း၏ အခြားသားသမီး များနှင့် မြေး မောင်အောင်နိုင်အေးတို့လည်း ဖြစ်သည်။ မဆန်းတို့ တင် သွင်းသော လျှောက်လွှာအရဆိုလျှင် မဆန်းတစ်ဦးတည်းကိုသာ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသည့် သဘောဖြစ် သည်။

အယူခံတရားလို၏ ရှေ့နေက **ဆူဘရာမှုနီယန် (အရွယ်မရောက် သေးသူ) ၎င်း၏ မိတ်ဆွေ ဗွီ၊ ဝီ၊ အယ်လ်ပါလာနီရပ်ပါချစ်တီးနှင့် ဒေါ်ယုံပါ–၇**(၁) စီရင်ထုံးကို ကိုးကား၍တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ အရ သေသူအမှုသည်၏ အမွေခံအားလုံးအား တရားဝင် ကိုယ်စား လှယ်အဖြစ် ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခြင်း မရှိ၍ မောင်အောင်နိုင်အေး အား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့ခြင်း မပြုရုံမျှဖြင့် ဒေါ်တင့်ဆွဲဆိုသော အမှုမှာ ရပ်စဲခြင်း မရှိကြောင်း အယူခံလွှာတွင် အကြောင်းပြသည်။ ယင်းစီရင်ထုံးတွင် **မောင်ဘိုးမြ နှင့် မချမ်းဘုံ** (၂) စီရင်ထုံးကို ကိုးကားထားသည်၊ ယင်းစီရင်ထုံးတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်–

> "The provisions of Order 22 of the Civil Procedure Code do not render it imperative for all the heirs of a deceased party to be added as his legal representatives to enable

(၁) ၁၉၆၃–ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၄၂၃။

(၂) အထက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၄၊ စာ–၁၅၀။

၁၉၆၇
မဆန်း
နှင့်
ဒေါ်စောကွင့်
(ခ)
ဒေါ်ရွေကွန့်

the suit or appeal to proceed. If a person has been added as representative by the Court, and no objection has been taken that person does not represent the estate, the proceedings of the Court cannot be impugned simply on the ground that all the heirs of the deceased person have not been added."

သို့ဖြစ်ရာ ကွယ်လွန်သူ အမှုသည်၏ အမွေစား အမွေခံ အားလုံးကို တရား၀င် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်မလိုဟူသော ဥပဒေသသည် အမှုတိုင်းတွင် မမှန်ကန်ကြောင်း ထင်ရှားသည်။ **ဆူဘရာမူနီယန်** အမှုတွင် ကွယ်လွန်သွားသူ တရားပြိုင် ဦး၀ဏ္ဏမှာ တရုတ်ဗုဒ္ဓဘာသာဖြစ်ပြီး ၎င်း ကွယ်လွန်သောအခါ သြရသသား ကျန်ရစ်ခြင်း မရှိသဖြင့် ဦး၀ဏ္ဏ၏ အမွေကို ၎င်း၏ဇနီး ဒေါ်ယုံသာလျှင် ဆက်ခံသည် ဖြစ်သောကြောင့် ဒေါ်ယုံအားသာလျှင် တရား၀င် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် လိုအပ်သည်။ ကျန်သားသမီးများကို တရား၀င် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် မလိုချေ။

**ဒေါ်ဖျန်း/ဦးတင်ရွှေပါ—၂ နှင့် မောင်ကျင်၀င်း** (ဦးမွှား၏ တရား၀င်ကိုယ်စားလှယ်)(၃) အမှုတွင် အိမ်ငှား ဒေါ်ဖျန်းတို့က မိမိတို့ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ ချမှတ်သော ဒီကရီကို အိမ်ရှင် ဦးမွှားအပေါ် အယူခံ၀င်ရာ အယူခံအတောအတွင်း ဦးမွှား ကွယ်လွန်သွားသဖြင့် အယူခံ တရားလိုတို့က သား မောင်ကျင်၀င်းအား တရား၀င် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းသည်။ အမှန်မှာ ဦးမွှားတွင် ဇနီး ဒေါ်ခင်စိန်လည်း ကျန်ရစ်သည့်ဖဟိုတရားရုံးက ဦးမွှား၏ တရား၀င် ကိုယ်စားလှယ် အားလုံးကို စည်းကမ်းသတ် ကာလအတွင်း 'အယူခံမှုများတွင် ထည့်သွင်းခဲ့ခြင်း မရှိ သဖြင့် ဒေါ်ဖျန်းတို့ တင်သွင်းသော အယူခံမှုများမှာ ရပ်စဲသွားပြီဟု ကောက်ယူရမည် ဖြစ်ကြောင်း၊ အကြောင်းမှု တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၄ တွင် တရား၀င်ကိုယ်စားလှယ်ဟု ကေ၀ုစ်အဖြစ် ဖော်ပြ ထားသော်လည်း တရား၀င် ကိုယ်စားလှယ် တစ်ဦးထက် ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟု၀ုစ်ကိန်းအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း ထုံးဖွဲ့သည်။

ဤအမှုတွင် ဒေါ်စောကွင့်က ၂၇-၂-၇၀ ရက်စွဲပါ လျှောက်လွှာအရ မောင်အောင်နိုင်အေးအား အမှုသည်အဖြစ် ထည့်သွင်းရန် လိုကြောင်း အတိအလင်း ကန့်ကွက်ပြောဆိုပါလျက် ဒေါ်ဆန်းက အမှုသည်အဖြစ်

(၃) ၁၉၆၂-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ—၄၂။

၁၉၇၇
မဆန်း
နှင့်
ဒေါ်စောကွင့်
(ခ)
ဒေါ်စောကွန်

ထည့်သွင်းခဲ့ခြင်း မရှိပေ။ သို့ဖြစ်ရာ ဤအမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများမှာ **မောင်ဘိုးမြ** အမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများနှင့် တူညီခြင်း မရှိချေ။

အမှုတစ်မှုတွင် တရားလိုကွယ်လွန်သွားသောအခါ အမွေစား အမွေခံ တစ်ဦးထက်ပို၍ ကျန်ရစ်သည့်တွင် အားလုံးကို တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်မှုလုံး ရပ်စဲခြင်း ရှိမရှိ ဆိုသော အချက်မှာ အမှု၏ ဖြစ်ရပ်ပေါ်တွင် မူတည်ပေသည်။ **ဒေါ်ဖျန်း/ဦးတင်ရွှေ ပါ-၂** အမှုတွင် တိုင်းတရားရုံး၌ ဦးမွှားသည် ဒီကရီရရှိခဲ့သည် ဖြစ်ရာ ၎င်းကွယ်လွန်သောအခါ ဒီကရီ၏ အကျိုးခံစားခွင့်များကို အမွေဆက်ခံခွင့်ရှိသော ဇနီး ဒေါ်ခင်စိန်နှင့် သား မောင်ကျင်ဝင်းတို့ ရရှိမည် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂(ဂ) အရ သူတို့သည် ဒေါ်ဖျန်းတို့၏ အိမ်ရှင်များ ဖြစ်လာကြသည်။ ဒေါ်ဖျန်းတို့က ဒေါ်ခင်စိန်အား စည်းကမ်းသတ် ကာလအတွင်း ဦးမွှား၏ တရားဝင် ကိုယ်စားလှယ်ထည့်သွင်းရန်ပျက်ကွက်သောကြောင့် ဒေါ်ခင်စိန် အနေဖြင့် ခင်ပွန်းရရှိခဲ့သော ဒီကရီကို အတည်ပြုခွင့်သည်အပြီးအပြတ် ဖြစ်သွားလေသည်။ သို့ဖြစ်ရာ ဒေါ်ဖျန်းတို့သည် အယူခံတွင် မောင်ကျင်ဝင်း အပေါ် အနိုင်ရရှိပါမူ ဒေါ်ခင်စိန်အနေဖြင့် ဦးမွှားရရှိခဲ့သော ဒီကရီအား အတည်ပြုခွင့်ကို ထိခိုက်နိုင်ဖွယ်ရာ အကြောင်းမရှိချေ။ သို့ဖြစ်၍ ဗဟိုတရားရုံးက မောင်ကျင်ဝင်းအပေါ် တင်သွင်းသော အယူခံကို ခွင့်ပြုမည်ဆိုပါက လည်း အချီးအနှီး ဖြစ်ဖွယ်ရာ အကြောင်းရှိသောကြောင့် အယူခံတွင် ဒေါ်ခင်စိန်ကို တရားဝင် ကိုယ်စားလှယ်အဖြစ် မထည့်သွင်းသည့်အတွက် ဒေါ်ဖျန်းတို့ တင်သွင်းသော အယူခံမှာ ရပ်စဲသွားသည်ဟု ဗဟိုတရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဤအမှုတွင် အယူခံတရားလိုဘက်မှ ဒေါ်တင့် ကွယ်လွန်သောအခါ မောင်အောင်နိုင်အေးမှာ အရွယ်မရောက်သေးသူဖြစ်ကြောင်း ဥပဒေအရ ပဋိညာဉ်ကို လည်းကောင်း၊ သဘောဆန္ဒကို လည်းကောင်း ပေးခွင့်ရှိသူ မဟုတ်ကြောင်း ၎င်း၏ဆန္ဒ မပါရှိမှုဖြင့် မဆန်းသည် အမှု၌ ပါဝင်ခွင့် မရှိဟု မဆုံးဖြတ်နိုင်ကြောင်း ပထမအကြိမ် ဤအယူခံမှုကို ကြားနာစဉ်က တင်ပြလျှောက်ထားသည်။ ဒေါ်စောကွင့်က မောင်အောင်နိုင်အေးအား အမှုတွင် အမှုသည်အဖြစ် ထည့်သွင်းသင့်ကြောင်း ၂၇-၂-၇၀ နေ့က ကန့်ကွက်လွှာ တင်သွင်းစဉ်က ယင်း ကန့်ကွက်လွှာနှင့် အတူ မောင်အောင်နိုင်အေးက ဒေါ်စောကွင့်နှင့်အတူ အချင်းဖြစ် အိမ်တွင် နေခွင့်ပြုရန် လျှောက်လွှာ တင်သွင်းထားကြောင်း တွေ့ရသည်။ ထိုစဉ်က ၎င်းသည် အရွယ်မရောက်သေးသဖြင့် ၎င်းကိုယ်စား အရွယ်ရောက်သူ တစ်ဦးဦးက တရားရုံး၏ ခွင့်ပြုချက်ဖြင့် အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။ ၎င်း၏တင်ပြချက်ကို တရားဝင် စဉ်းစားနိုင်ခြင်း မရှိသော်လည်း

၁၉၀၇
မဆန်း
နှင့်
ဒေါ်စောကွင့်
(ခ)
ဒေါ်စောကွန့်

မောင်အောင်နိုင်အေးသည် အဒေါ်ဖြစ်သူ ဒေါ်စောကွင့်အား အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ခွင့် ပြုလိုကြောင်း ပေါ်ပေါက်သည်။

ဒေါ်တင့် ကွယ်လွန်သွားသောအခါ ဒေါ်စောကွင့်အပေါ် တရားစွဲဆိုခွင့်ကို မောင်အောင်နိုင်အေး အပါအဝင် အမွေစား အမွေခံတို့က ဆက်ခံရရှိသည်ဖြစ်ရာ အမှုကို ဆက်လက်ဆောင်ရွက် လို မလို သိရှိနိုင်ရန် အမှုတွင် အမွေစား အမွေခံအားလုံးကို ထည့်သွင်းရန် လိုအပ်ပေသည်။ ထိုစဉ်က မောင်အောင်နိုင်အေးသည် အရွယ် မရောက်သေးသော်လည်း ၎င်းသည် အုပ်ထိန်းသူဖြင့် အမှုတွင် ပါဝင် ဆောင်ရွက်နိုင်သည်။ မောင်အောင်နိုင်အေးသည် တရားပြိုင် ဒေါ်စောကွင့်နှင့်အတူ နေထိုင်သူဖြစ်သည်။ ၎င်းက ဒေါ်စောကွင့်တို့ အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်စေလိုသည့် ဆန္ဒရှိလျှင် ကျန်အမွေဆိုင်များ၏ ဆန္ဒ သက်သက်ဖြင့် ဒေါ်စောကွင့်ကို ဖယ်ရှားခွင့်ရှိမည် မဟုတ်ချေ။ ဤအခြေအနေတွင် တရားဝင်ကိုယ်စားလှယ်များ မစုံလင်ခြင်းကြောင့် စစ်ကိုင်းတိုင်းတရားရုံးက ဒေါ်တင့်စွဲဆိုသော အမှုကို ပလပ်လိုက်ခြင်းမှာ မှန်ကန်သည်။

အယူခံတရားလို၏ ရှေ့နေက တရားဝင် ကိုယ်စားလှယ်များ မစုံလင်သည့်ကိစ္စကို အမှုသည်များက တင်ပြခြင်းမရှိ၍ စစ်ကိုင်းတိုင်း တရားရုံးက ဆုံးဖြတ်ခွင့်မရှိကြောင်း အယူခံတွင် အကြောင်းပြသည်။ စစ်ကိုင်းတိုင်း တရားရုံးသို့ ဒေါ်စောကွင့် တင်သွင်းသော အယူခံ အကြောင်းပြချက်များတွင် ယင်းကိစ္စ ပါဝင်ခြင်းမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂—၏ ခြွင်းချက်အရ စစ်ကိုင်းတိုင်း တရားရုံးသည် အချင်းဖြစ်ဥပဒေပြဿနာကို အမှုသည်များအား လျှောက်လဲတင်ပြခွင့်မပေးဘဲ အဆုံးအဖြတ်ပေးခြင်းသည် မှားယွင်းသည်ဟုဆိုရပေမည်။ သို့ရာတွင် ဤအယူခံတွင် ယင်းပြဿနာကို အထက်အမှုသည်များ အပြည့်အဝ တင်ပြခွင့် ရရှိကြသည့်အလျောက် အဆုံးအဖြတ် ပေးခွင့်ရှိပေသည်။

အထက်ပါ သုံးသပ်ချက်များအရ ဤအယူခံကို ခွင့်ပြုရန် အကြောင်းမရှိသဖြင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၁၀/-ကျပ် သတ်မှတ်သည်။

# တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင် ၊ အဖွဲ့ဝင်များ အဖြစ်
ဦးကိုကြီးနှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး
အဖွဲ့ရှေ့တွင်

ဒေါ်ငွေးငွေးရင်ပါ (၅)

နှင့်

ဦးကျော်ဇောပါ (၃) *

† ၁၉၇၇
ဒီဇင်ဘာလ
၁၇-ရက်

**တရားမမှုစွဲဆိုရာတွင် ဆုံးဖြတ်ရမည့်မှု-စွဲဆိုသော အမှုပုံစံမှန်ကန်ခြင်း ရှိမရှိ၊ သက်သေခံချက်ရယူပြီးမှဆုံးဖြတ်ရန်လိုမလို**

**ဆုံးဖြတ်ချက်။** ။အမှုတစ်မှုကို တရားလိုစွဲဆိုသော ပုံစံအတိုင်း စွဲဆိုနိုင်ခြင်း ရှိမရှိမှာ အဆို အချေတို့အရ ဆုံးဖြတ်ရမည့် ပြဿနာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။စွဲဆိုသော အမှုပုံစံ မှန်ကန်ခြင်း ရှိ မရှိမှာ သက်သေခံချက် ရယူပြီးမှ ဆုံးဖြတ်ရမည့် ပြဿနာမဟုတ်ချေ။

| | |
|---|---|
| လျှောက်ထားသူများအတွက် | — ဦးဘာရှိ (ပဲခူး) ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — ၁၊ ၂ ဦးမြတ်လှ (ပဲခူး) ဗဟိုတရားရုံးရှေ့နေ<br>၃ ဦးမောင်မြင့်(ကိုယ်တိုင်) မလာ |
| တရားရေးအကြံပေး | — ဦးတင်ထွန်း |

---

* ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃၂၆

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆ (လက်ပံတန်း)တွင် ချမှတ်သော (၁၄-၇-၇၇) ရက် နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၈၇
ဒေါ်ငွေးငွေး
ရင်ပါ(၂)
နှင့်
ဦးကျော်ခေါ
ပါ(၃)

လက်ပံတန်းမြို့၊ မြို့ရပ်ကွက် ပုညဝါဒီရပ်၊ ဟသ်ာတကျောင်း လမ်း ဝေါ်ရှိ ဦးပိုင် အမှတ် ထ/၁၇ဝ စာရင်းပေါက်သော မြေချိန်ဧရိယာ ဝ.၁၂၂–ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက် ရလိုကြောင်းဖြင့် ပြင်ဆင်မှု လျှောက်ထားခံရသူ အမှတ်(၁)နှင့် အမှတ်(၂)ဖြစ်သော ဦးကျော်ခေါနှင့် ဒေါ်အုန်းမြင့်တို့က ပြင်ဆင်မှုလျှောက်ထားခံရသူ အမှတ် (၃) ဦးမောင်မြိုင်၊ ပြင်ဆင်မှု လျှောက်ထားသူ ဒေါ်ငွေးငွေးရင်နှင့် ဦးချုကြီးတို့အပေါ် ဝဲခူးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၈၄ (လက်ပံတန်း)တွင် တရားစွဲဆိုသည်။ ဝဲခူးတိုင်း တရားရုံးက ပဏာမ ငြင်းချက် နှစ်ရပ် ထုတ်နှုတ်ကြားနာပြီးနောက် မှုလရုံး တရားလိုတို့အား အသာပေး၍ ဆုံးဖြတ်လိုက်သောကြောင့် ဒေါ်ငွေးငွေးရင်တို့က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

ပဏာမငြင်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

''၁။ တရားလိုများသည် ဤအမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ဆိုသည်မှာ မှန်သလား။

၂။ တရားလိုများ၏ စွဲဆိုလွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုသည်မှာ မှန်သလား။''

ဝဲခူးတိုင်း တရားရုံးက ပစ္စည်းလွှဲပြောင်း အက်ဥပဒေပုဒ်မ ၄၁–အရ အမှန်ဘကယ် ပိုင်ဆိုင်ထိုက်သူနှင့် ဟန်ပြပိုင်ဆိုင်သူဟူ၍ ပြဋ္ဌာန်းချက်ရှိသဖြင့် တရားလိုများ၏ အခွင့်အရေးကို ငြင်းဆိုလျှင် တရားလိုများသည် ဤအမှုကို လက်ရှိပုံစံအတိုင်း တရားစွဲခွင့်ရှိသည်ဟု ကောက်ယူ ဆုံးဖြတ်သည်။

လျှောက်ထားသူများက အမှုတွဲရှိ စာချုပ်စာတမ်းများအရ အချင်းဖြစ်ဂရန်မြေနှင့် အိမ်ကို ဝယ်ယူစဉ်က အဘိုးစားနား ပေးသူများမှာ ဦးမောင်မြိုင်နှင့် ဇနီး ဒေါ်တင်ကြည်တို့ ဖြစ်ကြောင်း၊ ဦးမောင်မြိုင်သည် အချင်းဖြစ်အိမ်တွင် မနေကြောင်း၊ ဒေါ်တင်ကြည်နှင့် သမီးဒေါ်ငွေးငွေးရင်တို့သာ မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုပြီးသည်မှစ၍ နေထိုင်လာခဲ့ကြောင်း၊ အရောင်းအဝယ် စာချုပ်မှာလည်း ဒေါ်ငွေးငွေးရင် လက်ထဲတွင် ရှိနေကြောင်း၊ အိမ်နှင့်မြေမှာ ဒေါ်ငွေးငွေးရင်* လက်ရှိဖြစ်ကြောင်း အစရှိသည်ဖြင့် နှစ်ဘက် အငြင်းပွားလျက်ရှိ၍ အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး ဝဲခူးတိုင်း တရားရုံးက စစ်ဆေးရန်လိုကြောင်း တင်ပြလျှောက်ထားသည်။

– လျှောက်ထားခံရသူ ဦးကျော်ဇောနှင့် ဒေါ်အုန်းမြင့်တို့၏ ရှေ့နေက ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းလျက် ပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူရာ၌ အမည်ငှားကို သုံးခွင့်ရှိကြောင်းမှာ ပြဋ္ဌာန်းထားသော အချက်ဖြစ်ကြောင်း၊ စသည်ဖြင့် တင်ပြလျှောက်ထားသည်။

၁၉၇၇ ဒေါ်ငွေးငွေးရင်ပါ(၂) နှင့် ဦးကျော်ဇောပါ(၃)

အမှုတစ်မှုကို တရားလိုစွဲဆိုသော ပုံစံအတိုင်း စွဲဆိုနိုင်ခြင်း ရှိမရှိမှာ အဆိုအချေတို့အရ ဆုံးဖြတ်ရမည့် ပြဿနာဖြစ်သည်။ လျှောက်ထားသူတို့ဘက်မှ အမှုကို လက်ရှိပုံပံအတိုင်း မစွဲဆိုနိုင်ကြောင်း တင်ပြနိုင်ခြင်း မရှိချေ။ သက်သေစစ်ဆေးရန် လိုအပ်ကြောင်းသာ လျှောက်ထား တင်ပြသည်ကို တွေ့ရသည်။ စွဲဆိုသော အမှုပုံစံ မှန်ကန်ခြင်း ရှိ မရှိမှာ သက်သေခံချက် ရယူပြီးမှ ဆုံးဖြတ်ရမည့် ပြဿနာမဟုတ်ချေ။ လျှောက်ထားသူဘက်မှ တင်ပြသည့်အတိုင်း အချင်းဖြစ် မြေနှင့်အိမ်ကို ဦးမောင်မြိုင်နှင့် ဒေါ်တင်ကြည်တို့ ဝယ်ယူခဲ့ခြင်း ဖြစ်ပါမူ တရားလိုတို့ စွဲဆိုချက်မမှန်၍ အမှုရှုံးမည်သာ ဖြစ်သည်။ ယင်းသို့ အမှုရှုံးခြင်းသည် တရားလိုတို့ စွပ်စွဲချက် မမှန်ခြင်းကြောင့် ဖြစ်သည်။ ပုံစံမမှန်ခြင်းကြောင့် မဟုတ်ချေ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "41. Where, with the consent, express or implied, of persons interested in immoveable property, a person is the ostensible owner of such property and transfers the same for consideration, the transfer shall not be voidable on the ground that the transferor was not authorised to make it: Provided that the transferee, after taking reasonable care to ascertain that the transferor had power to make the transfer, has acted in good faith."

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် ပိုင်ရှင်ထင်ရသူ (ostensible owner)က ပစ္စည်းလွှဲပြောင်း ပေးခြင်းနှင့် ပတ်သက်သည်။ အမည်ငှား ခေါ်ဘီနာမီဒါသည် အဆိုပါ ပုဒ်မ ၄၁ တွင် အကျုံးဝင်သော ပိုင်ရှင်ထင်ရသူ တစ်ဦးဖြစ်သည် မှန်သော်လည်း ယင်း ပုဒ်မပါ ပြဋ္ဌာန်းချက်များက အမည်ငှားစနစ်ကို ကျင့်သုံးခွင့်ရှိကြောင်း ရည်ညွှန်းထားခြင်း မရှိချေ။ တစ်နည်းဆိုရသော် အမည်ငှားစနစ်သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များအပေါ် မူမတည်ချေ၊ ထို့ကြောင့် ငြင်းချက်အမှတ် (၁)နှင့် စပ်လျဉ်း၍ ဦးကျော်ဇောနှင့် ဒေါ်အုန်း

၁၉၇၇
ဒေါ်ဌေးဌေး
ရင်ပါ(၂)
နှင့်
ဦးကျော်ဇော
ပါ(၃)

မြင့်တို့၏ ရှေ့နေတင်ပြချက်သည် မှားယွင်းပေသည်။ တိုင်းတရားရုံးက ငြင်းချက်အမှတ် (၁)ကို ဖြေဆိုရာ၌ ယင်းပုဒ်မ ၄၁ ကို ကိုးကားခြင်း မှာလည်း မှားယွင်းသည်။ ထို့ပြင် ဦးကျော်ဇောနှင့် ဒေါ်အုန်းမြင့်တို့၏ ရှေ့နေက ပုဒ်မ ၄၁-ပါ **(ostensible owner)** မှာ အမည်ငှား ဖြစ်ကြောင်း တင်ပြချက်သည် မမှန်ကန်ချေ။ ပိုင်ရှင်ထင်ရသူ **(ostensible owner)**ဟူသော စကားရပ်သည် အမည်ငှားဟူသော စကားရပ်ထက် ပိုမို ကျယ်ဝန်းသည်။ အမည်ငှားသည် ပိုင်ရှင်ထင်ရသူ ဖြစ်သော်လည်း ပိုင်ရှင် ထင်ရသူတိုင်းသည် အမည်ငှားမဟုတ်ချေ။

ဦးကျော်ဇောနှင့် ဒေါ်အုန်းမြင့်တို့၏ ရှေ့နေက အမည်ငှားစနစ်ကို တရားရုံးများက လက်ခံကြောင်း စီရင်ထုံးများကို ကိုးကား၍ လျှောက် ထားသည်။ ငြင်းချက် (၁)နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရန် အချက်မှာ ဦးကျော်ဇောတို့ စွဲဆိုသော အမှုပုံစံ မှန်ကန်ခြင်း ရှိမရှိ ဖြစ်သည်။အမည် ငှား စနစ်ကို တရားရုံးများက အသိအမှတ် ပြုမပြုဆိုသော ပြဿနာနှင့် မသက်ဆိုင်ချေ။

အမှုတွင် အငြင်းမပွားသည့်အချက်မှာ အချင်းဖြစ် အိမ်နှင့် မြေကို ဦးမောင်မြင့်နှင့် ဇနီး ဒေါ်တင်ကြည့်တို့အား ဝယ်သူများအဖြစ် ဖော်ပြ၍ စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ဦးကျော်ဇောတို့က အဘိုးစားနားကို မိမိတို့က ပေးချေခဲ့၍ မိမိတို့သာပိုင်ရှင်များဖြစ်ကြောင်း၊ ဦးမောင်မြင့်တို့မှာ အမှန်စင်စစ် အမည်ငှားများသာ ဖြစ်ကြောင်း အဆိုပြုပြီး အချင်းဖြစ် မြေ နှင့် အိမ်သည် သူတို့ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေရန် စွဲဆိုခြင်း ဖြစ်သည်။ အချင်းဖြစ် စာချုပ်သည် သူတို့၏ ပိုင်ရေးပိုင်ခွင့်ကို မှေးမှိန်စေ သည်၊ ယင်းစာချုပ် တည်ရှိနေသ၍ လက်ရောက်ရလိုမှု မစွဲဆိုနိုင်ဟု မှတ် ယူကာ ယခုကဲ့သို့ မြွက်ဟ ကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့ကို ခွန်တွဲ၍ စွဲဆိုခြင်း ဖြစ်ဟန်တူသည်။ ဦးကျော်ဇောတို့သည် အချင်းဖြစ် အိမ်နှင့်မြေကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ ယင်းအရောင်းအဝယ် စာချုပ် မှာ အတားအဆီး ဖြစ်နေမည်ဆိုပါက လက်ရောက်ရရန် အလို့ငှာ ယင်း အတားအဆီးကို ဦးစွာ ဖယ်ရှားရမည်ဖြစ်၍ စာချုပ် ပျက်ရာပျက်ကြောင်း သက်သာခွင့်ကို မြွက်ဖော်ချက်ဒီကရီအဖြစ်ဖြင့် ကနဦးတောင်းဆိုပြီးနောက် ယင်းဒီကရီ၏ အကျိုးဆက် သက်သာခွင့်အဖြစ်ဖြင့် လက်ရောက်ရလိုမှု စွဲဆိုရမည်ဖြစ်သည်။ ဤရှုထောင့်မှ သုံးသပ်ကြည့်ပါက ဦးကျော်ဇောတို့ စွဲဆိုသောအမှုမှာ ပုံစံမှန်သည်ဟု ဆိုရပေမည်။

ကာလစည်းကမ်းသတ် ပြဿနာနှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄-ကို ရည် ညွှန်း၍ စည်းကမ်းသတ်ကာလကိုဒေါ်ဌေးဌေးရင်တို့က မိခင်ဒေါ်တင်ကြည် နှင့် အတူနေထိုင်သောကာလမှစ၍ ရေတွက်ရန်မဟုတ်ဘဲ ဒေါ်ဌေးဌေးရင်

၁၉၈၇
ဒေါ်ငွေးငွေး
ရင်ပါ(၂)
နှင့်
ဦးကျော်ဇော
ပါ(၃)

နှင့် ဦးချိုကြီးတို့က ၎င်းတို့ပိုင်ကြောင်း အပြုအမူစတင် ပြသောနေ့နှင့် ဦးမောင်မြိုင်အားအချင်းဖြစ်အိမ်မှ ဖယ်ရှားထွက်ခွာစေသောအခါမှ စ၍ ရေတွက်ရန် ဖြစ်သောကြောင့် ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း သုံးသပ်သည်။

လျှောက်ထားသူတို့၏ ရှေ့နေက ကာလစည်းကမ်းသတ် ပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာများ ရောထွေးလျက်ရှိသဖြင့် အမှု စစ်ဆေးပြီးမှသာ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလျှောက် ထားသည်။ ဦးကျော်ဇောနှင့်ဒေါ်အုန်းမြင့်တို့၏ရှေ့နေက ၁၉၈၅-ခုနှစ်၊ မတ်လ အတွင်း ရောက်မှ လျှောက်ထားသူ တို့သည် ဦးကျော်ဇော တို့၏ ပိုင်ဆိုင်မှုကို ဆန့်ကျင်လာသည်ဖြစ်၍ ဦးကျော်ဇောတို့ စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄-တွင် သတ်မှတ်ထားသော ၁၂ နှစ် ကာလ မကျော်လွန်သေး ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူတို့သည် အမှုတွင် သက်သာခွင့်နှစ်ရပ် တောင်း ဆိုထားသည်။ မြွက်ဟ ကြေညာပေးစေလိုမှုကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလအတွင်း စွဲဆိုရန်ဖြစ်သည်။ မူလရုံးနှင့် နှစ်ဘက် ရှေ့နေများသည် ယင်း ဥပဒေပြဿနာကို သတိထားမိဟန် မတူချေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မူလရုံးတရားလို ဦးကျော်ဇောနှင့် ဒေါ်အုန်းမြင့်တို့သည် အချင်းဖြစ် အရောင်းအဝယ်စာချုပ်က သူတို့၏ ပိုင်ရေးပိုင်ခွင့်ကို ဖုံးအုပ်ထားသည်ဟု မှတ်ယူကာ ယင်းစာချုပ်ကို ကနဦး တိုက်ဖျက်ပြီးမှ လက်ရောက်ရလိုမှု စွဲဆိုခွင့်ရှိသည်ဟု မှတ်ယူဟန်တူသည်။ အမှန်ဆိုသော် သူတို့အဆိုပြုသည့်အတိုင်း အချင်းဖြစ် စာချုပ်မှာ အမည် ငှား အရောင်းအဝယ် စာချုပ်ဖြစ်ပါမူ ယင်းစာချုပ်သည် **တီ၊ ဗီ၊ ဝိသာ ပါမားလ်ချစ်တီးနှင့် အာရ်၊ မူနီယန်ဒီဆာမိုင်းပါ-၃** (၁) စီရင်ထုံး တွင် ပြဆိုထားသည့်အတိုင်း အကျိုးသက်ရောက်မှု မရှိ၍ လက်ရောက်ရရှိ ရေးအတွက် ယင်းစာချုပ်ကို ဦးစွာ ပယ်ဖျက်ရန် မလိုချေ။ ယင်းစီရင်ထုံး တွင် ပြဆိုထားသည့်အတိုင်း ဦးကျော်ဇောတို့ စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄-နှင့်သာ သက် ဆိုင်သည်။

လျှောက်ထားသူတို့ လက်ရှိဖြစ်ခြင်းသည် မည်သည့်နေ့ရက်မှစ၍ ပိုင်ရှင် အား ဆန့်ကျင်သည်ဆိုသော အချက်မှာ အကြောင်းခြင်းရာ ပြဿနာ ဖြစ်သည်။ ယင်းကိစ္စကို လျှောက်ထားသူတို့က သက်သေပြရန် တာဝန်ရှိ

---

၁။ အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၄၊ စာ ၂၆၆ (ဖီဘီ)

၁၉၇၇
ဒေါ်ငွေးငွေး ရင်ပါ(၂) နှင့် ဦးကျော်ဇော ပါ(၃)

သည်။ ဤသို့ဖြစ်ရာ သက်သေခံချက် မရယူဘဲ တိုင်းတရားရုံးက ကာလ စည်းကမ်းသတ် ပြဿနာကို အဆုံးအဖြတ်ပေးခြင်းသည် မှားယွင်းပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ ကာလစည်းကမ်းသတ်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးလျှင် အမှုစစ်ဆေးပြီးမှ အဆုံးအဖြတ်ပေးရန် ညွှန်ကြားလိုက်သည်။ လက်ရှိပုံစံအတိုင်း အမှုတွဲဆိုနိုင်ကြောင်း တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။ စရိတ်သတ်မှတ်ခြင်း မပြု။

## တရားမ ဒုတိယ အယူခံမှု

## ဦးကျော်ငြိမ်းအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးအေးစန်နှင့် ဒေါက်တာ မန်းသက်စံတို့ ပါဝင်သော ဗဟို တရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်တင်တင်မိုး

နှင့်

ဦးကိုကြီးပါ (၂) *

† ၁၉၀၇ အောက်တို ဘာလ ၂၉-ရက်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)-ယင်း ပုဒ်မပါပြဋ္ဌာန်းချက်တွင်၊ အသင်းရုံး ဖွင့်လှစ်ရန် အတွက် ပြန်လည်ရယူလိုမှုစွဲဆိုခြင်း ကိစ္စအကျုံး မဝင်ခြင်း။**

မန္တလေးအရှေ့မြောက် မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်၁၀/၀၂ -တွင် မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ အသင်းအား ကိုယ်စားပြုသူများ အဖြစ် ဦးကိုကြီးနှင့် ဦးတင်စောတို့က တရားလို ပြုလုပ်၍ တရားပြိုင် ဦးခင် အပေါ် ငှားရမ်းခပေးရန် ပျက်ကွက်မှုနှင့် ငှားရမ်းထားသည် ဥပစာတွင် အသင်းရုံးဖွင့်လှစ်ရန် ပြန်လည်ရယူလိုမှုအတွက် ၁၉၆၀-ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က)နှင့် (စ) တို့အရ တရားစွဲဆိုသည်။ တရားပြိုင်ဦးခင်က အိမ်လခ ကြွေးများကို တရားလို ဦးကိုကြီးတို့အား ပေးခဲ့သဖြင့် ပုဒ်မ (၁၂) (၁)(စ) အရစွဲဆို မှုနှင့် စပ်လျဉ်း၍ ဆက်လက်စစ်ဆေးခဲ့သည်။ အမှုအတောအတွင်း တရား ပြိုင် ဦးခင် ကွယ်လွန်သွား၍ ၎င်း၏သမီး ဒေါ်တင်တင်မိုးကို ၎င်း၏ တရား ဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီး အမှုကို ဆက်လက်ဆောင်ရွက်ခဲ့ သည်။ မြို့နယ်တရားရုံးက ဦးကိုကြီးတို့ စွဲဆိုသည့်အတိုင်း ပုဒ်မ (၁၂) (၁) (စ) အရ ဒီကရီ ချမှတ်ပေးခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်

---

* ၁၉၀၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၈၇

† ၁၉၀၅ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၂၁ တွင် ချမှတ်သော (၁၆-၁၀-၀၅)ရက် နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၇
ဒေါ်တင်တင်
မိုး
နှင့်
ဦးကိုကြီး
ပါ(၂)

ဒီကရီကို ဒေါ်တင်တင်မိုးက မကျေနပ်၍ မန္တလေးတိုင်း တရားရုံးတွင် အယူခံသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံး၌ ဒုတိယ အယူခံမှုကို ဆက်လက်တင်သွင်းခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်းက အချင်းဖြစ် အဆောက်အအုံတွင် နေထိုင်ရန်အတွက် မဟုတ်ဘဲ အသင်းရုံး ဖွင့်လှစ်ရန် အတွက် စွဲဆိုခြင်းဖြစ်ရာ အချင်းဖြစ် အဆောက်အအုံကို ၁၉၄၅-ခုနှစ်၊ မေလ ၁-ရက်နေ့က ပိုင်ဆိုင်ခဲ့သည်ဆိုသော တရားလိုဘက်မှ ထွက်ဆိုချက်များ မှန်ကန်စေဦး၊ စွဲဆိုမှုမှာ ၁၉၆၀—ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)တွင် ပြဋ္ဌာန်းထားသော ပြန်လည်ရယူလိုသည့် အကြောင်းကိစ္စတွင် အကျုံးမဝင်ချေ။

အယူခံတရားလိုအတွက် — ဦးညွန့်မြိုင်၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံး ရှေ့နေ

တရားရေးအကြံပေး — ဦးကျော်ထွန်းအောင်

မန္တလေး အရှေ့မြောက်မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၁၀/၈၂ တွင် မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ အသင်းအား ကိုယ်စားပြုသူများ အဖြစ်ဖြင့် ဦးကိုကြီးနှင့် ဦးတင်စောတို့က တရားလိုပြုလုပ်၍ တရားပြိုင် ဦးခင်အပေါ် ငှားရမ်းခပေးရန် ပျက်ကွက်မှုနှင့် ငှားရမ်းထားသည့် ဥပစာတွင် အသင်းရုံး ဖွင့်လှစ်ရန် ပြန်လည်ရယူလိုမှု အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (စ) တို့အရ တရားစွဲဆိုသည်။ တရားပြိုင် ဦးခင်က အိမ်လခ ကြွေးပေးရန် ကျန်ရှိကြောင်းဝန်ခံပြီး အိမ်လခကြွေး ၃၆၀၀-ကို တရားလို ဦးကိုကြီးတို့အား ပေးခဲ့သဖြင့် ပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုမှုနှင့် စပ်လျဉ်း၍ ဆက်လက် စစ်ဆေးခဲ့သည်။ အမှု အတောအတွင်း တရားပြိုင် ဦးခင် ကွယ်လွန်သွား၍ တရားလို ဦးကိုကြီးတို့၏ လျှောက်ထားချက်အရ ကွယ်လွန်သူဦးခင်၏ သမီး ဒေါ်တင်တင်မိုးကို ကွယ်လွန်သူ ဦးခင်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီး အမှုကို ဆက်လက် ဆောင်ရွက်ခဲ့သည်။

မြို့နယ်တရားရုံးက ဦးကိုကြီးတို့ စွဲဆိုသည့်အတိုင်း ပုဒ်မ ၁၂ (၁) (စ) အရဒီကရီ ချမှတ်ပေးခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်တင်တင်မိုးက မကျေနပ်၍ မန္တလေးတိုင်း တရားရုံး တရားမ ပထမ

၁၉၈၇
ဒေါ်တင်တင်
မိုး
နှင့်
ဦးကိုကြီး
ပါ (၂)

အယူခံမှုအမှတ် ၁၂၁/၈၅ တွင် အယူခံသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံး၌ ဤတရားမ ဒုတိယအယူခံမှုကို ဆက်လက် တင်သွင်းခြင်း ဖြစ်သည်။

အယူခံကြောင်း ပြချက်အဖြစ် အချင်းဖြစ် အဆောက်အအုံကို ၁–၅–၄၅-နေ့တွင် မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်းက ပိုင်ဆိုင်ခဲ့သည်ဟု တရားလိုဘက်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ လည်းကောင်း၊ တရားလိုအသင်းကိုယ်တိုင် အချင်းဖြစ် အဆောက်အအုံတွင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုခြင်း မဟုတ်ဘဲ ရုံးခန်းဖွင့်လှစ်ရာ လိုအပ်ခြင်းဖြစ်ပါလျက်နှင့် လည်းကောင်း စွဲဆိုမှုသည် ၁၉၆၀–ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သည်ဟု မြို့နယ်တရားရုံးက ကောက်ယူကာ ဒီကရီချမှတ်မပေးခဲ့ခြင်းနှင့် ယင်းဒီကရီကို တိုင်းတရား ရုံးက အတည်ပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း တင်ပြထားသည်။

တရားလို ဦးကိုကြီးတို့က အချင်းဖြစ် အဆောက်အအုံကို မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်းသည် ၁၉၄၅ ခုနှစ် မတိုင်မီကပင် ပိုင်ဆိုင်ခဲ့သည်ဟု ထွက်ဆိုသော်လည်း ပိုင်ဆိုင်ကြောင်း အထောက်အထားအဖြစ် စာရွက် စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိချေ။ ပိုင်ဆိုင်မှု စာရွက် စာတမ်းများမှာ ၁၉၈၁ ခုနှစ်၊ ပုလဲငွေရောင်ရပ် မီးလောင်စဉ် မီးသင့် လောင်ကျွမ်းသွား၍ တင်ပြနိုင်ခြင်း မရှိကြောင်း ဦးကိုကြီးတို့က ထွက်ဆိုထားသည်။

မြို့နယ်တရားရုံးက အချင်းဖြစ်အဆောက်အအုံကို မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်း စတင်တည်ထောင်သည့် ၁၉၁၅ ခုနှစ်မှစ၍ ဒေါ်ဦးဖွဲ့နှင်း လှူဒါန်းခဲ့သည်ဟု တရားလိုဘက်မှ ထွက်ဆိုထားပြီး ဒုတိယကမ္ဘာစစ် ဖြစ်ကတည်းက ဦးခင်အား ငှားရမ်းခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးချိန်မှာ ၁၉၄၅ ခုနှစ်ဖြစ်၍ ထိုနှစ်တွင်ပင် အချင်းဖြစ် အဆောက်အအုံကို ဦးခင်အားစတင်ငှားရမ်းခဲ့သည်ဖြစ်၍ ယင်းအဆောက် အအုံကို မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံအသင်းသည် ၁၉၄၅ ခုနှစ် မတိုင်မီကပင် ပိုင်ဆိုင်ခဲ့သည်ဟုကောက်ယူရန်ရှိကြောင်း၊ အချင်းဖြစ်အဆောက် အအုံကို ၎င်းအသင်း၏ ရုံးခန်းဖွင့်လှစ်ရန်အလို့ငှာ သဘောရိုးဖြင့် ပြန်လည် ရယူလိုခြင်းမှာမှန်ကြောင်း သုံးသပ်ပြီးနောက် တရားလို ဦးကိုကြီးတို့ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။ မြို့နယ်တရားရုံး၏ ဒီကရီကို တိုင်းတရားရုံးက အတည်ပြုရာ၌ ပုဂ္ဂလိက အိမ်ရှင်တစ်ဦးက ၎င်း အတွက် ရုံးခန်းပြုလုပ်ရန် လိုအပ်ခြင်းဖြစ်ပါမူ ပုဒ်မ ၁၂(၁)(စ) နှင့် အကျုံးဝင်စရာမရှိကြောင်း၊ အသင်းမှာ ပုဂ္ဂလိက အိမ်ရှင်မဟုတ်၍

၁၉၈၇ ဒေါ်တင်တင်မိုး နှင့် ဦးကိုကြီး ပါ(၂)

မိသားစုနေရန် မဖြစ်နိုင်ကြောင်း ရုံးခန်းဖွင့်လှစ်ရန် တောင်းဆိုခြင်းမှာ အသင်းတည်းဟူသော အိမ်ရှင်အတွက် ပုဒ်မ ၁၂ (၁) (စ) အရ အနိုင်ဒီကရီရထိုက်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

**ဟာဂျီဦးဘတင် နှင့် ဒေါ်ရင်ပါ** (၈) (၁) အမှုတွင် ''၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုကြောင်း ဖော်ပြပါရှိသည်။ ဤကဲ့သို့ မူရင်းအက်ဥပဒေတွင် အဓိပ္ပါယ်တိကျစွာ ပြဋ္ဌာန်းချက်ပါရှိလျှင် တရားရုံးအနေဖြင့် မည်သို့ သဘောသက်ရောက်နိုင်သည်။ မည်သို့ အဓိပ္ပါယ်ကောက်ယူနိုင်သည် စသည်ဖြင့် ဆုံးဖြတ်ရန် မဟုတ်ပေ။ အက်ဥပဒေတွင် ပါရှိသောစကားအရပင် တိကျစွာ လိုက်နာဆုံးဖြတ်ရန်သာ ဖြစ်ပေသည်''ဟူ၍ ထုံးဖွဲ့လမ်းညွှန်ထားသည်ကို တွေ့ရှိနိုင်သည်။ ဖော်ပြပါအမှုတွင် ဟာဂျီဦးဘတင်က ဒေါ်ရင်ပါ (၈) ဦးတို့ နေထိုင်လျက်ရှိသော အဆောက်အအုံကို စာသင်ကျောင်းအဖြစ် အသုံးပြုလိုသည်ဟု အကြောင်းပြပြီး ရတနာဘုမ္မိ အနောက်ရပ်ကွက် တရားရုံး၌ ၁၉၆၀–ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ နှင်လိုမှုစွဲဆိုသည်။ ရပ်ကွက်တရားရုံးက ဟာဂျီဦးဘတင် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးက အတည်ပြုခဲ့သည်။ ယင်းသို့ အတည်ပြုရာတွင် မြို့နယ်တရားရုံးက ကျောင်းဖွင့်ရန်အတွက် ပြန်လည် ရယူလိုခြင်းမှာ မိမိကိုယ်တိုင် နေထိုင်ရန်သက်သက်အတွက် ရယူလိုခြင်း သဘောသက်ရောက်ကြောင်း မှတ်ချက်ပြုခဲ့သည်။ မန္တလေးတိုင်းတရားရုံးက ရပ်ကွက်တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်သောကြောင့် ဟာဂျီဦးဘတင်က ဗဟိုတရားရုံး၌ အယူခံဝင်ရာ ဗဟိုတရားရုံးက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သုံးသပ်ပြီးနောက် တိုင်းတရားရုံး၏ဒီကရီကို အတည်ပြုခဲ့သည်။

ဤအမှုတွင်လည်း မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်းက အချင်းဖြစ်အဆောက်အအုံတွင် နေထိုင်ရန်အတွက်မဟုတ်ဘဲ အသင်းရုံးဖွင့်လှစ်ရန်အတွက် စွဲဆိုခြင်းဖြစ်ရာ အချင်းဖြစ်အဆောက်အအုံကို ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့က ပိုင်ဆိုင်ခဲ့သည်ဆိုသော တရားလိုဘက်မှ ထွက်ဆိုချက်များ မှန်ကန်စေဦး၊ စွဲဆိုမှုမှာ ၁၉၆၀–ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည် ရယူလိုသည့် အကြောင်းကိစ္စတွင် အကျုံးမဝင်ချေ။ သို့ဖြစ်၍ မြို့နယ်

---

(၁) ၁၉၇၉ ခုနှစ်၊ မတစ၊ စာ ၈၇

တရားရုံးက ဦးကိုကြီးတို့ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးခဲ့ခြင်းနှင့် ယင်းဒီကရီကို တိုင်းတရားရုံးက အတည်ပြုပေးခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြု၍ မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံးနှင့် မန္တလေးတိုင်း တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ပြီး ဦးကိုကြီးတို့စွဲဆိုသည့် မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၁၀/၈၂ ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

# တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း အဖွဲ့ဝင်များအဖြစ် ဒေါက်တာ
မောင်မောင်အေးနှင့် ဦးအေးစန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး
အဖွဲ့ရှေ့တွင်

† ၁၉၇၇
စက်တင်ဘာ
လ ၁၄–ရက်

မောင်တင်ထွန်းအောင်ပါ(၂)

နှင့်

ဦးဝင်းထိန် ပါ(၈)*

(ကွယ်လွန်သူ ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်)

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀–အမှု အတောအတွင်း ကွယ်လွန်သွားသူ အမှုသည်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း၊ လျှောက်ထားချက်အပေါ် တရားရုံးက ခွင့်ပြုလိုက်လျှင်၊ ယင်းကွယ်လွန်သူ၏ တရားဝင် ကိုယ်စားဖြစ်သည်ဟု အကြောင်းပြကာ အမှုသည်အဖြစ် ပါဝင်ခွင့်ပြုရန် အခြားပုဂ္ဂိုလ် တစ်ဦးဦး၏ လျှောက်ထားချက်အပေါ် စဉ်းစားနိုင်ခြင်း– ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၈၁–တရားရုံးက ကွယ်လွန်သူ အမှုသည်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် လျှောက်ထားချက်အပေါ် ခွင့်ပြုပြီးနောက် အခြားပုဂ္ဂိုလ် တစ်ဦးဦး၏ အလားတူ လျှောက်ထားခြင်းအတွက် စည်းကမ်းသတ်ကာလနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဥပဒေသဘောမှာ အမှုအတောအတွင်း ကွယ်လွန်သွားသူ အမှုသည်တစ်ဦးဦး နေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထား၍ တရားရုံးက ယင်းလျှောက်ထားချက်ကိုခွင့်ပြုလိုက်လျှင် အမှုမှာရပ်စဲသွားရန်အကြောင်း

* ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၇

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၇၉ (လမ်းမတော်)တွင် ချမှတ်သော (၂၄–၂–၇၇)ရက် နေ့စွဲပါ ရန်ကုန်တိုင်း (၂) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

မရှိတော့ချေ။ ဤအခြေအနေတွင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ် ဖြစ်သည်ဟု အကြောင်းပြကာ အမှုသည်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားလာလျှင် ၎င်းအား အမှုသည်အဖြစ် ထည့်သွင်းသင့်မသင့်ကိစ္စကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ စဉ်းစားနိုင်သည်။

၁၉၇၇
မောင်တင်ထွန်းအောင်
ပါ (၂)
နှင့်
ဦးဝင်းထိန်
ပါ (၈)
(ကွယ်လွန်သူ ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်)

**ထပ်မံဆုံးဖြတ်ချက်။** ။ယင်းလျှောက်ထားချက်အတွက် စည်းကမ်းသတ်ကာလကိုသီးခြားပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၁ နှင့် သက်ဆိုင်သည်။

| | | |
|---|---|---|
| လျှောက်ထားသူ အတွက် | — | ဦးဘသန်း ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — | (၁) အတွက် ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ |
| | — | (၂)အတွက် ဦးကျော်စိန်အောင် ဗဟိုတရားရုံးရှေ့နေ |
| | — | (၃) အတွက် ဦးကျားကိုယ်စား ဗဟိုတရားရုံးရှေ့နေ |
| | — | ဦးကျော်စိန်အောင်က ရေးသား လျှောက်လဲချက်တင်သည်။ |
| | — | (၄) မှ (၈) အထိ ကိုယ်တိုင်— မလာ |
| တရားရေးအကြံပေး | — | ဦးဘသန်းအောင် |

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၇၉/၇၇(လမ်းမတော်)တွင် မောင်ဝင်းမြင့်ထွန်း (ခ) မောင်လှတင်ထွန်း (ခ) မော်ဂင်လှမြင့်က မိမိသည် ဦးစံထွန်းနှင့် ဒေါ်ရှင်တို့၏ သားအကြီးဆုံးမှ မွေးသော အမွေ့မဝီမြေးဖြစ်သဖြင့်ဟု အဆိုပြု၍ ဦးလေးနှင့် အဒေါ်များဖြစ်ကြသော ဒေါ်မေလှသန်း၊ ဦးမောင်မောင်သန်း၊ ဦးသန်းထွန်း၊ ဒေါ်မေသန်း၊ ဦးတင်ဇော်ထွန်း၊ ဦးဝင်းမော်ထွန်းနှင့် အဒေါ်ဖြစ်သော ကွယ်လွန်သူ ဒေါ်ခင်သိန်းနှယ်၏ ခင်ပွန်း ဦးညိုမြတို့ (၇)ဦးအပေါ် အမွေခွဲပေးရန် တရားစွဲဆိုသည်။

အမှုအတောအတွင်း ၂၉-၉-၇၅ ရက်နေ့က တရားပြိုင် တစ်ဦးဖြစ်သူ ဦးညိုမြ ကွယ်လွန်ခဲ့သဖြင့် သူ၏ ကိုတ္တိမ သားသမီးများဖြစ်သည်ဟု အဆို

၁၉၈၇ မောင်တင်ထွန်းအောင် ပါ (၂) နှင့် ဦးဝင်းထိန် ပါ (၈) (ကွယ်လွန်သူ ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်)

ဖြစ်၍ မောင်တင်ထွန်းအောင်နှင့် မမေချင်းတွင်းတို့နှစ်ဦးက တရားဝင် ကိုယ်စားလှယ်အဖြစ် လျှောက်ထားသကဲ့သို့ ဦးဝင်းထိန်ကလည်း လျှောက်ထားခဲ့သည်။

မူလရုံးက ၎င်းတို့ (၃) ဦးလုံးအား ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်များအဖြစ်အမှုတွင်ပါဝင်ခွင့်ပြုခဲ့ရာ ဦးဝင်းထိန်၏ လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟူ၍ အကြောင်းပြကာ သူ့အား တရားဝင်ကိုယ်စားလှယ်ဆိုသည့် အမိန့်ကို ပယ်ဖျက်ပေးရန် မောင်တင်ထွန်းအောင်တို့က ဗဟိုတရားရုံးတွင် တရားမပြင်ဆင်မှုကို တင်သွင်းသည်။

မောင်တင်ထွန်းအောင်တို့၏ ရှေ့နေက တရားဝင် ကိုယ်စားလှယ် ထည့်သွင်းပေးရန် တိုင်းတရားရုံးသို့ ဦးဝင်းထိန် လျှောက်လွှာတင်သည့် နေ့စွဲနှင့်ပတ်သက်၍ အငြင်းပွားလျက်ရှိကြောင်း၊ ထိုလျှောက်လွှာကို မည်သည့်နေ့က တင်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းသိရန် စုံစမ်းမှု လုပ်သင့်ကြောင်း၊ စုံစမ်းမှုမလုပ်ဘဲ ကာလစည်းကမ်းသတ် ရက် (၉၀) အတွင်း တင်သည်ဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း လျှောက်လဲသည်။

ဦးဝင်းထိန်၏ရှေ့နေက တရားဝင်ကိုယ်စားလှယ် ထည့်ပေးရန် ကိစ္စကို ရက် (၉၀) အတွင်း လျှောက်ထားခဲ့ကြောင်း လျှောက်လွှာပါ နေ့စွဲ၊ ယင်းလျှောက်လွှာပေါ်ရှိ တရားဝင်လက်ခံခွင့်ရှိသူ၏ မှတ်ချက်အရ ထင်ရှားသောကြောင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။

ဦးဝင်းမြင့်ထွန်း၏ ရှေ့နေက မောင်တင်ထွန်းအောင်တို့၏ ရှေ့နေ လျှောက်ထားချက်ကို ထောက်ခံလျှောက်လဲသွားသည်။

ဦးညိုမြသည် ၂၉-၉-၈၅ ရက်နေ့တွင် ကွယ်လွန်သည်ဆိုခြင်းကို နှစ်ဘက် အငြင်းမပွားခဲ့ကြပေ။ သို့ရာတွင် ဦးညိုမြ၏ ကိတ္တိမသားဖြစ်သည်ဟု ဖော်ပြပြီး ဦးဝင်းထိန်က တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာပါ ရက်စွဲမှာ ၂၃-၁၂-၈၅ ဖြစ်သည်။ မူလရုံး၏ နေ့စဉ်မှတ်တမ်းအရ ဦးဝင်းထိန်၏ လျှောက်လွှာကို ၆-၁-၈၇ ရက်နေ့တွင် စတင်အရေးယူ ဆောင်ရွက်ပြီး ၂၄-၂-၈၇ ရက်နေ့တွင် ဦးဝင်းထိန်အား အမှုတွင် ပါဝင်ခွင့်ပြုခဲ့လေသည်။ ဦးဝင်းထိန်၏ လျှောက်လွှာအား လျှောက်လွှာတွင်ဖော်ပြထားသည့် ၂၃-၁၂-၈၅ ရက်နေ့ကပင် တရားရုံးတွင် လက်ခံရရှိသည်ဟု ကောက်ယူကာ ရက် (၉၀) အတွင်း တင်သွင်းသည့် လျှောက်လွှာဟူ၍ တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့လေသည်။

၁၉၈၇
မောင်တင်ထွန်းအောင် ပါ (၂) နှင့် ဦးပေါ်ထိန် ပါ (၈) (ကွယ်လွန်သူ ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်)

မောင်တင်ထွန်းအောင်တို့ကမူ လျှောက်လွှာကို စတင်အရေးယူသည့် ၆-၁-၈၇ ရက်နေ့ကို မှတည်တွက်ချက်ပြီး ဦးညိုမြ ကွယ်လွန်ပြီးနောက် ၁-နှစ် ၃ လ-နှင့် ၉—ရက်ကြာမှ တင်သွင်းခြင်းဖြစ်သည်ဟု တင်ပြခဲ့သည်။

ဤအမှုတွင်လျှောက်ထားသူ မောင်တင်ထွန်းအောင်နှင့်မမေချင်းတွင်း တို့နှစ်ဦးသည် စည်းကမ်းသတ်ကာလအတွင်းလျှောက်ထားခဲ့၍ တိုင်းတရားရုံးက ၎င်းတို့အား ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့ ကိုယ်စားလှယ်တစ်ဦးဦးကို ထည့်သွင်းပြီးပါက နောက်ထပ် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀-အရ အမှုသည်အဖြစ် ထည့်သွင်းခြင်းဖြစ်သောကြောင့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၇၇-နှင့် မသက်ဆိုင်တော့ကြောင်း မွန်ရှီအာမက်ပါ-၂ နှင့် မိုက်ရှာဒ်ဘီဘီ (၁)အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်—

> "Under O.22, R.3 the suit abates so far as the deceased plaintiff is concerned when there is no application within 90 days for the substitution of his legal representative, and in my opinion, if within the 90 days an application in that behalf has been made there is no reason why the Court under 0.1, R.10 should not afterwards permit other persons who are also legal representative to be joined as co-plaintiffs in the suit."

များမကြာမီက ဗဟိုတရားရုံးက ဒေါ်ကျင်ပုနှင့် ဒေါ်ကျင်ညွန့်ပါ—(၅) (၂) အမှုတွင် အလားတူ ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဥပဒေသဘောမှာ အမှုအတောအတွင်း ကွယ်လွန်သွားသူအမှုသည် တစ်ဦးဦးနေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထား၍ တရားရုံးက ယင်းလျှောက်ထားချက်ကို ခွင့်ပြုလိုက်လျှင် အမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိတော့ချေ။ ဤအခြေအနေတွင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ကွယ်လွန်သူ၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သည်ဟု အကြောင်းပြကာ အမှုသည်အဖြစ် ပါဝင်

---

(၁) အေအိုင်အာရ်၊ ၁၉၃၃၊ စာ ၂၃၄။

(၂) ၁၉၈၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၄၇၊

၁၉၈၇
မောင်တင်ထွန်းအောင် ပါ (၂) နှင့် ဦးဝင်းထိန် ပါ (၈) (ကွယ်လွန်သူ ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ်)

ခွင့်ပြုရန် လျှောက်ထားလာလျှင် ၎င်းအား အမှုသည်အဖြစ် ထည့်သင့်မသင့်ကိစ္စကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ စဉ်းစားနိုင်သည်။ ယင်းလျှောက်ထားချက်အတွက် စည်းကမ်းသတ်ကာလကို သီးခြား ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ကာလစည်းကမ်းသတ် ဥပဒေပထမဇယား၊ အမှတ်စဉ် ၁၈၁ နှင့် သက်ဆိုင်သည်။ သို့ဖြစ်ရာ လျှောက်ထားသူတို့၏ ရှေ့နေတင်ပြသည့်အတိုင်း ဦးဝင်းထိန်သည် တရားဝင် ကိုယ်စားလှယ် ထည့်သွင်းပေးရန် လျှောက်လွှာကို ဦးညိုမြ ကွယ်လွန်ပြီးနောက် ၁-နှစ်နှင့် ၃-လကျော်အကြာ ၆-၁-၈၇ နေ့တွင်မှတင်သည်ဆိုစေဦးတော့ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၈၁ တွင် ခွင့်ပြုထားသည့် (၃)နှစ် မကျော်လွန်သေးချေ။

သို့ဖြစ်ရာ မူလရုံးက ဦးဝင်းထိန်အား ဦးညိုမြ၏ တရားဝင်ကိုယ်စားလှယ် အဖြစ် ထည့်သွင်း ဆောင်ရွက်စေရန် ချခဲ့သည့် အမိန့်သည် မှားယွင်းခြင်း မရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၄၅ ကျပ်/-သတ်မှတ်သည်။

# တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင်နှင့် ဦးဘမော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့

ရှေ့တွင်

ဦးတင်မြင့်

နှင့်

ဒေါ်သဲသဲ *

(၎င်း၏ကိုယ်စားလှယ် ဒေါ်တင်လှ)

† ၁၉၀၇
ဒီဇင်ဘာလ
၂၉-ရက်

**သားသမီးများ မွေးစားခြင်းသည် ပဋိညာဉ်ပြုလုပ်ခြင်း ဖြစ်မဖြစ်— မွေးစား စာချုပ်ကို ပယ်ဖျက်လိုလျှင် မည်သည့်အကြောင်းအချက်ကို ပြသရန် လိုအပ်ခြင်း–မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့် မွေးစားသားသမီးတို့၏ အမွေဆက်ခံခြင်း၊ မွေးစားခြင်း ပျက်ပြယ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သားသမီးများ မွေးစားခြင်းမှာ တစ်နည်းအားဖြင့် ပဋိညာဉ် ပြုလုပ်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မွေးစားစာချုပ်ကို ပယ်ဖျက်လိုလျှင် ပဋိညာဉ်ကို ပျက်ပြယ်စေသည့် ပဋိညာဉ်အက်ဥပဒေပါ အကြောင်း တစ်ရပ်ရပ်ကို ထင်ရှားပြရန် လိုအပ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မွေးစားသားသမီးက မွေးစား မိဘအပေါ် ရန်သူသဖွယ် ပြုကျင့်ခြင်းကြောင့် မွေးစားမိဘအမွေကို ဆက်ခံခွင့် မရှိသော်လည်း ယင်းသို့ကျင့်ကြံပြုမူရုံမျှဖြင့် မွေးစားခြင်း ပျက်ပြယ်ကြောင်း၊ မြန်မာဓလေ့ထုံးတမ်း ဥပဒေတွင် ပြဆိုထားခြင်း မရှိချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးသိန်းဟန်၊ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးမန်းသိန်းလွင် |

* ၁၉၀၇ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၂၄

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄ တွင် ချမှတ်သော (၂၉-၅-၇၇) ရက်စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၇
ဦးတင်မြင့်
နှင့်
ဒေါ်သစ်သစ်
(၎င်း၏ကိုယ်
စားလှယ်
ဒေါ်တင်လှ)

အယူခံတရားပြိုင် ဒေါ်သစ်သစ်သည် အယူခံတရားလို ဦးတင်မြင့်နှင့် ဒေါ်အုံးကြည်ဆိုသူတို့အား ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ကိတ္တိမသားသမီးများ အဖြစ်ဖြင့် မွေးစားခဲ့သည်။ ဒေါ်သစ်သစ်က ဦးတင်မြင့်အား ကိတ္တိမသားအဖြစ် မွေးစားခြင်းကို ပယ်ဖျက်ပေးရန် မွန်ပြည်နယ်တရားရုံး ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၃၄ တွင် တရားစွဲဆိုရာ မွန်ပြည်နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီး ဒေါ်သစ်သစ်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သဖြင့် ဦးတင်မြင့်က ဗဟိုတရားရုံးတွင် အယူခံဝင်သည်။

မှုသချုံးက တရားလို ဒေါ်သစ်သစ်က ဦးတင်မြင့်အား မွေးစားပြီးနောက် ဦးတင်မြင့်သည် ပထမတွင် သားရင်းသမီးရင်းသဖွယ် ဖြစ်လေဟန်၊ ဟန်ဆောင်လက်ခံခဲ့ပြီးနောက် မိမိထံမှ ငွေများကို အကြောင်းအမျိုးမျိုးပြ၍ လိမ်လည်တောင်းယူပြီး ကိုယ်ကျိုးအတွက်သုံးစွဲခဲ့ကြောင်း၊ မိမိအား လှည့်ဖြားကာ စာချုပ်အမျိုးမျိုးကို ချုပ်ဆိုစေခဲ့ကြောင်း၊ မိမိ၏အကျိုးကို ထိခိုက်စေသည့်လုပ်ရပ်များ လုပ်ကိုင်ခဲ့ကြောင်း၊ နောက်ဆုံးတွင် မိမိ၏ မိသားစုအား ကြီးမားသော ရန်သူသဖွယ် ဆက်ဆံပြောဆို၍ အခံမွှနည်းများကို အသုံးပြုကာ မိမိနှင့် မိသားစုအား မိမိတို့၏ ပတ်ဝန်းကျင်အလယ်တွင် ဂုဏ်ငယ်သေးသိမ် အရှက်ရစေရန် ဆောင်ရွက်ခဲ့ပြီး မကြာခဏ စိတ်ဆင်းရဲစေရန်လည်း ပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိသည် ဦးတင်မြင့်အား ကိတ္တိမသားအဖြစ် ရပ်စဲကြောင်း ကြေညာချက်ကို ၇-၁၁-၇၉ နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ကြေညာခဲ့ကြောင်း စသည်ဖြင့် အဆိုပြုကာ ဤအမှုကို စွဲဆိုသည်။

ဦးတင်မြင့်က စွပ်စွဲချက်များကိုငြင်းကွယ်သည်။

မွန်ပြည်နယ်တရားရုံးက ငြင်းချက် (၇) ရပ် ထုတ်နုတ်ကြားနာခဲ့သည်။ ယင်းငြင်းချက် အားလုံးကို ဒေါ်သစ်သစ်အား အနိုင်ပေး၍ ဖြေဆိုပြီးနောက် ဒေါ်သစ်သစ် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။

မွန်ပြည်နယ်တရားရုံး၏ ဆုံးဖြတ်ချက် အခြေခံမှာ တရားလိုဘက်မှ စွပ်စွဲသော အပြုအမူများကြောင့် ဦးတင်မြင့် အမွေမခံထိုက်သော သွာနုတ္တသားဖြစ်ကြောင်း၊ သားသမီးများသည် မိဘများအပေါ် သားသမီးတို့ မပြုလုပ်သင့်သည့် ဆန့်ကျင်ဘက် အပြုအမူများပြုလုပ်လျှင် အမွေခံစားခွင့် ဆုံးရှုံးကြောင်း၊ ကိတ္တိမ သားသမီးများလည်း ထိုနည်းတူပင် ဖြစ်ကြောင်း ဟူ၍ဖြစ်သည်။ ဤအမှုတွင် မွေးစားမိခင် ဒေါ်သစ်သစ်သည် အသက်ထင်ရှားရှိနေသည်ဖြစ်၍ သူ၏အမွေကို ဆက်ခံသည့်ပြဿနာ မပေါ်ပေါက်သေးချေ။ ဦးတင်မြင့်သည် သွာနုတ္တသား ဖြစ်သွားသော

ကြောင့် ဒေါ်သစ်သစ်၏အမွေကို ဆက်ခံခွင့် ရှိမရှိဆိုသော အချက်မှာ အမွေမှုတွင် အဆုံးအဖြတ်ပေးရမည့် ပြဿနာဖြစ်သည်။

၁၉၀၇
ဦးတင်မြင့်
နှင့်
ဒေါ်သစ်သစ်
(၎င်း၏ကိုယ်
စားလှယ်
ဒေါ်တင်လှ)

အယူခံတရားပြိုင် အဆိုလွှာ အပိုဒ် ၆ နှင့် ၇ တို့တွင် အောက်ပါ အတိုင်း အဆိုပြုထားသည်–

''၆။ အထက်ဖော်ပြပါအကျောင့် အကြံပြုမှုချက်များကို တရားပြိုင်သည့် အရုပ်ဆိုး အကျည်းတန်စွာ ပြုမူခဲ့ခြင်းတို့ကြောင့် တရားလိုက မိမိ အကျိုးဆောင်မှတစ်ဆင့် တရားပြိုင်အား ကိတ္တိမ မွေးစားအဖြစ် ရုပ်စဲကြောင်းနှင့် အထွေထွေ ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာချက်ကို ၇-၁၁-၇၉ နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၌ ထည့်သွင်း ကြော်ငြာခဲ့ရပေသည်။

၇။ အမှုစွဲဆိုရန် အကြောင်းခြင်းရာတွင် တရားလို၏ အကျိုးဆောင်က လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာတွင် ထည့်သွင်းကြေညာသော ၇–၁၁–၇၉ နေ့ရက်၏ နောက်ပိုင်းရက်များတွင် စတင်ပေါ် ပေါက်လာပါသည်.''

ဤ အဆိုပြုချက်များအရဆိုလျှင် ဒေါ်သစ်သစ်က ဦးတင်မြင့်အား မွေးစားခြင်းကို ရုပ်စဲကြောင်း သတင်းစာတွင် ကြေညာသည်ကို အကြောင်းပြုပြီး အမှုစွဲဆိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ မွေးစား ခြင်းကို မွေးစားမိဘ တစ်ဦးတည်းက ပယ်ဖျက်ခြင်း မပြုနိုင်ကြောင်း မကျောင့်စိန်နှင့် မောင်ကျင်ထိုက်(၁)၊ နှင့် မပုနှင့် ဒေါ်အေးမြနှင့် အခြားသူများ(၂)စီရင်ထုံးများတွင် ပြဆိုထားသည်။ ဤအမှုတွင် ဦးတင်မြင့်၏ သဘောတူညီချက်မရဘဲ ဒေါ်သစ်သစ်က ဦးတင်မြင့်အား မွေးစားခြင်း ကို တစ်ဖက်သတ် ပယ်ဖျက်ခြင်း မပြုနိုင်ချေ။

သားသမီးများ မွေးစားခြင်းမှာ တစ်နည်းအားဖြင့် ပဋိညာဉ်ပြုလုပ် ခြင်း ဖြစ်သည်။ ဤအမှုတွင် ဒေါ်သစ်သစ်နှင့်ဦးတင်မြင့်တို့သည် စာချုပ် စာတမ်း ပြုလုပ်၍ ဒေါ်သစ်သစ်က ဦးတင်မြင့်အား မွေးစားခဲ့ခြင်းဖြစ်၍ ယင်းမွေးစား စာချုပ်ကို ပယ်ဖျက်လိုလျှင် ပဋိညာဉ်ကို ပျက်ပြယ်စေသည့် ပဋိညာဉ် အက်ဥပဒေပါ အကြောင်း တစ်ရပ်ရပ်ကို ထင်ရှားပြရန်လိုအပ် သည်။ ဤအမှုတွင် အဆိုအပိုဒ် ၂ မှ ၅ တွင် ဖော်ပြထားသောအကြောင်း အရပ်များသည် မွေးစားဆိုင်ရာ ပဋိညာဉ်ကို ပျက်ပြယ်စေသော အကြောင်းများ မဟုတ်၍ ယင်းအချက်များအပေါ် အခြေခံ၍ မွေးစား ခြင်းကို ပယ်ဖျက်ပေးရန် စွဲဆိုသော အမှုသည် အောင်မြင်ရန်အကြောင်း

(၁) ၁၉၄၀ ပြည့်နှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ–၇၀၃။

(၂) ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၁၉။

၁၉၇၇
ဦးတင်မြင့် နှင့် ဒေါ်သစ်သစ် (၎င်း၏ကိုယ်စားလှယ် ဒေါ်တင်လှ)

မရှိချေ။ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မွေးစားခြင်း ပျက်ပြယ်နိုင်သော အကြောင်းရပ် အများအပြား ရှိသည်။ မိရင်းဖရင်းတို့က မွေးစားသည့် ကလေး အရွယ်မရောက်မီ အချိန်အတွင်း ကလေးကို ပြန်ခေါ်ခြင်း၊ မွေးစားသည့်သား ရဟန်းဘောင်သို့ ကူးဝင်သွားခြင်း၊ မွေးစားသည့် မိဘသည် ဗုဒ္ဓဘာသာကိုစွန့်၍ သားသမီး မွေးစားခြင်းကို အသိအမှတ်မပြုသည့် အခြားဘာသာသို့ ကူးပြောင်းခြင်း၊ မွေးစားသည့် မိဘနှင့် မွေးစားသည့် သားသမီးတို့သည် မွေးစားခြင်းကို ပယ်ဖျက်စေရန် ရည်ရွယ်၍ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် ဖြတ်ခြင်းတို့သည် သာဓကအချို့ ဖြစ်သည်။

မွေးစားသားသမီးက မွေးစားမိဘအပေါ် ရန်သူသဖွယ် ပြုကျင့်ခြင်းကြောင့် မွေးစားမိဘအမွေကို ဆက်ခံခွင့် မရှိသော်လည်း ယင်းသို့ ကျင့်ကြံပြုမူရုံမျှဖြင့် မွေးစားခြင်း ပျက်ပြယ်ကြောင်း၊ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်း မရှိချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အယူခံ တရားပြိုင်စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ဤအယူခံတွင် နှစ်ဖက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံစေရမည်။

# တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကျော်နှင့် ဦးထွမ်မှုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ပီအယ်လ်ကေဒီယား † ၁၉၇၇ ဒီဇင်ဘာလ ၂၁-ရက်

(၎င်း၏ ကိုယ်စားလှယ် ဦးစိတ်ရမ်း)

နှင့်

မစ္စတာနာယား *

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(င)–ယင်းဥပဒေပုဒ်မအရ ချုပ်ဆိုသောခံဝန်ကို ဖောက်ဖျက်သည့်အတွက် အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားခွင့်ရှိသူများ။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (င) အရ ချုပ်ဆိုသော ခံဝန်ကို ဖောက်ဖျက်သည့်အတွက် အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားခွင့် ရှိသူသည် ဒီကရီချမှတ်ခံရသည့် အိမ်ငှား၊ သို့မဟုတ် ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့သာဖြစ်သည် ဆိုခြင်းမှာ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ထင်ရှားသော အချက်ဖြစ်သည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | – ဦးညွန့်မြိုင်၊ ဗဟိုတရားရုံး ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | – ဦးခင်မောင်ညွန့်၊ ဗဟို တရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | – ဦးခင်စိုး |

မန္တလေးတိုင်း၊ မေမြို့ မြို့နယ်တရားရုံး၊ ၁၉၇၇ ခုနှစ် တရားမဇာရီမှု အမှတ် ၁ တွင် တရားနိုင် ပီအယ်လ်ကေဒီးယားက တရားရှုံး မစ္စတာပရင်းကူးမားအပေါ် အဆိုပါတရားရုံး ၁၉၇၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၄ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) အရ ရရှိထားသော ဒီကရီကို အတည်

---

* ၁၉၇၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၂၅

† ၁၉၇၇ ခုနှစ်တရားမအထွေထွေအယူခံမှုအမှတ် ၈ (မေမြို့) တွင်ချမှတ်သော (၁-၄-၇၇) ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၇
ဝီအယ်လ်ကေဒီယား (၎င်း၏ကိုယ်စားလှယ် ဦးစီတာရမ်း) နှင့် မစ္စတာနာယား

ပြုရာ ထိုအချိန်တွင် အချင်းဖြစ် အခန်းများ၌ အယူခံတရားပြိုင် မစ္စတာနာယားသည် အဆိုပါ ဥပဒေပုဒ်မ ၁၃ အရ ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့၏ အခွင့်အမိန့်အရ နေထိုင်လျက်ရှိသည်။ မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်အရ တရားနိုင်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(င) အရ လိုအပ်သည့် ခံဝန်ကို ချုပ်ဆိုခဲ့ရသည်။ ထို့နောက် မစ္စတာ နာယားသည် အချင်းဖြစ် အခန်းများကို ၁၄-၈-၈၄ နေ့တွင် လက်ရောက် ပေးအပ်ခဲ့သည်။ မစ္စတာနာယားက တရားနိုင်ဖြစ်သူသည် ခံဝန်ချုပ်တွင် တာဝန် ယူခဲ့သည့်အတိုင်း အချင်းဖြစ်အခန်းကို မိမိဖယ်ရှားပေးသည့်နေ့မှစ၍ ၉ လအတွင်း အပြီးပြင်ဆင်ခဲ့ခြင်းမရှိ၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ၁၂ (၂)အရ အရေးယူ ဆောင်ရွက်ပေးရန် မေမြို့မြို့နယ်တရားရုံး ၁၉၈၆ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၁ တွင် လျှောက်ထားသည်။ မြို့နယ်တရားရုံးက ယင်းလျှောက်ထားချက်ကိုပလပ်သဖြင့် မစ္စတာနာယားက မန္တလေးတိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက တရားနိုင်ဖြစ်သူသည် ခံဝန်ချုပ်ပါ စည်းကမ်းများအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု အကြောင်းပြကာ အာမခံငွေ ကျပ်-၃၀၀၀/ကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူရန်နှင့် အဆောက်အအုံကို ပြန်လည် ဆောက်လုပ်ပြီး သောအခါ မစ္စတာနာယားအား ယင်းအဆောက်အအုံတွင် ပြန်လည်နေခွင့်ပြုရန် အမိန့်ချမှတ်လိုက်သောကြောင့် တရားနိုင် ဝီအယ်လ်ကေဒီယားက သူ၏ ကိုယ်စားလှယ် ဦးစီတာရမ်းမှ တစ်ဆင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

အယူခံတရားလို၏ ရှေ့နေက အယူခံတရားပြိုင်သည် မူလအိမ်ငှားမဟုတ်၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၂) အရ လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း၊ အချင်းဖြစ် အဆောက်အအုံရှိ အခြားအခန်း နှစ်ခန်းမှ အိမ်ငှားဖြစ်သူ ဦးမြင့်ဆိုသူအားဖယ်ရှား၍ မရသေးသဖြင့် အိမ်ကိုပြန်လည် မဆောက်လုပ်နိုင်ခြင်းကြောင့် အိမ်ရှင်သည် ချုပ်ဆိုခဲ့သော ခံဝန်ချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်သည်ဟု မဆိုနိုင်ကြောင်း၊ အိမ်သစ်မဆောက်ရသေး၍ အိမ်ငှားအားပြန်ထားရန် ပြဿနာ မပေါ်ပေါက်သေးသဖြင့် လက်ရှိ အခြေအနေတွင် အယူခံ တရားပြိုင်သည် ပုဒ်မ ၁၂ (၂) အရ လျှောက်ထားခွင့် မရှိသေးကြောင်း စသည်ဖြင့် လျှောက်ထားသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အိမ်ငှားတစ်ဦးဖြစ်သူ ဦးမြင့်၏ထွက်ဆိုချက်အရ အချင်းဖြစ်အိမ်ကိုပိုင်းခြား၍ ပြင်ဆင်နိုင်ပါလျက် တရားနိုင်သည် နှစ်နှစ်ကျော်မျှ ပြင်ဆင်မှုတစ်စုံတစ်ရာ မပြုလုပ်သည်ဖြစ်၍ ခံဝန်ချုပ်ကို

ဖောက်ဖျက်ရာရောက်ကြောင်း၊ အယူခံတရားပြိုင်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ နေထိုင်ခွင့်ရသူဖြစ်၍ သူ့အကျိုးအတွက် ချုပ်ဆိုထားသော ခံဝန်ကို တရားနိုင်က ဖောက်ဖျက်ခြင်းကြောင့် ပုဒ်မ ၁၂(၂)အရ လျှောက်ထားခွင့်ရှိကြောင်း တင်ပြလျှောက်ထားသည်။

၁၉၇၇
ဗိအယ်လ်ကေဒီယား (၎င်း၏ကိုယ်စားလှယ် ဦးစိတာရမ်း) နှင့် မစ္စတာနာယား

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(င)အရ ချုပ်ဆိုသော ခံဝန်ကို ဖောက်ဖျက်သည့်အတွက် အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားခွင့်ရှိသူသည် ဒီကရီချမှတ်ခံရသည့် အိမ်ငှား သို့မဟုတ် ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့သာ ဖြစ်သည်ဆိုခြင်းမှာ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ထင်ရှားသောအချက် ဖြစ်သည်။ အယူခံတရားပြိုင်သည် ဒီကရီချမှတ်ခြင်းခံရသူ အိမ်ငှားမဟုတ်ကြောင်း အငြင်းမပွားသည့်အလျောက် ယင်း၏ လျှောက်ထားချက်ကို ပလပ်ရန်ဖြစ်သည်၊ အယူခံတရားပြိုင်သည် အဆိုပါ ဥပဒေပုဒ်မ ၁၃(၁) အရ အချင်းဖြစ် ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရသည် မှန်သော်လည်းထို့ပြင် တရားရုံး၏အမိန့်အရ အခန်းမှ ဖယ်ရှားပေးရသော်လည်း ဒီကရီချမှတ်ခြင်း ခံရသူမဟုတ်သဖြင့် အဆိုပါ ဥပဒေပုဒ်မ ၁၂ (၂) အရ လျှောက်ထားခွင့် မရှိသည့်အလျောက် ယင်းပုဒ်မအရ လျှောက်ထားပေးရန် ငှားရမ်းခကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရန်သာဖြစ်သည်။

အယူခံတရားလို ချုပ်ဆိုခဲ့သော ခံဝန်ချုပ်ပါ စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

"ယခုအမှုဖြစ် မစ္စတာနာယား နေထိုင်သုံးစွဲသည့် မူလအခန်းနှစ်ခန်းနှင့် ဥပစာ တစ်ခုလုံးကို လက်ရောက် ရရှိသည့်နေ့မှစ၍ (၉)လ အတွင်း ပြီးစီးအောင် ပြင်ဆင် ဆောက်လုပ်မည် ဖြစ်ပါသည်။

ယင်းမစ္စတာနာယားထံမှ လက်ရောက်ရရှိသည့် အခန်း နှစ်ခန်း အပါအဝင် ဥပစာတစ်ခုလုံးကို ပြင်ဆင်ဆောက်လုပ်ပြီးစီးကာ မစ္စတာနာယားက ၎င်းနေထိုင်ခဲ့သည့် မူလအခန်း (၂)ခန်းကို ပြန်လည်နေထိုင်လိုကြောင်း တောင်းဆိုလာလျှင် ပြန်လည်ပေးပါမည်ဟု ကတိပြုပါသည်။ ယင်းကတိ ပျက်ကွက်ခဲ့ပါက ဤခံဝန်ချုပ်ပါ ငွေ(၃၀၀၀) (ကျပ်-သုံးထောင်တိတိ)ကို အစိုးရဘဏ္ဍာတော်အဖြစ် အဆုံးအရှုံးခံရပါမည့်အကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။"

တိုင်းတရားရုံးက တရားနိုင်သည် အချင်းဖြစ်အခန်းများကို ရရှိပြီးနောက် ၂ နှစ် ကျော်လွန်ခဲ့သည့်တိုင်အောင် အဆောက်အအုံ ဆောက်လုပ်ရန် ပြင်ဆင်သည့်အခြေအနေတွင်မရှိသေး၍ ခံဝန်ချုပ်ပါ စည်းကမ်း

၁၃၀၇
ဝီအယ်လ်ကေဒီယား (၎င်း၏ကိုယ်စားလှယ် ဦးစီဘာရမ်) နှင့် မစ္စတာနာယား

ချက်အား ဖောက်ဖျက်သည်ဟု ကောက်ယူကာ အာမခံငွေ ၃၀၀၀/ကျပ်ကို ပြည်သူပိုင်အဖြစ်သိမ်းယူရန်အမိန့်ချမှတ်ခဲ့သည်။ အချင်းဖြစ်ခံဝန်ချုပ်တွင် အဆောက်အအုံသစ်ကို ၉ လအတွင်း ပြီးစီးအောင် ပြင်ဆင်ဆောက်လုပ်ခြင်းမရှိလျှင် ခံဝန်ချုပ်ဆိုသူက ငွေ ၃၀၀၀/ကျပ် ပေးလျော်ရန် ဖော်ပြထားခြင်း မရှိချေ။ သို့ဖြစ်ရာ တိုင်းတရားရုံးက ကောက်ယူသည့်အတိုင်း တရားနိုင်သည် အဆောက်အအုံကိုပြင်ဆင်ရန် ပျက်ကွက်သည်ဟု ကောက်ယူနိုင်သည့်တိုင်အောင် အာမခံငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း မပြုနိုင်ချေ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူကြောင်း တိုင်းတရားရုံးက ချမှတ်သည့်အမိန့်သည် ခံဝန်ချုပ်ပါ စည်းကမ်းချက်များဘောင်ကို ကျော်လွန်သည်။

အယူခံတရားလိုက ငွေကျပ် ၃၀၀၀/ကို ပြည်သူ့ဘဏ္ဍာအဖြစ် အဆုံးအရှုံးခံမည်ဖြစ်ကြောင်း ပဋိညာဉ်ပြုခြင်းသည် အဆောက်အအုံသစ်ကို ၉ လအတွင်း ဆောက်လုပ်ရန် တာဝန်ခံခြင်းနှင့် မသက်ဆိုင်ချေ။ မစ္စတာနာယားအား အသစ်ဆောက်လုပ်မည့် အဆောက်အအုံ၏ အခန်းနှစ်ခန်းတွင် ပြန်လည်ချထားခြင်းနှင့်သာ သက်ဆိုင်သည်။ အဆောက်အအုံသစ်ကို ပြင်ဆင်ဆောက်လုပ်ခြင်း မပြုရသေး၍ မစ္စတာနာယားအား ပြန်လည် နေရာချထားရန်ကိစ္စ မပေါ်ပေါက်သေးချေ။ သို့ဖြစ်၍ စာချုပ်ပါ ဒုတိယစည်းကမ်းချက်ကို ဖောက်ဖျက်သည်ဟု မဆိုနိုင်ချေ။ ထို့ပြင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် ပြုပြင်ပြီးသည့်အခါ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ပြီးသည့်အခါ အချင်းဖြစ် ဥပစာကို ပြန်ပေးရသူမှာ အိမ်ငှားဖြစ်သည်။ အယူခံတရားပြိုင်မှာ တရားရှုံးအိမ်ငှား မဟုတ်ကြောင်း အထက်တွင်ဖော်ပြပြီး ဖြစ်သည်။ သို့ဖြစ်ရာ မစ္စတာနာယားအား အသစ်ပြန်လည်ဆောက်လုပ်မည့် အဆောက်အအုံတွင် ပြန်လည်ထားပါမည်ဟူသော အချင်းဖြစ် ခံဝန်ချုပ်ပါ စည်းကမ်းချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (c)ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သောကြောင့် ယင်းစည်းကမ်းချက်များမှာ အာနိသင် မရှိချေ။ ဦးစိန်းမောင်နှင့် ဦးစိန်ဘ ပါ-၃(၁) စီရင်ထုံးကို ကြည့်ပါ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်တစ်ရပ်ရှိသည်။ မြို့နယ်တရားရုံးသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) အရ ခံဝန်ချုပ်ရာ၌ ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း တွေ့ရသည်။ အမှန်ဆိုသော် အချင်းဖြစ် ဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ ၉-လ

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၄၁၁။

၁၉၇၇
ပီအယ်လ်ဒေကဒီယား
(၎င်း၏ကိုယ်စားလှယ်
ဦးစီတာရမ်း)
နှင့်
မစ္စတာနာယား

အတွင်း အခဆောက်အအုံသစ်ကို ပြင်ဆင်ဆောက်လုပ်ရန် ပျက်ကွက်ပါက တရားရုံးက သတ်မှတ်သည့် လျော်ကြေးကို ပေးဆောင်မည် ဖြစ်ကြောင်း စည်းကမ်းချက်ကို ခံဝန်ချုပ်တွင် ထည့်သွင်းရန် လိုအပ်သည်။ အချင်းဖြစ် ခံဝန်ချုပ်၌ ပထမ စည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်ပါက အာမခံငွေ မည်၍မည်မျှ အဆုံးအရှုံးခံမည်ဖြစ်ကြောင်း သတ်မှတ်ထားခြင်းမရှိ၍ တရားနိုင်ဖြစ်သူသည် ခံဝန်ပါစည်းကမ်းချက်ကို ဖောက်ဖျက်ပါလျက် တရားရုံးက အရေးမယူနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ သို့ဖြစ်၍ နောင်တွင် အလားတူ မှားယွင်းမှုများ မပေါ်ပေါက်စေရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ ချုပ်ဆိုရန်လိုအပ်သည့် ခံဝန်ချုပ်ပုံစံများကို ဗဟိုတရားရုံးက မြို့နယ်တရားရုံးများအား ဖြန့်ဝေပေးသင့်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မေမြို့ မြို့နယ်တရားရုံး၏ အမိန့်ကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ မရှုနေခကို ကျပ်-၁၀၀/သတ်မှတ်သည်။

## တရားမအထွေထွေလျှောက်လွှာ

### ဦးကျော်ငြိမ်းအဖြစ် ဦးအေားစန် အဖွဲ့ဝင်များအဖြစ် ဒေါက်တာမောင်မောင်အေးနှင့် ဦးဝင်းမောင် -၁ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၇ ဒီဇင်ဘာလ ၁၆ ရက်

ဒေါ်ဖြူ

နှင့်

ဦးထွန်းလှ *

မှတ်ပုံတင်ပြီးဖြစ်သော အရောင်းစာချုပ်က အပေါင်ရွေးနှုတ်ခွင့်ကို ပိတ်ပင်ပြီးဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အိမ်ကို ရောင်းချကြောင်းဖော်ပြ၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့သည်ဖြစ်ရာ ယင်းစာချုပ်က အပေါင်ရွေးနှုတ်ခွင့်ပြုရန် တိုက်ရိုက်တောင်းဆိုနိုင်ခွင့်ကို ပိတ်ပင်ထားသည်ဖြစ်၍ ပထမသက်သာခွင့် မပါဘဲ ဒုတိယသက်သာခွင့်သက်သက် ခွင့်ပြုနိုင်ရန် အကြောင်းမရှိပေ။ ဤအခြေအနေတွင် လျှောက်ထားသူဖက်မှ တင်ပြသည့်အတိုင်း ဒုတိယသက်သာခွင့်ကို တောင်းဆိုခွင့်ရှိဦးတော့၊ ပထမ သက်သာခွင့်ကို ခွင့်ပြုရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေပြီ ဖြစ်၍ အမှုကို ပလပ်ရန်မှတစ်ပါး အခြားနည်း မရှိတော့ချေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ဦးမောင်မောင်ခင်၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူအတွက် | — | ဦးမြင့်သိန်း၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးဘသန်းအောင် |

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၇ ခုနှစ် တရားမကြီးမှု အမှတ် ၆၉၉ (ဗိုလ်တထောင်)တွင် အယူခံ တရားလို ဒေါ်ဖြူက အယူခံ တရားပြိုင် ဦးထွန်းလှ၏ဇနီး ဒေါ်သန်းသန်းအပေါ် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အိမ်အမှတ် ၁၆၄ ကို ရောင်းချသော စာချုပ်မှာ

* ၁၉၇၇ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၆၆

† ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၈ တွင်ချမှတ်သော(၁၂–၈–၇၇) ရက်စွဲပါ ဗဟိုတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားမှု။

၁၉၈၇
ဒေါ်ဖြူ
နှင့်
ဦးထွန်းလှ

တရားမဝင်ကြောင်း ကြေညာပေးရန်နှင့် ယင်းအိမ်ကို ရွေးနုတ်ခွင့်ပြုရန် တရားစွဲရာ၊ အမှုအတောအတွင်း ဒေါ်သန်းသန်း ကွယ်လွန်သွားသော်လည်း ၎င်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မပြုသဖြင့် တိုင်းတရားရုံးက အမှုရပ်စဲကြောင်း အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ဒေါ်ဖြူက ဦးထွန်းလှအပေါ် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၃(ဗိုလ်တထောင်)တွင် အဆိုပါအရောင်းစာချုပ်မှာ တရားမဝင်ကြောင်း ကြေညာ၍ ရွေးနုတ်ခွင့်ပြုရန် ထပ်မံစွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်ဖြူစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသက် ကျော်လွန်ခြင်း ရှိမရှိနှင့် အမှုကို လက်ရှိပုံစံအတိုင်း စွဲဆိုခွင့် ရှိမရှိ ပဏာမ ငြင်းချက်နှစ်ရပ်ထုတ်၍ ကြားနာပြီးနောက် ဒေါ်ဖြူအား အသာပေးဆုံးဖြတ်ကာ အမှုကို ဆက်လက် စစ်ဆေးသွားရန် ဆုံးဖြတ်သည်။ တိုင်းတရားရုံး၏ အမိန့်ကို ဦးထွန်းလှက မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ ၁၉၈၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၈ တွင် လျှောက်ထားရာ ဗဟိုတရားရုံးက ဒေါ်ဖြူ ဒုတိယစွဲဆိုသော အမှုကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၂၊ နည်း ၉ (၁) ပါ ပြဋ္ဌာန်းချက်များအရ ပိတ်ပင်ကြောင်း ကောက်ယူ၍ ဒေါ်ဖြူစွဲဆိုသော အဆိုလွှာကို ပလပ်ကြောင်း ပြင်ဆင် အမိန့်ချမှတ်သည်။ ဒေါ်ဖြူက ဗဟိုတရားရုံး၏အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးရန် ဤအမှုတွင် လျှောက်ထားလာသည်။

လျှောက်ထားသူ၏ ရှေ့နေက ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၆၀ နှင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၃ ပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ ဒုတိယအမှုတွင် အပေါင်ရွေးနုတ်ခွင့် ရှိကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

ဦးထွန်းလှ၏ရှေ့နေကအချင်းများသည့်စာချုပ်သည်အပေါင်စာချုပ်မဟုတ်ဘဲ မှတ်ပုံတင်ထားသည့် အရောင်းစာချုပ် ဖြစ်ကြောင်း၊ အမှုအတောအတွင်း ဒေါ်သန်းသန်း ကွယ်လွန်ရာ၌ အချိန်မီ တရားဝင်ကိုယ်စားလှယ် မထည့်၍ အမှုရပ်စဲသွားသောကြောင့် အလားတူ အချင်းဖြစ်အကြောင်းအရာကိုအခြေပြု၍ နောက်ထပ် တရားစွဲဆိုပိုင်ခွင့် မရှိကြောင်း ဗဟိုတရားရုံး၏ ဆုံးဖြတ်ချက် မှန်ကန်သဖြင့် ဒေါ်ဖြူ၏ လျှောက်ထားချက်ကို ပလပ်သင့်ကြောင်း ချေပ လျှောက်လဲသည်။

အဆိုလွှာပါ အဆိုပြုချက်များအရ ဒေါ်ဖြူချုပ်ဆိုခဲ့သော စာချုပ်သည် အရောင်းစာချုပ်ဖြစ်သည်။ ယင်းစာချုပ် တည်ရှိနေသ၍ ကာလပတ်လုံး အချင်းဖြစ် အဆောက်အအုံမှာ ဝယ်သူပိုင်ပစ္စည်းအဖြစ် တည်နေမည်ဖြစ်၍ ဒေါ်ဖြူသည် အပေါင်ရွေးနုတ်ခွင့်မရရှိနိုင်ပေ။ အပေါင်ရွေးနုတ်ခွင့် ရရှိနိုင်ရန် ပစ္စည်းပေါင်မှု ရှိရမည်ဖြစ်ရာ အပေါင်ရွေးနုတ်

၁၉၇၇ ဒေါ်မြ နှင့် ဦးထွန်းလှ

ခွင့်တည်းဟူသော အကျိုးသက်သာခွင့် ရရှိနိုင်ရန်အလို့ငှာ၊ လျှောက်ထားသူက အချင်းဖြစ်အိမ်ကို အမှန်တကယ် ရောင်းချခြင်း မဟုတ်ပါ၊ ပေါင်နှံခြင်းသာ ဖြစ်ပါသည်ဟူ၍ အဆိုပြုကာ ဤအမှုတွင် မြွက်ဟဒိကရိကို တောင်းဆိုခြင်းဖြစ်သည်။ ဒုတိယသက်သာခွင့်ကို ခွင့်ပြုနိုင်၊ မပြုနိုင်ဆိုသော အချက်မှာ ပထမ သက်သာခွင့်အပေါ် တည်သည်။

လျှောက်ထားသူ စွဲဆိုခဲ့သော ပထမအမှုတွင် အချင်းဖြစ် အရောင်းစာချုပ် ချုပ်ဆိုရခြင်းနှင့် စပ်လျဉ်း၍ အဆိုလွှာ၌ အောက်ပါအတိုင်း အဆိုပြုထားသည်–

၁။ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အိမ်အမှတ် ၁၆၄ မှာ တရားလိုပိုင်အိမ် ဖြစ်ပါသည်။

၂။ တရားလိုသည် အချင်းဖြစ်အိမ်ကို မစ္စတာမကာဒိုထံမှ အတိုးငွေ ၂၅၀၀၀ိ/ (နှစ်သောင်း ငါးထောင်ကျပ်တိတိ)ဖြင့် ဝယ်ယူခဲ့ပါသည်။

၃။ တရားလို၏ခင်ပွန်း ဦးသာခင်နှင့် တရားလိုခင်ပွန်း၏ မိတ်ဆွေ ဦးဘရီတို့တွင် ငွေလိုသဖြင့် တရားပြိုင်ထံတွင် ငွေ ၁၅၀၀၀ိ/ (တစ်သောင်း ငါးထောင်ကျပ်တိတိ) ချေးငှားရာ တရားပြိုင်က အချင်းဖြစ်အိမ်ကို အရောင်းစာချုပ် ပြုလုပ်မှ ငွေပေးမည်ဟုပြောသဖြင့် ၁၉၆၀ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် အရောင်းစာချုပ် ပြုလုပ်ခဲ့ရပါသည်။ စာချုပ်မှတ်ပုံတင်ရုံးတွင် တရားလိုက ရောင်းတာ မဟုတ်ပါ၊ ပေါင်တာပါ ပြောသောအခါ စာချုပ်ကျောဘက်တွင် ရေးမှတ်လိုက်သည်ကို မြင်ရပါသည်။

၄။ တရားလို၏ခင်ပွန်း ဦးသာခင်နှင့် တရားပြိုင်၏ခင်ပွန်း ဦးထွန်းလှ တို့မှာ တပ်မတော်မှ အငြိမ်းစားများ ဖြစ်ကြသဖြင့် တစ်ဦးကိုတစ် ဦး ယုံကြည်၍အရောင်းစာချုပ် ပြုလုပ် ငွေချေးခဲ့ပါသည်။

၅။ တရားလို၏ ခင်ပွန်းနှင့် ဦးဘရီတို့က တရားပြိုင်အား လစဉ်အတိုး ၃၅၀ိ/ (သုံးရာ ငါးဆယ်ကျပ်တိတိ) ၅–လ ပေးခဲ့ရပါသည်၊ ၅–လ ပေးပြီးနောက် ငွေရေးကြေးရေး အကြပ်အတည်း ဖြစ်၍ အတိုးမပေးနိုင်တော့ပါ။

ဒုတိယစွဲဆိုသည့် အမှု၌ အဆိုလွှာတွင် အောက်ပါအတိုင်းဖော်ပြထားသည်–

၁။ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အိမ်အမှတ် ၁၆၄ သည် တရားလိုက မစ္စတာ မကာဒိုထံမှ အတိုးငွေ ကျပ်

၂၅၀၀ဝိ/ (နှစ်သောင်း ငါးထောင်တိတိ)ဖြင့် ဝယ်ယူခဲ့၍ တရားလိုပိုင်အိမ် ဖြစ်ပါသည်။

၁၉၈၇
ဒေါ်ဖြူ
နှင့်
ဦးထွန်းလှ

၂။ တရားလို၏ခင်ပွန်း ဦးသာခင်နှင့် ဦးသာခင်၏မိတ်ဆွေ ဦးဘရီတို့တွင် ငွေလိုသဖြင့် တရားပြိုင်၏ဇနီး ဒေါ်သန်းသန်းထံမှ ငွေကျပ် ၁၅၀၀၀ိ/ (ငွေကျပ် တစ်သောင်းငါးထောင်တိတိ) ချေးငှားရာ ဒေါ်သန်းသန်းက အချင်းဖြစ်အိမ်ကို အရောင်းစာချုပ် ပြုလုပ်မှ ငွေချေးမည်ပြောသဖြင့် ၁၉၆၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့တွင် အရောင်းစာချုပ် ပြုလုပ်ခဲ့ရပါသည်။ အရောင်းစာချုပ် မှတ်ပုံတင်ရုံးတွင် တရားလိုက ရောင်းဒါမဟုတ်ကြောင်း၊ ပေါင်ခြင်းသာဖြစ်ကြောင်း ပြောသောအခါ စာချုပ်ကျောဘက်တွင် ရေးမှတ်လိုက်သည်ကို မြင်ရပါသည်။

၃။ ဦးဘရီသည် တပ်မတော် ထောက်ပို့ဌာန စာရင်းကိုင် ဖြစ်ပြီး ဒေါ်သန်းသန်း (ကွယ်လွန်)ခင်ပွန်း ဦးထွန်းလှတို့နှင့် ခင်မင်ရင်းနှီးသူများ ဖြစ်ကြ၍ တစ်ဦးကိုတစ်ဦး ယုံကြည်သောကြောင့် အရောင်းစာချုပ်ပြုလုပ်၍ ငွေချေးခဲ့ပါသည်။

၄။ တရားလို၏ခင်ပွန်း ဦးသာခင်နှင့် ဦးဘရီတို့က တရားပြိုင်၏ဇနီး ဒေါ်သန်းသန်းအား လစဉ် အတိုးငွေကျပ် ၇၅၀ိ/ (ငွေကျပ် ခုနစ်ရာငါးဆယ်တိတိ) ကို ၅-လ ပေးခဲ့ပါသည်။ အတိုးငွေ ၅-လ ပေးပြီးနောက် ငွေရေးကြေးရေး အကြပ်အတည်းရှိ၍ အတိုး မပေးနိုင်တော့ပါ။

ဒေါ်ဖြူ စွဲဆိုသော အမှုနှစ်မှုတွင် တင်သွင်းသည့်အဆိုလွှာ (၂)ခုစလုံး ပါရှိသော အထက်ဖော်ပြပါ အဆိုပြုချက်များအရ အချင်းဖြစ်အိမ်ကို ရောင်းချသည့်စာချုပ် တရားမဝင်ကြောင်း ကြေညာပေးစေရန် စွဲဆိုသော အမှုများမှာ ထပ်တူထပ်မျှတူသော အချင်းဖြစ် အကြောင်းခြင်းရာ အပေါ် အခြေခံကြောင်း ထင်ရှားသည့်အပြင် အမှုနှစ်မှုလုံးတွင်တောင်းဆိုသည့် မြွက်ဟဒီကရီမှာလည်း ထပ်တူထပ်မျှ တူညီကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ဗဟိုတရားရုံး၌ ပြင်ဆင်မှုတွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ်ဖြူသည် မြွက်ဟ ဒီကရီရလိုကြောင်း ထပ်မံတရားစွဲဆိုခွင့် မရှိတော့ချေ။

ဤအမှုတွင် လျှောက်ထားသူဖက်မှ လျှောက်ထားသူသည် ဒုတိယ သက်သာခွင့်ကို ရခွင့်ရှိကြောင်း၊ အမှုရပ်စဲကြောင်း ပထမအမှုတွင်ချမှတ်ခဲ့သော အမိန့်က ပစ္စည်းရွေးနုတ်ခွင့်ပြုရန် စွဲဆိုခွင့်ပြုသော ဒုတိယအမိန့်ကို ပိတ်ပင်ခြင်းမပြုကြောင်း တင်ပြ လျှောက်ထားသော်လည်း ပထမ

၁၉၀၇ ဒေါ်ဖြူ နှင့် ဦးထွန်းလှ

သက်သာခွင့်ကို စွဲဆိုခွင့်ရှိမရှိ လျှောက်ထားနိုင်ခြင်း မရှိချေ။ ပထမသက်သာခွင့်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၉ အရ ခွင့်မပြုနိုင်တော့လျှင် ယင်းသက်သာခွင့်၏ အကျိုးဆက်ဖြစ်သည့် ဒုတိယသက်သာခွင့်ကိုလည်း ခွင့်ပြုနိုင်တော့မည် မဟုတ်ချေ။

လျှောက်ထားသူသည် အချင်းဖြစ်အိမ်ကို ရောင်းချကြောင်း ဖော်ပြ၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့သည်ဖြစ်ရာ ယင်းစာချုပ်ကအပေါင်ရွေးနုတ်ခွင့်ပြုရန် တိုက်ရိုက်တောင်းဆိုနိုင်ခွင့်ကို ပိတ်ပင်ထားသည်ဖြစ်၍ ပထမသက်သာခွင့်မပါဘဲ ဒုတိယ သက်သာခွင့် သက်သက် ခွင့်ပြုနိုင်ရန် အကြောင်းမရှိပေ၊ ဤအခြေအနေတွင် လျှောက်ထားသူဖက်မှ တင်ပြသည့်အတိုင်း ဒုတိယသက်သာခွင့်ကို တောင်းဆိုခွင့်ရှိဦးတော့၊ ပထမသက်သာခွင့်ကို ခွင့်ပြုရန်မဖြစ်နိုင်တော့သည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၍ အမှုကိုပလပ်ရန်မှတစ်ပါး အခြားနည်းမရှိတော့ချေ။

ထို့ကြောင့် ဤအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၇၅ိ/သတ်မှတ်သည်။

# တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ်ဦးတွမ်မှုန်းနှင့်
ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘမင်း

ဒေါ်လှရင်

(၎င်းတို့၏ ကိုယ်စားလှယ် စာရသူ ဦးလှမင်း)

နှင့်

ဒေါ်ခင်ဆွေပါ(၂)*

† ၁၉၇၇
ဩဂုတ်လ
၁၃–ရက်

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)၏ ပထမခြွင်းချက်နှင့် ယင်းအက် ဥပဒေပုဒ်မ ၂(ဃ)(၁)ပါ–ဥပစာဟူသော စကားရပ်၏ အဓိပ္ပာယ်–ဥပစာဆိုသောစကားရပ်၏ အဓိပ္ပာယ်သည် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ပုဒ်မ ၂(ဃ)တွင် ဖွင့်ဆိုထားသည့် အနက်အဓိပ္ပာယ်အတိုင်း ဆောင်မည်ဖြစ်ခြင်း။**

မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး၊ ၁၉၇၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ နှင့် ၂ တို့တွင် အယူခံ တရားပြိုင် ဒေါ်ခင်ဆွေနှင့် ဦးလွယ်လွယ်တို့က အယူခံတရားလို ဦးဘမင်းနှင့် ဒေါ်လှရင်တို့ အသီးသီးအပေါ် မန္တလေးမြို့၊ ဟေမာဇလ အနောက်ပိုင်း၊ အကွက်အမှတ် ၆၀၆၊ဦးပိုင်အမှတ် ၁၉(ခ)/(၁) စာရင်းပေါက်သည့် ဘိုးဘွားပိုင်မြေပေါ်ရှိနှစ်ထပ်တိုက်အဆောက်အအုံ၏အောက်ထပ်ရှိအခန်းများမှ ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) အရဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးဘမင်းနှင့် ဒေါ်လှရင်တို့ကမြို့နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံး၊ ၁၉၇၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁ နှင့် ၂၂တို့တွင် အသီးသီး အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဒုတိယ အယူခံဝင်ခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ပုဒ်မ ၁၂(၁)(စ) ပထမ ခြွင်းချက်တွင် ပါရှိသော "ဥပစာ"ဟူသည့် စကားရပ်ကို အသီးတခြားဖတ်ရှု၍ ပုဒ်မ ၂ (ဃ)(၁)

---

* ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၅၇ နှင့် ၅၉ ။

† ၁၉၇၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁ နှင့် ၂၂ တို့တွင် ချမှတ်သော (၂၄-၅–၇၅) ရက်နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

တွင် ဖွင့်ဆိုထားသော အဓိပ္ပာယ်ကို ညွှန်ပြကာ အဆောက်အဦတည်ရာ မြေလည်း ပါဝင်သည်ဟု ကောက်ယူရန် မဟုတ်ချေ။ အကြောင်းမူ "ဥပစာ"ဆိုသော စကားရပ်၏ အဓိပ္ပာယ်သည် အကြောင်းအရာနှင့်ဖြစ်စေ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်မှသာ ပုဒ်မ ၂ (ဃ)တွင် ဖွင့်ဆိုထားသည့် အနက်အဓိပ္ပာယ်အတိုင်း ဆောင်မည်ဖြစ်သည်။ ပုဒ်မ ၁၂ (၁)(စ)၏ ပထမခြွင်းချက်တွင် "ဥပစာ"ဆိုသည့် စကားရပ်ရှေ့၌ ဆိုခဲ့သည် ဟူသော နာမဝိသေသန ရှိနေသည့်အလျောက် အဆိုပါစကားရပ်နှစ်ခုကို ပူးတွဲဖတ်ရှုပါက ယင်းစကားရပ်မတိုင်မီ ရှေ့ကဖော်ပြခဲ့သော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းကိုဆိုလိုကြောင်း အထူးပေါ်လွင်ပေသည်။ အဆိုပါစကားရပ်တွင် အဆောက်အအုံတည်ရာ မြေလည်းပါဝင်သည်ဟု ကောက်ယူမည်ဆိုပါက အဆိုပါစကားရပ်ကို သုံးနှုန်းထားသော ပုဒ်မတွင်ပါရှိသည့် အခြားစကားရပ်တို့သည် ရှေ့နောက် ညီညွတ်မည် မဟုတ်ချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးထွန်းဝေ၊ ဗဟိုတရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | - | ဦးဘသန်းအောင် |

မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၊ ၁၉၇၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ နှင့် ၂ တို့တွင် အယူခံတရားပြိုင် ဒေါ်ခင်ဆွေနှင့် ဦးလွယ်လွယ်တို့က အယူခံတရားလို ဦးဘမင်းနှင့် ဒေါ်လှရင်တို့ အသီးသီးအပေါ် မန္တလေးမြို့၊ ဟေမာဇလ အနောက်ပိုင်း၊ အကွက်အမှတ် ၆၀၆ ဦးပိုင်အမှတ် ၁၉(ခ)/၁ စာရင်းပေါက်သည့် ဘိုးဘွားပိုင်မြေပေါ်ရှိနှစ်ထပ်တိုက်အဆောက်အအုံ၏ အောက်ထပ်ရှိ အခန်းများမှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)(စ)အရ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာအနိုင်ရရှိခဲ့သည်။ ဦးဘမင်းနှင့် ဒေါ်လှရင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး ၁၉၇၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁ နှင့် ၂၂ တို့တွင် အသီးသီးအယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၊ ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၈ နှင့် ၅၉တို့တွင် ဆက်လက်၍ အယူခံဝင်ကြသည်။ အယူခံမှုနှစ်မှုလုံးတွင် ပေါ်ပေါက်သော ဥပဒေပြဿနာများမှာ တူညီသည်ဖြစ်၍ အယူခံမှုနှစ်မှုလုံးကို ဤစီရင်ချက်တွင် တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

ဤအယူခံ များတွင် ဆုံးဖြတ်ရန် ပြဿနာမှာ အယူခံတရားပြိုင် ဒေါ်ခင်ဆွေနှင့် ဦးလွယ်လွယ်တို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ

ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)၏ ခြွင်းချက်တွင် အကျုံးဝင်သော ပိုင်ရှင်များ ဟုတ်မဟုတ် ဖြစ်သည်။

အချင်းဖြစ်တိုက်တည်ရာ မြေမှာ မူလက အယူခံတရားပြိုင်များ၏ မိဘများဖြစ်ကြသော ဦးထွန်းဦးနှင့် ဒေါ်သိန်းငွေတို့ပိုင်ဖြစ်သည်။ မိဘများကွယ်လွန်ကြသောအခါ အယူခံတရားပြိုင်မောင်နှမနှစ်ဦးက အမွေဆက်ခံခဲ့ကြသည်။

အချင်းဖြစ်မြေပေါ်တွင် တည်ရှိသော အဆောက်အအုံ၏ အောက်ထပ်ကို ၁၉၄၄ ခုနှစ်ခွင်လည်းကောင်း၊ အပေါ်ထပ်ကို ၁၉၆၆ ခုနှစ်တွင်လည်းကောင်း ဆောက်လုပ်သည်ဟု ဦးလွယ်လွယ်က ထွက်ဆိုသည် ဦးလွယ်လွယ်၏ သက်သေဦးဖေအောင်တင်က "ကျွန်တော်နှင့်တရားလိုတို့နှင့် ငါးနှစ်ခန့် သီးခြားနေထိုင်ခဲ့ရ၍ အချင်းဖြစ်တိုက်အားတရားလိုသည်။ မည်သည့် ခုနှစ်၌ဆောက်သည်ဆိုခြင်းကို ကျွန်တော်ကိုယ်တိုင်တော့ မသိပါ" ဟူ၍ထွက်ဆိုသည်။ အခြားသက်သေဦးချစ်က "ဦးထွန်းဦးက ပြော၍ ၎င်းတစ်ထပ်တိုက်ကို ၁၉၄၄ခုနှစ်၊ ဆောက်သည်ဟု ကျွန်တော်မှတ်ထားခြင်းဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်တော့မသိပါ" ဟုထွက်ဆိုသည်။ ကျန်သက်သေများသည် တစ်ထပ်တိုက် ဆောက်သည့်ကိစ္စကို သိသူများ မဟုတ်ချေ။

တစ်ဖက်တွင် အချင်းဖြစ် တိုက်နှင့် ကပ်လျက်နေသူ ဒေါ်တင်တင်အေးက ၎င်းတို့၏ တိုက်ကို ၁၉၄၀ ခုနှစ်တွင် ပြန်လည် ဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ ဦးထွန်းဦးသည် ၎င်း၏ တိုက်ကို ၁၉၄၀ ခုနှစ်တွင် စဆောက်ကြောင်း ထွက်ဆိုသည်။ ဒေါ်တင်တင်အေးသည် အယူခံ တရားပြိုင်တို့၏ ဖခင်၏ အိမ်နီးချင်း ဖြစ်သဖြင့် အဖြစ် အပျက် အမှန်ကို ကောင်းစွာ သိရှိနိုင်သူ ဖြစ်သည်ဟု ဆိုရပေမည်။

ဦးလွယ်လွယ်၏ ထွက်ချက်အရ တစ်ထပ်တိုက် ဆောက်ပြီးနောက် အိုးဝေ လက်ဖက်ရည် ဆိုင်ရှင်အား ငှားရမ်းခဲ့ကြောင်း ပေါ်ပေါက်သည်။ အဆိုပါ လက်ဖက်ရည်ဆိုင် ပိုင်ရှင်၏ သမက်ဖြစ်သူ ဦးချစ်တင်က "ပိုင်ရှင် ဦးထွန်းဦးထံမှ ကျွန်တော်ယောက္ခမ ဦးကြီးမောင်မှ တစ်လလျှင် ၁၅၀/-နှင့်ငှားရမ်းပါသည်။ ငှားပြီး အိုးဝေ လက်ဖက်ရည်ဆိုင် ဖွင့်ခြင်း ဖြစ်ပါသည်။ ကရင်မဝင်မီ တစ်နှစ်ကျော် ၁၉၄၀ ခုနှစ်မှ စတင် ငှားရမ်းပါသည်။ ကျွန်တော်တို့မှာ တစ်ထပ်တိုက် ပြီးပြီးချင်း ပထမဆုံး ငှားရမ်းပါသည်။ ကျွန်တော်တို့ ငှားရမ်းစဉ် အချင်းဖြစ် တိုက်တောင်ဘက်ရှိ ဦးဘလုံ၏ တိုက်မှာ ဆောက်ပြီးစ ဖြစ်ပါသည်" ဟု ထွက်ဆိုသည်။ ဦးဘလုံမှာ သက်သေ ဒေါ်တင်တင်အေး၏ ဖခင်ဖြစ်သည်။

နှစ်ဖက် သက်သေများကို ပေါင်းစပ် သုံးသပ်ကြည့်လျှင် အချင်းဖြစ်တိုက်၏ အောက်ထပ်ကို ၁၉၄၀ ခုနှစ်တွင် ဆောက်လုပ်သည် ဆိုသော အချက်က အလေးသာလျက် ရှိကြောင်း တွေ့ရသည်။

**၁၉၇၇**
**ဦးဘမင်း**
ဒေါ်လှရှင်
(၎င်းတို့၏ကိုယ်စားလှယ် စာရသူ ဦးလှမင်း)
နှင့်
ဒေါ်ခင်ဆွေ
ပါ(၂)

အယူခံ တရားပြိုင်တို့၏ ရှေ့နေက **ဦးအုံးငယ် ပါ-၂ နှင့် ဒေါ်အေး**(၁) စီရင်ထုံးကို ကိုးကား၍ အယူခံ တရားပြိုင်တို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) တွင် အကျုံးဝင်သော ပိုင်ရှင် ဖြစ်ကြောင်း လျှောက်ထားသည်။ အယူခံ တရားလိုတို့၏ ရှေ့နေကမူ **ဒေါ်မြသန်း ပါ-၅** နှင့် **ဦးဘမို**(၂) စီရင်ထုံးအရ အိမ်ရှင်ဖြစ်သူ အယူခံတရားပြိုင်တို့သည် အိမ်ငှားဖြစ်သူ အယူခံတရားလိုတို့အား ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ) အရ ဖယ်ရှားခွင့်မရှိကြောင်း လျှောက်ထားသည်။

ဤအယူခံတွင် စိစစ်ဆုံးဖြတ်ရမည့် အချက်သည် ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(စ) ခြွင်းချက်တွင်ပါရှိသော 'ဆိုခဲ့သည့်ဥပစာ' ဟူသောစကားရပ်သည် **ဦးအုံးငယ်** အမှုတွင် သုံးသပ်ထားသကဲ့သို့ ငှားရမ်းသည့်မြေကိုလည်း ရည်ညွှန်းခြင်း ဖြစ်မဖြစ်ဟူသော အချက်ဖြစ်သည်။ ယင်းစကားရပ်၏ အဓိပ္ပာယ်ကို တိကျစွာ သိရှိနိုင်ရန် ယင်းစကားရပ်ကို မည်သို့မည်ပုံ သုံးနှုန်းထားသည်ကို ဆန်းစစ်ရန် လိုပေလိမ့်မည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (ဃ) (င) နှင့် (စ) တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"(ဃ) ဥပစာသည် မြေဖြစ်လျှင်၊ **ထိုဥပစာ** ကို အဆောက်အဦ သို့တည်းမဟုတ် အဆောက်အဦများဆောက်လုပ်ရန် သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန် အိမ်ရှင်က ရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ **ဥပစာ** ကို အဆောက်အဦ သို့တည်းမဟုတ် အဆောက်အဦများ၊ ဆောက်လုပ်ရန် သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍လည်းကောင်း၊ **ထိုဥပစာ**မှအိမ်ငှား ပြောင်းရွှေ့သည့်နေ့ ရက်ကစ၍ တစ်နှစ်အတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ အိမ်ရှင်က၊ တရားရုံးက သင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ သို့တည်းမဟုတ် (င) ဤအက်ဥပဒေနှင့်သက်ဆိုင်သော အဆောက်အဦ သို့တည်းမဟုတ် အဆောက်အဦအစိတ်အပိုင်းကို၊ ပြန်လည်ဆောက်လုပ်ရန်အတွက်ဖြစ်စေ၊ လိုအပ်သော သို့တည်းမဟုတ် အရေးကြီးသော သို့တည်းမဟုတ် ပုံသဏ္ဌာန် ပြောင်းလဲသော ပြုပြင်မှုများ ပြုလုပ်ရန် အတွက်ဖြစ်စေ၊ အိမ်ရှင်က

(၁) ၁၉၆၂-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၁၆၃(တရားလွှတ်တော်)

(၂) ၁၉၇၂-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၆၇၊

အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ ဆိုခဲ့သည့် **ဥပစာ** ကို ထိုပြုပြင်မှုများ ပြုလုပ်ရန်အတွက် သို့တည်းမဟုတ် ပြန်လည် ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍လည်းကောင်း၊ **ထိုဥပစာ**မှ အိမ်ငှား ပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ ကိုးလထက်မပိုဘဲ တရား ရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ထိုကိစ္စကို ပြီးစီး အောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ **ထိုဥပစာ** ဖယ်ရှားပေး ရသော အိမ်ငှားက ထိုသို့ပြုပြင်ပြီးသည့်အခါ သို့တည်းမဟုတ် ပြန်လည် ဆောက်လုပ်ပြီးသည့်အခါ၊ **ထိုဥပစာ**ကို ပြန်ပေးစေလိုလျှင်၊ ပြန်ပေး ပါမည်ဟူ၍လည်းကောင်း၊ တရားရုံးသင့်သည် ထင်မြင်သည့် ငွေအရေ အတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ၊ သို့တည်းမဟုတ် (စ) ၌အက်ဥပဒေ နှင့်သက်ဆိုင်သည့် အဆောက်အဦ သို့တည်းမဟုတ် အဆောက်အဦ အစိတ်အပိုင်းကို၊ ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်ဆက်ရယူလို၍၊ **ဆိုခဲ့သည့်ဥပစာ** ၌ မိမိကိုယ်တိုင် နေထိုင်ပါမည် ဟူ၍လည်းကောင်း၊ **ထိုဥပစာ** မှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ သုံးလအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ တရားရုံး သင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။ သို့ရာတွင် ဤအပိုဒ်ပါ ကိစ္စအလို့ငှာ 'ပိုင်ရှင်' ဆိုသည့် **စကားရပ်**တွင် ၁၉၄၅–ခုနှစ်၊ မေလ (၁) ရက်နေ့၌ **ဆိုခဲ့သည့်ဥပစာ** ပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် **ထိုဥပစာ** ပိုင်ရှင်ဖြစ်လာသူမှတပါး အခြားမည်သူမျှမပါဝင်စေရ''။

၁၉၈၇ ဦးဘမင်း ဒေါ်လှရင် (၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဦးလှမင်း) နှင့် ဒေါ်ခင်ဆွေ ပါ(၂)

အထက်တွင် ဖော်ပြခဲ့သည့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှား ရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဃ) တွင် မျဉ်းသား ထားသော ဥပစာဆိုသည့် စကားရပ်သည် ရှေ့ကလာသောမြေကို ရည် ညွှန်းကြောင်း ယုံမှားသံသယမရှိချေ။ ပုဒ်မ ၁၂ (၁) (င) တွင် မျဉ်း သားထားသည့် ဆိုခဲ့သည့်ဥပစာဆိုသော စကားရပ်သည်လည်း ရှေ့က လာသော အဆောက်အအုံ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကို ရည် ညွှန်းသည်ဟု ကောက်ယူရပေမည်။ အကြောင်းမူ ပြုပြင်မှုများပြုလုပ်ရန် မှာ အဆောက်အအုံသာ ဖြစ်သည်။ မြေကြီးမဟုတ်ချေ။ ယင်းပုဒ်မခွဲပါ ဥပစာဆိုသော စကားရပ်တိုင်းသည် အဆောက်အအုံတည်ရာမြေကို ရည် ညွှန်းခြင်းမပြုချေ။ ပုဒ်မ ၁၂ (၁)(စ) ပါ 'ဆိုခဲ့သည့်ဥပစာ' ဆိုသော စကားရပ်သည်လည်း **ဒေါ်မြသန်း** အမှု၌ ကောက်ယူ ထားသကဲ့သို့ ယင်းစကားရပ် ရှေ့ရှိအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ရည်ညွှန်းသည်ဟု ကောက်ယူမှသာ သဘာဝကျမည် ဖြစ်သည်။ အထက်ဖော်ပြပါ ပုဒ်မခွဲသုံးရပ်လုံးရှိ ဥပစာဟူသော စကား ရပ်ကို ရှေ့ကလာသောမြေ သို့မဟုတ် အဆောက်အအုံ၏နာမ်စားအဖြစ်

သုံးစွဲထားကြောင်း ထင်ရှားသည်။ ပုဒ်မ ၁၂ (၁) (စ) ပထမခြွင်းချက်တွင်ပါရှိသော 'ဥပစာ' ဟူသည့်စကားရပ်ကို တသီးတခြား ဘတ်ရှု၍ ပုဒ်မ ၂ (ဿ) (၁) တွင် ဖွင့်ဆိုထားသော အဓိပ္ပာယ်ကို ညွှန်ပြကာ အဆောက်အဦတည်ရာ မြေလည်း ပါဝင်သည်ဟု ကောက်ယူရန်မဟုတ်ချေ။ အကြောင်းမူ 'ဥပစာ' ဆိုသော စကားရပ်၏ အဓိပ္ပာယ်သည် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်မှသာ ပုဒ်မ ၂ (ဿ) တွင် ဖွင့်ဆိုထားသည့် အနက်အဓိပ္ပာယ်အတိုင်း ဆောင်မည်ဖြစ်သည်။ ပုဒ်မ ၁၂ (၁) (စ) ၏ ပထမခြွင်းချက်တွင် 'ဥပစာ' ဆိုသည့် စကားရပ်ရှေ့၌ 'ဆိုခဲ့သည့်' ဟူသော နာမဝိသေသန ရှိနေသည့်အလျောက် အဆိုပါစကားရပ်နှစ်ခုကို ပူးတွဲဖတ်ရှုပါက ယင်းစကားရပ်မတိုင်မီ ရှေ့ကဖော်ပြခဲ့သော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းကိုဆိုလိုကြောင်း အထူးပေါ်လွင်ပေသည်။ အဆိုပါစကားရပ်တွင် အဆောက်အအုံတည် ရာမြေလည်း ပါဝင်သည်ဟု ကောက်ယူမည်ဆိုပါက အဆိုပါ စကားရပ်ကို သုံးနှုန်းထားသောပုဒ်မတွင်ပါရှိသည့်အခြားစကားရပ်တို့သည်ရှေ့နောက် ညီညွတ်မည်မဟုတ်ချေ။

အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ အယူခံတရားလိုတို့သည် ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ဟု ကောက်ယူရပေမည်။

ထို့ကြောင့် ဤအယူခံများကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင်တို့စွဲဆိုသော အမှုများကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို တစ်မှုစီအတွက် ကျပ် ၁၀၀/–သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

**ဥက္ကဋ္ဌ အဖြစ် ဒေါက်တာမန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ်**
**ဦးဝင်းမောင် ၁-နှင့် ဦးမျိုးမြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့**
**ရှေ့တွင်**

ဒေါ်ဘိန်လျှန်

နှင့်

ဦးဝင်းမော်ပါ (၂)*

† ၁၉၈၇
ဇန်နဝါရီလ
၂၀ ရက်

**အမွေရှင်နှင့် အတူမနေသော အပတိဋ္ဌသားသမီးများ အမွေဆက်ခံခွင့်—ယင်းတို့သည် အမွေခံခြောက်ယောက်တွင် ပါဝင်သူများဖြစ်လျှင် အမွေဆက်ခံခွင့်ရှိခြင်း—ရုံးခွန်တော်ထမ်းဆောင်ခြင်းမရှိသူ၏ အမွေစုကို သတ်မှတ်ပေးခြင်း မပြုနိုင်ခြင်း။**

ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့မှာ ကွယ်လွန်သူ အမွေရှင်ဒေါ်ဘိန်ဟန်၏မောင်ဖြစ်သူက မွေးသောသားသမီးဖြစ်၍၊ ဒေါ်ဘိန်လျှန်မှာ ဒေါ်ဘိန်ဟန်၏ ညီမအရင်းဖြစ်သည်။ မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၅၀/၈၀တွင် အယူခံတရားပြိုင်အမှတ် (၁) ဦးဝင်းမော်က အယူခံတရားလို ဒေါ်ဘိန်လျှန်နှင့် အယူခံတရားပြိုင်အမှတ် (၂) ဒေါ်ကြည်ကြည်မော်တို့အပေါ် ကွယ်လွန်သူ ဒေါ်ဘိန်ဟန်၏ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် တရားစွဲဆိုရာ ပြည်နယ်တရားရုံးက ပဏာမဒီကရီချမှတ်ပေးခဲ့သောကြောင့် ဒေါ်ဘိန်လျှန်က ဗဟိုတရားရုံးတွင် ပထမအယူခံတင်သွင်းခြင်းဖြစ်သည်။ ဒေါ်ဘိန်လျှန်၏ ဗဟိုတရားရုံးရှေ့နေက ဦးဝင်းမော်သည် ဒေါ်ဘိန်ဟန်၏ အပတိဋ္ဌသားဖြစ်သည့်တိုင်အောင် ဒေါ်ဘိန်ဟန်နှင့် အတူမနေသည့်အတွက်ကြောင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ဘိန်ဟန်၏ အမွေကို ဆက်ခံခွင့်မရှိကြောင်း တင်ပြလျှောက်လဲသည်။

**ဆုံးဖြတ်ချက်။** ။ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော် တို့သည် အမွေရှင် ဒေါ်ဘိန်ဟန်၏တူ၊ တူမများဖြစ်သောကြောင့် အမွေခံ ခြောက်ယောက်တွင်ပါဝင်သဖြင့် အမွေဆက်ခံခွင့် ရှိပေသည်။

---

* ၁၉၈၆-ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်၈

† ၁၉၈၀-ခုနှစ်၊တရားမကြီးမှုအမှတ် ၅၀(မ)တွင်ချမှတ်သော(၁၈-၁၀-၈၅) ရက်နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၇ / ဒေါ်ဘိန်လျှန်နှင့် ဦးဝင်းမော် ပါ (၂)

**ထင်မံဆုံးဖြတ်ချက်။** ။ရုံးခွန်ဓာာ် ထမ်းဆောင်ခြင်း မရှိသော ဒေါ်ကြည်ကြည်မော်၏ အမွေဆုကို သတ်မှတ်ပေးခြင်းမှာလည်း မှားယွင်းသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | — | ဦးတင်မောင်ကြီး၊ ဗဟိုတရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးတင်ထွန်း၊ |

မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၅၈/၈၀ တွင် အယူခံတရားဖြိုင်အမှတ် (၁) ဦးဝင်းမော်က အယူခံတရားလို ဒေါ်ဘိန်လျှန်နှင့် အယူခံတရားပြိုင် အမှတ်(၂) ဒေါ်ကြည်ကြည်မော်တို့အပေါ် ကွယ်လွန်သူ ဒေါ်ဘိန်ဟန်၏ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် တရားစွဲဆိုရာ ပဏာမဒီကရီ ချမှတ်ပေးခဲ့သောကြောင့် ဒေါ်ဘိန်လျှန်က ဤပထမအယူခံကို တင်သွင်းသည်။

ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့မှာ ကွယ်လွန်သူ ဒေါ်ဘိန်ဟန်၏ မောင်ဖြစ်သူ ဦးဘသန်းနှင့် ဇနီး ဒေါ်တင်ညွန့်တို့၏ သားသမီးများဖြစ်၍ ဒေါ်ဘိန်လျှန်မှာ ဒေါ်ဘိန်ဟန်၏ ညီမအရင်းဖြစ်သည်။ ဦးဝင်းမော်က သူနှင့် ညီမ ဒေါ်ကြည်ကြည်မော်တို့သည် ဒေါ်ဘိန်ဟန်၏ မွေးစား သားသမီးများဖြစ်သည်ဟု အဆိုပြု၍ယခုအမှုကို တရားစွဲဆိုခဲ့သည်။ ဒေါ်ဘိန်လျှန်က ဒေါ်ဘိန်ဟန်သည် ဦးဝင်းမော်အား မွေးစားခြင်း မဟုတ်ကြောင်း၊ အသက်ငယ်ရွယ်ကြသော တူနှင့် တူမများဖြစ်ပြီး ဖခင် ကွယ်လွန်ခဲ့သည့်ပြင် မိခင်မှာလည်း နောက်အိမ်ထောင် ပြုသွားသည့်အတွက် သနားသဖြင့် ကျွေးမွေးစောင့်ရှောက်ထားခြင်းသာ ဖြစ်သည်ဟု ချေခံသည်။

မွန်ပြည်နယ်တရားရုံးက ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့သည် ဒေါ်ဘိန်ဟန်၏ အပတိဌသားသမီးများဖြစ်ကြသည်ဟု ဆုံးဖြတ်ပြီး ဦးဝင်းမော်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

အယူခံတွင် ဦးဝင်းမော်တို့အား ဒေါ်ဘိန်ဟန်က သနားသဖြင့် ကျွေးမွေး စောင့်ရှောက်ထားခြင်းကို အပတိဌ သားသမီးအဖြစ် မွေးစားသည်ဟု မွန်ပြည်နယ် တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု အကြောင်းပြသည်။

၁၉၇၇
ဒေါ်ဘိန်လျှန်နှင့် ဦးဝင်းမော် ပါ(၁)

ဒေါ်တင်ညွှန့်၏ အစစ်ခံချက်အရ ခင်ပွန်း ဦးဘာသန်း ကွယ်လွန်ပြီးနောက် ကလေး ၂ ယောက်နှင့်အတူ ဒေါ်ဘိန်ဟန်တို့နှင့်အတူ နေထိုင်ရာမှ ဒေါ်တင်ညွှန့်သည် နောက်အိမ်ထောင်ပြုခဲ့သည်။ နောက်အိမ်ထောင်ပြုသောအခါ သားသမီးများဖြစ်ကြသော ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့အား မွေးစားရန် ဒေါ်ဘိန်ဟန်အား ပေးအပ်ခဲ့ကြောင်း တွေ့ရသည်။ ဦးဝင်းမော်အား ဒေါ်ဘိန်ဟန်က တက္ကသိုလ်အထိ ပညာသင်ပေးခဲ့သည်။ ဒေါ်ဘိန်ဟန်တွင် ''မိခင်စတိုး''ဟုခေါ်သော ဆိုင်တစ်ဆိုင်ရှိရာ ယင်းဆိုင်မှ အလုပ်သမားများက သက်သေအဖြစ် အစစ်ခံရာတွင် ဦးဝင်းမော်တို့ မောင်နှမသည် ဆိုင်ရှိ ကြိုက်နှစ်သက်ရာ ပစ္စည်းများကို ယူသုံးခွင့် ပြုထားသည့်အတွက် သားရင်းသမီးရင်းများ ဖြစ်သည်ဟု ထင်မှတ်ရကြောင်း ထွက်ဆိုကြသည်။

ဦးခိုင်စိုး (လိုပြသက်သေ)ကလည်း ဒေါ်ဘိန်ဟန်နှင့် ဦးဝင်းမော်တို့သည် သားအမိကဲ့သို့ ဆက်ဆံပြောဆိုကြသည်ကို တွေ့ရကြောင်း၊ ဦးဝင်းမော်စာမေးပွဲအောင်သည့်အခါ မော်တော်ကားဝယ်ပေးကြောင်း၊ ဒေါ်ဘိန်ဟန်မရှိခိုက် မိခင်စတိုးဆိုင်တွင် ဒေါ်ဘိန်ဟန်ကိုယ်စား ဒေါ်ကြည်ကြည်မော်က ဝင်ရောက်လုပ်ကိုင်ပေးသည်ကိုလည်း တွေ့ရှိရကြောင်း၊ ဦးဝင်းမော်မင်္ဂလာဆောင်သောအခါ ဒေါ်ဘိန်ဟန်ကိုယ်တိုင် ဦးစီး၍ ငွေအကုန်ခံခဲ့ကြောင်း၊ ဒေါ်ဘိန်ဟန်၏ အသုဘတွင် ဦးဝင်းမော်သည် သားအဖြစ် ကန့်တော့ခြင်းနှင့် တရုတ်ဓလေ့ထုံးစံအရ သားကကိုင်ရသော လိပ်ပြာတိုင်ကို ဦးဝင်းမော်ကကိုင်ရကြောင်း ထွက်ဆိုသည်။ ထို့ပြင် ဒေါ်ဘိန်ဟန်ကွယ်လွန်ပြီးနောက် ၁၅–၄–၇၅ နေ့တွင် ဦးဝင်းမော်နှင့် ဒေါ်ဘိန်လျှန်တို့သည် သက်သေခံ(စ) နှစ်ဦးသဘောတူစာချုပ်တစ်ခု ချုပ်ခဲ့သည်။ ယင်းစာချုပ်တွင် ဒေါ်ဘိန်ဟန်ပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ၂ ခုကို အညီအမျှ ပိုင်ကြောင်း ဖော်ပြခဲ့သည်။ ယင်းစာချုပ်ကို အိမ်အပြန် ဦးဝင်းမော်အနေဖြင့် မျက်နှာပန်းလှရန်အတွက် ချုပ်ဆိုပေးခဲ့ရသည်ဟူသော ဒေါ်ဘိန်လျှန်၏အကြောင်းပြချက်မှာ မခိုင်လုံပေ။ အဘယ်ကြောင့်ဆိုသော် ပိုင်ဆိုင်ခွင့်မရှိသူအား ဤမျှတန်ဖိုးများပြားသော ပစ္စည်းများကို မျက်နှာပန်းလှစေရန်အတွက် ချုပ်ဆိုပေးရန် အကြောင်းမရှိနိုင်ချေ။ ဦးဝင်းမော်တွင် ပိုင်ဆိုင်ခွင့်ရှိ၍သာ ဤကဲ့သို့ချုပ်ဆိုပေးခြင်းဖြစ်သည်ဟု ယူဆရသည်။ အထက်ပါအချက်များကို စုပေါင်းသုံးသပ်သည်ရှိသော် ဦးဝင်းမော်နှင့် ဒေါ်ကြည်ကြည်မော်တို့သည်ကွယ်လွန်သူဒေါ်ဘိန်ဟန်၏ အပတိဋ္ဌသားသမီးများဖြစ်ကြောင်း မှန်ပြည်နယ်တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မယူဆနိုင်ချေ။

၁၉၀၇ ဒေါ်ဘိန်လျှန်နှင့် ဦးဝင်းမောင် ပါ(၂)

ဒေါ်ဘိန်လျှန်၏ ဗဟိုတရားရုံး ရှေ့နေက ဦးဝင်းမောင်သည် ဒေါ်ဘိုနှင့်ဟန်၏အပတိဋ္ဌသားဖြစ်သည့်တိုင်အောင်ဒေါ်ဘိန်ဟန်နှင့် အတူ မနေသည့်အတွက်ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ဘိန်ဟန် ၏အမွေကို ဆက်ခံခွင့်မရှိခဲ့ကြောင်း တင်ပြလျှောက်လဲသည်။

ကင်းဝန် မင်းကြီး ဦးကောင်း၏ သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုခန်း၊ မနုသတ်ကျမ်းကြီးပုဒ်မ ၁၉၉ တွင် မွေးစားမိဘနှင့်အတူမနေသော အပတိဋ္ဌသားသမီးတို့၏ အမွေဆက်ခံခွင့်နှင့်ပတ်သတ်၍ အောက်ပါအတိုင်းတွေ့ရသည်—

> "အကြင် လင်မယားတွင် သားရင်း သမီးရင်း မရှိ၍၊ အမွေခံခြောက်ယောက်ဝင်သူကို။ ကောက်မွေး၏။ ထိုကောက်မွေးသောသားသည် မိဘပြုသူနှင့် အတူမနေ သီးခြားနေ၏။ ထိုကောက်မွေးသောသူတို့သေသော်။ သေသူဥစ္စာကို ပေါက်ဘော်တို့နှင့်။ ကောက်မွေးသားအမျှစားယူစေ။
>
> တနည်းလည်း။ ကောက်၍ မွေးသော သားသည် သူစိမ်းမဟုတ်။ အမွေခံခြောက်ယောက်အဝင်ဖြစ်က အသီးစား အခြားနေသည်မှန်စေကာမူ။ သားရင်းသမီးရင်းမရှိက။ ပေါက်ဘော်တို့နှင့် သေသူဥစ္စာကို ခွဲဝေစားစေဟုရှင်ရသေ့ဆိုတော်မူ၏။"

ဦးဖေကြွယ်နှင့် မသိန်းခ (၁) စီရင်ထုံး၊ စာမျက်နှာ ၄၃၀ တွင် မွေးစားမိဘနှင့်အတူမနေသည့် အပတိဋ္ဌသားသမီးများသည် မွေးစားမိဘကို ဆက်ခံခွင့်မရှိဟုဆိုရာတွင် ခြွင်းချက်ရှိကြောင်း အောက်ပါအတိုင်း သုံးသပ်ထားသည်—

> "An apatittha child who lives apart from his parents is not entitled to inherit from them. Manugye, Vol. X, paragraph 25 is clear on the point:— 'If the adopted child be not living with the parents, and their own children are', he has no right to share, and

(၁) ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ—၄၂၆။

where there are other relations, if the adopted child be living separate the property shall descend to the relatives of the deceased; and the only exception given in the paragraph is when the adopted child is not a stranger but within the six degrees which entitle him to share.''

၁၉၀၇
ဒေါ်ဘိန်လျှန်
နှင့်
ဦးဝင်းမောင်
ပါ(၂)

ဦးဝင်းမောင်နှင့် ဒေါ်ကြည်ကြည်မောင် တို့သည် အမွေရှင်ဒေါ်ဘိန်ဟန်၏တူ၊ တူမများဖြစ်သောကြောင့် အမွေခံခြောက်ယောက်တွင် ပါဝင်သဖြင့် အမွေဆက်ခံခွင့်ရှိပေသည်။

ဤစီရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသည်မှာ ပြည်နယ်တရားရုံးက ''မိခင်စတိုး'' ဆိုင်ကို ဒေါ်ဘိန်ဟန်နှင့် ဒေါ်ဘိန်လျှန်တို့ ပူးတွဲလုပ်ကိုင်သည်ဟု ပဏာမဒီကရီတွင်အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်။ ပဏာမဒီကရီချပြီး ကော်မရှင်နာခန့်အပ်ကာ ပစ္စည်းစာရင်းကောက်ယူပြီးနောက်မှ ယင်းပြဿနာကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထို့ပြင် ရုံးခွန်တော် ထမ်းဆောင်ခြင်း မရှိသော ဒေါ်ကြည်ကြည်မောင်၏ အမွေစုကို သတ်မှတ်ပေးခြင်းမှာလည်း မှားယွင်းသည်။

မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အပတိဋ္ဌသားသမီးတို့သည် အမွေရှင်၏ဆွေမျိုးများနှင့် အမွေပစ္စည်းကို ထက်ဝက်စီရထိုက်ခွင့်ရှိသည်။ ထို့ကြောင့် ပြည်နယ်တရားရုံး၏ ဒီကရီကို ပယ်ဖျက်ပြီးလျှင် ၎င်းအစား ဦးဝင်းမောင်သည် ကွယ်လွန်သူ ဒေါ်ဘိန်ဟန်၏ အမွေပစ္စည်းများတွင် လေးပုံတစ်ပုံခံစားခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ပြီးလျှင် အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ဦးဝင်းမောင် ရရှိမည့် အမွေစုသည့်မူလသတ်မှတ်သည်ထက် တန်ဖိုးများလျှင် လိုအပ်မည့်ရုံးခွန်တော်ကို ထပ်မံထမ်းဆောင်ရန်ဖြစ်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးဝင်းမောင် (၂)၊ အဖွဲ့ဝင်များအဖြစ်
ဒေါက်တာမန်းသက်စံနှင့် ဦးဝင်းမောင် (၁) တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၇ အောက်တိုဘာလ ၂၃-ရက်

ဦးမူလ်ရာမ်ဆယ်ဂျာပါလ်

နှင့်

ဦးစိုအောဘမ်း*

**ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄–တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်း ၁၅ အရလည်းကောင်း၊ အမိန့် ၆၊ နည်း ၄ အရလည်းကောင်း လျှောက်ထားခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုပြုလုပ်ခြင်းဖြစ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ချေလွှာ တင်ရန်အတွက် ရက်ချိန်းတောင်းခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခုပြုလုပ်ရာရောက်သည့်အလျှောက် ဤအမှုတွင် တရားပြိုင်တို့က တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်း ၁၅ အရလည်းကောင်း၊ အမိန့် ၆၊ နည်း ၄ အရလည်းကောင်း လျှောက်ထားခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ တရားပြိုင်က တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံပြီးဖြစ်ကြောင်း ပေါ်ပေါက်သည့် အလျှောက်ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုဆိုင်းငံ့ထားရန် လျှောက်ထားချက်ကို လက်ခံရန်အကြောင်းမမြင်ပေ။

အယူခံတရားလိုအတွက် — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမောင်ကလေး၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးမှင်းလွင်

---

* ၁၉၇၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၃

† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၉၉ တွင်ချမှတ်သော (၂၃-၆-၇၇) ရက်နေ့စွဲပါ ရန်ကုန်တိုင်း အမှတ်–၃ တရားရုံး၏အမိန့်ကို လျှောက်ထားမှု။

၁၉၀၇ ဦးမှုလ်ရာမ်ဆယ်ဂျာပါလ် နှင့် ဦးစိအေဘာမ်း

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၉ (ကျောက်တံတား) တွင် လျှောက်ထားခံရသူ ဦးစိအေဘာမ်းက လျှောက်ထားသူ ဦးမှုလ်ရာမ်ဆယ်ဂျာပါလ်အပေါ် အစုစပ်လုပ်ငန်း ဖျက်သိမ်း၍ စာရင်းရှင်းလင်း ခွဲဝေပေးစေလိုမှုစွဲဆိုသည်။ လျှောက်ထား သူက ချေလွှာမတင်မီ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုကို ဆိုင်းငံ့ထားရန် လျှောက်ထားရာ မအောင်မြင်သောကြောင့် မဟိုတရား ရုံးတွင် ဤအယူခံကို တင်သွင်းသည်။

ရန် ကုန် တိုင်းတ ရား ရုံး က အ နု ညာ တ ရုံး က ဆုံး ဖြတ် ပေး ရန် ကိစ္စမှာ အမှုမစွဲဆိုမီက ဆောင်ရွက်ရန်ဖြစ်သည်။ အမှုစွဲဆိုပြီးဖြစ်၍ ဆိုင်းငံ့ရန်မလိုအပ်တော့ဟု အကြောင်းပြကာ အမှုဆိုင်းငံ့ထားရန် တရားပြိုင်၏လျှောက်လွှာကို ပလပ်သည်။ ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ တွင် ခုံသမာဓိဖြင့် ဆောင်ရွက်ရန် သဘောတူသူ အမှုသည်သည် သဘော တူညီချက်တွင် ပါဝင်သော အခြားသူအပေါ် တရားတစ်ထုံးစွဲဆိုသည့် အခါ အချေလွှာမတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု မပြုလုပ်မီဖြစ်စေ၊ တရားရုံးကအမှုကို ရပ်ဆိုင်းထားရမည့်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တိုင်းတရားရုံးက အမှုဆိုင်းငံ့ထားရန် လျှောက်လွှာကို ပလပ်ရာတွင် အနုညာတရုံးက ဆုံးဖြတ်ပေးရန်ကိစ္စ သည် အမှုမစွဲဆိုမီက ဆောင်ရွက်ရန်ဖြစ်သည်ဟု အကြောင်းပြထားခြင်း သည် မှန်ကန်ခြင်းမရှိပေ။ လျှောက်ထားသူက တိုင်းတရားရုံးတွင် ဆိုင်းငံ့ မိန့်လျှောက်ထားစဉ်က ချေလွှာမတင်ရသေးပေ။ သို့ရာတွင် တရားပြိုင်က (၅–၂–၀၇)နေ့တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်း ၁၅ အရ လျှောက်လွှာတင်ခဲ့သည်။ ထို့နောက် (၁၉–၃–၀၇) ရက်နေ့တွင် အမိန့် ၆ နည်း ၄ အရ လျှောက်လွှာတင်ခဲ့သည်။ ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၃၄ အရ ချေလွှာမတင်မီဖြစ်စေ၊ အမှုတွင် အခြားဆောင်ရွက်မှု တစ်ခုခု မပြုလုပ်မီဖြစ်စေ၊ **(at any time before filing of written statement or taking any other steps in the proceedings)** ဆိုင်းငံ့မိန့်လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်၊ **ပြည်ထောင်စုမြန်မာ နိုင်ငံ နှင့် ဒီကျိန်းအမှု** (၁)တွင် အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထား သည်။

> "Where a party to the suit applied for stay of proceedings under section 34

(၁) ၁၉၅၀ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်) ၆၉၁

၁၉၇၇
ဦးမူလ်ချာမ်
ဆယ်ဂျာ ပါလ်
နှင့်
ဦးစီဓအဘမ်း

of the Arbitration Act after taking two adjournments to file a written statement.

HELD : That the application for adjournment to file a written statement was taking a step in the proceedings and by implication amounted to a submission to Court's Jurisdiction and that therefore the application for stay of proceedings under s.34 of the Arbitration Act could not be entertained."

ဤ စီရင်ထုံးအရ ချေလွှာတင်ရန် အတွက် ရက်ချိန်းတောင်းခဲ့ခြင်းသည်အမှုတွင်အခြားဆောင်ရွက်မှုတစ်ခုခုပြုလုပ်ရာရောက်သည့်အလျောက် ဤအမှုတွင် တရားပြိုင်တို့က တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ နည်း ၁၅ အရသည်းကောင်း၊ အမိန့် ၆ နည်း ၄ အရလည်းကောင်း လျှောက်ထားခဲ့ခြင်းသည် အမှုတွင် အခြားဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

သို့ဖြစ်ရာ တရားပြိုင်က တရားရုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်သည့်အလျောက် ခုံသမာဓိအက်ဥပဒေပုဒ်မ ၃၄ အရ အမှုဆိုင်းငံ့ထားရန် လျှောက်ထားချက်ကို လက်ခံရန်အကြောင်းမမြင်ပေ။

ဖော်ပြပါအကြောင်း များကြောင့် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြု၍ ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀/-သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့်
ဒေါက်တာမောင်မောင်အေးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး
အဖွဲ့ရှေ့တွင်

ဦးမြင့်လွင်

နှင့်

ဒေါ်ကျင်*

† ၁၉၈၇
ဒီဇင်ဘာလ
၃၁ ရက်

**မြွက်ဟကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက် သက်သာခွင့်ကို တောင်းဆိုသော အမှုတွင် မည်သည့်အချက်များကို စိစစ်ရန်လိုအပ်ခြင်း၊— အယူခံဝင်ခြင်းနှင့် စပ်လျဉ်းသည့် အခြေခံသဘောတရား။**

**ဆုံးဖြတ်ချက်။** ။မြွက်ဟ ကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက် သက်သာခွင့်ကို တောင်းဆိုထားသော အမှုသည် ရုံးခွန်အက်ဥပဒေ ပုဒ်မ ၇ (၄) (ဂ) တွင် အမှန်တကယ် အကျုံးဝင်သလား သို့တည်းမဟုတ် မြွက်ဟကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက်သက်သာခွင့် တောင်းဆိုသည့် အမှုပုံစံဖြင့် အမှန်ရလိုသော သီးခြားသက်သာခွင့်ကို ဥပါယ်တံမျဉ်ဖြင့် စွဲဆိုသော အမှုဖြစ်သလား ဆိုသည့် အချက်ကို စိစစ်ရာ၌ အဆိုလွှာ၏ အနှစ်သာရကို ကြည့်ရှုရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံ ဝင်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံသဘောတရားမှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးမောင်မောင်၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးရဲမြင့်၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးလှမြင့်ဝင်း |

* ၁၉၈၇-ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၂၉

† ၁၉၈၇-ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၈၈ (ကမာရွတ်)တွင် ချမှတ်သော (၁၇-၉-၈၇) ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုအယူခံမှု

**၁၉၇၇**
ဦးမြင့်လွင်
နှင့်
ဒေါ်ကျင်

ကမာရွတ်မြို့နယ် တရားရုံး၊ ၁၉၇၆-ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် အယူခံတရားလို ဦးမြင့်လွင်က အယူခံတရားပြိုင် ဒေါ်ကျင်အပေါ် မိမိသည် ဒေါ်ကျင်၏ ကိုတ္တိမသားဖြစ်ကြောင်းနှင့် အချင်းဖြစ်ဥပစာတွင်တရားဝင်နေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ ပေးရန်နှင့် ယင်းဥပစာ၌ နေထိုင်ခွင့်ရလိုကြောင်းဖြင့် တရားစွဲဆိုရာ မြွက်ဟာဒီကရီအတွက် ရုံးခွန်ကျပ် ၂၀/-၊ နေထိုင်ခွင့်အတွက် ရုံးခွန်ကျပ် ၅၅၀/-ထမ်းဆောင်သည်။ မြို့နယ်တရားရုံးက ဥပစာ၏ ကာလတန်ဘိုးမှာ ကျပ် သုံးသိန်းကျော်လွန်သည်ဟု အကြောင်းပြကာ အမှုကို စီရင်ပိုင်ခွင့်မရှိကြောင်း သုံးသပ်၍ တရားလို၏ အဆိုလွှာကို ပလပ်လိုက်သည်။ ဦးမြင့်လွင်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် အယူခံ ဝင်သောအခါ တိုင်း တရားရုံးက မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကို ပြန်လည် စစ်ဆေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၃ အရ ညွှန်ကြားသည်။ ဦးမြင့်လွင်က တိုင်း တရားရုံး၏ အမိန့်ကို မကျေနပ်သေးသဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို ဆက်လက်တင်သွင်းသည်။

တိုင်း တရားရုံးက မြွက်ဟ ကြေညာပေးစေလိုမှု နှစ်ရပ်အတွက် ရုံးခွန်ကျပ် ၂၀/-စီ ထမ်းဆောင်ရန်နှင့် အချင်းဖြစ်ဥပစာ၏ ကာလတန်ဖိုးကို စုံစမ်း စစ်ဆေးရန် အကယ်၍ ဥပစာ၏ ကာလတန်ဖိုး အရ အမှုတန်ဖိုးသည် မြို့နယ် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုလွှာကို တရားလိုအား တရားမကျင့်ထုံး ဥပဒေ အမိန့် ၇ နည်း ၁၀ အရ ပြန်ပေးရန် အမိန့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အယူခံ တရားလို၏ ရှေ့နေက မြို့နယ် တရားရုံး၏ အမှုကို စီရင်ပိုင်ခွင့် မရှိသည့် အတွက် ပလပ်ခဲ့ခြင်းဖြစ်ရာ ရန်ကုန်တိုင်း တရားရုံးက အယူခံ တရားလို တောင်းဆိုသော သက်သာခွင့်အတွက် အချင်းဖြစ်ဥပစာ၏ ကာလတန်ဖိုး အပေါ်တွင် ရုံးခွန် ထမ်းဆောင်ရမည် ဟူ၍ ချမှတ်သော အမိန့်သည် ဥပဒေအရ အထင်အရှား မှားယွင်းကြောင်း၊ အယူခံ တရားလို တောင်းဆိုသော နောက်ဆုံး သက်သာခွင့်သည် အချင်းဖြစ် ဥပစာ တစ်ခုလုံးကို လက်ရောက်ရရှိမည်၊ သို့မဟုတ်ပိုင်ဆိုင်ခွင့် ရရှိရန် တောင်းဆိုခြင်း မဟုတ်ကြောင်း ဥပစာတွင် နေထိုင်ခွင့် ရလိုမှုသာ တောင်းဆိုခြင်း ဖြစ်၍ ဥပစာ၏ ကာလတန်ဖိုးအပေါ် အမှုတန်ဖိုး သတ်မှတ်ကာ ရုံးခွန်ထမ်းဆောင်ရန် မလိုအပ်ဘဲ အမှုတန်ဖိုးကို မိမိကြိုက်နှစ်သက် သလို သတ်မှတ်နိုင်ကြောင်း တင်ပြလျှောက်ထားသည်။ ဆိုရာတွင် ဥပဒေကို ဖြစ်စေ၊ စီရင်ထုံးကို ဖြစ်စေ၊ ကျမ်းကိုဖြစ်စေ ကိုးကားနိုင်ခြင်း မရှိချေ။ အချင်းဖြစ် ဥပစာတွင် နေထိုင်ခွင့် ရလိုမှု သက်သာခွင့်ကို ယင်း ဥပစာ၌ တရားဝင် နေထိုင်ပိုင်ခွင့် ရှိကြောင်း မြွက်ဟ

၁၉၈၇
ဦးမြင့်လွင်
နှင့်
ဒေါ်ကျင်

ကြေညာပေးစေလိုမှု၏ နောက်ဆက်တွဲ အဖြစ်ဖြင့် တောင်းဆိုထားခြင်း ဖြစ်၍ ရုံးခွန်ကို ရုံးခွန်အက်ဥပဒေပုဒ်မ ၇ (၄) (ဂ) အရ ထမ်းဆောင်ရန် ဖြစ်ပါမူ ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားလိုသည် တောင်းဆိုသော ဒုတိယ သက်သာခွင့်အတွက် တန်ဖိုးသတ်မှတ်ပြီး ယင်းတန်ဖိုး အပေါ်တွင် တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရန် ဖြစ်သည်။ မြွက်ဟ ကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက် သက်သာခွင့်ကို တောင်းဆိုထားသောအမှုသည် ရုံးခွန် အက်ဥပဒေပုဒ်မ ၇ (၄) (ဂ) တွင် အမှန်တကယ် အကျုံးဝင်သလား၊ သို့တည်းမဟုတ် မြွက်ဟကြေညာသည့် ဒီကရီနှင့် ယင်းဒီကရီ၏ အကျိုးဆက်သက်သာခွင့် တောင်းဆိုသည့် အမှု ပုံစံဖြင့် အမှန်ရလိုသော သီးခြားသက်သာခွင့်ကို ဥပါယ်တံမျဉ်ဖြင့် ခွဲဆိုသော အမှုဖြစ်သလားဆိုသည့် အချက်ကို စိစစ်ရာ၌ အဆိုလွှာ၏ အနှစ်သာရကို ကြည့်ရှုရမည်။ အမှုမှာ အချင်းဖြစ်ဥပစာတွင် တရားဝင် နေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာချက် ဒီကရီကို တောင်းဆိုရန် မလိုဘဲ နေထိုင်ခွင့်ရရန် သက်သာခွင့်ကို တိုက်ရိုက် တောင်းဆိုနိုင်သော အမှုမျိုး ဖြစ်သည်။ အဆိုလွှာအပိုဒ် (၄) ပါ အဆိုပြုချက် များအရ အယူခံတရားလိုသည် ပစ္စည်းလက်မဲ့ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အချင်း ဖြစ်ဥပစာတွင် လက်ရောက်ရလိုကြောင်း သက်သာခွင့်မှာ မိမိလက်မဲ့ ဖြစ်နေသော ဥပစာကို လက်ရောက်ရလိုကြောင်း တောင်းဆိုခြင်းနှင့် အနှစ်သာရအားဖြင့် တူသည်။ သို့ဖြစ်ရာ အချင်းဖြစ်ဥပစာ၌ နေထိုင်ခွင့် ရရန် တောင်းဆိုထားသောအမှုသည် ရုံးခွန်အက်ဥပဒေပုဒ်မ ၇ (၅) တွင် အကျုံးဝင်သည်ဖြစ်၍ ရုံးခွန်ကို ယင်းဥပစာ၏ ကာလတန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရန်ဖြစ်၍ တိုင်းတရားရုံးက ကာလတန်ဖိုးကိုစုံစမ်းစေခြင်း မှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ကိစ္စမသား ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုသော သက်သာခွင့်မှာ တတိယသက်သာခွင့်နှင့် သက်ဆိုင်ခြင်းမရှိ၍ ယင်း သက်သာခွင့်အတွက် ကျပ် ၂၀/- သီးခြားထမ်းဆောင်ရန် ဖြစ်သည်။ ကျန် မြွက်ဟဒီကရီနှင့် အကျိုးဆက်သက်သာခွင့် တောင်းဆိုခြင်းအတွက် ရုံးခွန် အက်ဥပဒေပုဒ်မ ၇ (၅) အရ ရုံးခွန်ထမ်းဆောင်ရန်ဖြစ်ကြောင်း ရှင်းပြ ပြီးဖြစ်သည်။ သို့ဖြစ်၍ တိုင်းတရားရုံးက မြွက်ဟဒီကရီ နှစ်ရပ်အတွက် ရုံးခွန်ကျပ် ၂၀/- စီ ထမ်းဆောင်စေခြင်းမှာ မှားယွင်းသည်။

အယူခံ တရားပြိုင်၏ ရှေ့နေက အယူခံတရားလိုသည် ကမာရွတ် မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ရန် တောင်းဆိုထားသည်ဖြစ်၍ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ အရ တရားမ ဒုတိယအယူခံ အဖြစ်ဖြင့် အယူခံဝင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းတရားရုံးသည် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်

လိုက်သဖြင့် တိုင်းတရားရုံးတွင် အမှုနိုင်သူမှာ ဦးမြင့်လွင်ဖြစ်ကြောင်း၊ တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်ပါက နစ်နာသူဖြစ်သော ဒေါ်ကျင်ကသာ တရားမအထွေထွေအယူခံမှု တင်သွင်းရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးမြင့်လွင်သည် တိုင်းတရားရုံး၏စီရင်ချက်ကို အယူခံဝင်ခွင့်မရှိဟု ကောက်ယူသင့်ကြောင်း **ဒေါ်ကိုဒါဝရီဒေဗွီ ပါ-၆ နှင့် ရှန်တိဒေဗွီ** (၁) စီရင်ထုံးကို ကိုးကားလျှောက်ထားသည်။

အယူခံ တရားလို၏ ရှေ့နေက ဦးမြင့်လွင်သည် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၃ နည်း ၁ (ပ) အရ အယူခံဝင်ခွင့်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် အမှုသည်တို့၏ ရပိုင်ခွင့်များကို အပြီးအပြတ် အဆုံးအဖြတ်ပေးသော ဆုံးဖြတ်ချက်မဟုတ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) တွင် အကျုံးမဝင်သဖြင့် ဒီကရီမဟုတ်သည့်အလျောက် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ အရ အယူခံဝင်ခွင့်မရှိချေ။

အယူခံ တရားလို၏ ရှေ့နေ တင်ပြသည့်အတိုင်း တိုင်းတရားရုံး၏ အမိန့်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၃ နည်း ၁(ပ) အရ အယူခံဝင်ခွင့်ရှိသည်မှာ မှန်သည်။ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ အခြေခံသဘောတရားမှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်။ ဤအမှုတွင် အထက်က ရှင်းပြခဲ့သည့်အတိုင်း မူလရုံးတွင် ဦးမြင့်လွင် အရေးနိမ့်ခဲ့သည် မှန်သော်လည်း အယူခံရုံး ဖြစ်သည့် တိုင်းတရားရုံးတွင် ဦးမြင့်လွင် အနိုင်ရခဲ့သည် ဆိုသောအချက်ကို မငြင်းဆိုနိုင်။ ဦးမြင့်လွင်အနေဖြင့် တိုင်းတရားရုံး၏ အမိန့်မှာ သူ၏ဆန္ဒအတိုင်း မဟုတ်ဟု စောဒကတက်ရန် အကြောင်းရှိသော်လည်း လက်တွေ့တွင်မူ တိုင်းတရားရုံး၏ အမိန့်သည် သူ့အား အနိုင်ပေးသော အမိန့်ဖြစ်သည်။ ထို့ကြောင့် ဦးမြင့်လွင်သည် တိုင်းတရားရုံး၏ အမိန့်ကို အယူခံဝင်ခွင့် မရှိချေ။

ထို့ကြောင့် ဤအယူခံကိုပလပ်လိုက်သည်။ မြွက်ဟဒီကရီအတွက် ရုံးခွန် ထပ်မံထမ်းဆောင်ရန်မလိုကြောင်း မှတ်ချက်ပြုလိုက်သည်။ နှစ်ခက်အမှုသည်များသည် အယူခံတွင် မိမိတို့ကုန်ကျသော တရားစရိတ်များကိုမိမိတို့ကိုယ်တိုင် ကျခံကြစေ။

---

(၁) ၁၉၀၄-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၉၁။

## တရားမပြင်ဆင်မှု

### ဥက္ကဋ္ဌအဖြစ် ဦးမျိုးမြင့်၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာမန်းသက်စံနှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးရှိန်ဝှက်

နှင့်

ဒေါ်ထားစိန်*

† ၁၉၈၇
ဒီဇင်ဘာလ
၃၀ ရက်

**တရားမမှုတွင် ကွယ်လွန်သူတရားလို၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ကျန်ရစ်သူအားလုံးကို ထည့်သွင်းခြင်းမပြုလျှင်၊ အမှုတစ်ခုလုံး ရပ်စဲခြင်းရှိမရှိ—တရားလို မြွက်ဟကြေညာပေးစေလိုသော ဝေပုံစုသည် ရင်းဆက်ဆံခွင့် ရှိသည့် ဝေပုံစုအတိုင်း မှန်နေလျှင်၊ တရားဝင်ကိုယ်စားလှယ်များ ပြည့်စုံစွာ မထည့်သွင်းရုံမျှဖြင့် အမှုတစ်မှုလုံး ရပ်စဲမသွားခြင်း။**

ဦးရွှေအောင်နှင့် ဦးရှိန်ဝှက် တို့သည် ကွယ်လွန်သူ ဦးစွ°ဝမ်၏ ညီအရင်းတော်စပ်သူများ ဖြစ်ကြသည်။ ဦးစွ°ဝမ်၏ဇနီး ဒေါ်ကင်နှင့် ဦးရွှေအောင်တို့က ငွေကျပ် ၃၀၀၀ဝိ/— တန် အဆောက်အအုံတစ်ခုကို ဝယ်ယူခဲ့ရာ ဦးရွှေအောင်က ကျပ် ၁၀၀၀ဝိ/—ထည့်ဝင်သည်။ ဒေါ်တင်နှင့် ဦးစွ°ဝမ်တို့ ကွယ်လွန်ရာ၊ ဦးရွှေအောင်နှင့် ဦးရှိန်ဝှက်တို့သည် ဦးစွ°ဝမ်၏ အမွေကို ဆက်ခံကြသည်။ ဦးရွှေအောင်က မွန်ပြည်နယ် တရားရုံးတွင် အချင်းဖြစ် အဆောက်အအုံ၏ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ကျန်အိမ်အပိုင်းကို အမွေခွဲဝေပေးစေရန် တရားစွဲဆိုသည်။ အမှုစွဲဆိုစဉ်အတွင်း ဦးရွှေအောင်ကွယ်လွန်သဖြင့် ဇနီးဒေါ်ထားစိန်ကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းကြောင်း မွန်ပြည်နယ်တရားရုံးက အမိန့်ချသည်။ ထို့နောက် တရားပြိုင် ဦးရှိန်ဝှက်ဘက်မှဦးရွှေအောင်၏ နေရာတွင်တရားဝင် ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းထားခြင်း မရှိ၍၊ အမှုရပ်စဲသွားပြီဟု ဆိုကာ၊ အမှုကိုပလပ်ပေးရန် လျှောက်ထားသည်။ မွန်ပြည်နယ်တရားရုံးက ယင်း

---

* ၁၉၈၇—ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၃၉

† ၁၉၈၄—ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃—တွင် ချမှတ်သော (၁၁·၈·၈၇) ရက်စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၇ ဦးရှိန်ဝှက် နှင့် ဒေါ်ထားစိန်

လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးရှိန်ဝှက်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။တရားမမှု တစ်မှုတွင် တရားလို ကွယ်လွန်သွားသောအခါ အမွေစားအမွေခံ တစ်ဦးထက်ပို၍ ကျန်ရစ်သည့်တွင် အားလုံးကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်းမပြုလျှင် အမှုတစ်ခုလုံး ရပ်စဲခြင်း ရှိမရှိဆိုသောအချက်မှာ အမှု၏ဖြစ်ရပ်အပေါ်တွင် မူတည်ပေသည်။

**ယခုမှုဆုံးဖြတ်ချက်။** ။ဤအမှုတွင် ဦးရွှေအောင်က အချင်းဖြစ် ဥပစာ၏ သုံးပုံတစ်ပုံကိုမိမိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် စွဲဆိုထားခြင်းဖြစ်သည်။ လျှောက်ထားသူ တင်ပြသည့်အတိုင်း ဦးရွှေအောင် ကွယ်လွန်သောအခါ ဩရသသား ကျန်ရစ်ပါမူ ဒေါ်ထားစိန်သည် ဦးရွှေအောင်ကျန်ရစ်သော အမွေ၏ ၄ ပုံ ၃ ပုံကို ဆက်ခံခွင့်ရှိသဖြင့် ဦးရွှေအောင် စွဲဆိုသည့်အတိုင်း မှန်ပါလျှင် ဥပစာ၏ ၄ ပုံ ၁ ပုံကို ဒေါ်ထားစိန်က ပိုင်ဆိုင်ခွင့် ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှုတွင် ဦးရွှေအောင်၏ ဩရသသား မပါဝင်စေကာမူ ဒေါ်ထားစိန်သည် အချင်းဖြစ်ဥပစာ၏ ၄ ပုံ ၁-ပုံကို ပိုင်ဆိုင်ကြောင်း တရားရုံးက ကြေညာပေးနိုင်သည်ဖြစ်၍ ဦးရွှေအောင်၏ ဩရသသားကို တရားဝင်ကိုယ်စားလှယ်အဖြစ် မထည့်သွင်းရုံမျှဖြင့် အမှုတစ်မှုလုံးမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

လျှောက်ထားသူအတွက် — ဦးထွန်းရွှေကိုယ်စား၊ ဒေါ်ဝင်းတင် ဗဟိုတရားရုံးရှေ့နေ ရှေ့ဆောင်ရေးသား လျှောက်လဲချက်တင်သည်။

လျှောက်ထားခံရသူအတွက် — ဦးနီနီယု၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးတင်ထွန်း

ဦးရွှေအောင်နှင့် ဦးရှိန်ဝှက်တို့သည် ဦးလောင်ကွန့်ဆိုသူ၏ သားများဖြစ်ကြပြီး ကွယ်လွန်သူ ဦးစွဝမ်၏ ညီအရင်းတော်စပ်သူများလည်း ဖြစ်ကြသည်။ ဦးစွဝမ်၏ဇနီး ကွယ်လွန်သူ ဒေါ်တင်နှင့် ဦးရွှေအောင်တို့သည်မော်လမြိုင်မြို့၊မိန်းကလေးကျောင်း၊ အမှတ် ၁၂-ဟုခေါ်တွင်သည့် အဆောက်အအုံကို ၁၉၆၂-ခုနှစ်အတွင်းတွင် အဖိုးငွေကျပ် ၃၀၀၀၀/- ဖြင့် ဝယ်ယူခဲ့ရာ ဦးရွှေအောင်က ကျပ် ၁၀၀၀၀/— ထည့်ဝင်ခဲ့သည်ဟု အဆိုရှိသည်။ ဦးရွှေအောင်က ယင်းအဆောက်အအုံ အောက်ထပ်တွင် လည်းကောင်း၊ ဦးစွဝမ်နှင့် ဒေါ်တင်တို့ မိသားစုက အပေါ်ထပ်တွင်

၁၉၇၇
ဦးရှိန်ဖွက်
နှင့်
ဒေါ်ထားစိန်

လည်းကောင်း နေထိုင်လာခဲ့ကြသည်။ ဒေါ်တင်နှင့် ဦးစွ ဝမ်တို့ ကွယ်လွန်ရာ ဦးရွှေအောင်နှင့် ဦးရှိန်ဖွက်တို့သည် ဦးစွ ဝမ်၏ အမွေကို ဆက်ခံကြသည်ဟု အဆိုရှိသည်။ ဦးရွှေအောင်က မွန်ပြည်နယ်တရားရုံး ၁၉၇၄-ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ (မ)တွင် အချင်းဖြစ် အဆောက်အအုံ၏ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ကျန် အစိတ်အပိုင်းကို အမွေခွဲဝေပေးစေရန် တရားစွဲဆိုသည်။ အမှုစွဲဆိုထားစဉ် အတွင်း ၈-၄-၇၆ နေ့တွင် ဦးရွှေအောင်ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ထားစိန်ကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းကြောင်း မွန်ပြည်နယ်တရားရုံးက ၄-၆-၇၆ နေ့တွင် အမိန့်ချမှတ်သည်။ ထို့နောက် တရားပြိုင် ဦးရှိန်ဖွက်ဘက်မှ ဦးရွှေအောင်၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းထားခြင်း မရှိ၍ ဦးရွှေအောင် စွဲဆိုသော အမှုမှာ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃—အရ ရုပ်စဲသွားပြီဟုဆိုကာ အမှုကို ပလပ်ပေးရန် လျှောက်ထားသည်။ မွန်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးရှိန်ဖွက်က ဗဟိုတရားရုံးတွင် ငြင်းဆင်မှုကို လျှောက်ထားသည်။

မွန်ပြည်နယ် တရားရုံးသည် လျှောက်ထားသူ၏ လျှောက်လွှာကို ၁၁-၈-၇၇ ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ ပလပ်ရာ၌ အကြောင်း တစ်စုံတစ်ရာ ပြဆိုထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ စီရင်ချက်တွင် မည်သည့်အချက်အလက်များ ပါရှိရမည်ဖြစ်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၄ (၂) တွင် ပြဋ္ဌာန်းထားသည်။ မွန်ပြည်နယ် တရားရုံး၏အမိန့်သည် ယင်းပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း တွေ့ရသည်။ ထို့ပြင် မူလရုံးသည် အဆုံးအဖြတ်ပြုသည့် ပြဿနာကို မည်သည့် အချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ကြောင်း ဖော်ပြထားခြင်းမရှိ၍ ယင်းအမိန့် မှားသည်မှန်သည်ကို ဗဟိုတရားရုံးက စိစစ်ရာ၌ မူလရုံး၏ အမြင်ကို သိခွင့်ဆုံးရှုံးရသည်ကို သတိချပ်သင့်ပေသည်။

တရားပြိုင်ဘက်မှ အမှုကို ပလပ်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို ၉-၄-၇၇ ရက်စွဲတပ်ထားကြောင်း တွေ့ရသည်။ ယင်း လျှောက်လွှာကို ၉-၇-၇၇ နေ့တွင် တင်သွင်းကြောင်း မူလရုံး၏ ၉-၇-၇၇ ရက်စွဲပါ နေ့စဉ်မှတ်တမ်း၌ မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။ ရက်စွဲမှားယွင်းကြောင်းကို မူလရုံး၏ နေ့စဉ်မှတ်တမ်းတွင်ဖြစ်စေ၊ အကြံပေးချက် ရေးသား တင်ပြသော တရားရေးဝန်ထမ်း အဆင့် (၂)၏ အကြံပြုချက်တွင်ဖြစ်စေ ညွှန်ပြထားခြင်း မရှိသည်ကို တွေ့ရသည်။ အမှန်ဆိုသော် ယင်းမှားယွင်းချက်ကို ညွှန်ပြ၍ လိုအပ်သလို ပြင်ဆင်စေသင့်သည်။

ဒေါ်ထားစိန်အား ကွယ်လွန်သူ တရားလို ဦးရွှေအောင်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသော

၁၉၈၇
ဦးရှိန်ဝှက် နှင့် ဒေါ်ထားစိန်

၁၅–၅–၈၆ ရက်စွဲပါ လျှောက်လွှာကို ဦးနီနီယုဆိုသူက လက်မှတ်ရေးထိုးထားပြီး ဒေါ်ထားစိန်က လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း တွေ့ရသည်။ ဦးနီနီယုသည် တရားလို ဦးရွှေအောင်ထံမှ ရှေ့နေ ကိုယ်စားလှယ်စာ ရခဲ့သည်မှန်သော်လည်း ဦးရွှေအောင် ကွယ်လွန်သွားသည်နှင့် တပြိုင်နက် ဦးနီနီယုသည် အမှုတွင် ဆက်လက်ဆောင်ရွက်ခွင့် မရှိတော့ချေ။ ဒေါ်ထားစိန်က ဦးနီနီယုအား ရှေ့နေကိုယ်စားလှယ်စာ ပေးထားကြောင်း မွန်ပြည်နယ်တရားရုံး အမှုတွဲနေ့စဉ် မှတ်တမ်းတွင် မတွေ့ရချေ။ကိုယ်စားလှယ်စာလည်းမရှိချေ။ဤအခြေအနေတွင်ဦးနီနီယု၏ လျှောက်ထားချက်သည် တရားဝင်သည်ဟု မဆိုနိုင်ချေ။ သို့ရာတွင် ယင်းလျှောက်လွှာပေါ်၌ တရားပြိုင်၏ ရှေ့နေကမကန့်ကွက်ကြောင်း ပြည်နယ်တရားစီရင်ရေး အဖွဲ့ဥက္ကဋ္ဌက ရေးမှတ်ထားကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ဒေါ်ထားစိန်အား ဦးရွှေအောင်၏ တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားချက်သည် ဥပဒေနှင့် ညီညွတ်မှု မရှိသော်လည်း မူလရုံးတွင်ဖြစ်စေ၊ ဤပြင်ဆင်မှုတွင်ဖြစ်စေ၊ ယင်း ချွတ်ချော်မှုကို တစ်ဘက်မှ ကန့်ကွက်တင်ပြထားခြင်းမရှိ၍ ယင်းချွတ်ချော် မှုကို အကြောင်းပြုပြီး ဒေါ်ထားစိန်အား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းသည့် အမိန့်ကို ချက်ဖျက်ရန် မသင့်ပေ။ သို့ရာတွင် တရားရုံး များသည် ယင်းချွတ်ချော်မှုမျိုး မပေါ်ပေါက်စေရန် အထူးသတိချပ်ရန် လိုသည်။ မူလရုံးက ဗဟိုတရားရုံးမှ အမှုတွဲ ပြန်လည် ရရှိသည့်အခါ ဒေါ်ထားစိန်က ရှေ့နေဌားသည့် ကိုယ်စားလှယ်စာကို တောင်းယူ၍ အမှုတွဲ၌ မှတ်တမ်းတင်ထားရန် မွန်ပြည်နယ်တရားရုံးအား ညွှန်ကြား လိုက်သည်။

လျှောက်ထားသူ၏ ရှေ့နေက **ဒေါ်ဖျန်း၊ ဦးတင်ရွှေပါ-၂ နှင့် မောင်ကျင်ဝင်း (ဦးမွား၏ တရားဝင်ကိုယ်စားလှယ်)**([၁])စီရင်ထုံးကို ကိုးကား၍ ဦးရွှေအောင်၏ သြရသသားကို တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်းခြင်းမပြုခြင်းကြောင့် ဦးရွှေအောင်စွဲဆိုသော အမှုမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃(၂) အရ ရပ်စဲသွားကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက **ဟာဗီပါ–၅ နှင့် နိုင်ငံတော် ကုန်သွယ်ရေးဝန်ကြီးဌာနပါ–၂** ([၂]) နှင့် **ဆူဘရာမိုးနီးယန်းနှင့် ဒေါ်ယုံပါ-၇** ([၃]) စီရင်ထုံးများကို ကိုးကား၍ ဦးရွှေအောင်၏

(၁) ၁၉၈၂–ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ–၄၂။

(၂) ၁၉၆၀-ပြည့်နှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၄၅၉
(တရားလွှတ်တော်)

(၃) ၁၉၆၃-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ–၄၂၃။

ဩရသသား ဆိုသူအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်း မပြုရုံမျှဖြင့် အမှုရပ်စဲခြင်း မရှိကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ၁၉၇၇ ဦးရှိန်ဝက် နှင့် ဒေါ်ထားစိန်

ဆရာဘာရာမိုးနီးယန်း အမှုတွင် တရားပြိုင်တစ်ဦးဖြစ်သူ ဦးဝဏ္ဏ ကွယ်လွန်သောအခါ ဩရသသား ကျန်ရစ်ကြောင်း မပေါ်ပေါက်သဖြင့် ဇနီးဖြစ်သူ ဒေါ်ယုံကိုသာလျှင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်လိုသည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဤအမှု ဖြစ်ရပ်နှင့် တူညီခြင်း မရှိချေ။

ဟာဝီ အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

"The provisions in Order 22, Civil Procedure Code do not render it imperative for all the heirs of a deceased party to be added as legal representatives to enable the suit to proceed. If a person had been added as legal representative and no objection has been taken that person does not represent the estate, the proceedings' of the Court cannot be considered irregular simply on the ground that all the heirs of the deceased person have not been added."

ဤအမှုတွင် ဒေါ်ထားစိန်အား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် တင်ပြစဉ်က လျှောက်ထားခံရသူသည် တစ်စုံတစ်ရာ ကန့်ကွက်ခဲ့ခြင်း မရှိခဲ့သည့်အလျောက် အထက်ပါ စီရင်ထုံးအရ ဦးရွှေအောင်၏ ဩရသသား ဖြစ်သူအား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန်ပျက်ကွက်ခြင်းကို အကြောင်းပြုပြီး အမှုကို ပလပ်ပေးရန် တောင်းဆိုရန် မသင့်ချေ။လျှောက်ထားသူဘက်မှ တရားဝင်ကိုယ်စားလှယ်များ အပြည့်အစုံ ထည့်သွင်းရေးမှာ လျှောက်ထားသူ၏ တာဝန်မဟုတ်၍ လျှောက်ထားသူ အနေဖြင့် ဆိတ်ငြိမ်စွာ စောင့်ကြည့်ရမည်ဆိုသော အချက်ကို မွန်ပြည်နယ်တရားရုံးက ထည့်သွင်းစဉ်းစားမှု မပြုခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားသည်။ ဒေါ်ထားစိန်အား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းစေရန် လျှောက်ထားစဉ်က တရားဝင် ကိုယ်စားလှယ် ပြည့်ပြည့်စုံစုံ ထည့်သွင်းခြင်းမရှိကြောင်း တစ်ဘက် အမှုသည်က သိရှိလျှင် ထိုက်သင့်သလို တရားရုံးသို့တင်ပြရန် တာဝန်ရှိသည်။ အမှု အနိုင်ရရှိရေးအတွက် ဆိတ်ငြိမ်စွာ စောင့်ကြည့် ရမည် ဟူသော **အယူအဆမှာ ကျဉ်းမြောင်းသည်။ အမှုကို နည်းလမ်းတကျ စစ်ဆေး**

၁၉၀၇
ဦးရှိန်ဇွက်
နှင့်
ဒေါ်ထားစိန်

ရေးအတွက် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစား ပြုရာလည်း ရောက်သည်။ ယင်းအမှုသည်၏ ရှေ့နေ အနေဖြင့်လည်း တာဝန်ပျက်ကွက်ရာ ရောက်သည်။

တရားမမှု တစ်မှုတွင် တရားလိုကွယ်လွန်သွားသောအခါ အမွေစား အမွေခံ တစ်ဦးထက်ပို၍ ကျန်ရစ်သည်တွင် အားလုံးကို တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်း မပြုလျှင် အမှုတစ်ခုလုံး ရပ်စဲခြင်း ရှိမရှိဆိုသော အချက်မှာ အမှု၏ ဖြစ်ရပ်အပေါ်တွင် မူတည်ပေသည်။ **ဒေါ်ဖျန်း၊ ဦးတင်ရွှေပါ-၂** အမှုတွင် တိုင်းတရားရုံး၌ အယူခံတရား ပြိုင် ဦးမွှားသည် ဒီကရီရရှိခဲ့သည့်အလျောက် ၎င်းကွယ်လွန်သွားသော အခါ ဒီကရီအကျိုးခံစားခွင့်များကို အမွေဆက်ခံခွင့်ရှိသော ဇနီးဒေါ် ခင်စိန်နှင့်သားမောင်ကျော်ဝင်းတို့ ရရှိမည်ဖြစ်သည်။ ထို့အပြင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဂ) အရ သူတို့သည် ဒေါ်ဖျန်းတို့၏ အိမ်ရှင်များအဖြစ်သို့ ရောက်ရှိသွား ကြသည်။

ဒေါ်ဖျန်းတို့သည် ဒေါ်ခင်စိန်အား စည်းကမ်းသတ် ကာလအတွင်း ဦးမွှား၏ တရားဝင်ကိုယ်စားလှယ်အဖြစ် သူတို့တင်သွင်းသော အယူခံ မှုများတွင် ထည့်သွင်းရန် ပျက်ကွက်သောကြောင့် ဒေါ်ခင်စိန်အနေဖြင့် ခင်ပွန်းရရှိခဲ့သော ဒီကရီကို အတည်ဖြစ်ခွင့်သည် အပြီးသတ်အတည်ဖြစ် သွားလေသည်။ သို့ဖြစ်ရာ ဒေါ်ဖျန်းတို့သည် အယူခံတွင် မောင် ကျော်ဝင်းအပေါ် အနိုင်ရရှိစေကာမူ ဒေါ်ခင်စိန်သည် ဦးမွှား၏ဇနီးအနေ ဖြင့် ခင်ပွန်းရရှိခဲ့သော ဒီကရီအား အတည်ပြုခွင့်ကို ထိခိုက်နိုင်ဖွယ်ရာ အကြောင်းမရှိချေ။ သို့ဖြစ်၍ ဗဟိုတရားရုံးက မောင်ကျော်ဝင်းအပေါ် တင်သွင်းသော အယူခံအသီးသီးကို ခွင့်ပြုမည်ဆိုပါကလည်း အယူခံ တရားလို ဒေါ်ဖျန်းတို့အဖို့ ဒေါ်ခင်စိန်က ဦးမွှားရရှိခဲ့သော ဒီကရီကို အတည်ပြုသည့်အခါ အချင်းဖြစ်ဥပစာများမှ ထွက်ပေးရန်သာရှိတော့ သည်ဖြစ်၍ သူတို့အတွက် အကျိုးဖြစ်ထွန်းဖွယ်ရာ အကြောင်းမရှိတော့ သဖြင့် ဒေါ်ဖျန်းတို့တင်သွင်းသော အယူခံမှုကို ဆက်လက်၍ဆောင်ရွက် လျှင် အချီးနှီးဖြစ်ရန်သာ အကြောင်းရှိတော့သဖြင့် အယူခံမှုအသီးသီး မှာ ရပ်စဲသွားသည်ဟု ဗဟိုတရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။

ဤအမှုတွင် ဦးရွှေအောင်က အချင်းဖြစ်ဥပစာ၏ သုံးပုံတစ်ပုံကို မိမိပိုင်ဆိုင်ကြောင်း မြွက်မာကြေညာပေးစေရန် စွဲဆိုထားခြင်းဖြစ်သည်။ လျှောက်ထားသူ တင်ပြသည့်အတိုင်း ဦးရွှေအောင်ကွယ်လွန်သောအခါ သြရသသားကျန်ရစ်ပါမူ ဒေါ်ထားစိန်သည် ဦးရွှေအောင်ကျန်ရစ်သော အမွေ၏ ၄ ပုံ ၃ ပုံတို့ ဆက်ခံခွင့်ရှိသဖြင့် ဦးရွှေအောင်စွဲဆိုသည့်အတိုင်း

၁၉၇၇ / ဦးရှိန်ဝှက် နှင့် ဒေါ်ထားစိန်

မှန်ပါလျှင် ဥပစာ၏ ၄ ပုံ ၁ ပုံကို ဒေါ်ထားစိန်က ပိုင်ဆိုင်ခွင့်ရရှိမည် ဖြစ်သည်။ သို့ဖြစ်ရာ အမှုတွင် ဦးရွှေအောင်၏ သြရသသားမပါဝင်စေကာမူ ဒေါ်ထားစိန်သည် အချင်းဖြစ်ဥပစာ၏ ၄ ပုံ ၁ ပုံကို ပိုင်ဆိုင်ကြောင်း တရားရုံးက ကြေညာပေးနိုင်သည်ဖြစ်၍ ဦးရွှေအောင်၏ သြရသသားကို တရားဝင်ကိုယ်စားလှယ်အဖြစ် မထည့်သွင်းရုံမျှဖြင့် အမှုတစ်မှုလုံးမှာ ရပ်စဲသွားရန်အကြောင်းမရှိချေ။ ဤအမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်တို့သည် **ဒေါ်ဈုန်း၊ ဦးတင်ရွှေပါ–၂** အမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်များနှင့် မတူသည့်အလျောက် လျှောက်ထားသူဘက်မှ တင်ပြချက်ကို လက်ခံနိုင်ရန်အကြောင်းမရှိချေ။

လျှောက်ထားခံရသူ၏ရှေ့နေကဦးရွှေအောင်သည်အမွေစီမံခန့်ခွဲပေးစေလိုမှု အပါအဝင်သက်သာခွင့်များ ရလိုကြောင်းစွဲဆိုထားရာ ယင်းအမှု၌ဦးရွှေအောင် အမှန်တကယ် ဝေပုံစုရရှိမည်မရရှိမည်ကို ဒီကရီမချမှတ်ရသေးသဖြင့် ဦးရွှေအောင်၏ ဝေစုအနေဖြင့် သီးခြားမရှိသေးကြောင်း၊ ဦးရွှေအောင်၌ သြရသသား ရှိခဲ့ပါလျှင် ယင်းပြဿနာမှာ ဒေါ်ထားစိန်နှင့် သြရသတို့၏ ပြဿနာသာ ဖြစ်ကြောင်း၊ သြရသရှိသည့်တိုင်အောင် ၎င်းသည် အမွေတစ်ခုလုံးနှင့် သက်ဆိုင်သူ မဟုတ်၍ ၎င်းအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် လိုအပ်မည် မဟုတ်ကြောင်း တင်ပြလျှောက်ထားသည်။ တရားဝင် ကိုယ်စားလှယ်အစုံအလင် မထည့်သွင်းခြင်းကြောင့် အမှုရပ်စဲခြင်း ရှိမရှိ ပြဿနာကို အမှုအကြောင်းအရာအရ ဆုံးဖြတ်ရမည် ဖြစ်သည်။ ဦးရွှေအောင်က အချင်းဖြစ်ပစ္စည်းများတွင် မိမိပိုင်ရေးပိုင်ခွင့်အရ သုံးပုံတစ်ပုံ၊ အကိုဖြစ်သူ၏ အမွေဆက်ခံသူအဖြစ်ဖြင့် သုံးပုံတစ်ပုံ ပေါင်းသုံးပုံနှစ်ပုံ ရသိုက်သည်ဟု အဆိုလွှာတွင် အဆိုပြုထားသည်ဖြစ်၍ မှန်မမှန် အဆုံးအဖြတ်ပေးရမည် ဖြစ်သည်။ ယင်းအမှုအနေအထားအရ အမှုရပ်စဲခြင်း ရှိမရှိ ဆုံးဖြတ်ရန်ဖြစ်၍ ဝေစုကို တရားရုံးက မသတ်မှတ်ရသေးသည့် အချက်မှာ စပ်ဆိုင်သော ကိစ္စမဟုတ်ချေ။ ထို့ပြင် သြရသသည် အမွေပုံတစ်ရပ်လုံးနှင့် သက်ဆိုင်သူမဟုတ်၍ ၎င်းအား ထည့်သွင်းရန် လိုအပ်မည်မဟုတ်ဟူသော တင်ပြချက်မှာလည်း မှားယွင်းသည်။ ဦးရွှေအောင်တွင် သြရသသား ကျန်ရစ်ပါမူ အချင်းဖြစ်ပစ္စည်းတွင် ဆိုင်သင့်သလောက် ဆိုင်မည်ဖြစ်၍ သူ့အား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်း မပြုပါက သူ၏ဝေစုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲသွားမည် ဖြစ်သည်။

လျှောက်ထားခံရသူက ဦးရွှေအောင်တွင် သြရသသားရှိကြောင်း မပေါ်ပေါက်ပါဟု တင်ပြလျှောက်ထားသည်။ အမှုရပ်စဲသွား၍ ပလပ်ပေးရန် လျှောက်ထားခံရသူ တင်သွင်းသော လျှောက်လွှာ၌ ဦးရွှေအောင်တွင် သြရသသားရှိကြောင်း ဖော်ပြထားခြင်း မရှိချေ။ တရားဝင် **ကိုယ်စားလှယ် မပြည့်စုံကြောင်းသာ ဖော်ပြထားသည်။ ယင်းစွပ်စွဲချက်**

၁၉၀၇ — ဦးရှိန်ဝှက် နှင့် ဒေါ်ထားစိန်

မှန်မမှန် ဟာရားသိုဘက်က ဖြေကြားသားခြင်းမရှိ၍ ဦးရွှေအောင်တွင် ဇနီး၊ ဒေါ်ထားစိန်မှအပ အခြား အမွေစား အမွေခံ ကျန်ရစ်ခြင်း ရှိမရှိ မသိရချေ။ ဤကဲ့သို့ အချက်အလက် မစုံလင်ဘဲ မူလရုံးသည် အမှုရပ်စဲခြင်းရှိမရှိပြဿနာကို ဆုံးဖြတ်ရန် မသင့်ချေ။

မွန်ပြည်နယ် တရားရုံးသည် ဦးရွှေအောင်တွင် ကြွရသ ကျန်ရစ်ခြင်း ရှိမရှိ ဒေါ်ထားစိန်အား တင်ပြစေသင့်သည်။ ကျန်ရစ်ခြင်း ရှိမရှိ အငြင်းပွားလျှင် စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ် ပြုသင့်သည်။

ဤ စီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်ဘစ်ရပ် ရှိသည်။ ဦးရွှေအောင်၏ နေရာတွင် ဒေါ်ထားစိန်အား စည်းကမ်းသတ် ကာလအတွင်း တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီးဖြစ်ရာ ဦးရွှေအောင်တွင် အခြားအမွေစားအမွေခံ ကျန်ရစ်ကြောင်း တွေ့ရှိရပါက ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၁၇၁ တွင် သတ်မှတ်ထားသော ကာလအတွင်း ကျန်အမွေစားအမွေခံများကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ အရ ဦးရွှေအောင်၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ထပ်မံထည့်သွင်းနိုင်သည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၁၀၀/–သတ်မှတ်သည်။

## တရားမပထမအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်(၁) ၊အဖွဲ့ဝင်များအဖြစ် ဦးထွန်းမှုန်းနှင့် ဒေါက်တာမောင်မောင်အေးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဝိုင်အေးမြားပါ–၂

နှင့်

ဒီအီးဘိုင်မြား *

† ၁၉၈၇ အောက်တို ဘာလ ၂၃ ရက်

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂–နောက်ထပ်သက်သာခွင့် သို့မဟုတ် အကျိုးဆက်သက်သာခွင့်သည် မည်သည့်သက်သာခွင့်မျိုးဖြစ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော ''နောက်ထပ်သက်သာခွင့်'' သို့မဟုတ်''အကျိုးဆက်သက်သာခွင့်'' သည် မြွက်ဟဒီကရီနှင့် နှီးနွှယ်သော သက်သာခွင့်ဖြစ်သည့်အပြင် အရေးဆိုသည့် အခွင့်အရေးနှင့် ဆီလျော်အပ်စပ်သည့် အခွင့်အရေးမှ မလွဲမသွေပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့် ဖြစ်ရန် လိုပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးမောင်မောင်မြင့် (ဟည်ဘတ)၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးခင့်မောင်၊ဗဟိုတရားရုံးရှေ့နေ |
| | — | ဦးအုံးမြင့်၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးခင်စိုး |

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၈၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃၁ (ပန်းဘဲတန်း)တွင် အယူခံတရားလို ဝိုင်အေးမြားနှင့် ဇက်အေးမြားတို့က အယူခံတရားပြိုင် ဒီအီးဘိုင်မြားအပေါ် ကွယ်လွန်သူ အေအေမြားကျန်

* ၁၉၈၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၃

† ၁၉၈၆ ခုနှစ်၊ တရားမကြီးမှုအမှတ်၄၃၁ တွင်ချမှတ်သော (၃၀-၄-၈၇) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

၁၉၇၇ ဝိုင်အေမြား ပါ-၂ နှင့် ဒီအီးဘိုင်မြား

ရစ်သောပစ္စည်းများကို အခြားအမွေစားအမွေခံများနှင့်အတူ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် အမွေပစ္စည်း တစ်ရပ်ဖြစ်သည့် ရန်ကုန်မြို့၊ ၂၇လမ်း၊ အိမ်အမှတ် ၁၃၃/၁၃၅ ကို စီမံခန့်ခွဲခြင်း၊ ရောင်းချခြင်း စသည်တို့ မပြုလုပ်ရန်အတွက် ထာဝစဉ်တားဝရမ်းထုတ်ပေးရန် တရားစွဲဆိုရာတိုင်းတရားရုံးက အမှုကိုပလပ်လိုက်သဖြင့်ဝိုင်အေမြားတို့က ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၊ ကရာချိမြို့တွင် နေထိုင်လျက်ရှိသော အေအေမြားဆိုသူ ကွယ်လွန်သောအခါ ဇနီးနှင့် သားသမီးများနှင့် မိခင်စလီမာဘီဘီတို့ အမွေစားအမွေခံများအဖြစ် ကျန်ရစ်သည်။ စလီမာဘီဘီသည် ၃၁–၁–၇၂ နေ့တွင် ကွယ်လွန်သွားသောအခါ သားဝိုင်အေမြား၊ ဇက်အေမြားနှင့် သမီးအိုင်ရှာဘီဘီတို့ ကျန်ရစ်ပြီး မိခင်ဖြစ်သူက သားဖြစ်သူ အေအေမြား ကျန်ရစ်သော အမွေပစ္စည်းများကို ဆက်ခံခွင့်ရှိသည့်ဝေစုကို မဟာမေဒင် ဥပဒေအရ ဆက်ခံသည်ဟု အဆိုပြုသည်။ ဝိုင်အေမြားတို့က ဒီအီးဘိုင်မြားသည် အေအေမြား၏ နောက်ဆုံးသေတမ်းစာအရ သေတမ်းစာအဘည်ပြုသူ ဖြစ်သည်ဟုဆိုကာ အေအေမြား ကျန်ရစ်သောရန်ကုန်မြို့၊ ၂၇ – လမ်းရှိ အမှတ် ၁၃၃/၁၃၅ စာရင်းပေါက်သော အိမ်နှင့်မြေကို ၁-၁–၇၅ နေ့မှစ၍ စီမံခန့်ခွဲခဲ့သည့် အပြင် ယင်း အိမ်အားဖျက်သိမ်းခွင့်ကို စည်ပင်သာယာရေး အဖွဲ့ထံမှ ရယူပြီး မြေကွက်ကို ရောင်းချရန် စီစဉ်လျက်ရှိကြောင်း၊ ဒီအီးဘိုင်မြား ကိုင်ဆောင်ထားသော သေတမ်းစာမှာ ဥပဒေအရ တရားနည်းလမ်း ကျနခြင်း မရှိကြောင်း၊ ၎င်း၏ လုပ်ရပ်များသည် မိမိတို့၏ အခွင့်အရေး များကို ထိခိုက်ပျက်ရှိကြောင်း စသည်ဖြင့် အဆိုပြုကာ ဝိုင်အေမြား တို့က အထက်ဘွင် ဖော်ပြခဲ့သည့် သက်သာခွင့်များ ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒီအီးဘိုင်မြားက အခြားအချက်များအပြင် ဝိုင်အေမြား တို့သည် မြွက်ဟ ကြေညာပေးစေလိုမှု မစွဲဆိုနိုင်ကြောင်း၊ စလီမာဘီဘီ၏ သားသမီးအားလုံးကို အမှုတွင် ထည့်သွင်းထားခြင်း မရှိ၍ အမှု ပျက်ပြယ်ကြောင်း၊ အမှုကို လက်ရှိပုံစံ အတိုင်း မစွဲဆိုနိုင်ကြောင်း စသည်ဖြင့် ထုချေသည်။

ရန်ကုန်တိုင်း တရားရုံးက အောက်ပါ ပဏာမ ငြင်းချက်များ ထုတ်နုတ်၍ ကြားနာခဲ့သည်—

"၁။ တရားလိုသည့် အမှုတွင် ပါဝင်သင့်သူများ အားလုံးပါဝင် တရား စွဲဆိုခြင်းမရှိ၍အမှုကို ပလပ်သင့်သည်မှာ မှန်သလား၊

၂။ တရားလိုမှာ ဤအမှုကို ဤပုံစံအတိုင်းတရားစွဲဆိုခွင့်ရှိသလား။"

၁၉၈၇
ဝိုင်အေမြား
ပါ (၂)
နှင့်
ဒီအီးဘိုင်မြား

ရန်ကုန်တိုင်း တရားရုံးက အမှုတွင် အမွေဆိုင်အားလုံး ပါဝင်ရန် လိုအပ်ကြောင်း၊ တရားပြိုင်သည် သေတမ်းစာအရ ကွယ်လွန်သူ ကျန် ရစ်သော ပစ္စည်းများအား စီမံခန့်ခွဲခြင်းဖြစ်၍ တားမြစ်မိန့် ထုတ်ပေး ရန် မဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍တရားလိုများသည်အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ကောက်ယူဆုံးဖြတ်သည်။

အဆိုလွှာတွင် အယူခံတရားလိုတို့က အယူခံတရားပြိုင်သည်အချင်းဖြစ် အိမ်နှင့် မြေနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ စီမံခန့်ခွဲကြောင်းအဆိုလွှာ အပိုဒ် ၄ နှင့် ၅ တို့တွင် ဖော်ပြ၍ အဆိုလွှာ အပိုဒ် ၆ ၌ အယူခံ တရားပြိုင် လက်ဝယ်ရှိ သေတမ်းစာမှာ တရားဥပဒေအရ နည်းလမ်း မကျကြောင်း ဖော်ပြထားပြီးနောက် အယူခံ တရားပြိုင်၏ ယင်း လုပ် ရပ်များသည် မိမိတို့၏ အခွင့်အရေးကို ငြင်းဆန်သည်ဟုအဆိုအပိုဒ် ၈ တွင် အဆိုပြုကာ အမှုစွဲဆိုခြင်းဖြစ်သည်။

မြွက်ဟကြေညာပေးစေလိုမှုကို သီခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ ၏ ဘောင်အတွင်း စွဲဆိုရန် ဖြစ်သည်။အမှုတွင် အယူခံတရားလို တို့ တောင်းဆိုသော မြွက်ဟဒီကရီကို တရားရုံးက ခွင့်ပြုနိုင်ရန် အလို့ငှာ အယူခံ တရားပြိုင်သည် အယူခံတရားလိုတို့မှာ အေအေမြားကျန်ရစ်သော အမွေပစ္စည်းများကို ဆက်ခံခွင့်ရှိသူမဟုတ်ဟုငြင်းဆန်ကြောင်း၊သို့မဟုတ် ငြင်းဆန်ရန် လိုလားကြောင်း ပေါ်ပေါက်ရန် လိုအပ်သည်၊အဆိုလွှာတွင် အယူခံတရားပြိုင်က ယင်းသို့ ငြင်းဆိုကြောင်း ဖော်ပြထားခြင်း မရှိချေ။ ကွယ်လွန်သူ၏ သေတမ်းစာအရ သေတမ်းစာ အတည်ပြုသူ ဖြစ်သည် ဟုဆိုကာ အမွေပစ္စည်းကို စီမံခန့်ခွဲရုံမျှဖြင့် အမွေဆိုင်များ၏ ရပိုင်ခွင့်ကို ငြင်းဆန်ရာ ရောက်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ သို့ဖြစ်ရာ တရားပြိုင်က ချေလွှာအပိုဒ် ၁၁ တွင် ချေပထားချက်ကို လက်ခံသင့် သည်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော ''နောက်ထပ်သက်သာခွင့်'' သို့မဟုတ် ''အကျိုးဆက်သက်သာခွင့်'' သည် မြွက်ဟဒီကရီနှင့် နှီးနွယ်သော သက်သာခွင့်ဖြစ်သည့်အပြင် အရေး ဆိုသည့် အခွင့်အရေးနှင့် ဆီလျော်အပ်စပ်သည့် အခွင့်အရေးမှ မလွဲ မသွေ ပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့် ဖြစ်ရန် လိုပေသည်။ **ဒေါ်အေးယုံ နှင့် ဒေါ်ခင်နီ** (၁) ကိုကြည့်ပါ၊ အယူခံတရားလိုတို့သည် အေအေမြား၏ အမွေစားအမွေခံဖြစ်ကြောင်းမြွက်ဟကြေညာပေးခြင်းနှင့် ဒီအီးဘိုင်မြားအား အမွေပစ္စည်းတစ်ရပ်ကို စီမံခန့်ခွဲခြင်း၊ ရောင်းချခြင်း

(၁) ၁၉၆၄၊ မတစ၊ စာ-၃၂၈။

၁၉၈၇
ဝိုင်အေမြား
ဝါ(၂)
နှင့်
ဒီအီးဘိုင်မြား

မပြုရန် တားဝရမ်းထုတ်ပေးခြင်းတို့သည် ဆက်စပ်မှုရှိသော သက်သာခွင့်များ မဟုတ်ချေ။ သို့ဖြစ်ရာ ဒုတိယသက်သာခွင့်ကို ပထမသက်သာခွင့်၏ အကျိုးဆက်သက်သာခွင့်အဖြစ် ကောက်ယူခြင်းမပြုနိုင်ချေ။ အယူခံတရားလိုတို့သည် ကွယ်လွန်သူ အမွေရှင်၏ အမွေစားအမွေခံများဖြစ်သည်ဟုဆိုလျှင် တောင်းဆိုသင့်သော သက်သာခွင့်မှာ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန်သာ ဖြစ်ပေလိမ့်မည်။

တရားပြိုင်တစ်ဦးက တရားလို၏အခွင့်အရေးကို ငြင်းဆိုတိုင်း သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ ယင်းအခွင့်အရေးကို မြွက်ဟကြေညာပေးရန် တရားစွဲဆိုရန် မဟုတ်ချေ။ မြွက်ဟဒီကရီသည် တရားလိုတစ်ဦးအတွက် အကျိုးရှိပြီး ယင်းမြွက်ဟဒီကရီကို ခွင့်ပြုရန် လိုအပ်မှသာ တရားရုံးများက ခွင့်ပြုလိမ့်မည်ဖြစ်ကြောင်း၊ တရားလိုတစ်ဦးသည် မြွက်ဟဒီကရီကို အခွင့်အရေး တစ်ရပ်အနေဖြင့် တောင်းဆိုခွင့်မရှိကြောင်း သတိချပ်ရန်လိုသည်။

ဤအမှုတွင် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၅၄၊ ဥပမာ (ဇ)တွင် ဖော်ပြထားသည့် အခြေအနေများ ပေါ်ပေါက်လျှင် တရားလိုတို့သည် မြွက်ဟဒီကရီ တောင်းဆိုခြင်းမပြုဘဲ ထာဝရ တားဝရမ်းထုတ်ဆင့်ပေးရန် စွဲဆိုခွင့် ရှိမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရန်ကုန်တိုင်းတရားရုံးက အယူခံတရားလိုတို့ စွဲဆိုသော အမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၁၀၀/- သတ်မှတ်လိုက်သည်။

## တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌ အဖြစ် ဦးဝင်းမောင်—၂၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မန်းသက်စံနှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးသိန်းဟန်

နှင့်

မငွေပါ(၂) *

† ၁၉၈၇ နိုဝင်ဘာလ ၁၁ ရက်

**အမွေခွဲဝေ ပေးစေလိုမှုတွင် အဓိကရည်ရွယ်ချက်—အမွေမှုတွင်တရားလိုသည် အမွေရထိုက်ခွင့် ရှိမရှိစိစစ်ရာ၌၊ ၎င်းက ချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်း၏ တရားဝင်မှုအပေါ် အဆုံးအဖြတ် ပေးနိုင်ခြင်း—အမွေရှင်၏ အမွေပစ္စည်းများကို စိစစ်ရာ၌၊ ၎င်းက ၎င်းပိုင်ပစ္စည်းကို လွှဲပြောင်းပေးခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိအပေါ် အဆုံးအဖြတ် ပေးနိုင်ခြင်း**

**ဆုံးဖြတ်ချက်။** ။အမွေခွဲဝေပေးစေလိုမှုတွင် အဓိကရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေခွဲဝေပေးရန် ဖြစ်ပေရာ ကွယ်လွန်သူ၏ အမွေကို မည်သူမည်ဝါတို့က ဆက်ခံခွင့်ရှိသည်၊ တရားလိုသည် အမွေဝေစုမည်ရွေ့မည်မျှ ရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သော အမွေပစ္စည်းများသည် မည်သည့်ပစ္စည်းများ ဖြစ်သည်၊ ကွယ်လွန်သူပေးရန်၊ ရရန်ရှိသော ကြွေးမြီများ မည်ရွေ့မည်မျှရှိသည် စသည်တို့ကို စိစစ်ဆုံးဖြတ်ပြီး တရားလိုနှင့် ဝေစုရသို့၍ ရုံးခွန်ထမ်းဆောင်သော တရားပြိုင်တို့အား အမွေခွဲဝေပေးရန် ဖြစ်သည်။ တရားလိုသည် အမွေရထိုက်ခွင့်ရှိမရှိ စိစစ်ရာ၌ ၎င်းကချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်းသည် တရားဝင်သည် မဝင်သည်ကိုအမွေမှုတွင်ပင်အဆုံးအဖြတ် ပေးနိုင်သည်။ထို့နည်းတူ ကွယ်လွန်သူ၏ အမွေပစ္စည်းများကို စိစစ်ရာ၌ ပစ္စည်း တစ်ရပ်သည် ကွယ်လွန်သူ ကျန်ရစ်သော ပစ္စည်း ဟုတ်မဟုတ် အဆုံးအဖြတ် ပေးခွင့်ရှိသည့်အလျောက် ကွယ်လွန်သူ တစ်ချိန်က ပိုင်ဆိုင်ခဲ့သော ပစ္စည်းကို

---

* ၁၉၈၇ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၈၁

† ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ တွင် ချမှတ်သော (၃၁-၃-၈၇) ရက်စွဲပါ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၈၇
ဦးသိန်းဟန်
နှင့်
မငွေပါ (၂)

ကွယ်လွန်သူက လွှဲပြောင်းပေးခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ အမွေမှုတွင် အဆုံးအဖြတ် ပေးနိုင်သည်ဟု ကောက်ယူရပေမည်။

အယူခံတရားလိုအတွက် — ဦးခွန်ဝင်းလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးလှရွှေ၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးကျော်ထွန်းအောင်

မွန်ပြည်နယ်တရားရုံး ၁၉၈၃-ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ တွင် အယူခံတရားလို ဦးသိန်းဟန်က အယူခံတရားပြိုင် မငွေနှင့် မရီရီကျော် တို့အပေါ် ကွယ်လွန်သူ ဦးသာကျော် ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုရာ မွန်ပြည်နယ်တရားရုံးက ဦးသိန်းဟန် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟူ၍ လည်းကောင်း၊ ကွယ်လွန်သူက မငွေတို့အား အချင်းဖြစ် အဆောက်အအုံနှင့် မြေတို့ကို ပေးကမ်းခဲ့ပြီးဖြစ်၍ မငွေတို့၏ ပိုင်ဆိုင်မှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၁၃ အရ ဖုံစမ်းခွင့်၊ စီရင်ဆုံးဖြတ်ခွင့် မရှိဟူ၍ လည်းကောင်း ကောက်ယူ၍ ဦးသိန်းဟန် စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့် ဦးသိန်းဟန်က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

မူလရုံး တရားလို ဦးသိန်းဟန်က မိမိသည် ဦးသာကျော်၊ ဒေါ်ခင်ပု တို့၏တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ မိခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် ဦးသာကျော်သည် ဒေါ်သန်းရင်ဆိုသူနှင့် နောက်ထပ် အိမ်ထောင်ပြု ကြောင်း၊ ဒေါ်သန်းရင်သည် ၂၅-၅-၇၃ နေ့တွင် ကွယ်လွန်သွား ကြောင်း၊ ဖခင်ဖြစ်သူသည် ဒေါ်ခင်ပု အသက်ထင်ရှား ရှိခဲ့စဉ်က သူမ၏ ဖခင်ဖြစ်သူထံမှ အမွေရရှိခဲ့သော အိမ်နှင့်မြေကို ၄-၆-၇၃ နေ့တွင် မငွေနှင့် မရီရီကျော်တို့အား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ ကြောင်း၊ နောက်ပိုင်းတွင် မငွေတို့က မွန်ပြည်နယ်တရားရုံး၊ ၁၉၇၆-ခုနှစ် တရားမကြီးမှုအမှတ် ၁၆ တွင် ယင်းအပေးစာချုပ်မှာ တရားဝင်ကြောင်း မြွက်ဟကြေညာပေးရန် တရားစွဲဆိုရာ အရေးနိမ့်ခဲ့ကြောင်း၊ ဦးသာကျော် သည် မကွယ်လွန်မီ တစ်နှစ်ခန့်က မငွေတို့အား ကိတ္တိမသမီးများအဖြစ် မွေးစားခဲ့ကြောင်း၊ အချင်းဖြစ် အဆောက်အအုံအား မငွေတို့ကို ပေး ကမ်းခဲ့ခြင်းသည် အကြောင်းကြောင်းကြောင့်ပျက်ပြယ်သဖြင့်မိမိအနေဖြင့် ယင်းအဆောက်အအုံနှင့် မြေတွင် အမွေရပိုင်ခွင့်ရှိကြောင်း စသည်ဖြင့် အဆိုပြုကာ ယင်းအဆောက်အအုံနှင့် မြေကိုခွဲဝေပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁၉၈၇
ဦးသိန်းဟန်
နှင့်
မငွေ ပါ (၂)

မငွေတို့က အခြားအကြောင်းများအပြင် အချင်းဖြစ် ပစ္စည်းများမှာ ဦးသာကျော်နှင့် ဒေါ်ခင်ပုတို့၏ ပစ္စည်းများ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်ပု တစ်ဦးတည်းပိုင်ပစ္စည်းအဖြစ် သီးခြားတည်ရှိခဲ့ခြင်းမရှိကြောင်း၊ ဒေါ်ခင်ပု ကွယ်လွန်သွားသောအခါ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အချင်းဖြစ်ပစ္စည်းများမှာ ဦးသာကျော်တစ်ဦးတည်းပိုင် ဖြစ်လာကြောင်း၊ ဦးသာကျော်သည် အချင်းဖြစ် အဆောက်အအုံနှင့် မြေတို့ကို မိမိတို့အား ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့ပိုင် အဆောက်အအုံနှင့် မြေအဖြစ်သို့ ရောက်ရှိသွားသည့်အလျောက် အမွေခွဲဝေရန် ပစ္စည်းဟူ၍လုံးဝမရှိတော့ကြောင်း၊စွဲဆိုသောအမှုမှာလည်း ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း စသည်ဖြင့် ထုချေသည်။

မွန်ပြည်နယ်တရားရုံးက အောက်ပါပဏာမ ငြင်းချက် (၃) ချက် ထုတ်နုတ်ကြားနာခဲ့သည်—

၁။ အချင်းဖြစ်မြေနှင့် အိမ်တို့မှာ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ ဒေါ်ခင်ပု ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ဦးသာကျော် တစ်ဦးတည်းပိုင် ဖြစ်သွားသဖြင့် ဒေါ်ခင်ပုပိုင်ပစ္စည်း လုံးဝ မရှိဆိုတာ မှန်သလား၊

၂။ မေတ္တာရှိပေးကမ်းစာချုပ်အမှတ် ၇၀/၇၃ သည် တရားဝင် မှတ်ပုံတင်ထားသဖြင့် အဆိုပါ စာချုပ်ကိုတရားမဝင် ပျက်ပြယ်ကြောင်း၊သီးခြားစွဲဆိုပြီး အောင်မြင်ရရှိမှသာ တရားလို အနေဖြင့် ယခုအမှုကို စွဲဆိုခွင့်ရှိမည်ဆိုခြင်းမှာ မှန်ပါ သလား။

၃။ အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုခြင်း မှာ မှန်ပါသလား။

မွန်ပြည်နယ် တရားရုံးက အချင်းဖြစ် အဆောက်အအုံနှင့် မြေမှာ ဒေါ်ခင်ပု ကွယ်လွန်ပြီးနောက် ဦးသာကျော် တစ်ဦးတည်းပိုင် အဖြစ်သို့ ရောက်ရှိသွားကြောင်း၊ယင်း အဆောက်အအုံနှင့်မြေကို ဦးသာကျော်က မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မငွေတို့အား ပေးကမ်းခဲ့သဖြင့် အဆိုပါ စာချုပ် တရားမဝင် ပျက်ပြယ်ကြောင်း သီးခြားစွဲဆိုပြီး အောင်မြင်မှု ရှိမှသာ တရားလိုအနေဖြင့် လက်ရှိအမှုကို စွဲဆိုခွင့် ရှိမည် ဖြစ်ကြောင်း၊ စာချုပ်ကို ပယ်ဖျက်ရန်အတွက် တရားစွဲဆိုရန်မှာလည်း ကာလစည်း ကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁ တွင် သတ်မှတ် ထားသော ၃ နှစ်ကာလ ကျော်လွန်သွားပြီးဖြစ်ကြောင်း၊ ဒေါ်ခင်ပု၏ အမွေကို ရရန် တရားစွဲဆိုလိုပါက ကာလစည်းကမ်းသတ် အက်ဥပဒေ

၁၉၈၇
ဦးသိန်းဟန်
နှင့်
မငွေပါ (၂)

ပထမဇယားအမှတ်စဉ် ၁၄၄ အရ သတ်မှတ်ထားသော (၁၂) နှစ်တာကာလကို ဒေါ်ခင်ပု ကွယ်လွန်သည့် ၁၉၅၄- ခုနှစ်မှ စ၍ ရေတွက်ရမည်ဖြစ်သဖြင့် ဦးသိန်းဟန် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ် အဆောက်အအုံနှင့် မြေမှာ ဒေါ်ခင်ပုက အမွေရသော ပါရင်းပစ္စည်း ဖြစ်ကြောင်း၊ သို့ပါ၍ ဦးသာကျော် တစ်ဦးတည်းပိုင် မဟုတ်ကြောင်း ထင်ရှားပါလျက် မွန်ပြည်နယ် တရားရုံးက ဦးသာကျော် တစ်ဦးတည်းပိုင် ဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ **မောင်အောင်ဇေနှင့် ဦးထွန်းအောင်ကျော် ပါ—၈ (၁)** စီရင်ထုံးအရ ဦးသိန်းဟန်သည် အချင်းဖြစ် အဆောက်အအုံနှင့် မြေတွင် အမွေဝေစု ၃ ပုံ ၂ ပုံ ရထိုက်ကြောင်း ထင်ရှားပါလျက် မွန်ပြည်နယ်တရားရုံးက ဦးသာကျော် တစ်ဦးတည်းပိုင် ဖြစ်သည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

ဒေါ်ခင်ပုနှင့် ပေါင်းသင်းစဉ် ဒေါ်ခင်ပု အမွေရသော ပစ္စည်းတွင် ခင်ပွန်းဖြစ်သူ ဦးသာကျော်သည် ၃ ပုံ ၁ ပုံသာ အကျိုးသက်ဆိုင်ခွင့်ရှိသည် မှန်သော်လည်း ဒေါ်ခင်ပု ကွယ်လွန်သော အခါ ကြွရသသားသမီး ကျန်ရစ်ခြင်း မရှိသဖြင့် အချင်းဖြစ် အဆောက်အအုံနှင့် မြေမှာ ဦးသာကျော်ပိုင် အဖြစ်သို့ ရောက်ရှိသွားသည်။ **မောင်အေးနှင့် မောင်အောင်သိန်း (၂)** စီရင်ထုံးကို ကြည့်ပါ။

အယူခံ တရားလို၏ ရှေ့နေ ကိုးကားသော စီရင်ထုံးမှာ မယားနှစ်ယောက်နှင့် တစ်ချိန်တည်းတွင် ပေါင်းသင်းစဉ် မယားတစ်ယောက် ကွယ်လွန်သောအခါ ထိုမယားမှ မွေးသော သားသမီးများနှင့် ကျန်ရစ်သူဖခင်တို့ အမွေခွဲဝေသည့်ကိစ္စနှင့် ပတ်သက်သည်။ သို့ဖြစ်ရာ ယခုအမှုနှင့် အဖြစ်အပျက်ချင်း မတူချေ။

အယူခံ တရားလို၏ ရှေ့နေက ကွယ်လွန်သူသည် အမွေစားအမွေခံများ၏ အခွင့်အရေး ဆုံးရှုံးလောက်အောင် ပစ္စည်းအားလုံးကို ပေးကမ်းခွင့် မရှိပါဘဲလျက် အချင်းဖြစ် အဆောက်အအုံနှင့် မြေကို မငွေတို့အား ပေးကမ်းခဲ့ကြောင်း၊ ဦးသိန်းဟန်အပေါ် မငွေတို့က စွဲဆိုသော အမှုကို ပလပ်ခဲ့ပြီးဖြစ်၍ ပေးကမ်းသည့်စာချုပ် ပျက်ပြယ်ခြင်း ရှိမရှိ ဇုံစမ်းစစ်ဆေး

---

(၁) ရန်ကုန်စီရင်ထုံးများ အတွဲ ၈၊ စာ ၅၂၄

(၂) ၁၉၁၄-၁၆၊ အထက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ ၂၊ စာ ၃၇

၁၉၀၇
ဦးသိန်းဟန် နှင့် မငွေပါ (၂)

ရန်လိုကြောင်း၊ သို့ပါ၍ မူလရုံးက စာချုပ် ပျက်ပြယ်ကြောင်း ဦးစွာ စွဲဆိုပြီးမှ အမွေမှု စွဲဆိုရမည်ဟု တစ်ဘက်သတ် ကောက်ယူဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။ သို့ရာတွင် မည်သည့် ဥပဒေ၊ မည်သည့်စီရင်ထုံးအရ မှားယွင်းကြောင်း အခိုင်အမာ တင်ပြနိုင်ခြင်း မရှိချေ။

အယူခံ တရားပြိုင်တို့၏ ရှေ့နေက အပေးစာချုပ် အတည်ဖြစ်လျက် ရှိနေခြင်းကြောင့် အချင်းဖြစ် ပစ္စည်းများ၏ တရားဝင် ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူများမှာ အယူခံတရားပြိုင် မငွေတို့သာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဦးသာကျော်၏ ပစ္စည်းဟူ၍ မရှိတော့ကြောင်း၊ အမွေမှုစွဲဆိုရန် အကြောင်းမပေါ်ပေါက်တော့ကြောင်း **မာမွတ်အီဘရာဟင်အရစ်(ဗ်)နှင့် အရှာဘီဘီနှင့် အခြားသူများ** [၃] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။ အဆိုပါ အမှုတွင် မာမွတ်အီဘရာဟင်အရစ် (ဗ်) က ကွယ်လွန်သူ ဖခင် ကျန်ရစ်သည့် အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် မိခင်နှင့် ညီမများအပေါ် တရားစွဲဆိုရာ ကွယ်လွန်သူက သူ၏သမီးများနှင့် မယားအား ကုမ္ပဏီသုံးနုတွင် သူပိုင်ရှယ်ယာများကို လွှဲပြောင်းပေးခြင်းမှာ အမည်ငှားသဘောဖြစ်သဖြင့် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုသည်။ မူလရုံးက အမွေကို စီမံခန့်ခွဲပေးစေလိုမှုတွင် တရားလိုသည် ထိုသို့ မြွက်ဟကြေညာပေးရန် တောင်းဆိုပိုင်ခွင့် ရှိမရှိ ပဏာမ ငြင်းချက်ထုတ်နုတ် ကြားနာပြီးနောက် တရားလိုအား အရှုံးပေး၍ ဆုံးဖြတ်သဖြင့် တရားလိုကအယူခံဝင်သောအခါ ယခင်တရားလွှတ်တော်က ကွယ်လွန်သူ သေဆုံးပြီးနောက်မှ ကွယ်လွန်သူက သူ၏ သမီးများနှင့် မယားအား သူပိုင် ရှယ်ယာများ လွှဲပြောင်းပေးခြင်းမှာ အမည်ငှား သဘော ဖြစ်သည်ဟူ၍ အရေးဆိုလာသည့် ကိစ္စတွင် ယင်းရှယ်ယာများမှာ ဥပဒေသဘောအရ လွှဲပြောင်းရရှိသူတို့၏ ပစ္စည်းများဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ကွယ်လွန်သူ သေဆုံးချိန်တွင် ကွယ်လွန်သူပိုင် ပစ္စည်းဖြစ်သည်ဟု မသူဆနိုင်သဖြင့် ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အမွေမှုတွင် စုံစမ်းမှုမပြုနိုင်ကြောင်း ဆုံးဖြတ်သည်။ မူလရုံးသည် ယင်း စီရင်ထုံးကို လိုက်နာ၍ ဤအမှုကို အဆုံးအဖြတ် ပေးခဲ့ဟန်တူသည်။

အမွေခွဲဝေပေးစေလိုမှုတွင် အဓိကရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေခွဲဝေပေးရန် ဖြစ်ပေရာ ကွယ်လွန်သူ၏ အမွေကို မည်သူမည်ဝါတို့က ဆက်ခံခွင့်ရှိသည်၊ တရားလိုသည် အမွေဝေစု မည်ရွေ့မည်မျှ ရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သော အမွေပစ္စည်းများသည်၊

---

(၃) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၃၇၃ (တရားလွှတ်တော်)

မည်သည့် ပစ္စည်းများ ဖြစ်သည်၊ ကွယ်လွန်သူပေးရန်၊ ရရန်ရှိသော ကြွေး မြီများ မည်ရွေ့မည်မျှ ရှိသည် စသည်တို့ကို စိစစ်ဆုံးဖြတ်ပြီး တရားလိုနှင့် ဝေစုရလို၍ ရုံးခွန်ထမ်းဆောင်သော တရားပြိုင်တို့အား အမွေခွဲဝေပေးရန် ဖြစ်သည်။ တရားလိုသည် အမွေရထိုက်ခွင့် ရှိမရှိ စိစစ်ရာ၌ ၎င်းကချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်းသည်တရားဝင်သည်မဝင်သည်ကို အမွေမှုတွင်ပင် အဆုံးအဖြတ် ပေးနိုင်သည်။ **မာမွတ်ယာကွတ်မန်ဆာနှင့် အစ္စမေး(လ်)အာတိယား**(၄) အမှုကို ကြည့်ပါ။ ထိုနည်းတူ ကွယ်လွန်သူ၏အမွေပစ္စည်းများကို စိစစ်ရာ၌ ပစ္စည်းတစ်ရပ်သည် ကွယ်လွန်သူ ကျန်ရစ်သော ပစ္စည်းဟုတ်မဟုတ်အဆုံးအဖြတ်ပေးခွင့်ရှိသည့်အလျောက် ကွယ်လွန်သူ တစ်ချိန်ကပိုင်ဆိုင်ခဲ့သောပစ္စည်းကိုကွယ်လွန်သူကလွှဲပြောင်း ပေးခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ အမွေမှုတွင် အဆုံးအဖြတ် ပေးနိုင်သည်ဟု ကောက်ယူရပေမည်။

အချင်းဖြစ်ပစ္စည်းမှာ ဦးသာကျော် ကွယ်လွန်စဉ်က သူပိုင် မဟုတ်တော့၍ ခွဲဝေရန် အမွေပစ္စည်း မရှိဟု ကောက်ယူ ဆုံးဖြတ်ခြင်းသည် အချင်းဖြစ်စာချုပ်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု ကြိုတင်ဆုံးဖြတ်ရာ ရောက်ပေသည်။ အချင်းဖြစ် အပေးစာချုပ်မှာ တရားဥပဒေနှင့် ညီညွတ်ကြောင်း တွေ့ရှိရပါက ဦးသိန်းဟန်စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းရှိမည်မဟုတ်ချေ။ သို့ရာတွင် ယင်းစာချုပ်သည်တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍ ပေးကမ်းမှု အထမမြောက်လျှင် အချင်းဖြစ် အဆောက်အအုံနှင့် မြေကို အမွေပစ္စည်းအဖြစ် သတ်မှတ်၍ အမွေဆိုင်တို့အား ခွဲဝေပေးရန် ဖြစ်သည်။ **တီ၊ ပီ၊ ပီသာပါမားချစ်တီးနှင့် အာရ်၊ မူနီယန်ဒီဆာမိုင်းပါ-၃** (၅) အမှုတွင် အေသည် မိမိမြေကို ကြွေးမြီဖြင့် သိမ်းယူမည်ကို စိုးရိမ်သောကြောင့် ဘီအား ရောင်းချလေဟန် စာချုပ်ချုပ်ဆို လွှဲပြောင်းပေးခဲ့သည်။ နောက်ပိုင်းတွင် အေကယင်းစာချုပ်မှာ ဘီအား အမည်ခံသဘော ရောင်းချခြင်းဖြစ်၍ ပယ်ဖျက် ပေးရန်နှင့် မြေကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အယူခံတွင် အမည်ခံသဘော ရောင်းချကြောင်း ချုပ်ဆိုသည့် စာချုပ်သည် အကျိုးသက်ရောက်မှု မရှိသဖြင့် အေသည် အချင်းဖြစ် မြေကို လက်ရောက်ရရှိရန် စွဲဆိုရာ၌ ယင်းစာချုပ်ကို ပယ်ဖျက်ရန် မလိုကြောင်း ဆုံးဖြတ်သည်။

**မာမွတ်အီဘရာဟင်အာ့ရစ်ဖ်** အမှုတွင် **တီ၊ ပီ၊ ပီသာပါမားချစ်တီး** စီရင်ထုံးကို ဖော်ပြပြီးနောက် ယင်းစီရင်ထုံးပါ လမ်းညွှန်မှုမှာ အမွေခွဲဝေပေးစေလိုမှုနှင့် မသက်ဆိုင်သည့် သဘော သုံးသပ်ထားကြောင်း

---

(၄) ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၁၅
(၅) အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၄၊ စာ ၆၆ (ဒီဘီ)

၁၉၇၇
ဦးသိန်းဟန်နှင့် မငွေပါ (၂)

တွေ့ရသည်။ အမှန်ဆိုသော် အမည်ခံသဘော ရောင်းချကြောင်း ချုပ်ဆိုသည့် စာချုပ်သည် အကျိုးသက်ရောက်မှု မရှိ၍ ပယ်ဖျက်ရန် မလိုဟူသော ဥပဒေသဘောကို့ အမှုတိုင်းတွင် လက်ခံရမည်သာ ဖြစ်သည်။

ဤအမှုတွင် ဦးသိန်းဟန် အဆိုပြုသည့်အတိုင်း ဦးသာကျော်က အယူခံတရားပြိုင်တို့အား ပေးကမ်းမှုမှာ အကြောင်းကြောင့် ပျက်ပြယ်ပါမူ လွှဲပြောင်းပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိနိုင်၍ အချင်းဖြစ်ပစ္စည်းများမှာ အမွေဆိုင် ပစ္စည်းအဖြစ် ဆက်လက် တည်ရှိမည်ဖြစ်၍ ဦးသာကျော် ကျန်ရစ်သော အမွေပုံတွင် ထည့်သွင်းခွဲဝေရန် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အချင်းဖြစ် အပေးစာချုပ်မှာ အကြောင်းကြောင်းကြောင့် အကျိုးသက်ရောက်မှု ရှိမရှိ ဆိုသော ပြဿနာကို အမွေမှုတွင် ဆုံးဖြတ်နိုင်သည်ဟု ကောက်ယူရပေမည်။ ယင်းစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် ဖြစ်စေ၊ ဖျက်သိမ်းပေးရန်ဖြစ်စေ၊ တရားတစ်ထုံး စွဲဆိုရန် မလိုပေ။ တစ်မှုတည်း၌ ကြားနာဆုံးဖြတ်ခြင်းဖြင့် အမှုတိုးပွားခြင်းကို ကာကွယ်နိုင်မည် ဖြစ်သည်။

မွန်ပြည်နယ်တရားရုံးက အပေးစာချုပ်ကို ပယ်ဖျက်ရန်အတွက် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလမှာ ကျော်လွန်ပြီဟု ကောက်ယူထားခြင်းသည် လွဲမှားသည်။ အကြောင်းမူ ဦးသိန်းဟန် စွဲဆိုသောအမှုမှာ စာချုပ် ပယ်ဖျက်ပေးစေလိုမှု မဟုတ်ဘဲ အမွေခွဲဝေပေးစေလိုမှုသာဖြစ်သည်။

မွန်ပြည်နယ်တရားရုံးက ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ ဒေါ်ခင်ပု ကွယ်လွန်သော ၁၉၅၄-ခုနှစ်မှ ၁၂-နှစ်အတွင်း တရားစွဲဆိုခဲ့ခြင်း မရှိသဖြင့် ဦးသိန်းဟန် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ကောက်ယူဆုံးဖြတ်ထားခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ ကိုးကားချက် မှန်ကန်ကြောင်း တွေ့ရသည်။ သို့ရာတွင် ယင်းအမှတ်စဉ် ၁၄၄ အရ စည်းကမ်းသတ် ကာလကို ဒေါ်ခင်ပု ကွယ်လွန်သည့် အချိန်မှစ၍ ရေတွက်ရန် မဟုတ်ချေ။ တရားပြိုင်များက အမွေဆိုင်ပစ္စည်းကို ဆန့်ကျင်သက်ဝယ်ထားသည့် နေ့မှစ၍ ရေတွက်ရန် ဖြစ်သည်။ ဤအမှုတွင် တရားပြိုင်တို့သည် အချင်းဖြစ်အဆောက်အအုံနှင့် မြေကို ဆန့်ကျင် လက်ရှိထားခဲ့ခြင်း ရှိမရှိ၊ ရှိလျှင် မည်မျှ ကာလကြာ ဆန့်ကျင်လက်ရှိ ထားခဲ့သည်ဆိုသော အချက်များကို့ အမှု စစ်ဆေး ပြီးမှသာ အဆုံးအဖြတ် ပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ မွန်ပြည်နယ် တရားရုံးသည် ဦးသိန်း

၁၉၇၇
ဦးသိန်းဟန် နှင့် မငွေပါ (၂)

ဟန် စွဲဆိုသော အမှုကို မူလအမှုအမှတ်အတိုင်းပြန်လည်ဖွင့်လှစ်ပြီးနောက် ကာလစည်းကမ်းသတ်နှင့်ပတ်သက်သည့် ငြင်းချက်ကို အခြား ငြင်း ချက်များနှင့်အတူ ကြားနာ ဆုံးဖြတ်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို အယူခံတရားပြိုင်တို့က ကျခံကြစေ။ ရှေ့နေခကို ကျပ်၁၀၀/ သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးဝင်းမောင်(၁)၊ အဖွဲ့ဝင်များအဖြစ်
ဒေါက်တာ မောင်မောင်အေးနှင့် ဦးမျိုးမြင့်တို့ ပါဝင်သော
ဗဟို တရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးသိန်းဟန်

နှင့်

မစ္စတာ၊ အာရ်အင်န်ချောင်ဒရီ *

† ၁၉၈၇
ဒီဇင်ဘာလ
၃၁-ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅(ခ) — ရုံးခွန်နှင့် စပ်လျဉ်း၍ မူလရုံးက ချမှတ်သော အမိန့်ကို ပြင်ဆင်ပေးရန် မည်သည့်အခါ တွင် လျှောက်ထားနိုင်ခြင်း**

**ဆုံးဖြတ်ချက်။** ။ရုံးခွန်နှင့်စပ်လျဉ်း၍ မူလရုံးက ချမှတ်သော အမိန့်ကို ပြင်ဆင်မှု လျှောက်ထားခွင့် ရှိ မရှိနှင့် စပ်လျဉ်း၍ စဉ်းစားရန် အချက် နှစ်ရပ် ရှိသည်။ မူလရုံးက တရားလိုအား ရုံးခွန် ထပ်မံထမ်းဆောင်ရန် ချမှတ်သော အမိန့်သည် မှားယွင်းပါမူ ယင်းအမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။ အကြောင်းမူ မူလရုံး၏ အမိန့်အတိုင်း ရုံးခွန် ထပ်မံ ထမ်းဆောင်ခြင်း မပြုပါက မူလရုံးက အမှုကို ပလပ်မည်ဖြစ်ရာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ခ) အရ ပြင်ဆင်နိုင်သည်။သို့ရာတွင် မူလရုံးက တရားလို ထမ်းဆောင် သော ရုံးခွန် သည် မှန်ကန်သည်ဟု ဆုံးဖြတ်ပါမူ ယင်းအမိန့်ကြောင့် တရားပြိုင်သည် သာမန်အားဖြင့် ထိခိုက် နစ်နာခြင်း မရှိချေ။ ယင်းအမိန့်တွင် စီရင်ပိုင်ခွင့် ပြဿနာ ပေါ်ပေါက် မှသာလျှင် ထိခိုက် နစ်နာနိုင်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ကိုယ်တိုင် |
| လျှောက်ထားခံရသူအတွက် | — | ဦးမင်းဆွေ၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေး အကြံပေး | — | ဦးကျော်ထွန်းအောင် |

* ၁၉၈၇ ခုနှစ် တရားမပြင်ဆင်မှု အမှတ် ၃၂၁။

† ၁၉၈၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄၆ (လသာ) တွင် ချမှတ်သော (၂၆-၇-၈၇)ရက် နေ့စွဲပါ ရန်ကုန်တိုင်းအမှတ်(၁)၏ အမိန့်ကို လျှောက်ထားမှု။

**၁၉၀၇**
**ဦးသိန်းဟန်နှင့် မစ္စတာ အာရ် အင်န် ချောင်ဒရီ**

လျှောက်ထားခံရသူ မစ္စတာ အာရ်အင်ချောင်ဒရီသည် ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၄၄၆ ဟု ခေါ်တွင်သည့် အဆောက်အအုံ၏ မြေညီထပ်၊ လက်ဝဲဘက်အခန်း၌ ၁၉၄၁ ခုနှစ်မှစ၍ နေထိုင်လာခဲ့သည်ဟု အဆိုရှိသည်။ လျှောက်ထားသူ ဦးသိန်းဟန်သည် လျှောက်ထား ခံရသူ၏ အစ်ကို တစ်ဝမ်းကွဲတော်သူ အမ်အယ်လ် ချောင်ဒရီအား အကြောင်းပြုပြီးယင်းအခန်းသို့ရောက်ရှိလာသည်ဟု ဆိုသည်။ နောက်ပိုင်းတွင် လျှောက်ထားခံရသူ ခိုးမှုဖြင့်အချုပ်ခံရပြီး အချုပ်မှလွတ်လာသောအခါ ဦးသိန်းဟန်က လျှောက်ထားခံရသူအား ယင်းအခန်းအတွင်းသို့ ဝင်ခွင့်မပြုသောကြောင့် အမှုဖြစ်ကြရာမှ နောက်ဆုံးတွင် နှစ်ဦး သဘောတူညီချက်အရ ရပ်ကွက်ပြည်သူ့ကောင်စီရုံးက အခန်းကို ချိပ် ပိတ် ခဲ့သည်။ ထို့နောက် ဦးသိန်းဟန်က လျှောက်ထားခံရသူအပေါ် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၇၂ (လသာ) တွင် လျှောက်ထားခံရသူသည် အချင်းဖြစ်အခန်း၌ နေထိုင်ခွင့် မရှိကြောင်း မြွက်ဟကြေညာပေးရန် တရားစွဲဆိုသည်။ လျှောက်ထား ခံရသူကလည်း အဆိုပါတရားရုံး၊ ၁၉၇၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၆ (လသာ) တွင် ယင်းအခန်းကို နေထိုင်သုံးစွဲခွင့် ရှိကြောင်း၊ လက်ရောက်မိုင်ဆိုင်ခွင့် ရှိကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် လက်ရောက် ရလိုကြောင်း တရားစွဲဆိုရာ မြွက် ဟ ကြေညာ ပေးစေလိုမှုအတွက် ရုံးခွန် ကျပ် ၂၀/-၊ လက်ရောက် ရ လို မှု အတွက် ရုံးခွန် ကျပ် ၂၀/- ထမ်း ဆောင် သည်။ ရန်ကုန်တိုင်း တရားရုံးက မြွက်ဟကြေညာ ပေးစေလိုမှု သက်သက် စွဲခွင့်ရှိသဖြင့် ရုံးခွန်ထမ်းဆောင်မှု မှန်ကန်သည်ဟု ဆုံးဖြတ်လိုက်သောကြောင့် ဦးသိန်းဟန်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက် ထား သည်။

တိုင်းတရားရုံးက အချင်းဖြစ် ဥပစာမှာ သက်ဆိုင်ရာ အာဏာပိုင်၏ လက်ဝယ်တွင်ရှိသော အခန်းဖြစ်၍ မြွက်ဟ ကြေ ညာ ချက် သက် သက် ဒီကရီရလိုကြောင်း စွဲဆိုခွင့် ရှိသည်ဟု ဆုံးဖြတ်သည်။

အဆိုအပိုဒ် ၁၂ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

''တရားပြိုင်သည် အချင်းဖြစ် အိမ်ခန်းသို့ တရားလိုအား မဝင်စေလိုသဖြင့် ၁၀-၁၁-၇၃ နေ့တွင် လသာမြို့နယ် အမှတ် (၁) ရပ်ကွက်ကောင်စီရုံးတွင် သဘောတူ ခံဝန်ပြုလုပ်ကာ တရားလိုရော တရားပြိုင်ပါ အမှုမပြီးခင် ဝင်ရောက်ခြင်းမပြုကြဘဲ သော့ခတ် ချိပ်ပိတ်ရန် ဆောင်ရွက်ခဲ့ပါသည်။''

ဤအဆိုပြုချက်အတိုင်း မှန်လျှင် အချင်းဖြစ် အိမ်ခန်းမှာ သက်ဆိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီ၏ ထိန်းသိမ်းမှုအောက်တွင် ရှိသည်ဟု ဆိုရ

၁၉၀၇
ဦးသိန်းဟန်
နှင့်
မစ္စတာ အာရ်
အင်န်ချောင်
ဒရီ

ပေမည်။ ယင်းအဆိုပြုချက်များကို လျှောက်ထားသူက ချေလွှာတွင် ငြင်းဆိုထားကြောင်း တွေ့ရသည်။ ရုံးခွန်ပြဿနာကို အဆိုလွှာပါ အဆိုပြုချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရန်ဖြစ်သည်။ အကယ်၍ လျှောက်ထားခံရသူသည် သူတောင်းဆိုသည့်အတိုင်း မြွက်ဟဒီကရီရရှိပါမူယင်း ဒီကရီကို သက်ဆိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီသို့ တင်ပြ၍ အခန်းကို သူ့အားပေးအပ်ရန် လျှောက်ထားနိုင်မည် ဖြစ်သည်။ သက်ဆိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီကလည်း တရားရုံး၏ဆုံးဖြတ်ချက်အရ အခန်းကို လွှဲပေးမည်ဖြစ်သည်။ သို့ဖြစ်ရာ မြွက်ဟဒီကရီ သက်သက်တောင်းဆိုလျှင် လုံလောက်သည်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှား ယွင်းသည်ဟု မဆိုနိုင်ချေ။

လျှောက်ထားခံရသူသည် အချင်းဖြစ် အခန်းကို လက်ရောက်ရခွင့် တောင်းဆို၍ ယင်းသက်သာခွင့်အတွက် ရုံးခွန်ကျပ် ၂၀/- ထမ်းဆောင် ထားကြောင်း တွေ့ရသည်။ မည်သည့်ဥပဒေအရ ယင်းသို့ ရုံးခွန်ထမ်း ဆောင်ကြောင်း ဖော်ပြထားခြင်း မရှိချေ။ လက်ရောက်ရလိုမှုအတွက် ရုံးခွန်ကျပ် ၂၀/– သာ ထမ်းဆောင်နိုင်ကြောင်း ပြဋ္ဌာန်းချက် တစ်စုံ တစ်ရာမရှိချေ။ လျှောက်ထားခံရသူသည် အချင်းဖြစ် အခန်းကို လက် ရောက်တောင်းဆိုရန် မလိုအပ်ဘဲ တောင်းဆိုထားခြင်း ဖြစ်သည်။

ရုံးခွန်နှင့်စပ်လျဉ်း၍ မူလရုံးက ချမှတ်သောအမိန့်ကို ပြင်ဆင်မှုလျှောက် ထားခွင့် ရှိမရှိနှင့် စပ်လျဉ်း၍ စဉ်းစားရန် အချက်နှစ်ရပ်ရှိသည်။ မူလ ရုံးက တရားလိုအား ရုံးခွန် ထပ်မံ ထမ်းဆောင်ရန် ချမှတ်သော အမိန့် သည် မှားယွင်းပါမူ ယင်းအမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားနိုင် သည်။ အကြောင်းမူ မူလရုံး၏ အမိန့်အတိုင်း ရုံးခွန် ထပ်မံ ထမ်းဆောင် ခြင်းမပြုပါက မူလရုံးက အမှုကို ပလပ်မည်ဖြစ်ရာ စီရင်ပိုင်ခွင့်ကို ကျင့်သုံး ရန် ငြင်းပယ်ရာ ရောက်သည်ဖြစ်၍ မူလရုံး၏အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ခ) အရ ပြင်ဆင်နိုင်သည်။ သို့ရာတွင် မူလရုံးက တရားလို ထမ်းဆောင်သော ရုံးခွန်သည် မှန်ကန်သည်ဟု ဆုံးဖြတ်ပါမူ ယင်းအမိန့်ကြောင့် တရားပြိုင်သည် သာမန်အားဖြင့် ထိခိုက်နစ်နာခြင်း မရှိချေ။ ယင်းအမိန့်တွင် စီရင်ပိုင်ခွင့် ပြဿနာ ပေါ်ပေါက်မှသာလျှင် ထိခိုက်နစ်နာနိုင်သည်။ ယခုအမှုတွင် တိုင်းတရားရုံးက စစ်ဆေးစီရင်လျက် ရှိသောအမှုဖြစ်သဖြင့် တရားပြိုင်အနေဖြင့် ထိခိုက်နစ်နာဖွယ်ရာအကြောင်း မရှိသောကြောင့် မူလရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားခွင့် မရှိချေ။ ယင်းဥပဒေပြဿနာနှင့်စပ်လျဉ်း၍ **မိုဆာရမ်မန်နှင့်လားလ်မ ဝါဒီ နှင့် ဟင်မတ်ရောင်းဘတ်ဇွန်ရောင်းမတ်နှင့် အခြားသူများ**(၁) အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်ကို ဖော်ပြလိုက်သည်—

(၁) အေ အိုင် အာရ်၊ ၁၉၄၁၊ နဂပူး၊ ၈၁–၁၁၅

၁၉၈၇
ဦးသိန်းဟန်
နှင့်
မစ္စတာအဒ်ရှ
အင်န်ချောင်
ဒရီ

"An application for revision may be tenable if the Court declines to proceed with the suit by asking for more court–fee, but in a case where the Court accepts the court–fee paid, ordinarily the Hight Court will not interfere in revision."

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ တိုင်းတရားရုံးသည် လျှောက်ထားခံရသူအား ပစ္စည်းလက်ရောက်တောင်းဆိုခြင်းကို သက်သာခွင့်စာရင်းမှ ပယ်ဖျက်ရန်အတွက်အဆိုလွှာအား လိုအပ်သလိုပြင်ဆင်စေရန် ညွှန်ကြားလိုက်သည်။ ဤပြင်ဆင်မှုအတွက် စရိတ်မရှိ။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့်
ဒေါက်တာမောင်မောင်အေးတို့ပါဝင်သောဗဟိုတရား
စီရင်ရေးအဖွဲ့ရှေ့တွင်

မအေးတည်ငြိမ်

အရွယ်မရောက်သေးသူ
(၎င်း၏ နီးစပ်ရာမိတ်ဆွေ မနုနုရီ)

နှင့်

ဦးကြည်လွင် *

† ၁၉၈၇
ဒီဇင်ဘာလ
၃၀ရက်

**မြန်မာနိုင်ငံဥပဒေများဆိုင်ရာ ဥပဒေပုဒ်မ ၁၃ (၃)—သားသမီးဖြစ်သူက ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုခွင့်နှင့် စပ်လျဉ်း၍ တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သော စိတ်ထားတို့နှင့်အညီ အဆုံးအဖြတ်ပြုရန်ဖြစ်ခြင်း—လောကပါလ တရားကိုရှာဖွေရာတွင်မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အမြင်၊ မြန်မာ့ အတွေးအခေါ်များထင်ဟပ်သည့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ သာလျှင် အခြေဖြစ်မည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သားသမီးဖြစ်သူက ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသဖြင့် မြန်မာနိုင်ငံဥပဒေများဆိုင်ရာ ဥပဒေပုဒ်မ ၁၃ (၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သောစိတ်ထား တို့နှင့်အညီအဆုံးအဖြတ်ပြုရန် ဖြစ်သည်ဟူသောဒေါက်တာ သာမြ အမှု၌ ချမှတ်သည့် ဆုံးဖြတ်ချက်ကို လက်ခံရပေမည်။သို့ရာတွင် လောကပါလ တရားအရ အမှုကို ဆုံးဖြတ်ရာ၌ အင်္ဂလိပ်ဥပဒေအရဆုံးဖြတ်ရန်ဖြစ်သည် ဟု တွေးခေါ်ခြင်းမှာမူ မှားယွင်းချတ်ချော်သည်။ မြန်မာလူမျိုးတို့နှင့်

---

* ၁၉၈၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၆

† ၁၉၈၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄ (ဒိုက်ဦး)တွင် ချမှတ်သော (၂၁-၁-၈၇)ရက်စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၇
မအေးတည်ငြိမ်
အရွယ်မရောက်
သေးသူ (၎င်း
၏ နီးစပ်ရာ
မိတ်ဆွေ
မနုနုရီ)
နှင့်
ဦးကြည်လွင်

ယဉ်ကျေးမှုချင်း၊ လူနေမှုစနစ်ချင်း ကွာခြားသော လူမျိုးတို့ နေထိုင်ရာ အင်္ဂလန်နိုင်ငံရှိ တရားဥပဒေစာအုပ်များတွင်လောကပါလတရားကိုရှာဖွေရန်မဟုတ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အမြင်၊ မြန်မာ့အတွေးအခေါ်များ ထင်ဟပ်ထားသည့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသာလျှင် အဖြေဖြစ်ပေလိမ့်မည်။

အယူခံတရားလိုအတွက် — မနုနုရီ (ကိုယ်တိုင်)

အယူခံတရားပြိုင်အတွက် — ဦးမြစ်လှ၊ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း

ပဲခူးတိုင်းတရားရုံး၊ ၁၉၇၅ ခုနှစ် တရားမကြီးမှုအမှတ် ၇၄(ဒိုက်ဦး) တွင် အရွယ်မရောက်သေးသူ မအေးတည်ငြိမ်က ၎င်း၏ဖခင်ဖြစ်သူ ဦးကြည်လွင်အပေါ် ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက သမီးဖြစ်သူသည် ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်းတရားစွဲဆိုပိုင်ခွင့်မရှိဟု သုံးသပ်၍ မအေးတည်ငြိမ်စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် မအေးတည်ငြိမ်က ၎င်း၏ နီးစပ်ရာမိတ်ဆွေဖြစ်သူ မိခင်မနုနုရီမှ တစ်ဆင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

ဤအယူခံတွင် အဆုံးအဖြတ်ပြုရန် ပေါ်ပေါက်သည့်ဥပဒေပြဿနာမှာ သားသမီးဖြစ်သူသည် ဖခင်အပေါ် စားစရိတ်ရလိုကြောင်းဖြင့် တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိမရှိဖြစ်သည်။ ယင်းအမှုမျိုးကို စွဲဆိုခွင့်မရှိကြောင်း **ဒေါက်တာသာမြနှင့် မခင်ပုပါ—၂** (၁) အမှုတွင် ယခင်တရားလွှတ်တော်က ၁၉၄၀ ပြည့်နှစ်တွင် ဆုံးဖြတ်ခဲ့ဖူးသည်။ နောက်ပိုင်းတွင် ဤဥပဒေပြဿနာနှင့်စပ်လျဉ်း၍ ဆုံးဖွဲ့ထားသော စီရင်ထုံးတစ်စုံတစ်ရာမတွေ့ရချေ။ ယင်းပြဿနာကိုဆုံးဖြတ်ရာ၌ အခြေခံသောမှုများ ပြောင်းလဲသွားနိုင်သည်က တစ်ကြောင်း၊ အများပြည်သူများ (အထူးသဖြင့် မြန်မာ့အိမ်ထောင်မှ သားသမီးများ) နှင့် သက်ဆိုင်ပြီး စိတ်ဝင်စားဖွယ်ကောင်း၍ အလွန်အရေးကြီးသော ဥပဒေပြဿနာဖြစ်သည်ကတစ်ကြောင်းကြောင့် ဤအယူခံတွင် ပေါ်ပေါက်သည့်ဥပဒေပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆုံးဖြတ်သင့်သည်ဟု ထင်မြင်သဖြင့် ဗဟိုဥပဒေရုံးမှ ဥပဒေဝန်ထမ်းတစ်ဦးအား လည်းကောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ကျွမ်းပြုသူ ဦးမြစိန်အားလည်းကောင်း၊ ရုံးသဟာယများအဖြစ်ဖြင့် ပါဝင်ကူညီရန် မေတ္တာရပ်ခံ၍ ဤအယူခံကို ကျယ်ကျယ်ပြန့်ပြန့်ကြားနာခဲ့သည်။

---

(၁) ၁၉၄၀ ပြည့်နှစ် ရန်ကုန်စီရင်ထုံးများ စာ ၀၀၇။

၁၉၇၇
မအေးတည်ငြိမ် အရွယ်မရောက်သေးသူ (ငှင်း၏ နိုးစပ်ရာ မိတ်ဆွေ မနုနုရီ) နှင့် ဦးကြည်လွင်

**ဒေါက်တာသာမြ** အမှုတွင်မှ ယှဉ်ားစရိတ်တောင်းသောအမှုမှာ ထိမ်းမြားလက်ထပ်မှုနှင့် ပတ်သက်သောအမှုဖြစ်၍ မြန်မာနိုင်ငံဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ရန်ဖြစ်သော်လည်း ကလေးစရိတ်ရလိုကြောင်း၊ သားသမီးက မိမိဖခင်အပေါ် စွဲဆိုသောအမှုမှာမူ ယင်းပြဋ္ဌာန်းချက်များအရ အဆုံးအဖြတ်ပြုရမည့်ကိစ္စမဟုတ်ကြောင်း၊ ယင်းပြဿနာကို အဆိုပါဥပဒေပုဒ်မ ၁၃(၃)အရ တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သောစိတ်ထားတို့နှင့်အညီ အဆုံးအဖြတ်ပေးရန်ဖြစ်၍ယင်းကိစ္စကို အင်္ဂလိပ်ဥပဒေအရ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ ယင်းဥပဒေအရ သားသမီးသည် ဖခင်အပေါ် ကလေးစရိတ်ရလိုကြောင်း စွဲဆိုခွင့်မရှိသည့်အလျောက် မြန်မာနိုင်ငံတွင်လည်းသားသမီးသည် မိမိ၏မိဘများအပေါ် ကလေးစရိတ်ရလိုကြောင်း စွဲဆိုခွင့်မရှိကြောင်း ကောက်ယူဆုံးဖြတ်သည်။

မနုနုရီက ဥပဒေပညာရှင်များဖြစ်ကြသော ဦးမေအောင်နှင့် ဦးဧမောင်တို့က သားသမီးဖြစ်သူသည် ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်း တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိသည်ဟု သူတို့ပြုစုသောကျမ်းများတွင် သုံးသပ်ခဲ့ကြောင်း **ဒေါက်တာသာမြ** အမှုကိုဆုံးဖြတ်သောတရားသူကြီးများ၏အမြင်မှာမြန်မာ့ဓလေ့ထုံးတမ်းနှင့် မညီညွတ်သဖြင့်လက်ခံရန်မသင့်ကြောင်း တင်ပြလျှောက်ထားပါသည်။

အယူခံတရားပြိုင်ဦးကြည်လွင်၏ရှေ့နေက သားသမီးဖြစ်သူကို မိဘက ကျွေးမွေးစောင့်ရှောက်ထောက်ပံ့ရန် တာဝန်ရှိသည်ဟူသောအချက်ကို မငြင်းဆိုကြောင်း၊ သို့ရာတွင် သားသမီးက ဖခင်အပေါ် ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုခွင့်ရှိသည်ဟု ဆုံးဖြတ်ပါက ဖခင်မရှိသည့်နောက်ပိုင်းအထိ ထိုအခွင့်အရေးသည် ဆက်လက်တည်တန့်နေမည်ဖြစ်ပြီး ဖခင်၏ပစ္စည်းဥစ္စာကို ဆက်ခံသောသူအထိပါ တရားစွဲဆိုနိုင်ခွင့်ရှိနေမည်ဖြစ်ကြောင်း၊ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရတစ်လလျှင်ကလေးစရိက်ကျပ် ၁၀၀/-အထိသာခွင့်ပြုနိုင်သည်ဖြစ်ရာ၊ထိုငွေပမာဏမှာ နည်းလွန်းသည်ဆိုကာ မကျေမနပ်ဖြစ်လျက်ရှိကြသဖြင့် တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိကြောင်းလမ်းဖွင့်ပေးလိုက်ပါက ကလေးစရိတ်ရလိုကြောင်း စွဲဆိုသောအမှုများမှိုလိုပေါက်လာမည်ဖြစ်ကြောင်း၊ထို့ပြင်ဥပဒေပြဿနာများလည်း ပိုမိုရှုပ်ထွေးလာမည်ဖြစ်ကြောင်း၊ ဥပမာလင်မယားနှစ်ယောက်တရားဝင်ကွာရှင်း၍ ပစ္စည်းခွဲဝေပြီးနောက် မိခင်ဘက်သို့ လိုက်သွားသောကလေးက ဖခင်အပေါ် ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုလာပါက မည်ကဲ့သို့ ဆုံးဖြတ်ပါမည်နည်း။ အပတိဋ္ဌသားက မွေးစားဖခင်အပေါ် ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုလာလျှင် မည်ကဲ့သို့ဆောင်ရွက်ပါမည်နည်း စသည့် ရှုပ်ထွေးမှုများ အတောမသတ်အောင်

၁၉၆၇
မအေးတည်ငြိမ်
အရွယ်မရောက်
သေးသူ (၎င်း
၏ နီးစပ်ရာ
မိတ်ဆွေ
မနုနုရီ)
နှင့်
ဦးကြည်လွင်

ပေါ်ပေါက်လာမည်ဖြစ်၍ အမှုတွင် ပေါ်ပေါက်သည့် ဥပဒေပြဿနာကို အလေးအနက်စဉ်းစားသင့်ကြောင်း တင်ပြလျှောက်ထားသည်။

ဦးကြည်လွင်၏ ရှေ့နေတင်ပြချက်ကို ဦးစွာဖြေကြားလိုသည်။ ဖခင်ဖြစ်သူ၏ သားသမီးအား ထောက်ပံ့ရန်တာဝန်မှာ သူအသက်ထင်ရှားရှိနေစဉ်အတွင်းသာတည်သည်။ ဖခင်ကွယ်လွန်သည်နှင့်တပြိုင်နက် ထိုတာဝန်မှာ ရပ်စဲသွားမည်ဖြစ်သည်။ ထိုသူ၏အမွေကို ဆက်ခံသောသူတို့သည် ထိုသူမကွယ်လွန်မီ ပေးရန်ရှိသော ကလေးစရိတ်အကြွေးများကို အမွေပုံပစ္စည်းမှ ထုတ်နှုတ်ကျခံရန် တာဝန်ရှိသည်မှအပ ကလေးစရိတ်နှင့်ပတ်သက်၍ အခြားနည်းအရ တာဝန်မရှိနိုင်ချေ။

ကလေးစရိတ်ရလိုမှုကို ဖခင်အပေါ် တရားစွဲဆိုခွင့်ရှိကြောင်း လမ်းဖွင့်ပေးပါက တရားမကြောင်းအရ စွဲဆိုသော ကလေးစရိတ်ရလိုမှုများ များပြားကောင်း များပြားလာပေလိမ့်မည်။ သို့ရာတွင် ယင်းသို့များပြားလာရန် အကြောင်းရှိရုံမျှဖြင့် ကလေးစရိတ်ရလိုမှုများကို ပိတ်ပင်ရန်မှုသင့်ပေ။

လင်မယားကွာရှင်းပြီးနောက် မိခင်နောက်သို့ အပြီးအပိုင်ပါသွားသောကလေးသည် ဖခင်ဖြစ်သူထံမှ ကလေးစရိတ်ရလိုကြောင်း သာမန်အားဖြင့်တရားစွဲဆိုခွင့်မရှိနိုင်ချေ။ ဦးမေအောင်ပြုစုသော "A SELECTION OF LEADING CASES ON BUDDHIST LAW ကျမ်း (ဒုတိယအကြိမ်ထုတ်) စာမျက်နှာ ၅၃ ကိုကြည့်ပါ။ ဖခင်ဖြစ်သူထံစဉ်းသည် မိမိ၏ သားရင်းသမီးရင်းများကိုသာ ထောက်ပံ့ရန် တာဝန်ရှိသည်။ သို့ဖြစ်၍ အပတိဋ္ဌမွေးစားသားက မွေးစားဖခင်အပေါ် ကလေးစရိတ်ရလိုကြောင်း စွဲဆိုခွင့်မရှိနိုင်ချေ။

မဟိုဥပဒေရုံးမှ ဥပဒေပညာရှင် ဦးသာညွန့်က ဒေါက်တာသာမြ အမှုတွင် ချမှတ်သော ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း၊ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ "ထိမ်းမြားလက်ထပ်ခြင်း" ဆိုသည့်စကားရပ်တွင် မယားစရိတ်ကိစ္စ အကျုံးဝင်သည်ဟုဆိုလျှင် ကလေးစရိတ်သည် အကျုံးဝင်ရမည်ဖြစ်ကြောင်း၊ အကြောင်းမှု မယားနှင့် ကလေးစရိတ်နှစ်မျိုးလုံးမှာ ထိမ်းမြားခြင်းမှဖြစ်ပေါ်လာသော ရလဒ်တရားများဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

အိမ်ထောင်ပြုရာတွင်လင်ဖြစ်သူက မယားဖြစ်သူအား ကျွေးမွေးထောက်ပံ့ရသည်မှာ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ် ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ "ထိမ်းမြားလက်ထပ်ခြင်း" ဆိုသည့်စကားရပ်တွင် လင်ဖြစ်သူက မယားဖြစ်သူအား ကျွေးမွေး

၁၉၇၇
မအေးတည်ငြိမ် အရွယ်မရောက်သေးသူ (၎င်း၏ နီးစပ်ရာ မိတ်ဆွေ မနုနုရီ) နှင့် ဦးကြည်လွင်

ထောက်ပံ့ခြင်းကိစ္စလည်း အကျုံးဝင်ကြောင်း ယုံမှားဖွယ်မရှိချေ။ သို့ရာတွင် ဖခင်ဖြစ်သူက သားသမီးအား ကျွေးမွေးခြင်းကိစ္စလည်း အကျုံးဝင်မဝင်ဆိုသောကိစ္စမှာမူ အဆုံးအဖြတ်ပြုရန်ခက်ခဲသော ပြဿနာတစ်ရပ်ဖြစ်သည်။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ ဦးမေအောင်က အထက်ဖော်ပြပါကျမ်းစာမျက်နှာ ၅၃ တွင်—

> **"Under Buddhist law, it is part of the law of marraige that a man must maintain and support his wife and children. Hence, a civil action to enforce this duty will lie"**

ဟူ၍ သုံးသပ်ထားသော်လည်း စီရင်ထုံးကိုဖြစ်စေ၊ ကျမ်းကိုဖြစ်စေ ကိုးကားထားခြင်းမရှိချေ။ အကြောင်းတစ်စုံတစ်ရာ ပြဆိုထားခြင်းလည်း မရှိသည်ကိုတွေ့ရသည်။ဤအခြေအနေတွင် ယင်းသုံးသပ်ချက်ကို အကြွင်းမဲ့ လက်ခံရန်မသင့်ပေ။

ထိမ်းမြားလက်ထပ်ခြင်းမပြုမီ ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုခြင်းသည် ထိမ်းမြားလက်ထပ်ခြင်းတွင် အကျုံးဝင်မဝင်ဆိုသည့် ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ စီရင်ထုံးများ သဘောထားချင်းကွဲလွဲခဲ့သည်။ **မောင်လေးနှင့် မလှရင် (၂) နှင့် မောင်ထွန်းအောင်နှင့် မကြည် (၃)** အမှုတို့ကိုကြည့်ပါ။ယင်းပြဿနာသည်**မောင်ကိုကြီးနှင့် ဒေါ်အုန်းခင် (၄)** အမှုတွင် ထပ်မံပေါ်ပေါက်သော်လည်း အဆုံးအဖြတ်မပေးခဲ့ချေ။ ဤစီရင်ထုံးများက "ထိမ်းမြား လက် ထပ် ခြင်း" ဟူ သည့် စ ကား ရပ်၏ အကျယ်ဝန်းကို သတ်မှတ်ရန်ခက်ခဲကြောင်း ညွှန်ပြလျက်ရှိပေသည်။

အိမ်ထောင်သားမွေးမှုတွင်, သားကျွေးမှု၊ မယားကျွေးမှုများပါဝင်သည် မှန်သော်လည်း၊ ထို့ပြင် သားသမီးကို ကျွေးမွေးထောက်ပံ့ခြင်းသည် ထိမ်းမြားလက်ထပ်ခြင်းနှင့် ဆက်နွှယ်သော ကိစ္စရပ်ဖြစ်သည်မှန်သော်လည်း၊ သားသမီးအား ကျွေးမွေးထောက်ပံ့ခြင်းသည် မြန်မာနိုင်ငံဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ "ထိမ်းမြားလက်ထပ်ခြင်း" ဆိုသည့် စကားရပ်၌ အကျုံးဝင်သည်ဟု တစ်ထစ်ချ ဆိုရန် ခဲယဉ်းပေသည်။

---

(၂) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ ၁၁၊ စာ ၉၉

(၃) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၄၊ စာ ၂၁၅

(၄) ၁၉၆၅ ခု မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၉၁၃

၁၉၇၇
မအေးတည်ငြိမ် အရွယ်မရောက်သေးသူ (၎င်း၏ နီးစပ်ရာ မိတ်ဆွေ မနုနုရီ) နှင့် ဦးကြည်လွင်

မဟိုတရားရုံးရှေ့နေ ဦးမြစိန်က ဖခင်ဖြစ်သူသည် သားသမီးအား ကလေးစရိတ်ပေးရန် တာဝန်ရှိမရှိ၊ မြန်မာနိုင်ငံဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၃) တွင် ရည်ညွှန်းထားသော လောကပါလတရားနှင့်အညီ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ အကျယ်တဝန့် တင်ပြလျှောက်ထားသည်။ ဦးမြစိန်နှင့် ဦးသာညွန့်တို့ နှစ်ဦးလုံးက အဆိုပါပုဒ်မပါ မှုများကို အခြေခံ၍ဆုံးဖြတ်ရာ၌ အင်္ဂလိပ်တရားဥပဒေအရ ဆုံးဖြတ်ရန် မဟုတ်ကြောင်း၊ မြန်မာယဉ်ကျေးမှု၊ မြန်မာ့ပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေစွာ မြန်မာ့အထွေးအခေါ်များအရ ဆုံးဖြတ်သင့်ကြောင်း တင်ပြလျှောက်ထားသည်။ ဆက်လက်၍ ဦးမြစိန်က ဗုဒ္ဓဘာသာမှ သက်ဆင်းလာသည့် မြန်မာ့ယဉ်ကျေးမှုတွင် မိဘဝတ္တရားများကို သတ်မှတ်ထားရာ သားသမီးများအား ကျွေးမွေးထောက်ပံ့ခြင်းလည်း ပါဝင်ကြောင်း၊ ကင်းဝန်မင်းကြီးဦးကောင်းပြုစုသော ၃၄ စောင်တွဲ ဓမ္မသတ်ကျမ်းပုဒ်မ ၂၁၀ တွင် ဖော်ပြထားသော ''ကိုင်းစား''ဓမ္မသတ်အရ ဖခင်ဖြစ်သူသည် သားသမီးများအား ကျွေးမွေးထောက်ပံ့ရန် တာဝန်ရှိကြောင်း၊ ထို့ပြင် ဟိန္ဒူနှင့် မဟာမေဒင်မလေ့ထုံးတမ်းဥပဒေများအရလည်း ဖခင်ဖြစ်သူသည် အလားတူတာဝန်ရှိကြောင်း၊ သို့ဖြစ်၍ အရွယ်မရောက်သေးသည့် သားသမီးများက ဖခင်ဖြစ်သူအား ကလေးစရိတ်ရလိုမှုစွဲဆိုခွင့်ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။

သားသမီးဖြစ်သူက ဖခင်ထံမှ ကလေးစရိတ်ရလိုကြောင်း တရားစွဲဆိုခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသဖြင့် မြန်မာနိုင်ငံဥပဒေများဆိုင်ရာ ဥပဒေပုဒ်မ ၁၃(၃) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သောစိတ်ထားတို့နှင့်အညီ အဆုံးအဖြတ်ပြုရန်ဖြစ်သည်ဟူသော ဒေါက်တာသာမြ အမှု၌ ချမှတ်သည့် ဆုံးဖြတ်ချက်ကို လက်ခံရပေမည်။ သို့ရာတွင် လောကပါလတရားအရ၊ အမှုကို ဆုံးဖြတ်ရာ၌ အင်္ဂလိပ်ဥပဒေအရဆုံးဖြတ်ရန်ဖြစ်သည်ဟု တွေးခေါ်ခြင်းမှာမူ မှားယွင်းချတ်ချော်သည်။ မြန်မာလူမျိုးတို့နှင့် ယဉ်ကျေးမှုခြင်း လူနေမှုစနစ်ခြင်းကွာခြားသော လူမျိုးတို့နေထိုင်ရာ အင်္ဂလန်နိုင်ငံရှိ တရားဥပဒေစာအုပ်များတွင် လောကပါလတရားကို ရှာဖွေရန်မဟုတ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အမြင်၊ မြန်မာ့အတွေးအခေါ်များ ထင်ဟပ်ထားသည့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသာလျှင် အခြေဖြစ်ပေလိမ့်မည်။

မောင်မျိုးချစ် နှင့် မလှပု(၁)အမှုတွင် ဗုဒ္ဓဘာသာအမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအား ဖြားယောင်းသွေးဆောင်ပြီး ကျူးကျူး

(၁) ၁၉၇၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၁ (မန္တလေးမြို့ရုံးထိုင်နိုင်ငံတော်တရားရုံးချုပ်)။

လွန်စွန်ဖြစ်၍ မဝိုသနေရှိသဖြင့် အမျိုးသမီးက အမျိုးသားထံမှ လျော်ကြေးတောင်းဆိုခွင့်ရှိကြောင်း ဆုံးဖြတ်ရာ၌ ယင်းသို့ တောင်းဆိုခွင့်ရှိကြောင်း ဓမ္မသတ်များက ခွင့်ပြုခြင်းသည် ဖြောင့်မှန်ခြင်း၊ မျှတခြင်း၊ ကောင်းမြတ်သောစိတ်ထားရှိခြင်း စသည့်မူများနှင့် ဆန့်ကျင်ခြင်းမရှိ၍ လက်ခံသင့်သည်ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။

၁၉၀၇
မအေးတည်မြိမ်
အရွယ်မရောက်
သေးသူ (၎င်း
၏ နီးစပ်ရာ
မိတ်ဆွေ
မနုနုရီ)
နှင့်
ဦးကြည်လွင်

ကင်းဝန်မင်းကြီးဦးကောင်း၏ သုံးဆယ့်လေးစောင်တွဲ၊ အိမ်မှုခန်း ဓမ္မသတ်ကျမ်းကြီးပုဒ်မ ၂၁၀ ၌ ''ကိုင်းစား'' ဓမ္မသတ်လာမြန်မာ ဓလေ့ထုံးတမ်းဥပဒေမှာ အောက်ပါအတိုင်းဖြစ်သည်—

''အကြင်ယောက်ျားတို့၏ လုပ်ဖွယ်ကြီးဖွယ်ဟူသည်ကား၊ ကျွေးကျွန်ဥစ္စာပစ္စည်းတို့ကို ရှာမှီးခြင်း၊ အိမ်ရာဆောက်ခြင်း၊ သားမယားစသောကျေးကျွန်၊ ကျွန်ရွားစသည်တို့ကို စောင့်ရှောက်ခြင်း၊ ဆင်းရဲတွေ့သော ဆွေမျိုးသာဓကတို့ကို ကယ်ဆယ်ခြင်း၊ ဤသို့သောအကျင့်အချင်းတို့နှင့် ပြည့်စုံသော ယောက်ျားကိုလည်း၊ မိန်းမတို့သည် မရှိမသေပြုသော်၊ မင်းဒဏ်ပေးအပ်၏ ဤသို့သောအကျင့်နှင့် မပြည့်စုံသောယောက်ျားကို၊ မရှိမသေ မရှက်မကြောက်သောမိန်းမသား အပြစ်မရှိအပ်ပလေဟုဆို၏။''

မြန်မာ့အိမ်ထောင်စုတွင် အိမ်ထောင်ဦးစီးက ဇနီးသားသမီးများအား တာဝန်ယူ၍ ကျွေးမွေးထောက်ပံ့သည်။ ယင်းတာဝန်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ တွင် အသိအမှတ်ပြုထားသည်။ အယူခံတရားဖြိုင်၏ရှေ့နေကလည်း ဤအချက်ကိုမငြင်းချေ။ အငြင်းပွားနေသည့်အချက်မှာ ကလေးစရိတ်ကို တရားမကြောင်းအရ တောင်းဆိုခွင့်ရှိမရှိဖြစ်သည်။ ဖခင်က သားသမီးအား ကျွေးမွေးထောက်ပံ့ရန် တာဝန်ရှိလျှင်၊ ယင်းတာဝန်ကို ဖောက်ဖျက်သည့်အတွက် ကုစားနိုင်မည့်နည်းလမ်းလည်း ရှိရပေမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ အရေးယူဆောင်ရွက်နိုင်ခြင်းကြောင့် ကလေးစရိတ်ကို တရားမှုအကြောင်းအရ တောင်းဆိုခွင့်မရှိဟု ကောက်ယူရန်မဟုတ်ချေ။ ပုဒ်မ ၄၈၈ တွင် ကလေးစရိတ်ကို ဆောလျင်စွာ ရရှိစေနိုင်မည့်နည်းလမ်းကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဖခင်ဖြစ်သူက သားသမီးအား ကျွေးမွေးထောက်ပံ့ရန် တာဝန်ရှိသည်နှင့်အညီ ယင်းတာဝန်ကို ပျက်ကွက်သော ဖခင်အပေါ် သားသမီးက ကလေးစရိတ်ရလိုကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိသည်ဟု ကောက်ယူဆုံးဖြတ်ပါက တရားမှုနှင့် သာနာ ညီမှု

၁၉၇၇
မအေးတည်ငြိမ်
အရွယ်မရောက်
သေးသူ (၎င်း
၏ နီးစပ်ရာ
မိတ်ဆွေ
မနုနုရီ)
နှင့်
ဦးကြည်လွင်

ကောင်းမြတ်သောစိတ်ထား စသည့် လောကပါလတရားနှင့် ညီညွတ်သည်ဟု ကျွန်ုပ်တို့ သဘောရရှိသည်။

ဤအယူခံတွင် နှစ်ဘက်အမှုသည်များ တင်ပြခြင်းမပြုသော ဥပဒေပြဿနာတစ်ရပ်ကို ဆက်လက်ဆွေးနွေးလိုသည်။ အမှုမှာ ကလေးစရိတ်ရလိုမှုဖြစ်၍ တရားလိုသည် မအေးတည်ငြိမ်ဖြစ်ရပေမည်။ သို့ရာတွင် မူလရုံးအဆိုလွှာ၌ လည်းကောင်း၊ ဗဟိုတရားရုံးတွင် တင်သွင်းသော အယူခံလွှာ၌ လည်းကောင်း၊ တရားလို၏အမည်ကို မနုနုရီဟုဖော်ပြပြီး ၎င်းသည် မအေးတည်ငြိမ်၏ နီးစပ်ရာမိတ်ဆွေအဖြစ် ဆောင်ရွက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ချေလွှာအပိုဒ် ၆ တွင် တရားလိုမှာ မအေးတည်ငြိမ်ဖြစ်ကြောင်း ထုတ်ဖော်ထားသော်လည်း မူလရုံးသည် ယင်းအချက်ကို သတိထားမိဟန်မတူချေ။ တရားလို၏အမည်ကို မအေးတည်ငြိမ်ဟုဖော်ပြရမည့်အစား မနုနုရီဟု မှားယွင်းဖော်ပြထားခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ (၁) အရ အရေးယူဆောင်ရွက်သင့်ပေသည်။

ဤအမှုတွင် တရားလိုသည် မအေးတည်ငြိမ် ဖြစ်ဘိသကဲ့သို့ လျှောက်လဲတင်ပြကြသည်။ ဤအယူခံ၌မနုနုရီအား အယူခံတရားလိုအဖြစ် မှားယွင်းဖော်ပြထားသည့်အချက်ကို အယူခံတရားပြိုင်ဘက်မှ ကန့်ကွက်ပြောဆိုထားခြင်းမရှိချေ။ မူလရုံးတွင် တရားလို၏အမည်ကို မှားယွင်းဖော်ပြထားခဲ့သည်ကတစ်ကြောင်း၊ ဤအယူခံကို မနုနုရီကိုယ်တိုင် တင်သွင်းခဲ့သည်ကတစ်ကြောင်းကြောင့် သဘောရိုးဖြင့် မှားယွင်းခဲ့ဟန်တူပေသည်။ သို့ဖြစ်၍၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ (၂) ပါ လုပ်ပိုင်ခွင့်များအရ အမိန့် ၁ နည်း ၁၀ (၁) တွင် ခွင့်ပြုထားသည့်အတိုင်း တရားလို၏ အမည်ကို မအေးတည်ငြိမ်ဟု ပြင်ဆင်လိုက်သည်။ ထိုသို့ပြင်ဆင်ပေးရန် မနုနုရီကိုယ်တိုင်က လျှောက်ထားခဲ့ခြင်း မရှိစေကာမူ တရားမျှတမှုဖြစ်စိမ့်သောငှာ ဗဟိုတရားရုံးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၀ ပါ လုပ်ပိုင်ခွင့်အရ ယင်းသို့ ပြင်ဆင်စေခြင်းဖြစ်သည်ဟုလည်း မှတ်ယူရမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍၊ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် မအေးတည်ငြိမ်စွဲဆိုသောအမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အမှုကို တရားဥပဒေနှင့်အညီ စစ်ဆေးစီရင်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ စရိတ်ခွင့်မပြု။

၁၉၈၇
မအေးတည်ငြိမ်
အရွယ်မရောက်
သေးသူ (၎င်း
၏ နီးစပ်ရာ
မိတ်ဆွေ
မနုနုရီ)
နှင့်
ဦးကြည်လွင်

အမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ပြန်လည်စစ်ဆေးစေသည်ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၃၊ နည်း ၇ အရ ဆောင်ရွက်ရန်မလို။

ဤအယူခံတွင် ရှုံးသဟာယများအဖြစ် လိုက်ပါဆောင်ရွက်ကြသည့် ဗဟိုတရားရုံးရှေ့နေ ဦးမြစိန်နှင့် ဗဟိုဥပဒေရုံးမှ ဥပဒေပညာရှင် ဦးသာညွန့်တို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

## တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးတင်အုန်းနှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

† ၁၉၇၃
ဧပြီလ ၅ ရက်

မောင်မျိုးချစ်

နှင့်

မလှပု*

ဤအမှုတွင် ဆုံးဖြတ်ရမည့် ပြဿနာမှာ ဗုဒ္ဓဘာသာဝင် အမျိုးသား တစ်ဦးက အမျိုးသမီးတဦးအား ဖြားယောင်းသွေးဆောင်ပြီး ကျူးကျူး လွန်လွန်ဖြစ်၍ ပဋိသန္ဓေရရှိသည့်ကိစ္စတွင် ထိမ်းမြားလက်ထပ်ရန် ဂတိ မရှိသဖြင့် အမျိုးသမီးသည် လျော်ကြေးတောင်းဆိုခွင့်ရှိ–မရှိဆိုခြင်းပင် ဖြစ်သည်။

လက်ထပ်ပေါင်းသင်းမည်ဟု ဂတိမရှိဘဲ အမျိုးသမီး၏ သဘောတူ ညီမှုဖြင့် အမျိုးသားက ပေါင်းသင်းစပ်ယှက်သဖြင့် အမျိုးသမီးတွင် ပဋိသန္ဓေရရှိသည့်ကိစ္စ၌ အမျိုးသမီးသည် လျော်ကြေးတောင်းဆိုပိုင်ခွင့် မရှိဟု **မစင် နှင့် မောင်မြင့်ကြီး** (၁)၊ **ဘိုးသိက် နှင့် မနှင်းဇ** (၂) **မယုံ နှင့် မောင်ဘိုးလူ** (၃)၊ **မောင်သန်းရွှေ နှင့် မပု** (၄) တို့အမှု များတွင် ဆုံးဖြတ်ထားသည်၊ ထိုသို့ဆုံးဖြတ်ရာ၌ ယင်းကိစ္စသည် ပဋိ ညာဉ်ဥပဒေနှင့် မသက်ဆိုင်၊ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်လည်း အကြုံးမဝင်သဖြင့် ဖြောင့်မှန်ခြင်း၊ မျှတခြင်း၊ ကောင်းမြတ်သောစိတ် ထားရှိခြင်း စသည့်မူအပေါ်အခြေပြု၍ သုံးသပ်ရမည်၊ လျော်ကြေး တောင်းဆိုခွင့်ပေးလျှင် အကျင့်စာရိတ္တပျက်ပြားခြင်းကို အားပေးရာ ရောက်မည်ဟု အကြောင်းပြခဲ့ကြသည်။

ဖြားယောင်းသွေးဆောင်၍ ပေါင်းသင်းစပ်ယှက်သည့်ကိစ္စတွင် လျော် ကြေးတောင်းဆိုခွင့်ပြုပါက အမျိုးသမီးများအဖို့ အကျင့်စာရိတ္တပျက်ပြား လာစရာရှိသည်ဟု အကြောင်းပြ၍ လျော်ကြေးတောင်းဆိုခွင့်ကို ပိတ်ပင် ထားပါကယင်းပိတ်ပင်ချက်ကိုအကာအကွယ်ယူပြီး မသမာသည့် အမျိုး သားများက မလျော်သောအခွင့်အရေးကို အသုံးချကာ အကျင့်စာရိတ္တ

* ၁၉၇၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ်၂၁

† ၁၉၇၁ခုနှစ်၊တရားမအယူခံမှု အမှတ်၂တွင် ချမှတ်သော မိတ္ထီလာမြို့ ခရိုင် တရားမ တရားသူကြီးရုံး၏ အမိန့်ကိုအယူခံမှု

(၁) ၁၈၇၂–၉၂၊ ရွေးချယ်ထားသော စီရင်ထုံးများ၊ အောက်မြန်မာပြည် ၁၁၄ ။

(၂) ။ ။ ။ ၂၃၅ ။

(၃) (၁၈၉၇–၀၂) အတွဲ၊ အထက်မြန်မာပြည်စီရင်ထုံး ၄၉၉ ။

(၄) ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၁၀၂၁။

ပျက်ပြားလာဘွယ်ရာ အန္တရာယ်ရှိသည်ဆိုခြင်းကို သတိချပ်မိဟန်မတူ ပေ။ ထို့ကြောင့်ပင် တရားရေးကော်မီရှင်နာပရက်က မငွေရိုင် နှင့် မောင်ထွန်းရ (၅) တို့အမှုတွင် ဤကဲ့သို့ မှတ်ချက်ပြုခဲ့ဘူးသည်။ ၁၉၇၃ မောင်မျိုးချစ် နှင့် မလှပု

"The main argument against conceding a right of suit in such cases is that it would conduce to immorality, but I am not sure that this contention is sound. Presumably what is meant is that women would be more ready to allow themselves to be led astray, if they knew that there was a possibility of obtaining damages for seduction. There is to my mind much more weight in the view that if men were liable to be mulcted in damages for seduction, the knowledge of this liability would be likely to deter them from taking undue advantage of their inamoratas."

ဒေါက်တာဧအေးမောင်ကလည်း ၎င်း၏ မြန်မာဗုဒ္ဓဘာသာတရား ဥပဒေကျမ်း (၆) တွင် အောက်ပါအတိုင်း ဝေဖန်ခဲ့သည်။

"In Ma Kin v. Maung Myin Gyi (S.J.113) the claim for damages, the woman becoming pregnant as a result of seduction, was made on principles of equity, good conscience and justice, which under the Burma Courts Act became applicable wherever any statutory enactment or personal laws did not apply. The claim was rejected on the ground that to allow the woman to recover damages would encourage immorality. That license to the man to commit seduction with impunity would be a greater encouragement to immorality was apparently ignored. This case illustrated the danger of invoking public policy in the decision of litigation, for as had been rightly said, public policy is an unruly horse to ride."

---

(၅) (၁၉၂၀) အတွဲ ၁၃၊ ဘားမားလော်တိုင်း ဖြ (၈)။
(၆) Burmese Buddhist Law by Dr. E Mg (1970 Edition) p.21.

၁၉၇၃ / မောင်မျိုးချစ် နှင့် မလှပု

နှစ်ဦးသဘောတူ ကျူးကျူးလွန်လွန်ဖြစ်၍ ပဋိသန္ဓေရရှိရာ၌ အမျိုးသမီးသည် အမျိုးသားအပေါ် လျော်ကြေးတောင်းပိုင်ခွင့်မရှိဟု ဆိုခြင်းသည် အမျိုးသမီးတွင်သာအပြစ်ရှိသည်၊ အမျိုးသားတွင် လုံးဝအပြစ်မရှိဟု တွေးခေါ်ရာရောက်သည်၊ ယင်းအတွေးအခေါ်သည် လျော်ကြေးတောင်းပိုင်ခွင့်မရှိဟု ဆုံးဖြတ်ထားသည့်အမှုများ၌ အခြေခံထားသည့် ဖြောင့်မှန်ခြင်း၊ မျှတခြင်း၊ ကောင်းမြတ်သောစိတ်ထားရှိခြင်း စသည့်မူနှင့်ကိုက်ညီသော အတွေးအခေါ်ဖြစ်သည်ဟု ယူဆရန်ခဲယဉ်းပေသည်။

ဖြားယောင်းသွေးဆောင်၍ ပေါင်းသင်းစပ်ယှက်သည့် ကိစ္စအတွက် လျော်ကြေးတောင်းဆိုသည့်ကိစ္စကို ရှေးမြန်မာဘုရင်များ လက်ထက်က မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာရှိသည်။ ၁၈၆၀ ခုနှစ်တွင် Major Spark ရေးသားခဲ့သည့် Code of Burmese Law & Lex Loci ၏ အပိုဒ် ၁ ၌ ဤသို့ပါရှိသည်။

> "The courts of Pegu have always professed to administer Burmese Law, when the litigants belong to that race, in all cases of Marriage, Seduction and Adultery, Divorce, Adoption, Inheritance, Immoveable property.

ယနေ့တရားရေးဝန်ကြီးဖြစ်သည့်ဒေါက်တာဓမောင်မောင်ကလည်းငှင်း၏ 'မြန်မာ ပြည် တ ရား ဥ ပ ဒေ၊ ဓ လေ့ ထုံး တမ်း နှင့် မြန် မာ အိမ် ထောင်စု' စာအုပ် (၇) တွင် အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်။

> "The scope of Customary Law was larger when British rule began, but was reduced by the import of the Code from India. Thus the Civil Code of the Province of Pegu, sanctioned in two parts in 1859 and 1860 by 'His Honour the President in Council' in India, stated in section I of Part II that the Courts of Pegu" have always professed to administer Burmese Law, when the litigants belong to that race on all cases of Marriage, Seduction and adultery, divorce, adoption, inheritance, immoveable property."

---

(၇) Law and Custom in Burma and the Burmese Family 1963, p.32.

၁၈၇၅ ခုနှစ် မြန်မာပြည်တရားရုံးများဥပဒေနှင့် ၁၈၉၈ ခုနှစ် မြန်မာပြည်တရားဥပဒေများဥပဒေကို ထုတ်ပြန်ပြီးသည့်နောက်ပိုင်း၌သာ ဖြားယောင်းသွေးဆောင်၍ ပေါင်းသင်းစပ်ယှက်ခြင်းအတွက် လျော်ကြေးတောင်းဆိုသည့်အမှုကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ခြင်းမပြုတော့ဘဲ ဖြောင့်မှန်ခြင်း၊ မျှတခြင်း၊ ကောင်းမြတ်သော စိတ်ထားရှိခြင်း စသည့်မူများအပေါ် အခြေပြု၍ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ဆုံးဖြတ်ခြင်းသည် မြန်မာလူမျိုးတို့၏ လိုအင်ဆန္ဒနှင့်ဆန့်ကျင်နေကြောင်း ဦးသာကြွယ် (၁) က ဤသို့ဝေဖန်ထားဘူးသည်။ ၁၉၇၃ မောင်မျိုးချစ် နှင့် မလှပု

> "Although one's impression is that many of the texts dealing with damages for seduction have no force at present as part of the existing law, it must be admitted that the sentiment of these texts still exists among the people; they think that if a man seduces a girl, even without promising to marry her, he ought to pay damages, unless he makes her his wife,"

ဦးမေအောင်ကလည်း (၂) လျော်ကြေးပေးသင့်သည်ဟု အောက်ပါအတိုင်း ရေးသားဘူးသည်။

> "It cannot, however, be the intention of the law that the seducer of a girl should go unpunished. Under Buddhist Law, great respect is said to the rights of parents and guardians, and the man who leads a young woman astray certainly infringes those rights. Hence, even if the ancient rule of Buddhist Law, similar to that of Scotland, giving the woman herself a right to compensation against her seducer, be put aside, the question whether her father or other guardian may not claim damages remains to be considered."

အချင်းချင်း ပေါင်းသင်း နေထိုင်ခြင်း၊ လက်ထပ် ထိမ်းမြားခြင်း စသည့်ကိစ္စများမှာ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ လူ့အဆောက်အအုံ၊

---

(၁) Conflict of Authority in Buddhist Law Vol. I.p.38.

(၂) Leading Cases on Burmese Buddhist Law 1926-p-29.

၁၉၇၃
မောင်မျိုးချစ်
နှင့်
မလှပု

ဓလေ့ထုံးတမ်းနှင့် သက်ဆိုင်သော ကိုစ္စများဖြစ်ရာ ယင်းကိစ္စကို ဆုံးဖြတ်ရာ၌ ထိုလူမျိုး၏ ဓလေ့ထုံးတမ်း ဥပဒေအတိုင်းသာ ဖြစ်သင့်ပေသည်။ ထို့ကြောင့်ပင် တရားရုံးချုပ် စုံညီခုံရုံးမှ **ဇမောင်ကိုကြီးနှင့် ဒေါ်အုံးခင်** (၁၀)တွင် အမှုအတွင်း ယခုကဲ့သို့ စီရင်ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

> "အားလုံးကို ခြုံ၍ ကြည့်သော် ဗုဒ္ဓဘာသာဝင် မြန်မာ အချင်းချင်း ထိမ်းမြားလက်ထပ်ခြင်း၊ ပေါင်းသင်း နေထိုင်ခြင်း စသည်တို့နှင့် ပတ်သက်သော ပြဿနာမျိုးတွင် မြန်မာ့ထုံးတမ်း စဉ်လာ ဥပဒေကို ဦးစွာ လေ့လာသုံးသပ်ရန် လိုသည်။
>
> မြန်မာ့ယဉ်ကျေးမှု ထုံးတမ်း စဉ် လာ အ ရ နက် နက် နဲ နဲ စဉ်းစား၍ အမှုသည်အချင်းချင်း အပေါ်တွင်လည်း မျှတအောင်၊ ၎င်းတို့၏ လူ့အဆောက်အအုံကလည်းလက်ခံနိုင်အောင် ဆုံးဖြတ်ရန် ဖြစ်သည်။"

အယူခံတရားလို၏ ရှေ့နေ ဦးတင်မောင်က ဖြားယောင်းသွေးဆောင်ပြီး ပေါင်းသင်း စပ် ယှက် ခြင်း အတွက် လျော်ကြေး တောင်းဆိုခွင့်ကို အချို့ ဓမ္မသတ်များက ခွင့်မပြုပါဟု တင်ပြကာ ကင်း ဝန် မင်း ကြီး ၏ **သုံးဆယ့် လေးစောင်တွဲ ဓမ္မ သတ် ကျမ်း ကြီး** (၁၁) ရှိ **ဝဏ္ဏ ဓမ္မ** နှင့် **မနုဝဏ္ဏနာ** တို့ကို ရည်ညွှန်းသွားသည်။

**ဝဏ္ဏဓမ္မတွင်**

> တဏ္ဍ၊ ထိုကညာ လေးယောက်တို့တွင်၊ သမဏ္ဍန္တာယ၊ အလိုတူသော ကညာအား၊ သေဝေယျဧ၊ ကာမအားဖြင့်၊ ယဉ်ပါး မှီအံ့၊ နဏ္ဍဒေါသကော၊ ပြစ်ဆာမရှိ—ဟု လည်းကောင်း၊

**မနုဝဏ္ဏနာတွင်**

> ယထာဝုတ္တံ၊ ဆိုခဲ့ပြီးသော၊ ကညံ၊ ကညာကို၊ ယောစရမာ အကြင်ယောကျ်ားသည်၊ ဆန္ဒကော စိတ်တူအားဖြင့်၊ သေဝေယျ စပ်ယှက်မှီဝဲအံ့၊ နဒေါသကော၊ လျော်ပြစ်မရှိ၊

ဟု လည်းကောင်း ဆိုထားသည်မှာ မှန်၏။ သို့ရာတွင် ထိုကျမ်းရှိ **အခန်း (၈)**၊ **မိဘစသော** အုပ်ထိန်းသူတို့ မထိမ်းမြားဘဲ ယောကျ်ားမိန်းမတို့ မှားယွင်းကျူးလွန်ခြင်းနှင့် **စပ်၍** ဖြစ်ပွားသည့် အမှုအလျောက် ဆုံးဖြတ်စီရင်ရာသည့် တရားတွင် အမြား ဓမ္မသတ်များက အောက်ပါအတိုင်း ကွဲလွဲပြဆိုထားကြသည်ကို တွေ့မြင်နိုင်သည်။

---

(၁၀) ၁၉၆၅ မြန်မာနိုင်ငံ စီရင်ထုံး ၉၁၃

(၁၁) သုံးဆယ့်လေးစောင်တွဲ၊ အမိမ့မှုခန်းဓမ္မသတ်ကြီး၊ စာ ၄၆-၄၇။

## မာနုသ ဂ ကတွင်

တစ်နည်းတုံ၊ ကညာ တစ်ပါးဖြစ်စေ၊အလိုလည်း တူအံ့၊အမျိုးလည်း တူအံ့၊ အပြစ်မရှိ၊ တစ်နည်းကား၊ သင့်စေ၊ ခပ်သိမ်းစုန် တူကြမှုကား၊ ပေးစားကြပေ၊ ယောက်ျားမလိုမှုကား၊ ဒဏ်ပေး ရာ၏။

## ဖြိုတွင်

ကညာစ၊ ကညာမှုကားဖြစ်အံ့၊ သမဂ္ဂ၊ အလိုလည်း တူအံ့၊ သမာနာ၊ အမျိုးလည်း တူကြအံ့၊ တထာပိ၊ ထိုသို့ဖြစ်ကြမှုကား၊ ဝိဝါဟိတမ္ဗ၊ ထိမ်းမြားအပ်၏၊ နဒါပေယျ၊မလျော်စေရာ၊ပူရိသော၊ ယောကျ်ားသည်၊ အနိစ္ဆန္တော၊ အလိုမရှိမှုကား၊ ဒဏ္ဍော၊ဒဏ်ပေး ရာ၏။

## ဝါရှုတွင်

မဟာရာဇ၊ မြတ်သောမင်းကြီး၊ တေသု၊ ထိုကညာတို့တွင်၊ သန္တကညာနံ၊ အလိုတူဖြစ်သော ကညာကိုကား၊ ဃရဝါသေန၊ အိမ်ရာထောင်ခြင်းဖြင့်၊ နနိသိန္နာ၊ မနေမှုကား၊ ကာယအဿံ၊ ကိုယ်ဘိုးကို၊ ဒဒေယျ၊ ပေးရချေ၏။

## ဝိနိစ္ဆယတွင်

စတုဗ္ဗဂစေ၊ လေးပါးအပြား ရှိကုန်သော၊ သေသကညော၊ဆိုခဲ့ ပြီးသော ကညာတို့မှ ကြွင်းသော၊ ဆန္ဒကညာ၊ သဒိသကညာ၊ အသဒိသကညာတို့ကို၊ ဒူသကော၊ ဖျက်ဆီးကျူးလွန်အံ့၊ တိသတ်၊ သုံးရာနှင်နှင်၊ ဒဒေ လျော်ရချေ၏၊ အဂတ္တိယမှိ၊ကိုယ်ဝန်နှုတ်ပိုက် မဲ့သည်ရှိသော်၊ တဉ္ဇကံ၊ ထိုတွင် ထက်ဝက်စီသာတည်း။

## ပကာသနီတွင်

နှစ်ပါးမျိုးတူ၊ စပ်ယှက်မှုကား၊ အိမ်သူစနီး၊ပျော်မငြိုးအောင်၊ ဆိမ်းတပြောင်၊ခန်းတစ်ဆောင်နှင့်၊ အိမ်ထောင်ကြစေ၊ငြင်းဆန် ချေသော်၊ လျော်ငွေမယွင်း၊ သုံးဆယ်ခင်းလေ၊။

## ဆုံထားတွင်

ကညာစ၊ ကညာမှုကား ဖြစ်အံ့၊ သမဂ္ဂ၊ အလိုလည်းတူအံ့၊ သမာနာ၊ အမျိုးလည်း တူကြအံ့၊ တထာပိ၊ ထိုသို့ဖြစ်ကြမှုကား၊ ဝိဝါဟိတဗ္ဗ၊ ထိမ်းမြားအပ်၏၊ နဒါပေယျ၊ မလျော်စေရာ၊ ပူရိသော၊ ယောကျ်ားသည်၊အနိစ္ဆန္တော၊ အလိုမရှိမှုကား၊ဒဏ္ဍော၊ ဒဏ်ပေးရာ၏။

၁၉၇၃
မောင်မျိုးချစ်
နှင့်
မလှပု

**ဝါဂွလက်ာတွင်**

ဤအပြားတွင်၊ စိတ်ထားညီညာ၊ ထိုကညာကို၊ သက်သာထင်မှတ်၊ သင့်မြတ်ပါစေ၊ မသင့်ချေက၊ လျော်ငွေကိုယ်ဘိုး၊ မှော်ကွန်းထိုး၏၊ ဆိုရိုးတဝ၊ စိတ်ဆန္ဒကို၊ မမျှရာဝယ်၊ သုံးဆယ်သမှတ်၊

ကိုယ်နှယ်တူမျှ၊ ဖြစ်ပေကာလျှင်၊ မူလမိပ္ပာယ်၊ ကျပ်သုံးဆယ်တည့်။

**မနုကျယ်တွင်**

မြတ်သောမင်းကြီး၊ စိတ်တူသည့်ပင့် ဖြစ်သော်လည်း၊ အရွယ်မရောက်ချေက၊ အကျယ်ငါးဆယ် လျော်စေ၊ အရွယ်ရောက်၍ စိတ်တူသည်ဖြစ်လျှင်၊ ထောင်နေစေ၊ မထောင်နေလျှင်၊ မိန်းမ၏ အမျိုးအလိုက်၊ ငါးကျပ်မျိုး၊ ခုနစ်ကျပ်နှစ်မတ်မျိုး၊ တစ်ဆယ့်ငါးကျပ်မျိုး၊ ဒွန်းစဏ္ဍာအမျိုးတို့က၊ သက်သည့်အမျိုးအလိုက် အမျိုးမှန်လျော်စေ။

**ကိုင်းစား မနုရာဇဓမ္မသတ်** (၁၂) တွင် အိမ်ထောင်ကြီး မိန်းမနှင့် သူငယ်ယောကျ်ားတို့ ကိုယ်လက်စပ်ယှက် နှီးနှောသည့်တရားတွင် ဤကဲ့သို့ ဖြေဆိုထားသည်။

''မိန်းမတို့မှာ ယောကျ်ားတို့၏ အညစ်အကြေးကို ခံရခြင်း၊ ယောကျ်ားတို့ပေးသော ပဋိသန္ဓေကို ခံယူလွယ်ပိုး ရွက်ဆောင်ပြီးလျှင်၊ သေဝပါးနီးမီးဖွားဝေဒနာကို ပြင်းစွာခံရလေခြင်းကြောင့် ကာယသံသဂ္ဂ ကိုယ်လက်စပ်ယှက် နှီးနှောသင့်နေသော အရာ၌ ယောကျ်ားကို မိန်းမက အပြစ်အလျော်ပေးရသော တရားမရှိ။ ထိုသူငယ်သည် ယောကျ်ားတို့ဘာဝဟု ဆိုအပ်သော သုတ်သွေးမရှိ၊သေးသောကြောင့်သာ လျော်ပြစ်ကို လွှတ်၍ တရားကိုခံစေ။ စီရင်သည်။ အကယ်၍ ထိုသူငယ်သည် ယောကျ်ားဘော်ဝင်လျက် ပဋိသန္ဓေ တည်စေနိုင်သော သုတ်သွေးနှင့်တကွ ဖြစ်ချေလျှင် ကာမပြစ်လျော်ကြေးကိုလည်း လျော်စေ၊ တရားကိုလည်း ခံစေ စီရင်ရပါသည်။ ထို့ကြောင့် သူငယ်၏ အမိအဖတို့က ကျွန်ုပ်တို့သားငယ်ကို မိန်းမကြီးလှည့်ပတ် ဖြားယောင်းသင့်နေသည်ဖြစ်၍၊ အပြစ် အလျော်ရကောင်းပါသည်ဟု မဆိုသာ။ ထိုယဉ်ပါးစပ်ယှက်သင့်နေသော သူငယ်သည် သုတ်သွေးမရှိသေးသောသူဖြစ်မှုကား၊ လင်ပြုရကောင်းသည်။ လျော်ပြစ်လျော်ဒဏ် ပေးရကောင်းသည်

---

(၁၂) ၁၉၀၀ ပြည့်နှင့် ဟံသာဝတီသတင်းစာတိုက်ထုတ်၊ ကိုင်းစား မနုရာဇာ အမတ် ဖြေဆိုလျှောက်ထားသည့် မဟာရာဇသတ်ကြီးစာ ၁၃၇။

ဟု မှစီရင်သာ။ တရားကျူနရန်မှာ။ ယောက်ျားမိဘတို့က ကျခံစေ။ အကယ်၍ ထိုသူငယ်သည် သုတ်သွေးရှိသူဖြစ်ချေလျှင်။ ပဋိသန္ဓေတည်အောင် စွမ်းဆောင်နိုင်သောကြောင့်။ ထိုမိန်းမအား မယားပြုလုပ်စေ။ ဤမိန်းမနှင့် သင့်နေစပ်ယှက်ပြီးမှ မယားမပြုလိုသော်။ ကလျာပြစ်တွင် ၃ စု စု၍ ၂ စုပေးလျော်စေ။ တရားကိုလည်း ယောက်ျားကခံစေ။ စီရင်ပေသည်။ ကလျာပြစ်တွင် ၃ စုစု၍ ၂ စုလျော်စေ။ ဆိုသည်မှာမူကား။ ကာလ၊ ဒေသ၊ ခန်း၊ ညတ္တာဟူသော မွေသတ်ကျမ်းလာဂါထာ ရင်းနှင့်၊ သုစိကာတံ၊ အပ်တင်၍ ချုပ်စပ်ပြီးသော။ ဝတ္ထံ။အဝတ် ပုဆိုးသည်၊ အပ္ပဂ္ဃမိဝ။ အဘိုးနည်းလျော့သကဲ့သို့လျှင်တည်းဟု ဆိုသောစကားအတိုင်း။ ချုပ်စပ်ပြီးသော အဝတ်ပုဆိုးကဲ့သို့။ အခြားယောက်ျားနှင့် သင့်နေ၍ သူ၏အညစ်အကြေးကို ခံရလေပြီးသော မိန်းမတို့သည် အဘိုးနည်းလျော့သည်ဖြစ်သောကြောင့် ကလျာဘိုးတွင် ၃ စု စု၍ ၂ စုလျော်စေ။ စီရင်ပေသည်။ ၁၉၇၄ မောင်မျိုးချစ် နှင့် မလှပု

သို့ဖြစ်ရာ မွေသတ်အများစုက အမျိုးသမီးသည် မိမိအပေါ် သစ္စာမဲ့သည့် အမျိုးသားထံမှ လျော်ကြေးတောင်းဆိုခွင့် ပြုထားကြသည်။ ယင်းသို့ခွင့်ပြုခြင်းသည် ဖြောင့်မှန်ခြင်း၊ မျှတခြင်း၊ ကောင်းမြတ်သော စိတ်ထားရှိခြင်း စသည့်မူများနှင့်လည်း ဆန့်ကျင်ခြင်းမရှိသည့်အလျောက် လက်ခံသင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်အမျိုးသားတစ်ဦးက အမျိုးသမီးတဦးအား ဖြားယောင်းသွေးဆောင်ပြီး ကျူးကျူးလွန်လွန်ဖြစ်၍ ပဋိသန္ဓေရရှိသည့် ကိစ္စတွင် ထိမ်းမြားလက်ထပ်ရန် ဂတိမရှိသော်လည်း အမျိုးသမီးက လျော်ကြေးတောင်းဆိုခွင့်ရှိသည်ဟု ဖြေဆိုလိုက်ပြီး၊ မခင်နှင့်မောင်မြင့်ကြီး [၁]၊ ဘိုးသိုက် နှင့် မနှင်းဇော် [၂]၊ မယုံ နှင့် မောင်ဘိုးလှ [၃] မောင်သန်းဋ္ဌေး နှင့် မပု [၄] တို့အမှုများရှိ ယင်းကိစ္စနှင့် စပ်လျဉ်းသမျှ ဆုံးဖြတ်ချက်တို့ကို ပယ်ဖျက်လိုက်သည်။

အထက်ပါဖြေဆိုချက်အရ အယူခံတရားလို မောင်မျိုးချစ်အပေါ် အယူခံတရားပြိုင် မလှပုက လျော်ကြေးတောင်းဆိုခွင့်ပြုထားခြင်းသည် မှန်ကန်နေ၍ ဤအယူခံကိုပယ်လိုက်သည်။ ရှုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ကြသည့် ဒေါက်တာအေးမောင်နှင့် ရှေ့နေချုပ်ကိုယ်စားလှယ် ဥပဒေဝန်ထမ်း (၁) ဒေါ်မြသန်းနုတို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

| | | |
|---|---|---|
| ပုံ | ပုံ | ပုံ |
| (သန်းအောင်) | (တင်အုန်း) | (သက်ဖေ) |
| တရားသူကြီး | တရားသူကြီး | တရားသူကြီး |

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့်
ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၇
စက်တင်ဘာလ
၂၁-ရက်

ဒေါ်အေးမြိုင်ပါ(၂)
နှင့်
ဒေါ်လှကြည် *

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၃ တူညီသောအကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်ရန်ရှိသော အမှုတို့တွင် တရားပြိုင်များကို ပူးပေါင်းစွဲဆိုနိုင်ခြင်း။**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၉၇/၁၄ တွင်ပြင်ဆင်မှုလျှောက်ထားခံရသူ ဒေါ်လှကြည်က ပြင်ဆင်မှုလျှောက်ထားသူ ဦးတင်လှနှင့် ဒေါ်အေးမြိုင်တို့အပေါ် လင်မယားကွာရှင်းပေးရန်နှင့် ပစ္စည်းများခွဲဝေပေးရန် တရားစွဲသည်။ ဦးတင်လှနှင့်ဒေါ်လှကြည်တို့မှာ လင်မယားဖြစ်၍ ဒေါ်အေးမြိုင်သည် ဦးတင်လှ၏မိခင်ဖြစ်သည်။

အဆိုလွှာအပိုဒ် ၉ တွင် မာဇဒါဘီ ၃၆၀ ကားကို ဒေါ်အေးမြိုင်သည် အမည်ငှားပိုင်ဆိုင်သူသာဖြစ်၍၊ အချင်းဖြစ်အိမ်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍၊ ဒေါ်အေးမြိုင်နှင့် ဦးတင်လှတို့ အငြင်းပွားကြသည်ကို ဖော်ပြသည်။

ဒေါ်အေးမြိုင်က တိုင်းတရားရုံးတွင် ၎င်းအား တရားပြိုင်အဖြစ်မှ ဖယ်ထုတ်ပေးရန် လျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အဆိုလွှာအပိုဒ် (၉) တွင် ဖော်ပြသောအမည်ငှားကိစ္စနှင့် အိမ်အငြင်းပွားမှုများကို သီးခြားတစ်မှုစွဲဆိုလျှင် ဒေါ်အေးမြိုင်သည် အမည်ငှားဟုတ်မဟုတ် ယင်းပစ္စည်းများသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဟုတ်မဟုတ် စသောအကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာ

* ၁၉၀၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၀၄

† ၁၉၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၇ (တောင်ဥက္ကလာ) တွင် ချမှတ်သော (၄-၃-၀၇) ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုလျှောက်ထားမှု။

များပေါ်ပေါက်လာမည်ဖြစ်သကဲ့သို့ ယခုအမှုတွင် ထည့်သွင်းစွဲဆိုလျှင်လည်း ယင်းပြဿနာများပင် ပေါ်ပေါက်မည်ဖြစ်သောကြောင့် အမိန့် ၁၊ နည်း ၃ အရ ဒေါ်အေးမြိုင်အား ယခုအမှုတွင် တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ပေသည်။ ဒေါ်အေးမြိုင်အား အမှုသည်အဖြစ် ထည့်သွင်းမှသာလျှင် ပစ္စည်းခန်းနှင့်ပတ်သက်၍ အပြီးအပြတ်နှင့် ထိရောက်စွာစီရင်ဆုံးဖြတ်နိုင်မည်ဖြစ်၍ သူသည် လိုအပ်သောအမှုသည်ဖြစ်သည်။

၁၉၀၇
ဒေါ်အေးမြိုင်
ပါ (၂)
နှင့်
ဒေါ်လှကြည်

လျှောက်ထားသူအတွက် — ဦးခင်မောင်ငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးမောင်ကလေး၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးတင်ထွန်း

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၉၇/၇၄ တွင် ပြင်ဆင်မှုလျှောက်ထားခံရသူ ဒေါ်လှကြည်က ပြင်ဆင်မှု လျှောက်ထားသူ ဦးတင်လှနှင့် ဒေါ်အေးမြိုင်တို့အပေါ် လင်မယား ကွာရှင်းပေးရန် နှင့် ပစ္စည်းများခွဲဝေပေးရန် တရားစွဲသည်။ တိုင်းတရားရုံးတွင် အမှတ်(၂) တရားပြိုင် ဒေါ်အေးမြိုင်က သူ့ကိုတရားပြိုင်အဖြစ်မှ ဖယ်ထုတ်ပေးရန် လျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

ဦးတင်လှနှင့် ဒေါ်လှကြည်တို့မှာ လင်မယားဖြစ်၍ဒေါ်အေးမြိုင်သည် ဦးတင်လှ၏ မိခင်ဖြစ်သည်။ ဒေါ်အေးမြိုင်အား အမှုသည်အဖြစ်မှ ဖယ်ထုတ်ပေးရန် လျှောက်လွှာတွင် လင်ခန်းမယားခန်းကိစ္စ၌ ယောက္ခမပါဝင်ရန်မလိုဟု အကြောင်းပြသည်။ လင်မယားကွာရှင်းပေးရန် သက်သက်စွဲဆိုသောအမှုတွင် လင်မယားနှစ်ဦးမှအပ အခြားသူကို အမှုသည်အဖြစ် ထည့်ရန် အကြောင်းရှိမည်မဟုတ်ပေ။ သို့သော် ယခုအမှုမှာ ပစ္စည်းခန်းပါဝင်သည့်အပြင် ဒေါ်အေးမြိုင်အမည်နှင့်ရှိနေသော မာဇဒါဘီ-၃၆၀ မော်တော်ကားသည် အမှန်စင်စစ် လင်မယားပိုင်ဖြစ်၍ ဒေါ်အေးမြိုင်သည် အမည်ခံသာဖြစ်ကြောင်း အဆိုလွှာအပိုဒ် (၉)တွင် ဖော်ပြသည်၊ ထို့ပြင် အချုပ်ဖြစ်အိမ်မှာလည်း ဒေါ်အေးမြိုင်၏ ပစ္စည်းဖြစ်သည်။ သို့မဟုတ် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်သည်ဆိုသောအချက်မှာလည်း အငြင်းပွားသည်။ ဒေါ်အေးမြိုင်တို့၏ ဗဟိုတရားရုံးရှေ့နေက အမည်ခံကားကိစ္စနှင့် အချုပ်ဖြစ်အိမ်ကိစ္စကို သီးခြား တစ်မှုစွဲ ရမည်ဖြစ်ပြီး ယခုအမှုတွင် ဒေါ်အေးမြိုင်ပါဝင်ရန်မလိုကြောင်းဖြင့် လျှောက်လဲသည်။

**ပြုလုပ်မှုတစ်ခုတည်းမှဖြစ်စေ၊ တစ်ဆက်တည်းသော ပြုလုပ်မှုများမှဖြစ်စေ ပေါ်ပေါက်လာသော သက်သာခွင့်ကို တောင်းခံခြင်းခံရသော တရားပြိုင်များကို သီးခြားစီအမှုစွဲဆိုပါက တူညီသောအကြောင်းခြင်း**

၁၉၈၇ ဒေါ်အေးမြိုင် ပါ (၂) နှင့် ဒေါ်လှကြည်

ရာနှင့် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်မည်ဖြစ်လျှင် ထိုတရားမြိုင်များကို ပူးပေါင်းစွဲဆိုနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၃ တွင် ပြဋ္ဌာန်းထားသည်။

အဆိုလွှာအပိုဒ် (၉) တွင် ဖော်ပြသော အမည်ငှားကိစ္စနှင့် အိမ်အငြင်းပွားမှုများကို သီးခြားတစ်မှုစီစွဲဆိုလျှင် ဒေါ်အေးမြိုင်သည် အမည်ငှားဟုတ်မဟုတ်၊ ယင်းပစ္စည်းများသည် လင်မယားနှစ်ဦး ပိုင်ပစ္စည်းဟုတ်မဟုတ် စသောအကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်လာမည်ဖြစ်သကဲ့သို့ ယခုအမှုတွင် ထည့်သွင်းစွဲဆိုလျှင်လည်း ယင်းပြဿနာများပင် ပေါ်ပေါက်မည်ဖြစ်သောကြောင့် အမိန့် ၁၊ နည်း ၃ အရ ဒေါ်အေးမြိုင်အား ယခုအမှုတွင် တရားမြိုင်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ပေသည်။ ဒေါ်အေးမြိုင်အား အမှုသည်အဖြစ် ထည့်သွင်းမှသာလျှင် ပစ္စည်းခန်းနှင့်ပတ်သက်၍ အပြီးအပြတ်နှင့် ထိရောက်စွာ စီရင်ဆုံးဖြတ်နိုင်မည်ဖြစ်၍ သူသည် လိုအပ်သောအမှုသည်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၁၀/–ကျပ် သတ်မှတ်သည်၊

# ပြစ်မှု အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| (က) | ၁၅ | ဦးမောင်မြှ | ဦးမောင်မြ |
| (က) | ၁၉ | ထရားရို | ထရားရုံး |
| (က) | ၂၃ | တာဝန့် | တာဝန် |
| (က) | ၂၅ | သတ်မှက် | သတ်မှတ် |
| ၃ | ၁၄ | ပိုင်ဆိုင်ကြော်င်း | ပိုင်ဆိုင်ကြောင်း |
| ၁၀ | ၁၆ | မပြု့နိုင်ချေ | မပြုနိုင်ချေ |

# တရားမ အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၁ | ၃၂ | ဖေါ်ပြုထားခြင်း | ဖေါ်ပြထားခြင်း |
| ၁၀၉ | ၄ | မြန်မာစလေ့ | မြန်မာဓလေ့ |
| ၁၀၄ | ၃၀ | မြန်မူဓလေ့ | မြန်မာဓလေ့ |
| ၁၁၃ | ၉ | ဝိဝါဟိတအမွံ | ဝိဝါဟိတမွေ |